# မေတ္တာသုတ်

(ဦ သုခ)

# မေတ္တာသုတ်

# သုခ

ဉာဏ်လင်း

"မေတ္တာသုတ်ကို နက်နက်နဲနဲ လေ့လာ ကြည့်စမ်းပါ" ဟု တိုက်တွန်းသော ကျောက်တန်းမြို့ ဆရာ ဦးစောမောင်နှင့် မေတ္တာသုတ်ကို စစ်ပြန်မဂ္ဂဇင်း၌ အပတ်စဉ် ပါဝင်နိုင်အောင် စီစဉ်ပေးသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်တို့အား ကျေးဇူးတင်ပါသည်။

## မေတ္တာသုတ်

“ဥဿဖယား၊ ပတ္တပြား၊ မြဇ္ဇန္ဒုနီ၊
မျက်လုံး မျက်တောင် သက်တံရောင်အသွေးရယ်နဲ့
သွားတော်ကလေးတွေက ထိန်ကြည်၊ ထိန်ကြည်၊ ထိန်ထိန်ကြည်၊
ချစ်တာ သစ္စာ၊ စစ်ကာထုတ်ပါလို့၊
မေတ္တာသုတ်ကယ်နဲ့ ချိန်မည်၊ချိန်မည်၊စိန်ဝဇီ”

“အမယ်အမယ်....ဆိုနေလိုက်တာ သံနေသံထားနဲ့ပါလား”

“ဟာ သူငယ်ချင်း၊ လာကွာထိုင်”

“ဘာများ စိတ်ကူးပေါက်နေရတာလဲ၊ မကြီးမငယ်နဲ့”

"တို့ငယ်ငယ်က ဖိုးစိန်ကြီးဆိုတဲ့သီချင်းလေကွာ၊ လေဘာတီ မမြရင်နဲ့ နှစ်ပါးသွားမှာ ဆိုတာ"

"ဟုတ်ပါတယ်၊ ဒါကိုမင်းက ဒီနေ့မှ ဘာ အရူးထပြီး ဆို နေတာလဲ"

"အဓိပ္ပာယ် ကောင်းလွန်းလို့ကွာ၊ လေဘာတီမမြရင်ကို ဖွဲ့နွဲ့ပြီး မြှောက် ပင့်ထားလိုက်တာလေ၊ ကျောက်မျက်ရတနာ နဝရတ်ကိုးပါးနဲ့ နှိုင်းပြီး၊ မျက်လုံးမျက်တောင်က သက်တံလို အသွေးစုံ အရောင်စုံလှပတဲ့အကြောင်း၊ သွားကလေးတွေက ပုလဲသွယ်ကလေးလို အရောင်တောက်နေတဲ့အကြောင်း၊ သူက ချစ်ရတာတွေကိုသစ္စာဆိုပြီး မေတ္တာသုတ်နဲ့ စစ်ဆေး ချင့်ချိန်ပါ မယ်ဆိုတဲ့ အဓိပ္ပာယ်လေကွာ"

"ဟေ့ကောင်၊ ဒီနေ့ မင်းတယ်ပြီး (ကျာ) ထနေပါလား ဟေ"

"ဟား ဟား ဟား။ မင်းဒီလို အပြစ်တင်လိမ့်မယ်လို့ အကဲ သားပဲ၊ (ကျာ) ထတာမဟုတ်ဖူးဟေ့၊ မေတ္တာသုတ်ကို ကြည နေတာ၊ကြည်ညိုနေတာ။ပရိတ်ကြီးဆယ့်တသုတ်မှာ မေတ္တာသု ဟာ အရေးကြီးတယ်မှတ်လား"

"ကြီးတာပေါ့၊ ပရိတ်ချင်းယှဉ် မေတ္တာသုတ်နဲ့မင်္ဂလသုတ်က တော့ အဓိကပဲ"

"အဲသည့် မေတ္တာသုတ်ကို မင်း ဘယ်လိုနားလည်ထားသလဲ ပြောစမ်း"

"ရဟန်းငါးရာ တောထဲသွား တရားကျင့်ကြတော့ တော စောင့်နတ်တွေက အနှောင့်အယှက်ပြုကြတယ်ကွာ၊ ဒီတော့ ရဟန်းငါးရာ ဘုရားထံပြန်လာကြပြီး လျှောက်ကြတယ်။ မြတ်စွာဘုရားက မေတ္တာသုတ်ကိုသင်ပေးပြီး တောထဲမှာ အရွတ်ခိုင်းတော့ နတ်တွေက ချစ်ခင်လာကြတယ်၊ အနှောင့်အယှက် မပေးကြတော့ဘူး၊ ရဟန်းငါးရာလဲ အနှောင့်အယှက်ကင်းစွာ ကမ္မဋ္ဌာန်းကျင့်ကြလို့ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။ ဒီလို မှတ်လား"

"အေး....ဟုတ်တော့ ဟုတ်တယ်"

"ဟင်...မင်းဟာက ဟုတ်တော့ဟုတ်တယ်ဆိုတော့ ဘာက မဟုတ်သေးတာလဲ"

"ပရိတ်ကြီးနိဿယထဲမှာ ဖွင့်ထားတာက မေတ္တာသုတ်ကို အရုံအဘား အလို့ငှာလည်းကောင်း၊ ကမ္မဋ္ဌာန်းအလို့ငှာလည်း ကောင်းလို့ဆိုထားတယ်။နောက်ပြီးရဟန်းများကလဲမေတ္တာသုတ် ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာကို ပွားများကြတယ် ဆိုထားတော့ ရွတ်ဆိုစီးဖြန်းကြရုံသာမဟုတ်၊ မေတ္တာသုတ်ပါ ဗုဒ္ဓတရားတော်ကို လိုက်နာကျင့်ကြံ အားထုတ်တော်မူကြတယ်၊ ဒါကြောင့် ရဟန်းတော်ငါးရာလုံး အရဟတ္တမဂ် အရဟတ္တဖိုလ် ကိုရောက်ကြရတယ်။ အဲသလို မှတ်ရမှာပေါ့"

"အင်း၊ ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်ပါတယ် မဟုတ်ဘူး၊ ဖြစ်ကိုဖြစ်ရမယ်၊ ဒီလိုယုံခမ်းပါ။ ဒီမှာ ငါပြောမယ် မင်းစဉ်းစား။ ပရိတ်တော်တွေကြည့်၊

အရုံ အတားအဖြစ်နဲ့ ပရိမိတ္တဇာလသုတ်၊ အာဋာနာဋိယသုတ်၊ ရတနသုတ် အစရှိတဲ့ သုတ်မျိုးက အရံအတား အကာအကွယ် ဖြစ်သလို ဝဋ္ဋသုတ်၊ အင်္ဂုလိမာလသုတ်တို့က သစ္စာဆိုတာ ဖြစ်တယ်။ အဲသည်သုတ်တွေထဲက မင်္ဂလသုတ်လို၊ မေတ္တာသုတ်လို ပရိတ်တရားတော်များက အကျင့်တရားတွေ၊ လိုက်နာရမယ့် နည်းလမ်းကျင့်စဉ်တွေ ပါသပြီ။ မင်း မင်္ဂလသုတ် အနက် အဓိပ္ပာယ်နဲ့ဘက္ခ ရဘယ်မှတ်သား”

“ရတာပေါ့ကွ၊ တို့ငယ်ငယ်က အမျိုးသား ကျောင်းမှာ မနက်တိုင်း ကျောင်းမတက်ခင် ဘုရားရှိခိုးပြီး ရွတ်ကြရတာ”

“အေး....အဲသည့် မင်္ဂလသုတ်မှာ နောက်ခံဝတ္ထုက လူတွေ နတ်တွေဟာ ဘယ်ဟာမျိုးကို လောကမှာ မင်္ဂလာရယ်လို့ သတ်မှတ်ကြရမလဲဆိုတဲ့ ပြဿနာကို အထွေထွေအမျိုးမျိုး ကြံဆ တွေးတောကြတယ်၊ ဟုတ်ကဲ့မှတ်လား”

“ဟုတ်ပါတယ်၊ ဗဟူဒေဝါမနုဿာစ၊ မင်္ဂလာနိအစိန္တယုံ လို့ပါတာပဲဟာ”

“အေး မင်း မှတ်မိသေးသားပဲ၊ ကဲ....နတ်တပါးက လာ လျှောက်လို့ မြတ်စွာဘုရားက မင်္ဂလာဆိုတာ ဒါတွေ ဒါတွေ ပဲလို့ ဟောတော်မူလိုက်တယ်လေ....ဟုတ်လား”

“ဟုတ်တယ်လေ၊ သုံးဆယ့်ရှစ်ပါး”

“အဲဒါကို ပြောချင်တာ၊ အဲသည့် သုံးဆယ့် ရှစ်ပါးကို အသက်အရွယ်အားဖြင့် ခွဲခြားလျှင် ပထမအရွယ်၊ ဒုတိယအရွယ် တတိယအရွယ် အဖြစ်နဲ့သုံးပါး။ အဆင့်အားဖြင့် ခွဲခြားလျှင်

အခြေခံ၊ အလုပ်စခန်း၊၊ အကျိုးအမြတ် အဲသလိုတိုးတက်သွားနိုင်တယ်၊ နောက်တနည်းဆိုရလျှင် လောကီက လောကုတ္တရာအထိ အကျိုးကျေးဇူးရှိနိုင်တယ်”

“လောကီက လောကုတ္တရာအထိ အကျိုးပေးနိုင်တယ်ဆိုတာကတော့ ‘သဗ္ဗလောက ဟိတတ္ထာယ’လို့ ပါပြီးသားပါ၊ မင်းပြောတဲ့ အရွယ်သုံးပါးနဲ့ အဆင့်သုံးမျိုးဆိုတာက ဘာကိုဆိုလိုတာလဲ”

“အရွယ်သုံးပါးဆိုတာ ပထမ ကလေးသူငယ် အရွယ်ကွာ၊ ဒုတိယ လူလတ် အိမ်ထောင်ရှင် အရွယ်ကွာ၊ တတိယ လူကြီး အရွယ်ကွာ ဒါပေါ့။ အဆင့်အတန်း သုံးမျိုးဆိုတာကတော့၊ လူရွယ်၊ လူလတ်၊ လူကြီးမရွေး ကျင့်ကြံအားထုတ်ကြရမယ့် ကိုယ်ကျင့် တရားတွေပေါ့။ လောကမှာ သားမယား မိဘဆွေမျိုး မိတ်သင်္ဂဟနှင့် အတူနေတဲ့အခါ လိုက်နာဆောင်ရွက်ရမယ့်စိတ်မှ အာသဝေါတရားလေးပါး ကုန်သည်အထိ အကျိုးပြုနိုင်တယ်။ မင်္ဂလသုတ်ကို မင်းနဲ့ငါ တသီးတသန့် နောက်တော့ ဆွေးနွေးကြသေးတာပေါ့”

“အခု မင်းပြောသက်စ မေတ္တာသုတ်ကို ဆက်စမ်းပါအုံး”

“သက်ရမယ်ဆို ငါတော့ မေတ္တာသုတ်ကို ရွတ်ယင်း ရွတ်ယင်း အနက်အဓိပ္ပာယ်ကို စဉ်းစား လာတော့မှ မေတ္တာသုတ်ကို ရွတ်ရုံသာ ရွတ်ရမှာ မဟုတ်ပဲ၊ လိုက်နာ ကျင့်ကြံရမယ့် တရားတွေပါကလားလို့ ဆရာတော်များ ဟောကြဘာ သဘောပေါက်မိတယ်”

"မင်းနှယ်ကွာ....အခုမှပဲ သဘောပေါက်ရသလား....ဒုံးပါ့"

"ငါ ရိုးရိုးသားသား ပြောရယင် အခု မကြာခင်ကမှ သဘောပေါက်ပါတယ်၊ မင်းက အရင်ကတည်းက သဘော ပေါက်ခဲ့သလား"

"ငါတော့ အဲသည့် မေတ္တာသုတ်ကို မေ့နေလို့ စာအုပ်ကြည့် ဆိုနေရတယ် ဟား ဟား"

"အေး....ငါကလဲ မင့်ကို အထင်မကြီးမိပါဘူး"

"ဟား ဟား ဟား.... ငါ့ကို အထင်မကြီးတာ ထားပါ၊ မင်းက စာတွေ ပေတွေ ဖတ်နေတဲ့လူမို့ အခုမှ သဘောပေါက် တယ်ပြောတာ ထူးဆန်းတာပေါ့"

"အေး....ငါဝန်ခံပါတယ်၊ စာပေဖတ်တာနဲ့ သဘောပေါက် တာနဲ့ တခြားစီကွ။ သည့်ပြင်ဟာ မပြောနဲ့၊ တို့တတွေငယ်စဉ် ကတည်းက နေ့စဉ်ပြောဆိုသုံးငှဲလာကြတဲ့ စကားတွေကိုတောင် နိုက်နိုက်ချွတ်ချွတ် သတိမထားမိကြဘူး။ လွယ်လွယ်ပြောပြီး လွယ်လွယ်ပဲ နားလည်ထားကြတာရှိတယ်။ အချို့နေရာ ကျပြန် တော့လဲ လွယ်လွယ်ကလေးကို ခက်ခက်ခဲခဲဖြစ်အောင် နားလည် သွားကြတယ်။ ကဲ မင်းကိုပဲ ငါမေးမယ်၊ စိတ်ဆိုးတယ်ဆိုတာ ဘာကို ပြောတာလဲ"

"ဟာ....မင်းကလဲ ငါ့ကို ကလေးကလေး ကျနေတာပဲ တကတဲ"

"အေး....ကလေးမဟုတ်တဲ့ လူကြီးကပဲ ပြောစမ်းပါအုံး"

"ဟ....စိတ်ဆိုးတယ်ဆိုတာ ဒေါသဖြစ်တာပေါ့၊ ဒါများ မင်းက"

"အဲ....အဲ....ဒါ၊မင်းသိထားတာထက် ကျော်ပြီး မင်းဖြေနေတာ"

"ဘာကျော်တာတုံး၊ ဘာကျော်တာတုံး။ဒေါသဖြစ်တယ်ဆိုလူတိုင်းသိတယ်"

"အေး....လူတိုင်းဟာ သိသလိုနဲ့ တကယ်မသိဘူး၊ မသိသလိုလိုနဲ့ တကယ်သိနေကြတယ်တဲ့။ မင်း အခုနပြောတယ်၊ စိတ်ဆိုးတယ်ဆိုတာ ဒေါသ ဖြစ်တာတဲ့။ တကယ်ဆိုတော့ (ဒေါသ)ဆိုတဲ့ စကားကို မင်းကစာထဲ ပေထဲက(ငှား) ပြောတာ၊ဒေါသဆိုတဲ့ စကားက(စကားလုံး) အကြီးကြီး၊ ဗမာလို အဓိပ္ပာယ် ပြန်လိုက်ယင်(အပြစ်)ဆိုတာပဲ"

"ဒါဖြင့် စိတ်ဆိုးတယ်ဆိုတာ ဘယ်လို ပြောရမလဲ"

"စိတ်ဆိုးတယ်ဆိုတာ စိတ်ကောင်းမဟုတ်လို့ပေါ့ကွ"

"ဟာ...မင်း တော်တော်နောက်တဲ့ ကောင်ပါလား ဟေ"

"နောက်ပြောင် ပြက်ရယ်ပြောတာ မဟုတ်ဘူး သူငယ်ချင်း၊ ငါ လေးလေးစားစား ပြောနေတာပါ။ ဒါကြောင့် သိသလိုလိုနဲ့ မသိတာတွေရှိတယ်၊ မသိသလိုလိုနဲ့ သိထားတာတွေရှိတယ်ဆိုတာပေါ့။ ကျေးဇူးရှင် စွန်းလွန်း ဆရာတော်ကြီးတို့၊ ဝေဘူဆရာတော် ဘုရားတို့၊ဘုန်းတော်ကြီး ဦးသီလ ကိုယ်တော်ကြီးတို့က လူပြိန်းများနားလည်အောင် တို့ပြောနေကျ စကားတွေထဲကကို တရားပြပြ သွားတော်မူကြပါတယ်။ ပါဠိသိတာထက်ကိုယ့်စကားနဲ့ ကိုယ် သိတာက ပို၍ ခရီးရောက်ပါတယ်။ စိတ်ကိုကောင်းအောင် စိတ်ကပဲ ပြုပြင်လို့ရတယ်၊ ဆိုးအောင်လဲ စိတ်

က ပြုပြင်လို့ရတယ်။ နောက်ပြီး တခုထပ်ပြီး စဉ်းစားကြည့်ကြအုံးစို့၊ စိတ်ချမ်းသာတယ်၊ စိတ်ဆင်းရဲတယ် ဆိုတဲ့စကား၊ ကဲပြောစမ်း"

"စိတ်ချမ်းသာတယ်ဆိုတာ ပျော်ရွှင်တာပေါ့၊ စိတ်ဆင်းရဲတယ် ဆိုတာက စိတ်ဒုက္ခ ဖြစ်တာပေါ့"

"ဟော....မင်း(စကားငှား)ပြန်ပြီ၊ ဒုက္ခဆိုတာလဲ ဆင်းရဲတာပဲ၊ ဆင်းရဲတာလဲ ဆင်းရဲတာပဲ"

"ဒါတော့ မင်း ကတ်သီးကတ်သတ် လျှောက်ပြောနေတာ ကိုးကွ"

"ကတ်သီး ကတ်သတ် တမင် ပြောနေတာ မဟုတ်ပါဘူး ကွာ၊ တို့ စကားတွေထဲမှာက တရားသဘော ဆင်ခြင် ကြည့်ရအောင်လို့ ဆွေးနွေးနေတာပါ၊ ငါ့အယူအဆကို မှားလျှင်မှား နေတယ်လို့ ဝေဖန်စေချင်လို့ပါ။ တရားမမှုဆိုတာက သဘာဝ စစ်စစ်မို့ပါ"

"ကဲ....ဒါဖြင့် သဘာဝကျအောင်ပြော"

"အေးပါ၊ ငါ ကြိုးစားပြောပါ့မယ်၊ စိတ်ချမ်းသာတယ် ဆိုတာ အလိုရှိတာကိုရတာ၊ ဖြစ်ချင်တာကို ဖြစ်နေတာ၊ စိတ်ဆင်းရဲတယ် ဆိုတာက လိုချင်တာကိုမရ၊ ဖြစ်ချင်တာ မဖြစ်၊ မဖြစ်ချင်တာ ဖြစ်နေရတာ၊ အဲဒီလို သိထားကြတယ်။ ဒီတော့ အဲသည့်ဝေါဟာရနဲ့ နှိုင်းကြည့်နိုင်တဲ့ စကားဘယ်ပေါ်က ချမ်းသာ တယ်ဆိုတာ ဘာလဲ၊ ဥပမာ ပိုက်ဆံချမ်းသာတယ်၊ ပိုက်ဆံ ဆင်းရဲတယ် ဆိုတဲ့စကားနဲ့ အစိပ္ပာယ် ယှဉ်ကြည့်ကြရအောင်"

"ဘယ်လိုယှဉ်ကြည့်မှာလဲ၊ လုပ်စမ်းပါအုံး"

"ဒီလိုလေကွာ၊ ပိုက်ဆံချမ်းသာတဲ့လူမှာ ပိုက်ဆံအများကြီး ရှိတယ်၊ ပိုက်ဆံဆင်းရဲတဲ့လူမှာ ပိုက်ဆံမရှိဘူး"

"ဒါတော့ မင်းပြောမှလား ပညာရှိကြီးရဲ...ဟဲဟဲ"

"နေပါအုံးလေ၊ ငါဆက်ပြောပါ့မယ်၊ ပိုက်ဆံချမ်းသာတဲ့ လူရဲ့ လုပ်ပုံကိုင်ပုံကို ကြည့်ရအောင်၊ သူက ပိုက်ဆံကို လိုလို ချင်ချင် ဝီရိယရှိရှိ ကြိုးစားရှာဖွေသိမ်းတယ်၊ ဝင်တာများများ ထွက်တာနည်းနည်းဖြစ်အောင် ချွေတာတယ်၊ စုဆောင်းထား တယ်။ ပိုက်ဆံဆင်းရဲတဲ့လူမှာက ပိုက်ဆံများများ ဝင်အောင် လုပ်နိုင်တဲ့ အရည်အချင်းမရှိဘူး၊ ရှိသော်လဲ မလုပ်ချင်ဘူး၊ ရတတ်သမျှ ပိုက်ဆံကျတော့လဲ ဝင်တာက နည်းနည်း ထွက် တာက များများ ဖြစ်နေလို့ စုဆောင်းသိမ်း မထားနိုင်ဘူး၊ ဒါကြောင့် သုံးစရာရှိတော့ မသုံးနိုင်ဘူး၊ ဟုတ်ကဲ့လား"

"ဟုတ်တာပေါ့"

"အဲသည့် ဥပမာနဲ့ ယှဉ်ကြည့်ရယင် စိတ်ချမ်းသာတယ် ဆိုတဲ့လူက စိတ်ကို စုဆောင်းသိမ်းထားတယ်၊ ပွားများသည် ထက် ပွားများအောင် လုံ့လပြုတယ်၊ ကာမဂုဏ်အာရုံတွေမှာ ပြန့်ကျဲခြင်း မရှိဘူး၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ပေါ့ကွာ၊ ဒီလိုပြေးဆောင်းပြီး ရှိထားတော့ လောကစံ အခက်အခဲကို စိတ်နဲ့ အသုံးပြုပြီး ခုခံကျော်လွှားနိုင်တယ်၊ စိတ်ကို ဝေစားနိုင်တယ်၊ အဲ စိတ်ဆင်းရဲတဲ့ လူအဖို့မှာတော့"

"အေး....ငါသဘောပေါက်ပြီ"

"ဒါဆိုယင် ငါဆက်ပြောမယ်၊ ပိုက်ဆံချမ်းသာမှ သူများကို လှူဒါန်းပေးကမ်း ကျွေးမွေးနိုင်မှာ ဖြစ်သလို မေတ္တာပို့မယ့် တို့တတွေမှာလဲ မေတ္တာဓာတ်တွေ၊ မေတ္တာစိတ်တွေ ပေါပေါ များများ စုပြီးဆောင်းပြီးရှိနေမှ ဝေလို့၊ ပို့လို့၊ မျှလို့ ရပေလိမ့်မယ်၊ ကုသိုလ်ကောင်းမှုလုပ်တဲ့၊ ရှိတဲ့လူကမှ အမျှဝေနိုင်သလို ပေါ့ကွာ"

"အား၊ မင်း ဒါပြောချင်လို့ ဒီလောက် လေရှည်ဘာကိုး"

"ဟုတ်ပါတယ်ခင်ဗျား၊ ဒါက တို့အဆင့်နဲ့တို့ သဘောပေါက်အောင် ရှည်ရှည် ဝေးဝေး သိုင်းဝိုင်းလာရတာပါ၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကတော့ ဗြဟ္မဝိဟာရ ဟောပြောချက်မှာ 'မေတ္တာသုတ်ကို ရွတ်ရုံနဲ့ မပြည့်စုံ၊ အား ထုတ်ဦးလဲ လိုသည်' လို့ အပ်ချုပ်မှတ်ချ ဟောထားပါတယ်။ ဒီတော့ တို့တတွေ ဘုရားရှိခိုးတိုင်း (သဗ္ဗေသတ္တာ အဝေရာ ဟောန္တု) လို့ ထိထိ ရောက်ရောက် မေတ္တာ ပို့နိုင်ကြဖို့ရော (ချစ်ဘာ သစ္စာ စစ်ကာ ထုတ်ပါလို့၊ မေတ္တာသုတ်ရယ်နဲ့ ချိန်မည်၊ ချိန်မည်၊ စိန်ဝဇီ) လို့ ဦး‌ဖိုးမိန်ကြီး ဆိုသလို မေတ္တာ သုတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ချိန်ထိုးဆန်းစစ် ကြည့်ကြရအောင်လား"

"ဟောတော်မူပါ ဆရာကြီးခင်ဗျား"

"ကဲ....အမှမ်းက စကြရအောင်၊ အမှမ်းဆိုဘာ ရွတ်ဆိုလတ္တံ့သော ပရိတ်တော်ကို ချီးမွမ်းတာ၊ ဂုဏ်ပြုတာ၊ အခလေးအမြတ်ထားတာ၊ ဒါတော့ မင်း သိပါတယ်နော်"

"ဒါတော့ သိပါတယ်၊ ရှေးက အရှင်ကောင်း အရှင်မြတ် များက ဖွဲ့ဆိုခဲ့တာပေါ့"

"ဟုတ်တယ်၊ ပရိတ်တော်ရဲ့နိဒါန်း၊ ပရိတ်တော်ရဲ့ အကျိုးပြု တို့ကို ကြည်ညိုရအောင်၊ ပွားများရအောင် စိတ်ဝင်စား ထက် သန်ရအောင် တန်ဆာဆင်တော့် မူခဲ့ကြတာပေါ့၊ ပါဠိကိုတော့ များများ မပြောပါရစေနဲ့နော်၊ အဓိပ္ပာယ်ကို များများ ပြော နိုင်အောင်လို့"

"အေးပါ၊ ပါဠိတော်ကို ဘအုပ်ထဲ ပြန်ကြည့်ပါ့မယ်၊ ဟဲ...ဟဲ"

"ယဿာ နုဘာဝတော ယက္ခာ၊ အဲဒါက ပရိတ္တံ တံ ဘဏာ မဟေ၊ ဒီအထိပေါ့၊ အို...သူတော်ကောင်းတို့၊ အကြင် မေတ္တ သုတ် ပရိတ်တော်၏ အစွမ်းရှိန်စော် အာနုဘော်ကြောင့် နတ် အများတို့သည် ကြောက်မက်ဖွယ် အာရုံတို့ကို မပြနိုင်ကုန်။

"အကြင်မေတ္တာသုတ်ပရိတ်တော်ကို(ပရိတ်တော်၌သာလျှင်) နေ့ညမပြတ် အခါပေါ်သိမ်း ပျင်းရိခြင်းမရှိပဲ စွဲမြဲရွတ်ပွား အား ထုတ်သူသည်၊

"ချမ်းသာစွာ အိပ်စက်ရ၏။ အိပ်မက်ဆိုးတို့ကို မမြင်မက်ရ၊ ဤသို့ အစရှိသော အကျိုးဂုဏ်အင် အာနိသင်နှင့် ပြည့်စုံသော ထို မေတ္တသုတ် ပရိတ်တော်ကို ငါတို့သည် ရွတ်ကြကုန်အံ့။ အဲဒါ အကျိုးအာနိသင်ကို အကျဉ်းအားဖြင့် ပြတာ။ မေတ္တာ၏အကျိုး ဆယ့်တပါးလို့ပြတာက (ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက် ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊

သေသောအခါ၊ ဗြဟ္မာ့ရွာ၊လားရာမေတ္တာကျိုး)အဲသလို ဘုရားဟောတယ်''

''ဟဲ....ဟဲ၊ မင်းက အဲဒါရွတ်ပြတော့ ပြည်လှဖေသီချင်းကို ဆိုမပြဘာတော်သေးရဲ့ အောက်မေ့မိတယ်၊(မေတ္တာအကျိုးဟာ ဖွင့်ကာပြလျှင် တန်ခိုးအာနိသင်၊ ဗြဟ္မာ့ဘုံလားရာ တရားပါ ပဲခင်၊ မှတ်ပါစေကြောင်းပင်) ဆိုတာလေ၊ ဟဲ....ဟဲ....ဟဲ''

''အမယ်....မင်း မဆိုးဘူး၊အေးကွာ၊ရှေးခေတ်ကသီချင်းများ ဘယ်လောက် အကျိုးပြုခဲ့သလဲ၊ မိဘမေတ္တာတို့၊ ဝိစိတြာတို့၊ ဇနက္ကတို့၊ ရှင်သီဝလိတို့''

''ခုလဲခေတ်က ဒီသီချင်းမျိုးတွေကို ပြန်လည် တောင့်တလာကြပါပြီကွာ''

''ထားပါတော့လေ၊ မင်းတို့ငါတို့ သတိပြုရမှာက အမှုန်း ထဲမှာကို ပျင်းရိခြင်းမရှိပဲ ထပ်တလဲလဲ စွဲမြဲရွတ်ဖတ် ပွားများ အားထုတ်ရမယ်လို့ ပါနေပါပြီနော်၊ ဝိပဿနာတရား လုပ်သော့ မယ်ဆိုယင် ဆင်ခြေအမျိုးမျိုးနဲ့ ရွှေ့ရှောင် ပျင်းရိတတ်လွန်းလို့ မပျင်းမရိပဲနဲ့ဆိုတာကို ပြောထားတာ''

''ဟဲ....ဟဲ၊ တို့ကို စောင်းပြောထားတဲ့အတိုင်းပဲ၊ ဟဲ....ဟဲ''

''ဒါကြောင့် ဘုရားကိုယ်တော်မြတ်က 'ထမင်းအိုးကြီး အလုံး တရာ လှူတာထက် နွားနို့တညှစ်စာ အချိန်ကလေးလောက် မေတ္တာ ဘာဝနာ စီးဖြန်းတာက ပို၍ အကျိုးကြီးတယ်'လို့ အားပေးတိုက်တွန်းတော်မူတာပေါ့၊မိန်းမသားချည်းဋ္ဌတဲ့အိမ်ကို သူခိုးဒမြများ အလွယ်တကူ ဝင်ရောက်နှိပ်စက်နိုင်တယ်လို့ ဟောထားသေးတယ်လေ''

"အင်း....မြတ်စွာဘုရားကိုယ်တော်တိုင် အောင်ခြင်းရှင်ပါး အောင်ခဲ့တာ မေတ္တာစိတ်နဲ့သာ အောင်မြင် ခဲ့တာပဲလေ။ ကောင်းမှန်းသိလျက်နဲ့ တို့က အားမကိုးကြဘူး၊ အမြဲ နှလုံး မသွင်းနိုင်ကြဘူး။ အမှန်ဝိဇ္ဇာကို မမြင်နိုင်အောင် အဝိဇ္ဇာတွေက ဖုံးနေတာပေါ့နော်၊ ကဲ....ဆက်ပါအုံးကွာ၊ တရားတော်ကို ကြည်ညိုရအောင်"

"ကဲ....ဘုရားဟော တရားဟောကို ကြေရအောင်။

(ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။)

"မြန်မာလိုက ငြိမ်သက်အေးချမ်းသော နိဗ္ဗာန်ကို ဖောက် ထွင်းသိမြင်၍ ဖိုလ်ပုဂ္ဂိုလ်အဖြစ် နေလိုသော အကျိုးစီးပွား၌ လိမ္မာသူသည် ပြုကျင့်ရမည့် သိက္ခာသုံးပါးကို ပြုကျင့်ရမည်။ ထိုသို့ကို စွမ်းနိုင်ရမည်၊ ဖြောင့်မတ်ရမည်၊ အလွန်ဖြောင့်မတ် ရမည်။ ဆိုဆုံးမ လွယ်ရမည်။ နူးညံ့ပျော့ပျောင်းရမည်။ မာန မကြီးရ တဲ့။ ကဲ မြန်မာပြန်အနက်ကို ခေတ်စကားနဲ့ ဆက်ကြည့် ကြအုံးစို့။ မေတ္တာဘာဝနာပွားလိုသူဟာ နိဗ္ဗာန်ကို တကယ် မျက်မှောက်ပြုလိုသူ၊ သမထဘာဝနာအလုပ်ကို ကျွမ်းကျင်တဲ့ လူ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့်ပြည့်စုံသူ၊ စွမ်းနိုင်

သူဖြစ်ရမယ်တဲ့။ ဒီလိုပုဂ္ဂိုလ်မှ မေတ္တာဘာဝနာပွားနိုင်မယ်။ မေတ္တာတရား ထိရောက်မယ်၊ ဒါကိုပြောတာ"

"အေး....ဗမာစကားများ ဗမာ လို ပြန် ပြတာ တောင် ငါဖြင့် ကောင်းကောင်း နားမလည်ချင်သေးဘူး၊ ဒီအထဲက ငွမ် ဆောင်နိုင်သူဆိုတာကို ထပ်ရှင်းပါအုံး"

"စွမ်းဆောင်နိုင်သူဆိုတဲ့ စကားကို တလုံးတစီ ခွဲကြည့်၊ အစွမ်းရှိမှ ဆောင်ရွက်နိုင်တယ်။ စွမ်းလဲစွမ်းတယ်၊ ဆောင်လဲ ဆောင်ရွက်တယ်၊ ထိုကဲ့သို့သောလူမှ (စွမ်း+ဆောင်နိုင်သူ) ဖြစ်လိမ့်မယ်။ အဲဒီတော့ စွမ်းဆောင်နိုင်သူရဲ့ အရည်အချင်းဟာ၊ မိမိအလုပ်ကို ယုံကြည်ချက်အပြည့်အဝရှိတာခြင်း၊ ကျန်းမာခြင်း၊ မပျင်းရိခြင်း၊ ဉာဏ်ရှိခြင်း၊ အဲဒါတွေနဲ့ပြည့်စုံရမယ်။ မပြည့်စုံသေးလျှင် ပြည့်စုံအောင် ကြိုးစားရမယ်"

"အင်း....နောက်ဆက်ပါအုံး၊ မင်းပြောတာ ရှင်းတယ်"

"နောက်၊ ဖြောင့်မတ်ရမယ်၊ အလွန် ဖြောင့်မတ်ရမယ်"

"အဲဒါက ရိုးသားဖြောင့်မတ်ရမယ်လို့ ပြောတာ မဟုတ်လား"

"ရိုးသားတယ်ဆိုတာက တမျိုး၊ ဖြောင့်မတ်တယ်ဆိုတာက တမျိုးကွ။ ရိုးသားတယ်ဆိုတာက သူတပါးအပေါ် မဟုတ်တာ မလုပ်တာလောက်ပဲ အဓိပ္ပာယ်ရှိလိမ့်မယ်။ ဖြောင့်မတ်တာ ကျတော့ အဓိပ္ပာယ်ကျယ်ဝန်းလာပြီ၊ အနီးကပ်ဆုံးပြောရယင် သူများကိုလဲမလိမ်တာ၊ ကိုယ့်ကိုယ်ကိုလဲပြန်မလိမ်တာလို့ ပြောရမလားပဲ။ ဥပမာ မရှိတဲ့ဂုဏ်တွေ ရှိသလိုလို၊ ရသလိုလို ဟန်

မဆောင်နဲ့၊ ရှိတဲ့အပြစ်တွေ၊ ချွတ်ယွင်းချက်တွေ ဖုံးမထားနဲ့၊ (အရှိ၊ အရှိအတိုင်း) ပေါ့လေ၊ အဲဒါဘယ်နှယ်လဲ၊ ကိုယ့်ကိုယ်ကို အစစ်ခံဝံ့ပါ့မလား"

"ဟဲဟဲ....သေသေချာချာ စစ်ယင်တော့ အခက်သားကွ၊ မုန်းနေလျက်နဲ့ ပြုံးပြီး နှုတ်ဆက်ဘာတို့၊ ရွှေတွင်တမျိုး ကွယ်ရာတမျိုး ပြောတာတို့၊ မနာလိုပေမယ့် ဝမ်းမြောက်ဝမ်းသာ ချီးကျူးရတာတို့၊ (အတိုအထောင်) လုပ်ဘာတို့၊ အဆင်းကို (ဘီးတပ်)လွှတ်တာတို့၊ (အချွန်နဲ့မ) တာတို့ (အချဉ်ဖမ်းတာ) တို့၊ ခေါင်းပုံဖြတ်တာတို့၊ လည်သျှိး တာတို့ဟာ.... မဆုံးပါဘူးကွာ"

"အေး....နေရာလုတာတို့၊ သူများ အထင်ကြီးအောင်၊ရှိသေလေးစားအောင် ကောင်းတာတွေ လုပ်နေဟန် ဆောင်တာတို့၊ မဘတ်ပဲနဲ့ တတ်ချင်ယောင် ဆောင်ဘာတို့ ဒါတွေက တို့ကိုယ်တို့ အသိဆုံးပါပဲ"

"အေး....ဒါတွေ ရှောင်ကြဉ်ပြီး ဖြောင့်မတ်ရမယ် ဆိုပြီးတဲ့နောက် (အသွန် ဖြောင့်မတ်ရမယ်) ဆိုတာက ဘယ်လိုကြောင့် ဝိသေသန ထပ်ဖြည့်ထားတာသဲ"

"အသွန်ဆိုတဲ့ ဝိသေသနက အာရတိ၊ ဝိရတိ၊ ရှောင်ကြဉ်ခြင်း၊ အထူး ရှောင်ကြဉ်ခြင်း ဆိုသလိုပေါ့။ တရံဘဆစ်မှ အကျိုးအခေါင်ဘ် အပြောက်အကျားမရှိအောင် သတိ အထူးပြုခြင်းပေါ့"

"တတ်နိုင်ယင် သည်ထက်ရှင်းအောင် ပြောပါအုံးကွာ၊ ငါက နားဝေးတယ်"

"အေး....အဲဒါမျိုးမှ ကောင်းတယ်၊ အနက် အဓိပ္ပာယ်ကို မတင်မကျနဲ့ နားလည်သလိုလို နဝေတိမ်တောင် လက်ခံတာမျိုး က အကျိုးမရဘူးတဲ့။ အဲသည့် နေရာမှာ တိပိဋကဓရ ဆရာတော် အရှင်ကောသလ္လ သဘောထားခံယူချက်ကို ငါက ဖောက်သည် ချရမှာပဲ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပါဠိဆရာကြီး ဆရာ ညာဏ်ရဲ့ ဝိနည်းပူဇော်ပွဲမှာ ဝိနယဓရနှင့် ပတ်သက်ပြီး ဆရာတော် က အမိန့်ရှိတယ် (ကိလေသာ အားလျော်စွာ လူသိမခံနိုင် သော ကိုယ်နှုတ်အမူအရာများနှင့် မိမိတို့ကိုယ် မိမိတို့ ကြည်ညို၍ မရနိုင်သောအခါဝယ် ဗုဒ္ဓ၏ အလိုတော်ကျ မဟုတ်သေးဟု တွေး၍ပြုပြင်နိုင်မှ(သုဟုဇ္ဇု)ဖြစ်မယ်လို့ ဟောတော်မူတယ်။ဆိုလို တာက သူတပါးက မိမိကို ကြည်ညိုခံနိုင်ဖို့ထက် မိမိကိုယ် မိမိ ကြည်ညိုနိုင်အောင် သိက္ခာရှိရမယ်၊ ဖြောင့်မတ်ရမယ်၊ သူတပါး ကိုလဲ ကိုယ်က မလိမ်နဲ့၊ ကိုယ့်ကိုယ် ကိုယ်လဲ ပြန်မလိမ်နဲ့ပေါ့၊ ရှင်းပြီလား"

"အေး....ရှင်းပြီ။ ဒါမှ သဘောပေါက်တယ်"

"သဘောပေါက်တယ်ဆိုမှ ထပ်ပြောရအုံးမယ်၊ (သုဟုဇ္ဇု)ရဲ့ အနက်အဓိပ္ပာယ်ကို မန္တလေးဆရာ ဦးဆန်းထွန်းနဲ့လဲ ဆွေးနွေး ဖူးတယ်။ သူရှင်းပြတာက ဝတ္ထုကြောင်းကလေးနဲ့ မှတ်ဖို့ ကောင်းတယ်။ မဟာဝင်မှာ ဂါမဏိမင်း စစ်ရှုံးလို့ မိဖုရားများနှင့်တကွ ဘောထဲကို ထွက်ပြေးကြတဲ့အခါ သူ့ မိဖုရားကြီးနဲ့ တကွဲတပြား ဖြစ်သွားရောတဲ့။ တောကြီးကလဲ နက်လွန်းတော့ တိတ်ဆိတ်နေလိုက်တာ ကြောက်စရာတောင် ကောင်းသလောက်ပဲတဲ့။ မိဖုရားကြီးမှာလဲ အားငယ်ထိတ်လန့်

နေချာသတဲ့။ အဲသည့်အခါမှာ ဧရီးသွား ကိုရင်ကလေးတပါး သပိတ်ကိုလွယ်ပြီး တောနက်ထဲ မိဖုရားမြင်ကွင်းထဲ ရောက်လာသတဲ့။ မိဖုရားကလဲ ရန်သူလား သူလျှိုလားမသိနိုင်တော့ သူ့ကို မမြင်အောင် ပုန်းသထက် ပုန်းနေရသတဲ့။ ကိုရင်လေးကလဲ တောကြီး မျက်မည်း တပါးထဲ ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ် လိုက်သေးသတဲ့။ အကဲခတ်ပြီး ဘယ်သူမှ မရှိတာ သေချာသလောက်မှ ကိုယ်တော်သင်းပိုင်ကို မ၊ သေသေဝပ်ဝပ် ဆောင့်ကြောင့်ကလေး ထိုင်ပြီး ဘော့ ကျင်ငယ်စွန့်ရှာသတဲ့။ အဲဒါကိုမြင်လို့ မိဖုရားကြီးက (သုဘာဝ) ဂုဏ်နှင့် ပြည့်စုံပါတိဘယ်လို့ ကြည်ညိုပြီး ဂါမဏိမင်း ဝစ်နိုင်လို့ ဝဋ္ဋဂါမဏိမင်း ဖြစ်လာတဲ့အခါ (ဝဋ္ဋဆိုတာ တပန် ပြန်လည်၍ မင်းအဖြစ် ရခြင်းဆိုတဲ့ ပါဠိစကား) ကိုရင်လေးကို စုံစမ်းရှာဖွေပြီး ကျောင်းကြီးဆောက် ကိုးကွယ်သတဲ့။ အဲဒါ ဘာကို ပြသလဲဆိုတော့ ဆိတ်ကွယ်ရာ အရပ်မှာပင် ပြစ်ငေ၊ သေးမွှားသော ဣန္ဒြေပင် ဖြစ်စေ ဟိရီသြတ္တပ္ပ စောင့်ရှောက်ထိန်းသိမ်းခြင်းကို ချီးမွမ်းစရာဖြစ်တယ်။ ဆိတ်ကွယ်ရာဆိုလျှင် အရှက်အကြောက် ကင်းကွာတတ်ကြတယ် မှတ်လား"

"အေး....အခုမှပိုပြီး သဘောပေါက်တယ်၊ ဘယ်သူကမှ ကိုယ့်ကို မမြင်ပေမယ့် ကိုယ့်သိက္ခာကို ကိုယ်မြင်သဖြင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းသဘော၊ ဝိနည်းအပြင်ဟူသည် ကြီးကြီးငယ်ငယ်မရွေး၊ အလေးဂရုပြုရခြင်း သဘောပေါ့၊ ကောင်းလိုက်တာ"

“ပုဟန်းသာမဏေများဟာ ကုဋီတက်တာတောင် သတိလက်လွှတ် ပေါ့ပေါ့ဆဆ မတက်ရဘူး၊ လိုက်နာ ကျင့်သုံးရမယ့် စည်းကမ်းတွေရှိတယ်”

“ဟာ ဟုတ်ကဲ့လား၊ ငါ့ဖြင့် အိမ်သာတက်တာ စည်းကမ်းရှိကြောင်း မသိပါဘူးဗျာ၊ တို့တတွေလိုပဲ အမှုမဲ့ အမှတ်မဲ့လို့ သဘောထားခဲ့တာပဲ၊ လုပ်စမ်းပါအုံး”

“ဗုဒ္ဓ အဆုံးအမဟာ ဘယ်နေရာ၊ ဘယ်အခါမှာမှ မကင်းစေရဘူး။ စားတဲ့အခါမှာ သတိရှိရသလို၊ စွန့်တဲ့ အခါမှာလဲ သတိရှိရတယ်။ ပထမဆုံး ကုဋီတက်ချင်စိတ် ပေါ်လာတယ်ဆိုလျှင် သြော် ငါ့မှာ စားရခြင်းဒုက္ခရှိသလို စွန့်ရခြင်းဒုက္ခကိုလဲ ရှောင်ကွင်းလို့ မရပါကလား လို့ ဒုက္ခကို ဆင်ခြင်ပြီး မနှေးမမြန် လျှောက်ကန်သော ဣန္ဒြေနဲ့ ကုဋီရှိရာကို သွားရမယ်တဲ့၊ အရေးတကြီး ဒရောသောပါး မသွားရဘူး၊ အစားတခုခုကို စားလျက်လဲ မဝင်ရဘူး”

“အင်း ဒီကတည်းက တို့တတွေနဲ့ ကွာပါ့ကွာ”

“ကုဋီတံခါးဝသို့ ရောက်တဲ့အခါ၊ အတွင်း၌ တစုံတယောက်ရှိနေမှာလားလို့ ချောင်းဟန့်ပြီး အသံပေးရတယ်၊ ရှိရှိ-မရှိရှိ ကုဋီတံခါးကို ဗြုန်းကနဲ ဆွဲမဖွင့်ရဘူး”

“ဒါလဲ စနစ်ကောင်းတခုပဲကွ”

“ကုဋီထဲမှာ လူမရှိဘူးလို့ သိတဲ့အခါကျမှ အတွင်းသို့ဝင်၊ တံခါးကို သေသေချာချာပိတ်ပြီးတော့ ကိုယ်ဝတ် ကေသီကို သင်္ကန်းတန်းမှာ လျှောမကျ ပြုတ်မကျအောင် သပ်သပ်ရပ်ရပ် တင်ရတယ်။ တချို့ ကျောင်းကြီးတွေမှာ ကုဋီအဆောက်အအုံ

ကျယ်လို့ တံခါးအပြင်မှာ သက်န်းတန်းများ ရှိတတ်တယ်။ အဲ....အတွင်းရောက်လျှင် နင်းခုံကို နင်းပြီးမှ သင်းပိုင်းကိုပင့်၍ ဖြည်းဖြည်းသာသာ ထိုင်ရတယ်။ ထိုင်ပြီးတော့လဲ 'အည်းကနဲ အဲကနဲ' ညည်းတွား အောင့်အည်းခြင်း အသံမထွက်အောင် သဘာဝအလျောက် သက်စေရတယ်။ အဲသည့် သက်တဲ့ အညစ်အကြေးကိုလဲ မြင်အောင်ကြည့်ရတယ်။ ကြည့်ပြီး 'ငါ့ခန္ဓာကိုယ်ဟာ ညီစော်နံလှောင်းမကောင်းသော ဘင်ပုပ်တို့၏ တည်ရာကြီးပါလား' လို့ ပစ္စဝေက္ခဏာ တင်ရတယ်"

"အမယ်လေး ချီးယိုရတာ မလွယ်ပါကလား"

"နေအုံး ရှိသေးတယ်၊ ကိစ္စပြီးတော့ ကနုတံ သုံးမျိုးကို သုံး ရသေးတယ်။ ပထမ ကနုတံနဲ့ အကြမ်းသုတ်သင် ပြီးတော့ လက်ဝဲလက်နဲ့ ကနုတံ အချားကိုကိုင်၊ နင်းခုံမှာ ကန့်လန့်တိုက်၊ လက်ယာလက်နဲ့ ရေလောင်းသန့်စင်ပြီး ကနုတံကို ထားမယ့် နေရာမှာထား၊ ဒုတိယ ကနုတံကို နောက်ထပ်သုံး၊ အခုနလိုပဲ ရေလောင်းသန့်စင်။ အဲသည့် အခါကျတော့ စင်ကြယ်သွားပြီ ဖြစ်တဲ့ ဒွာရအပြင်ကို လက်ယာသက်နဲ့ ရေလောင်း၊လက်ဝဲလက်နဲ့ ပွတ်သပ်သန့်စင်။ နောက်ဆုံး ကနုတံကိုယူ၊ အရင်က ဆေးသလို ဆေးကြော၊ ကနုတံကို နေရာဘကျထား၊ အားလုံးပြီး တော့မှ ရေစိုနေတဲ့ လက်ကို ကုဋိထဲမှာ ထားတဲ့ အဝတ်နဲ့ စင်ကြယ်အောင်သုတ်၊ နောက်ဆုံး သန့်တဲ့ ရေတခွက်လောင်း၊ ကိုယ်ဝတ်ကို လက်ကတော့တင်၊ မနှေးမမြန် ကုဋိတွင်းမှထွက်။ မိမိ၏ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ ခွဲခန်းတို့ကို လုံးဝ ပေကျံခြင်း မရှိခဲ့အောင် သဘိထားရတယ်"

“အမယ်လေး.... မလွယ်ရေးချ မလွယ်ပါကလား နော်။ ဒါတွေကို တိတိကျကျ မလုပ်ယင်ကော ဘယ်သူကမြင်မှာလဲ”

“ဘယ်သူမှတော့ မမြင်ဘူး၊ ကိုယ့်ဟာကိုယ်တော့ သုဟုဇ္ဇူ ဖြစ်-မဖြစ်သိမှာပေါ့။ ဒါကြောင့် အာဂန္တုဆရာတော်ကြီးများက ကျောင်းတိုက်ကြီးတတိုက်ကို ခဏခေတ္တ ကြွလာတည်းခိုလို့ ကုဋီကို တက်လိုက်တာနဲ့ ထိုကျောင်းတိုက်ရဲ့ စည်းကမ်း ရှိ-မရှိ ကုဋီကိုကြည့်ပြီး အကဲခတ်တော် မူကြသတဲ့၊ အဲသလောက် အသေးအမွှားပေမယ့် အလေးထားတော်မူကြရတယ်”

“ဒါကြောင့်လဲ ဗုဒ္ဓသာသနာတော်မှာ အမျိုးအနွယ်အစားစား၊ လူမျိုးအသီးသီး၊ စရိုက်အဖုံဖုံ၊ မိသားအရာအထောင် စုဝေး နေကြရပေမယ့် စည်းကမ်း စနစ်ကြောင့် သိုက်သိုက်ဝန်းဝန်း ညီညီညွတ်ညွတ် ရှိကြပေတာပဲနော်”

“ဒါပေါ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုယ်တိုင် အသိဉာဏ်ဝိဇ္ဇာသာရှိရုံမဟုတ်၊ အကျင့်သိက္ခာ စရဏပါ ပြည့်စုံလို့ (ဝိဇ္ဇာစရဏသမ္ပန္နော)ဆိုတဲ့ဂုဏ်ကြီးကိုခံယူတော်မူတာ။နောက်ပြီး အရဟံဂုဏ်တော်ကိုလဲ ကြည့်အုံး၊ (အရဟံ) လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော် မူနိုင်တယ်။ (အရ+ဟံ)သံသရာ လှည်းဘီး အကန့်များကို ချိုးဖျက်ပြီး ဖြစ်တယ်။ (အ+ရဟံ) ဆိတ်ကွယ်ရာမှာ မကောင်းမှု မပြုကျင့်တဲ့ ဂုဏ်တော်ရှိတယ်။ ဒါဟာ (သုဟုဇ္ဇူ)ပေါ့၊ ဘုရား မဖြစ်မီကတည်းက အခါမလပ် အပြစ်ရှာနေတဲ့ မာရ်နတ်ကတောင်

(သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိ ပဒါပဒံ) အစရှိတဲ့ဂါထာနဲ့ ညည်းညူပြီး လက်လျှော့လိုက်ရသတဲ့”

“အခိပ္ပာယ်ကလေး လုပ်စမ်းပါအုံး”

“အခိပ္ပာယ်က သူဟာ ခုနစ်နှစ် လုံးလုံး ခြေရာချင်းထပ် ထက်ကြပ်မကွာ လိုက်ကြည့်နေပါတယ်တဲ့။ ဒါပေမယ့် ကြီးမား သော သတိပိုင်ရှင် ဘုရားကိုယ်တော်မြတ်မှာ အကုသိုလ်ဖြစ်ခွင့် အကြားအပေါက်ကို ရှာမရနိုင်အောင် စင်ကြယ်တော် မူပါ ပေတယ်တဲ့”

“အင်း အပြစ်လိုက်ရှာနေတဲ့ မာရ်နတ်မင်းက လက်လျှော့ ရဘာပေါ့လေ”

“အပြစ်ရှာလို့ဘယ်ရမလဲ၊အာဘော်က ဂုဏ်တော်ကိုကြည့်၊ ‘အသုံးစုံသော ကာယကံ မှန်သမျှမှာ ဉာဏ်တော်ကသာ ရှေ့ ဆောင်လျက်အမြဲရှိတယ်။ ဝစီကံမှာလဲ ဉာဏ်တော်ကသာ ရှေ့ ဆောင်တယ်။ မနောကံမှာလဲ ဉာဏ်တော်ကသာ ရှေ့ဆောင် တယ်။ ဉာဏ်တော်ဖြင့် မတွေ့မထိ သတိလွတ်ကင်း၍ အဆော တလျင်ပြုသည်ဟူ၍ မရှိတဲ့။ ဉာဏ်တော်ဖြင့် မဆင်မခြင် လျစ် လျူရှုသောအမှုသည် နတ္ထိ မရှိတဲ့။ ကဲ ကုန်ရောပေါ့။ ရဟန်း တွေကိုလဲ (အပ္ပမာဒေနသမ္ပာဒေထ) သတိမမေ့နဲ့ဆိုတဲ့ဩဝါဒ ကို နေ့တိုင်း(နေ့စဉ်ရက်ဆက်နေ၁) အမြဲသတိပေးတော်မူတယ်။ အဲသည့် ဩဝါဒဟာ ပရိနိဗ္ဗာန်စံခါနီးဆဲဆဲတောင် နောက်ဆုံး တရားအနေနဲ့ ဆုံးမသွားသေးဘယ်”

"အေး....ဗုဒ္ဓသခင်က သတိမမေ့နဲ့ လို့အမြဲဆုံးမတယ်။ တို့က ပေါ့ပေါ့ပဲနေတယ်။ စစ်တပ်ထဲမှာများဆိုယင် (သတိ)ဆို နေ လျက်နဲ့ (သက်သာ)များ လုပ်နေမိယင် သက်သာမှာ မဟုတ် ဘူး၊ ဟေး ဟေး...."

"သတိမြဲနေယင် အကောင်းဆုံးပေါ့။ မမြဲနိုင်တောင် ကြာ ကြာတော့ မမေ့လေနဲ့လေ"

"ကဲ....သုဟုဇ္ဇူက ရှေ့တက်ပါအုံး"

"ဒီနေ့တော့ ဒါလောက်နဲ့ နားကြအုံးစို့။ (သုဝဇောစဿ၊ မုဒုအနတိမာနီ)တွေကို ဆက်ရယင်အများကြီး၊ နောက်တရက် ပေါ့ ဟုတ်လား"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

* * *

# မေတ္တာသုတ် (၂)

"ကဲ....မေတ္တာသုတ်ကို ဆက်ကြဦးစို့လား သူငယ်ချင်း၊ အရင်ဘပတ်က ဥဇူ စ၊ သုဟုဇူ စ သာ ရောက်သေးတယ်သေ"

"ဒါလောက်ပဲ ရှိအုံးမှာပေါ့၊ တို့က သိုင်းဝိုင်းနေတာကိုး"

"သိုင်းဝိုင်းတာက ပိုကောင်းပါတယ်ကွာ၊ အဓိပ္ပာယ်ကို အကျယ်အဝင့်သိရတယ်၊ လူငယ်လူရွယ်တွေအဖို့ အကျိုးရှိပါလိမ့်မယ်၊ သူတို့နာလည်ယင် စိတ်ဝင်စားလာကြမှာပါ၊ ခက်ခဲနက်နဲတာကို သဘောပေါက်အောင် စကားတန်ဆာဆင်ပြီး ဝိတ္ထာရချဲ့၍ပြောမှ အရသာကို သိနိုင်ကြမယ်၊ ခံစားနိုင်ကြမယ်၊ အရသာရှိမှန်းသိယင် မက်မောကြတာ ဓမ္မတာ မဟုတ်လား"

"အေး....မင်းပြောတာ 'သဗ္ဗရသံ ဓမ္မရသာ ဇိနာတိ' ဆိုတဲ့ ဗုဒ္ဓတရားနဲ့အညီသားပဲ"

"ငါက ဗုဒ္ဓရဲ့စကားကို ပြန်ပြောတာကိုးကွ၊ ညီရောပေါ့.... ဟဲ ဟဲ။ ခုခေတ်မှာ ဗုဒ္ဓရဲ့တရားကို လူတော်တော်များများ စိတ်ဝင်စားလာကြတယ်။ စာဖတ်လာကြတယ်။ ပရိတ်အဖွဲ့တွေ အများကြီး တိုးလာကြတယ်၊ ဒါပေမယ့် သူ့ခမျာများမှာ ပါဠိတော်တွေကို အသံထွက်မှန်အောင် မရွတ်မဖတ်နိုင်ကြဘူး၊ ဒါကြောင့် (သမန္တာစက္ကဝါဠေသု) အစရှိတဲ့ စာပိုဒ်များကို (သမန်တာစက်ကဝါလေသု)လို့ အသံထွက်ပါ ထည့်ပေးရတယ်၊ ဒါဆိုတော့သူတို့အဖို့ လွယ်သွားတာပေါ့။ နောက်တော့ အမြင်များ အတွေ့များပြီး ဖတ်တတ်သွားကြတာပါပဲ၊ တို့ကလဲ ဒီသဘောကို လိုက်ရမယ်"

"ကောင်းပါပြီဗျာ၊ ကဲ ဒီတော့ ရှေ့ဆက်ရအောင်၊ သုဝစော—ဆိုဆုံးမ လွယ်သူလည်း၊ အသာ—ဖြစ်ရာ၏။ ဒီတလုံးကိုပဲ ဆွေးနွေးရအောင် ဟုတ်လား"

"ကောင်းတယ်၊ တပိုဒ်ချင်း တလုံးချင်းပြောတာ ကောင်းတာပေါ့"

"အဲသည်(ဆိုဆုံးမ လွယ်သူ)ဆိုတဲ့စကားမှာ ဆုံးမ၊ ဝေဖန်၊ အကြံပေးခြင်းဆိုတဲ့ အဓိပ္ပာယ်တွေပါ အကျုံးဝင်လိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ (ဆုံးမ) ဆိုတဲ့ စကားလုံးရှေ့က (ဆို) ဆိုတဲ့စကားလုံးက ပါသေးတယ်လေ"

"အဲဒါ ရှင်းစမ်းပါအုံး"

"ဒီလိုလေကွာ၊ မိမိထက်အသက်၊ ပညာ၊ ဝါ၊ သိက္ခာကြီးတဲ့ ပုဂ္ဂိုလ်များကပြောတာကို ဆုံးမတယ်လို့ ပြောရမှာပေါ့၊ မိမိနဲ့ သက်တူ တန်းတူများက ပြောတာကျတော့ ဝေဖန်တယ် ဆိုရ မလား၊ အပြစ်တင်တယ် ပြောရမလား၊ အဲ ကိုယ့်ထက်ငယ်သူ တွေကပြောတာကျတော့ အကြံပေးတယ်လို့ ယူရမယ်"

"ဒါဖြင့် မင်းဆိုလိုတာက ပညာရှိသူတော်ကောင်းများရဲ့ ဆုံးမခြင်းကိုသာမက၊ ရွယ်တူဘန်းတူနဲ့ ငယ်ရွယ်သူတို့ရဲ့စကား ကိုလဲ နာခံရမယ်ပေါ့—ဒီလိုလား"

"ဟုတ်တယ်၊ မှန်ကန်တဲ့စကား၊ အကျိုးရှိမယ့်စကားဆိုရင် ဘယ်သူက ပြောဆိုဆုံးမသည်ဖြစ်စေ နှစ်လိုစွာ လိုက်နာရမယ့် သဘောပဲ၊ ဘာကို အထောက်အထား ပြုနိုင်သလဲဆိုရင် ဗုဒ္ဓရဲ့ လက်ယာတော်ရံ အရှင်သာရိပုတြာ ကိုယ်တော်ကြီးကိုကြည့်၊ အခါတပါးမှာ အရှင်သာရိပုတြာမထေရ်ကြီး သင်္ကန်းရုံတော် မူတာ အဝန်းမညီလို့ သာမဏေကလေးတပါးက 'အရှင်ဘုရား သင်္ကန်းက အဝန်းမညီဘူးဘုရာ့'လို့ သတိပေးတယ်။ ဒီအခါမှာ အရှင်မြတ်က အရေးတယူ ပြန်လည်ဝတ်ရုံပြီး 'ကဲ....သာမဏေ လေး အဝန်းညီသွားပြီလား ကြည့်ပါအုံး'လို့ နှစ်လိုစွာ ပြန်မေး သတဲ့၊ ဒါကို သာမဏေကလေးက အရှင်သာရိပုတြာကြီးကို ဆုံးမတယ်ခေါ်မလား"

"ဟာ....ဆုံးမတယ်လို့ ဘယ်ပြောထိုက်မလဲ"

"အဲ....အဲသလို သာမဏေ ကလေးရဲ့ စကား ကို တောင် အလေးတမူ အရေးယူပြီး သုံးသပ်ဆင်ခြင် ပြုပြင်တော်မူတဲ့

အတွက် အချင်သာရိပုတြာကြီးမှာ (သုဝစောစဿ) ဂုဏ်နဲ့ ပြည့်စုံပါဘိသည်ဟု ချီးမွမ်းခံတော်မူရတယ်''

''အေး....မင်းတို့ ငါတို့ဆို သက်န်းအဝန်း မညီတာကို သိအုံး 'မင်းထက် ငါနားလည်ဘယ်' လို့ ပြောချင် ပြောမှာနော်.... ဟား ဟား''

''ဟုတ်တယ်၊ အ သေး အ မွှား ဆိုယင် တော်သေးတယ်၊ ခပ်မျက်မျက် ကလေး ဝေဖန်ခြင်း ခံရယင် ဆတ် ဆတ် ခါ နာကြတယ်၊ 'ဟုတ်ပေသားပဲ'လို့ မိမိကိုယ်မိမိ ပြန်ဆင်ခြင်ဖို့၊ ပြန်သတိရဖို့ ခဲယဉ်းတယ်။ ဒီတော့ ဘာတခုထပ်၍ ပြောနိုင် သလဲ ဆိုယင် (သုဝစောစဿ)ဆိုတာဟာ သူတပါးက မိမိအား ဆိုဆုံးမသည်ကို လိုက်နာလွယ်ဖို့ အရာမှာ မိမိကိုယ်မိမိ ဆုံးမ လိုက်နာနိုင်ဖို့ပါ အကျုံးဝင်သွားတာပေါ့''

''အား....ဒါကာ ပဓာနပဲ၊ ဟုတ်ပြီ ဟုတ်ပြီ''

''မိမိကိုယ်မိမိ ဆုံးမလို့ မလိုက်နာတဲ့လူဆိုယင် ဆရာသမား ပညာရှိများက ပြောသမျှကို 'ကောင်းပါပြီ'လို့ ဝန်မခံပဲနဲ့ 'ဒါကတော့ ဒီလိုရှိပါဘယ်၊ ကျွန်တော့်သဘောက ဒီလိုပါ' အဲဒီလို ဆင်ခြေဆင်လက်တွေနဲ့ ရေပက်မဝင်အောင် နှုတ်တုံ့ ပြန်ကုန်ရော။ နှုတ်တုံ့မပြန်တောင် (ပြန်မပြော၊ နားမထောင်၊ ကွယ်ရာမှာထင်တာလုပ်) ပြင်ကုန်ရော''

''အေး....ဒီလိုဖြစ်ယင် မိမိအပြစ်ကို ဝန်မခံပဲ ဖုံးဖိသလို ရှိတဲ့ အတွက် (သုဟုဇူ)ဂုဏ်လဲ ပျက်မှာပေါ့နော်''

''သုဟုဇူဂုဏ်ပျက်တဲ့အပြင် နောက်ပြောမယ့်(အနတိမာနီ) ဆိုတဲ့ ဂုဏ်နှင့်ပါ ဆက်သွယ် လာမှာပေါ့။ ဘုရားသားတော်

အရှင်ရာဟုလာတို့ကျတော့ လက်နုပ်နဲ့ သဲတဆုပ်ကိုင်ပြီး 'ဗုဒ္ဓနှင့် တကွသော သူတော်ကောင်းကြီးများ၏ အဆုံးအမကို ဤသဲပွင့်တွေနဲ့အမျှ နေ့တိုင်း ရချင်စမ်းပါဘိ' လို့ တောင့်တတော်မူသတဲ့လေ၊ တို့နဲ့မကွာလား"

"ယှဉ်တောင် မယှဉ်ကောင်းပါဘူးကွာ၊ တို့က အထိမခံ ရွှေပန်းကန်တွေပဲ၊ တို့ဝါဒက (ငါ့လာဆရာမလုပ်နဲ့) ဒါပဲ၊ ဟဲဟဲဟဲ"

"အေး တို့နဲ့ ယှဉ်စရာတော့ အရှိသားကွ"

"ဘာနဲ့ ယှဉ်ရမှာလဲ"

"ကုန်းခေါင်ခေါင်မှာ ပေါက်တဲ့ ရှားစောင်းကြီးပင်ကွာ၊ ကြမ်းတမ်းတဲ့အပေါ် ဆူးတွေက ပါလိုက်သေး....ဟေး ဟေး ဟေး"

"အေးအေး၊ မင့်ဥပမာက အံဝင်ခွင်ကျပါကလား၊ ဟုတ်လိုက်လေ"

"လူကြီး မိဘဆရာသမားများက အခြေအနေအရ ဆုံးမတဲ့အခါမှာ သာယာနာပျော်ဖွယ် ရှိတဲ့အခါ ရှိသလို၊ ရင့်သီးတဲ့အခါလဲ ရှိချင်ရှိတတ်တယ်။ အိုးသူကြီးသည် ရွှံ့စေးကို မိမိလိုရာပုံသို့ ရောက်အောင် လက်ခတ်ဖြင့် ရိုက်သကဲ့သို့ ပန်းပဲဆရာသည် သံကို မီးခဲရဲတွင်ဖုတ်ကာ လိုရာပုံဖြစ်အောင် တူနှင့် အချက်ပေါင်းများစွာ ထုရိုက်သကဲ့သို့ အဖျိုတဲ့ သဘာဝဥပမာတွေ ရှိဘယ်၊ အဲဒီလို ကြမ်းကြမ်း ပြောတော်မူတဲ့အခါ ရှိတယ်"

"ဘယ်လို ပြောဘာမျိုးလဲ"

"ဥပမာ (တုစ္ဆ)ဆိုတဲ့ အသုံးအနှုန်းမျိုး၊ မြန်မာလို ခေတ်စကားဆို (ငတုံး)ပေါ့၊ (မောဃ)တဲ့၊ မြန်မာလို (အလကား ကောင်)ပေါ့။ ဒီနာမည်တွေဟာ ဗုဒ္ဓခေတ်အခါက အလွန်နာကျည်းစရာ၊ ရှက်စရာ ရှုတ်ချခေါ်လိုက်တာပဲ။ ဒါကို သုဝဏ်နဲ့ ပြည့်စုံတဲ့ ဘိက္ခု-ဘိက္ခုနီများ ဗုဒ္ဓအဆုံးအမကို ကြည်ဖြူစွာ ခံယူကျင့်ကြံကြပြီး အရဟတ္တမဂ်ရောက်အောင် နိဗ္ဗာန်ချမ်းသာကို ရသွားဘော်မူကြတယ်။ အဲသည့်ဂုဏ်နှင့် မပြည့်စုံတဲ့ အရှင်ဒေဝဒတ်မှာတော့ အကျိုးမဲ့ရှာဘယ်"

"အရှင်ဒေဝဒတ်က ဘယ်လို မပြည့်စုံတာတဲ"

"အရှင် ဒေဝဒတ်က သံဃာတော်များကို ဗုဒ္ဓ ကိုယ်စား အုပ်ချုပ်ခွင့် ပေးပါလို့ ရာထူး တောင်းတယ်လေ၊ ဒီတော့ မြတ်စွာဘုရားက 'ဒေဝဒတ်၊ ငါ့ကို ရည်ညွှန်းပြီး ငါ၏ သာသနာသို့ ဝင်လာကြသဲ့ သံဃာတွေကို သင်က အုပ်ချုပ်ဖို့ ထားလို့ ထိုသံဃာများနှင့် တန်းတူအောင်ကို သင့်မှာ အရည်အချင်း မရှိသေးဘူး၊ သင်ဟာ မသန့်စင်သေးဘူး၊ နှပ်ချွဲ သလိပ် တံတွေးတို့နဲ့ တူနေဘယ်လို့ ပြင်းပြင်းတန်ထန် ဆုံးမတော်မူလိုက်တယ်။ အဲသည်မှာ အရှင်ဒေဝဒတ် ဆတ်ဆတ်ခါနာပြီး တဂိုဏ်းထောင်တယ်။ ဗုဒ္ဓမြတ်စွာကို အဇာတသတ်မင်း အကူအညီနဲ့ သတ်ဖို့ကြိုးစားတယ် မဟုတ်လား။ ဒါဟာ ဆိုဆုံးမလွယ်သူ မဟုတ်လို့ သူ့အတွက် ဆုံးရှုံးရတာပေါ့"

"ရှင်ဒေဝဒတ်ကတော့ သူ့ အကြောင်းနဲ့သူ အဝီစိက မလွတ်နိုင်ဘူးမှတ်လား"

"လွှတ်မှာမဟုတ်တာ ငုဒ္ဓကိုယ်တော်တိုင် သိပြီးမြင်ပြီးပါပဲ။ ငါဆိုလိုတာက သုဝေစောစသ မဖြစ်တာကို ပြောချင်တာပါ"

"အင်း ဟုတ်ပါတယ်၊ အငြိုးကြီးစွာတောင် ထားလိုက်သေးဘာပဲ"

"မင်းလဲ လူကြီးမိဘ ဆရာသမားများက ခပ်စပ်စပ်ကလေး ပြောလိုက်ယင် (ထောင်း)ကနဲ ဖြစ်တတ်တာ သတိထားရမယ်နော်"

"ဟုတ်ပါ့ ဟုတ်ပါ့ ဆရာသမားရယ်၊ ဟဲဟဲဟဲ။ ကဲ(မုဒု)ကို ဆက်ကြပါစို့"

"မုဒုဆိုတဲ့အနက်က ဘယ်လိုလဲ"

"နူးညံ့သိမ်မွေ့ခြင်း မဟုတ်လား"

"အင်း....ဒီလိုပဲပြောလေ့ရှိပါတယ်၊ နောက်တနည်း (နူးညံ့ သိမ်မွေ့ခြင်း)လို့ ပြောတာက ပိုကောင်းမလားပဲ"

"(နူညံ့)နဲ့(နူးညံ့)အတူတူပါပဲကွာ"

"တို့ကိုယ်တိုင်သဘောပေါက်တဲ့အဓိပ္ပာယ်ကတော့ အတူတူပါပဲ၊ ဒါပေမယ့်(နူ)နဲ့(နူး)ကတော့ အဓိပ္ပာယ်ချင်း မတူတာ အမှန်ကွ၊ (နူ) ဆိုတာက ကြမ်းတမ်းခြင်းရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်၊ (နူး) ဆိုဘာက မာကျောခြင်းရဲ့ ဆန့်ကျင်ဘက် ဖြင်တယ်၊ ဥပမာကွာ (အမှုန့်နုသည်၊ လက်ရာနုသည်၊ စာနု သည်၊ အရောင်နုသည်) စသဖြင့် စသဖြင့် ပေါ့ကွာ၊ (နူး) ကျတော့ (အသားနူးသည်၊ ကြည်နူးသည်၊ ဝင်းနူးသည်) စသဖြင့် စသဖြင့်ပေါ့"

"မင်းရှင်းမှ ပိုရှုပ်ကုန်ပါပြီ"

"ဟား ဟား....ဒီလိုတော့ တရားခံမလုပ်ပါနဲ့ ကိုရင်ရယ်၊ မင်း လက်ခံချင်သလို လက်ခံပါ၊ (မုဒု)ကို သဘောပေါက်ယင် ပြီးတာပါပဲ"

"ကဲ(ညံ့)ဆိုတဲ့ စကားလုံးကိုကော ဘယ်လိုပြောမလဲ"

"(ညံ့)ဆိုတာက သိမ်မွေ့တာ၊ ပျော့ပျောင်းတာ"

"ကဲကဲ (နူးညံ့သိမ်မွေ့ခြင်း)ပဲ ထားပါ၊ အဓိပ္ပာယ်ကတော့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံးခက်ထန်ခြင်းမရှိ၊ နူးညံ့သိမ်မွေ့ ရမယ်၊ ဒီသဘော မဟုတ်လား"

"အဲဒါက အကျဉ်းဆုံး၊ အတိုဆုံးလောက် ဖော်ပြတာပဲ၊ အကျယ်အားဖြင့်တော့ အများကြီး ရှိလိမ့်မယ်။ ဗုဒ္ဓရဲ့ ဒေသနာမှာ ပါဠိတလုံး သို့မဟုတ် စကားတလုံးဟာ အင်မတန် ကျယ်ပြန့်တယ်၊ ဆိုလိုရင်းအဓိပ္ပာယ်တွေ အများကြီး ခြုံရုံလျက်ရှိတယ်။ မင်းကြားဖူးမလား မသိဘူး (သာမန်လူတဦးက စကားတခွန်း ပြောတဲ့အခါမှာ အရှင် အာနန္ဒာက စကားရှစ်ခွန်း ပြောနိုင်တယ်။ အရှင်အာနန္ဒာက စကားတခွန်းပြောတဲ့အခါမှာ ဗုဒ္ဓကိုယ်တော်က စကားရှစ်ခွန်း ပြောနိုင်တယ်)ဆိုတဲ့ စကားစဉ် တခု ရှိတယ်။ ဒီလို (ဝါစာအစိဋ္ဌေယျ) အဋ္ဌကထာမှာ ရှိတယ်။ ဒီအချက်ကို သာမန်ကြည့်လျှင် လူတဦးတယောက်က စကားတခွန်း ပြောလိုက်တဲ့အချိန်မှာ မြတ်စွာဘုရားက (၈ × ၈)စကား (၆၄)ခွန်း ပြောနိုင်သလို ဖြစ်နေလိမ့်မယ်"

"အေး.... အဲသည့် ကိန်းနဲ့ ဆိုယင် (တိတ်ရကော်ဒါကို မြန်မြန်ဖွင့်သလို) နားလည်နိုင်ပါတော့မလား"

"အဲသလိုယူဆလျှင် မင်းပြောသလိုပဲ ဖြစ်နေလိမ့်မယ်၊ ဗုဒ္ဓ အသံတော် စကားတော်မှာ သန့်ရှင်းသည်၊ သာယာသည်၊ သိလွယ်သည် အစရှိတဲ့ အင်္ဂါရှစ်ပါးတောင် ရှိတာပဲ၊ တို့တတွေ ပြောနေကျ ပြောလေ့ပြောထ စကားရှိတယ်၊ 'ပါဠိ တချက် အနက်ဆယ်ထွေ'တဲ့၊အဲသည့်အဓိပ္ပာယ်နဲ့ ဆက်စပ်ယူမှ သဘာဝ ကျတာကို တွေ့ရမယ်"

"ဘယ်လို ယူရမှာလဲ"

"ပါဠိတလုံးမှာ အနက်အဓိပ္ပာယ်များစွာ အကျုံးဝင်တဲ့ သဘော၊ အနှစ်သာရ ပြည့်စုံ၍ အတိုဆုံး ဖြစ်တဲ့ သဘော။ ဥပမာ သိပ်သည်းကျစ်လစ်တဲ့ ဂုဏ်အင်္ဂါမှာ ငွေစက္ကူ ရာတန် တရွက်ကို ပွားလိုက်လျှင် ဆယ်တန်စက္ကူ ဆယ်ရွက်ရလိမ့်မယ်၊ ကျပ်တန်ကလေးတွေဆိုလျှင် အရွက်ပေါင်း တရာရလိမ့်မယ်၊ အနုပ်အကြွေကလေးတွေနှင့်သာ လဲလိုက်မယ်ဆိုလျှင် မူးစေ့၊ မတ်စေ့ကလေးတွေ နည်းပါတော့မလား ဒီသဘော။ ဒါ ကြောင့် ဗုဒ္ဓ၏ မူလဘာသာတော်ကို အဋ္ဌကထာတို့ ဋီကာတို့ အဆင့်ဆင့် ဖွင့်ဆိုနိုင်ကြဘာပေါ့၊ ယခု ရှိပြီးကို နောက်ထပ် ဖွင့်ဆိုနိုင်တဲ့ ပညာရှိကြီး များ က ထပ်ပြီး ဖွင့်ဆိုကြအုံး၊ ပြီးပြည့်စုံပြီဟူ၍ မရှိနိုင်သေးဘူး၊ ဒါကြောင့် 'လူနတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညာဉာဏ် ရှိတိုင်းဖြင့်၊ ခြားပိုင်း တွက်ကျုံး၍၊ မဆုံးနိုင် မကုန်နိုင်၊ မကြံစည်နိုင် မအံ့သြနိုင်၊ ပြည့်လျှံထွေပြား၊ များပြားကျယ်ဝန်းသော ကျေးဇူးတော်..၊

ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော် မူထသော’လို့ ကျီးသဲလေး ထပ် ဆရာတော်ကြီးက ကြည်ညိုတော်မူခဲ့တာပေါ့။ လူပညာရှိပဲ ဖြစ်စေ၊ နတ်ပညာရှိပဲဖြစ်စေ၊ ဗြဟ္မာပညာရှိကြီးပဲဖြစ်စေ သူတို့ သူတို့ တတ်ထားသလောက် ပညာနဲ့ (အိတ်သွန်ဖာမှောက်) ရေးကြ ပြောကြစေကာမူ ဗုဒ္ဓ၏ဂုဏ်တော်များစွာ အနက်က ဂုဏ်တော်တခုကိုတောင် ရေးဖွဲ့လို့ ပြည့်စုံမှာ မဟုတ်သေးဘူး တဲ့ဗျား”

“သာဓု....၊သာဓု....၊သာဓု”

“အေး၊ ဥပမာ တခုပြောအုံးမယ်”

“ပြောစမ်းပါ မောင်မင်းကြီးသားရယ်”

“ဗုဒ္ဓဆိုတဲ့ ပါဠိက စကားနှစ်လုံး၊ စာနှစ်လုံးထဲ။ ဒါကို တို့တတွေ အများနားလည်လိုက်တာက (ဘုရား) လို့သာ နားလည် လိုက်ကြတယ်။ စာပေ နည်းနည်းတတ်တဲ့ လူကတော့ (သစ္စာလေးပါးကို သိသောသူ) လို့ စကား လုံး အဓိပ္ပာယ် ပိုသိလိုက်ကြပြီ၊ ထို့ထက် ထို့ထက် ပိုသိတဲ့ ပုဂ္ဂိုလ်ကျတော့ ‘အကြောင်းအကျိုး အားလျော်စွာ လေးသစ္စာတို့ကို ဒသနာကာရဖြင့် သောဠသ ဝေဖန်၍ ရွှေညာဏ်တင်ထင် ရွှေလက်တင် ပတ္တမြားကဲ့သို့ ပိုင်းခြားသိမြင်တော်မူသော ဗုဒ္ဓ’ ရယ်လို့ သစ္စာအနက်ဲ တဆယ့်ခြောက်ချက်ပါ အကျယ်အားဖြင့် သိလိုက်ပါလေရော၊ အဲသလို အဓိပ္ပာယ်အကျယ်ကို များစွာသိလေ၊ ပို၍ ကြည်ညိုတတ်လေဖြစ်လို့ များများလေ့လာဆည်းပူးကြရမယ်၊ ကဲ-ငါလျှာရှည်တာနဲ့ (မုဒ္ဒ) စကားတောင် ပြတ်သွားပြီ”

"မုဒုဆိုတဲ့ပါဠိက ကံသုံးပါးမှာ နူးညံ့သိမ်မွေ့ခြင်းသဘော။ ဒါက အကျဉ်းဆုံး အတိုဆုံး အဓိပ္ပာယ်လို့ မင်းပြောနေတာယ်လေ"

"အေး....ဟုတ်ပြီ၊ မုဒုရဲ့သဘောကို မဟာပညာဗလ ပါဠိပါဒေမာက္ခ ဆရာကြီး ဆရာဉာဏ်က ဘယ်လို ဖွင့်ထားသလဲ ဆိုလျှင်....

"ဤမုဒုဂုဏ်နှင့် ပြည့်စုံသော သူသည် ဆွဲဆောင် တိုင်းညွှတ်ကိုင်း၍ လိုက်ပါလေ့ရှိသော အညစ်အကြေး ကင်းစင်ပြီးသော ရွှေစင်ပမာ ထိုထို မိမိဆိုင်ရာ ကျင့်ဝတ်ပဋိပတ်၌လည်းကောင်း၊ မြတ်စွာဘုရား၏ အဆုံးအမတော်၌ လည်းကောင်း တောင့်တင်းခက်မာခြင်းမှ လွတ်ကင်း၍ နူးညံ့စွာ လိုက်ပါတတ်၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ကြီးပွားရေးနှင့် ငပ်သော မည်သည့် အမှု ကိစ္စမျိုး၌မဆို (နိုမ့်) ချထားရန် လွယ်ကူသော သဘောရှိ၏။ ထိုထို အရာဌာနတို့၌ မျက်မှောင် ကြုတ်ကြုတ် မရှိ။ ဖော်ရွေ ရွှင်လန်းသော မျက်နှာရှိ၏၊ နားချမ်းသာသော စကားအပြောအဆိုရှိ၏၊ မိမိထံ ရောက်လာသော သူတို့အား စိတ်ကျေနပ်အောင် အစေ့အစပ် ပြုခြင်းဟူသော (ပဋိသန္ထာရ)နှင့် ပြည့်စုံ၏။ အလွန် သာယာသော ဆိပ်ကမ်းကဲ့သို့ လွယ်ကူ ချမ်းသာစွာ ပေါင်းသင်း ဆက်ဆံနိုင်သော သဘောရှိ၏။ ထိုကဲ့သို့သော(မုဒုဂုဏ်)နှင့် ပြည့်စုံသော သူသည် နတ်က အတူးမေတ္တာ မပို့သော်လည်း မေတ္တာတရား ပွားများပြီးသားပင် ဖြစ်ချေသည်။ ထို့ကြောင့် သံချောင်းကို မျိုထားသော စပါးကြီး မြွေကဲ့သို့ အရာရာ၌ တောင့်တင်း

ခက်ထန် မာန်မူခြင်းတို့မှ လွတ်ကင်း၍ ကောင်းသော အရာတို့၌ နူးညံ့စွာ လိုက်ပါဆောင်ရွက်ခြင်း (မုဒု)ဂုဏ်နှင့် ပြည့်စုံအောင် အထူးသတိပြုသင့်၏။ အဲသလို မေတ္တာသုတ် အဖွင့်လက်စွဲမှာ ဖွင့်ဆိုထားတယ်"

"မုဒုရဲ့ သဘောက 'သူ့သဘောကို လိုက်လျောညီထွေ ကျင့်တတ်စေ'ဆိုတဲ့ စကားပေါ့ ဟုတ်လား"

"အဲသလို ပြောလို့တော့ မဖြစ်ပြန်ဘူး"

"နို့ သူတပါးကို လိုက်လိုက်လျောလျော သိမ်မွေ့စွာ ပြောဆိုဆက်ဆံရမယ်ဆို"

"အေး ...လိုက်လျောညီထွေ ကျင့်တတ်စေ ဆိုတဲ့နေရာမှာ (သူ့သဘော)က လွဲမှားနေတဲ့ သဘောဖြစ်နေပါပြီတဲ့၊ အကျိုးမဲ့ဖြစ်နေပါပြီတဲ့၊ မိမိကလဲ လွဲမှားနေကြောင်း သိတယ်တဲ့၊ အဲသလို အကျိုးမဲ့ကြောင်း၊ အကုသိုလ်ဖြစ်ကြောင်း၊ မမှန်မကန်ဖြစ်ကြောင်းသိလျက်နဲ့ လိုက်လျောရတော့မှာလား"

"မိမိက ရိုသေလေးစားရမယ့် အထက်လူကြီးဆိုလျှင်တော့ အခြေအနေအရ"

"အေး....တို့တတွေမှာ အဲသည့်အခြေအနေအရ ဆိုတဲ့စကား အဘော်ခက်နေတာ၊ အဲသည့်သဘောသာဆိုလျှင် မုဒုမဟုတ်ဘူး၊ (ဖား)တာပဲဖြစ်လိမ့်မယ်။ လတ်တလော မိမိအကျိုးအတွက် ကွက်ကွက်ကလေးသာကြည့်ပြီး 'တယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၊ သတ္တဝါအပေါင်း၊ ဆင်းရဲကြောင်း'ဆိုတာမျိုး ဖြစ်မှာပဲ"

"ဒါဖြင့် (သူ့)ကို ဆန့်ကျင်ပြောရမှာလား"

"အဲ....အဲဒါကို ငါပြောချင်လို့ (နည့်)ဆိုတဲ့ စကားလုံးကို သဘောကျ ထားတာပေါ့။ နုနုကလေးနဲ့ မှန်သောသစ္စာကို လက်မလွှတ်ရအောင် သိမ်းသွင်းပြောဆိုပြုကျင့်မှ မုဒိုဖြစ်မှာ ပေါ့။ ဥပမာတခု ငါပြောမယ်ကွာ၊ တို့တတွေ အမတ်ကြီး ဦးပေါ်ဦးကို ကြားဖူးမှာပေါ့၊ သူ့အကြောင်းလဲ ဖတ်ဖူး မှာပေါ့"၊

"ပညာရှိအမတ်ကြီး ဦးပေါ်ဦးအကြောင်း ဖတ်ဖူးကြားဖူး တာပေါ့"

"အေး....တရံရောအခါမှာ ရှင်ဘုရင်က နန်းတော်အတွက် သုံးဖို့ သစ်ကောင်း၊ အသားကောင်းရွေးတဲ့အခါမှာ—

"ပိတောက်သား ကောင်းလိမ့်မယ်ထင်တယ် ပေါ်ဦး" လို့ ပြောသတဲ့၊ ဒီတော့ ဦးပေါ်ဦးက—

"မှန်ပါ၊ ပိတောက်သားလဲကောင်းပါဘယ်၊ ကျွန်းသားလဲ ကောင်းပါဘယ်ဘုရားလို့ လျှောက်တင်သတဲ့။

"ယမနေသားကော မကောင်းဘူးလား" လို့ မေးပြန်တော့-

"မှန်ပါ၊ ယမနေသားလဲ ကောင်းပါတယ်၊ ကျွန်းသားလဲ ကောင်းပါဘယ်ဘုရား"

"ပျဉ်းကတိုးရော ပေါ်ဦး"

"ပျဉ်းကတိုးလဲ ကောင်းပါဘယ်၊ ကျွန်းသားလဲ ကောင်း ပါတယ် ဘုရား"

"အင်ကြင်းလဲ ကောင်းသားပဲမဟုတ်လား"

"အင်ကြင်းလဲ ကောင်းပါတယ်၊ ကျွန်းသားလဲ ကောင်းပါ တယ်ဘုရား"

"အဲသလို ရှင်ဘုရင်က သူ စိတ်ထင်ရာ လျှောက်ပြောနေသော်လဲ (ထိုကိစ္စ) အတွက် ကျွန်းသားသာလျှင် အကောင်းဆုံးဖြစ်ကြောင်း ရှင်ဘုရင်ထက် ဦးပေါ်ဦးက သိထားလို့ ဘုရင်က ဘာပြောပြော၊ ကျွန်းသားသာ ပြောပြော နေသတဲ့လေ။ ဒီတော့မှ ဘုရင်က သဘောပေါက်ပြီး 'မင်းနှယ် ကျွန်းသားသာ အကောင်းဆုံးပါဘုရားဆိုလဲပြီးရော'လို့ ရယ်မောပြောပြီး ကျွန်းသားသာသုံးဖို့ အမိန့်ချသတဲ့။ အဲဒါ မှန်သောကိစ္စမှာ (နုနု)နဲ့ ကိုယ့်အလိုကို မြဲမြဲစွာ ဆုပ်ကိုင်ထားတာဟာ(မုဒု)ရဲ့ သဘောပဲ။ ဒီနေရာမှာ'သူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ' ဆိုပြီး စကားနဲ့ ရန်စဲလုပ်ယင် အဲသည့် အခိုက်ကလေးမှာ မျက်နှာကောင်းရမှာတော့ ရချင်ရလိမ့်မယ်၊ နှစ်ရှည်လများ ကာလရောက်ယင်တော့ နန်းတော်ကြီး ကျိုးကျမှာ သေချာတယ်၊ ဟဲ....ဟဲ"

"ဒါဖြင့် သူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေဆိုတဲ့ပညာရှိကြီးများစကား မှားနေပြီလား"

"မမှားပါဘူးခင်ဗျား၊ လောကီပေါင်းသင်းဆက်ဆံရေးထက် လောကုတ္တရာပညာ အကျိုးကြီးစွာ ဖြစ်နိုင်တဲ့ ဩဝါဒထူးပါလို့ ဆိုလျှင် ပိုပီး သဘာဝကျလိမ့်မယ်"

"လုပ်စမ်းပါအုံး သူငယ်ချင်းရယ်"

"မင့်စကားကို တလုံးစီခွဲကြည့်၊ (သူ့သဘောတဲ့)၊ အဲသည့် သူ့သဘောဆိုတာက ဘယ်သောအခါမှ ဖောက်မပြန်မှန်ကန်သော ထာဝရသစ္စာ မဟုတ်နိုင်ဘူး။ မင့်သဘော၊ ငါ့သဘော၊

ဘယ်သူ့သဘောပဲဖြစ်စေ၊ ဘယ်ဟာမှ ပရမတ္ထသစ္စာ မဖြစ်နိုင်ဘူး"

"ဘယ်တော့မှ မင်းပြောတဲ့သစ္စာ ဖြစ်မှာလဲ"

"သဘာဝဓာတ်ရေတိုတို ဓာတုတဲ့။သဘာဝ၊သဘာဝအတိုင်း။ (ဝါ) သူ့သဘောအတိုင်း။ ဓာရေတိ၊ဆောင်ရွက်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ဓာတ်မည်၏တဲ့။ မြန်မာလိုက သူ့သဘောကို သူဆောင်တာကြောင့် ဓာတ်လို့ခေါ်တာ။ အဲသည်ဟာက ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဆိုတဲ့ဓာတ်ကြီးလေးပါးပါပဲ။ ဘယ်တော့ ဘယ်အခါ ဘယ်နည်းနဲ့မှ မပြောင်းလဲမဖောက်ပြန်တဲ့သဘောပဲ။ ဒါကိုရည်ညွှန်းပြီး နိဗ္ဗာန်ကိုတောင် (အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်)လို့ သုံးကြတာ။ ဝိပဿနာဆင်ခြင်တဲ့အခါမှာ သဘာဝအတိုင်း သူ့သဘော သူဆောင်နေကြတဲ့ ဓာတ်တွေကို ဝိရောဓိ မဖြစ်စေပဲ၊ ပဋိပက္ခ မလုပ်ပဲ၊ လိုက်လျောညီထွေ ကျင့်တတ်စေလို့ ဆိုလျှင် ရကောင်းတယ်လို့ ဆုံးမခံခဲ့ရဖူးတယ်၊ တို့ထက် သိချင်ယင် ဆရာတော်ကြီးများထံ လျှောက်ပေတော့"

"ဒီလောက်သိရယင်ပဲ ငါ့အနေငါ့အဆင့်နဲ့ ကျေနပ်ပါပြီ မောင်ရာ"

"ဒီတော့ (မုဒု)ဆိုတဲ့ (ရသ) ကို ဆက်ကြစို့။ ကံသုံးပါးမှာ မနောကံသာ အချုပ်လို့ ဆိုဘယ်မှတ်လား။ ဒါကြောင့် ကာယကံ(မုဒု)ထက်၊ ဝစီကံ (မုဒု)ထက်၊ မနောကံ(မုဒု)က အရေးအကြီးဆုံးပဲလို့ မှတ်ရမယ်။ အဲ.... ကံသုံးပါးစလုံးမှာ (မုဒု)ဖြစ်လျှင်တော့ အကောင်းဆုံးပေါ့။ ကာယကံ၊ ဝစီကံ

(မုဒု)ဖြစ်ပြီး မနောကံက(မုဒု)မဖြစ်လျှင်တော့ ကျန်တဲ့နှစ်ပါးရဲ့ (မုဒု)တွေဟာ အယောင်ဆောင်တာပဲ၊ လူပေါ် လူဇော် လုပ်တာတွေပဲ ဖြစ်သွားလိမ့်မယ်၊ ရှင်းပလား''

''ဟုတ်ပြီ၊ရှင်းပြီ။ ဒါကြောင့် စိတ်သာရှင်စေ ဘုရားဟော လို့ ဆိုကြတာလား''

''ဟုတ်ပါလိမ့်မယ်၊ စောစောက ဘုရား အစရှိသော သူတော်ကောင်းကြီးတွေက ကြမ်းတမ်းစွာ ပြောဆိုဆုံးမတဲ့ နေရာမှာ စေတနာက(မုဒု)ဖြစ်တော်မူကြတယ်။ သောတာပန် မိန်းမဖြစ်တဲ့ မုဆိုးရဲ့ဖယားဟာ လင်ကို အမဲလိုက်ခါနီး လေး မြားယူပေးရတာမျိုး၊ မဆာဝါရဲ့လင် ဥပကရဟန်း လူထွက်ပြီး ယောက္ခမမုဆိုးကြီးရဲ့ အမဲသားငါးကို လိုက်လံရောင်းချပေးရ တာမျိုးဟာ မနောကံ(မုဒု)နှင့် မကင်းမကွာဘူးဆိုတာ သတိ ထားရမယ်။ ဒီနေရာမှာ ဆရာကြီးဆရာဉာဏ်ရဲ့ အဆိုအမိန့်ကို ထပ်ပြလိုက်ရအုံးမယ်။

''ကောင်းသော(မှန်သော)အရာဌာနတို့၌ ကိုင်းညွတ်လိုက် ပါခြင်းကို (မုဒုဂုဏ်)ဟုမှတ်ရမည်။ ကောက်ကျစ်စဉ်းလဲသော သူတို့၏ သွေးဆောင် ဖြားယောင်းခြင်းမျိုး၌ လည်းကောင်း၊ ရဟန်းဖြစ်လျက် လူတို့က အစေအပါး ခိုင်းခြင်း စသည်တို့၌ လည်းကောင်း ကိုင်းညွတ် လိုက်ပါခြင်းကို (မုဒုဂုဏ်) ဟူ၍ မမှတ်သင့်။ ထိုကဲ့သို့သော အရာဌာနမျိုးဖြစ်က တောင့်တင်း ခြင်း၊ ခက်မာခြင်းဟူသော(ဖရုသဂုဏ်)ကို အသုံးပြုရမည်။

''ဤအဓိပ္ပာယ်မျိုးကိုရည်၍ လောကီ ကျမ်းဆရာတို့သည် 'မုဒု ဖရုသ ဂုဏာ ယောဇနီယာစ ကာလေ'ဟု ဆိုကြကုန်၏။

ကာလေ၊ သင့်လျော်သောအခါ၌။ (ဝါ) အခွင့်အားလျော်စွာ။ မုဒုဖရုသဂုဏာ၊ မုဒုဂုဏ်, ဖရုသဂုဏ်တို့ကို။ ယောဇနိယာ၊ ခွဲခြား သတ်မှတ် ယှဉ်စပ်အပ်ကုန်၏'တဲ့"

"အဲဒါကို ရှင်းစမ်းပါအုံးကွာ"

"အဲဒါကတော့ ထိကရုံးနွယ်သည် အသာအယာကိုင်ကြည့် သောအခါ ကျုံ့၍သွားတတ်သော်လည်း အလွန်ဖိညှပ်သော အခါမှ ဆူးဖြင့်ထိုးသကဲ့သို့ ဆရာမိဘ စသော သူမြတ်တို့အား မုဒုဂုဏ်ဖြင့် ကိုင်းညွတ်အပ်သော်လည်း ကောက်ကျစ်စဉ်းလဲ သော လူယုတ်မာတို့အားမူ မကိုင်းမညွတ်ပဲ ဘောင့်တင်း ခက်မာရမည်လို့ ဆရာညာဏ်က ဖွင့်ဆိုထားသေးတယ်။ ဒါနဲ့ ဥပမာတူဘာက ဟင်ဒူ ဘုန်းတော်ကြီး ဆွာမိရာမာကရစ္စနားရဲ့ ပုံပြင်တခုပဲ။ သူကလဲ အခြေအနေ အခါအားလျော်စွာ ပြုကျင့် ရမယ့် သဘောတရားကို ဖော်ပြထားတယ်။ သူ့ပုံပြင်ကဒီလို၊ အခါတပါးမှာ ရွာသူရွာသားတွေ လယ်ထဲမဆင်းဝံ့အောင် သောင်းကျန်းနေတဲ့ မြွေဟောက်ကြီးကို ယောဂီကြီး တဦးက ရွာသူရွာသားတွေ အလုပ်ပျက် အကိုင်ပျက်ဖြစ်အောင် ရန်မမူ သင့်ကြောင်း တရားဟောသတဲ့၊ ဒီတော့ မြွေဟောက်ကြီးက ဒီကနေ့ကစပြီး ကျွန်ဘော် ရန်မမူတော့ပါဘူး၊ (မုဒု) ဒွစ်ပါ့ ဘော့မယ်လို့ ဝန်ခံလိုက်သတဲ့"

"မြွေဟောက်ကြီးက (မုဒု)ကို နားလည်လို့လားကွ"

"သဘောကိုပြောတာပေါ့ကွာ- မင်းကလဲ၊ အဲသလို ကော်ထန် ခြင်းမပြုတော့ပဲရေမြွေလိုနေသွားပြန်တဲ့အခါမှာ ကလေး သူငယ် နွားကျောင်းသားတွေက အဆိပ်မရှိတော့ဘူးထင်ပြီး မကြောက်

မရှိတော့ရုံမကဘူး၊ တုတ်နဲ့ ရိုက်လိုရိုက်၊ အမြီးကကိုင်ပြီး လွှတ်ပစ်လိုပစ်၊ ခြေထောက်နဲ့တက်နင်းလိုနင်း လုပ်ကုန်ကြရောတဲ့။ ဟိမဝန္တာက ယောဂီကြီး ပြန်လာလို့တွေ့တော့ မြွေကြီးဟာ လက်နှီးစုတ်လို ပျော့ဖတ်နာကျင် ဆင်းရဲနေရှာသတဲ့။ ဒီတော့ ယောဂီကြီးက မေးတယ်။ မြွေကြီးက 'အရှင်ပြောသလို တဘက်သားကို ဘာဆိုဘာမှမလုပ်ပဲ သည်းညည်းခံနေရလို့ပါဘုရား' လို့ ပြန်ပြောတဲ့အခါ၊ ယောဂီကြီးက 'မင်းဟာ ငါ့စကားကို လှေနံဓားထစ်မှတ်နေတာကိုး၊ ဒါကြောင့် မင်းမှာ ဆင်းရဲခြင်းမက ဆင်းရဲနေရတာ။အဆိပ်ကိုမသုံးပဲ ရှူးရှူးရှဲရှဲကလေးတော့ လုပ်ပြလိုက်ပေါ့'လို့ ဆိုသတဲ့"

"မင်း မင်း ခုနပြောတဲ့ မုဒု နဲ့ ဖရုသ ဂုဏ်ကို ခွဲခြားတတ်ရမယ် ဆိုတာပေါ့လေ"

"ဟုတ်တယ်၊ ဒီသဘောဆင်ဆင်(မာန)ခန်းကျတော့ပါလိမ့်အုံးမယ်"

"မင်း အခုပြောနေတဲ့ သုဝစောဂုဏ်နဲ့ မုဒုဂုဏ် နှစ်ခုကို ဆင်ခြင်လိုက်နာ ကျင့်သုံးကြမယ်ဆိုယင် နိဗ္ဗာန်ကို ထားတော့၊ အထက်လူကြီးနဲ့ ငယ်သား၊ ဆရာသမားနဲ့ တပည့်၊ မိဘနဲ့သားသမီး၊ မိတ်ဆွေနှင့်အပေါင်းအသင်း၊ လင်နဲ့မယား စပ်ကြားမှာတောင် အလွန်သာယာ ဖြောင့်ဖြူးကုန်ကြမှာနော်"

"ဟုတ်လှချည်ပေါ့မောင်ရာ၊ အေး.... သဘောထားခံယူချက်ကပါ တူညီပြီး အညီအမျှရှိကြယင်လေ"

"အမယ်မင်း၊ ပြောပုံက အဓိပ္ပာယ် ကျယ်ဝန်းလှပါကလား ခဟ"

"ဟ....ပဋ္ဌာန်း ပါဠိတော်ကြီးမှာ (သဟဇာတ ပစ္စယော၊ ပြီးမှ အညမည ပစ္စယော) လို့ လာတာမဟုတ်လား၊အချင်းချင်း သဘောထားခံယူချက် ညီမျှတာကို(သဟဇာတ) လို့ ဟောတာပဲ၊ နှစ်ဘက်စလုံး ညီမျှဖို့တာဝန် ရှိတာပေါ့၊ ဟုတ်ဖူးလား"

"ဟုတ်ပါတယ်လေ၊ တဘက်စောင်းနင်း ဆိုယင် အလုအယပ တောင် ကင်းပါတယ်"

"မြတ်စွာဘုရား'ဟာ သာတူညီမျှစနစ်ကို အလွန် လိုလား ဘော်မူတယ်၊ ကိုယ်တော်တိုင်လဲ ကျင့်တော်မူဘယ်၊ သံဃာတော် တွေကိုလဲ ကျင့်စေတယ်၊ အဲသည့်စနစ်ကြီး ကောင်းလွန်းလို့ အခု နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လာပြီ၊ သံဃာ အစု အဝေးကြီး တည်မြဲနေတာ ထင်ရှားတယ်၊ နောက်လဲ တည်မြဲ နေမှာပဲ"

"ဟုတ်ပါပေတယ်၊ဟုတ်ပါပေတယ်၊ ကဲ....(အနတိမာနီ)ကို ဆက်စို့လား"

"အေး....အဲသည့်(အနတိမာနီ)ဆိုတဲ့ သဘောကလဲ ကျယ် ဝန်းတာပဲ၊ ဦးစွာပထမ မာနဆိုတဲ့အနက်ကဘာလဲ၊ တို့တွေက မာနကြီးတယ်ဆိုပြီး သုံးနေကြတာ မှန်ရဲ့လား၊ ဒီလို ဆန်းစစ် လိုက်တော့ မာနဆိုတာ ထောင်လွှားခြင်း၊ တက်ကြွခြင်း၊ နှိုင်း ယှဉ်ခြင်း စတဲ့ အဓိပ္ပာယ်မျိုးကို တွေ့ရတယ်၊ ဒါကြောင့်(မာန) ဟာ မွေးရာပါ စေတနာမျိုး မဟုတ်ဘူး"

"ဘယ်လို မွေးရာပါ စေတနာလဲ"

"မွေးရာပါ စေတနာဆိုတာ ပြီးလွယ်အောင် ပြောလိုက် ခြင်းပါ။ ဥပမာ ဆာတယ်၊ နာတယ်၊ အလိုမပြည့်လို့ စိတ်ဆင်း

ရဲတယ်၊ ဒေါသထွက်တယ်၊ ဒါမျိုးကိုပြောတာ။ မေးစကလေး မသိတတ်သေးသောအရွယ်မှာ မာနဆိုတာ ရှိမလား၊မရှိပါဘူး။ ဒါဖြင့် မာနက ဘယ်တော့မှ ပေါ်လာသလဲ။ (နှိုင်းယှဉ်စရာမှာ နှိုင်းယှဉ်လိုတဲ့စိတ်ရှိလာမှ)ပေါ်လာကြတာပဲ၊ဒါကြောင့်၊အနက် တခုအနေနဲ့(နှိုင်းယှဉ်ခြင်း)လို့ ဖွင့်ထားတာ"

"မင်းပြောတာ မာနဆိုတာ တဦးဦးနဲ့ နှိုင်းယှဉ်ချင်မှ ပေါ် လာတယ်၊ ရိုးရိုးနေတုန်း ပေါ်မလာဘူးဆိုတော့ ဘဝင်မြင့်ပြီး ရှူးနေတဲ့ အရူးတယောက်ကို မာနကြီးတာလို့ မပြောနိုင်ဘူး လား"

"ဟာ ပြောရမှာပေါ့၊ သူ့ဟာသူတော့ လူတိုင်းနဲ့ ယှဉ်ကြည့် နေမှာကိုး"

"အေး....ဟုတ်ပြီ၊နှိုင်းယှဉ်ပြီးမှ ထောင်လွှားခြင်း ဖြစ်လာတဲ့ သဘော"

"နီးစပ်ပါလိမ့်မယ်၊ အဲဒီတော့ တွေ့လွယ်တာကိုပဲ ကြည့်ကြ ရအောင်၊ ကိလေသာဆယ်ပါးမှာလဲ မာနပါတယ်၊ ပူပန်စေ သော အကြောင်းတရား ဆိုပါတော့ကွာ၊ အဲဒါ ကိလေသာ ပေါ့။ နောက် ပပဥ္စတရားသုံးပါးထဲမှာလဲ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုပြီး ပါတယ်။မာနဟာ နာမ်၏အကြောင်းသာ ဖြစ်လေတော့ စိတ်မှာ ဖြစ်လာဖို့ အချိန်မလိုဘူး၊ အလုပ် မလိုဘူး၊ စကား မလိုဘူး၊ လက်ဖျစ်တတွက်မှာ ဒိုင်းကနဲ ဝင်လာနိုင်တယ်။ ဒါကြောင့် သတိအလွန်လိုတယ်၊ ပုထုဇဉ် မဆိုထားနဲ့၊ သော တာပန်၊ သကဒါဂါမ်၊ အနာဂါမ်အထိ ရှိနေတတ်သေးသတဲ့"

"နေပါအုံးကွ၊ အဲသည့် သောတာပန်၊သကဒါဂါမ်၊ အနာဂါမ် ဆိုတဲ့ အဆင့်ကို မြန်မာလို တိုတိုရှင်းရှင်း ခွဲပြစမ်းပါ"

"သောတာပန်ဆိုတာပထမအဆင့်(ရေအလျဉ်သို့ရောက်သူ) လို့ အဓိပ္ပာယ်ရတယ်၊ သကဒါဂါမ် ဆိုတာက (တကြိမ်သာ လောကကို လာတော့မည့်သူ)၊ အနာဂါမ်ကတော့(တဖန်ပြန်၍ မလာတော့မည့်သူ)၊ အရဟတ္တမဂ် ရဟန္တာဆိုသည်က(လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာန စသော ကိလေသာ အညစ်အကြေးများမှ ကင်းစင်ပြီး ပုဂ္ဂိုလ် ဖြစ်တယ်) နိဗ္ဗာန် လမ်းမှ အဆင့်များမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိပြီးဖြစ်လို့ ဉာဏ်ပညာ၊ ကရုဏာ စသော အရိယာတို့၏အရည်အချင်းများ နှင့် ပြည့်စုံပြီးဖြစ်တယ်"

"အင်း....ဒါကြောင့် မာနဟာ ကြောက်စရာကောင်းတာ ကိုး၊ နိဗ္ဗာန်ရောက်မှ ပြတ်တော့တာပါကလား"

"ဒါကြောင့် (သူ့)ကို စောင့်ရမယ်၊ စောင့်ကြည့်ရမယ်၊ သတိနဲ့ ချက်ချင်း ပယ်သတ်နိုင်ဖို့ ကြိုးစားရမယ်၊ မျက်ခြည်ပြတ် ခံလို့ မဖြစ်ဘူး"

"ဒါဖြင့် မင်းမှာမာနကိုပယ်ဖို့သတ်ဖို့သတိအမြဲရှိပါ့မလား"

"မရှိဘူး၊ (အနတိမာနီ) အလွန် တဘက်စွန်း မရောက်ရ အောင်ပဲ တတ်နိုင်သလောက်မယ်၊ ဒါတောင် တခါတလေ တတ် နိုင်မှာ မဟုတ်ဘူး၊ မာနက အလွန်လှည့်တယ်"

"ဘယ်လို လှည့်သလဲ"

"ဥပမာ ဆိုပါတော့ကွာ၊ လူတဦးတယောက်ကို မင်းက (မာနကြီးလိုက်တာ)လို့ ငွေပ်ဆွဲလိုက်မယ် ဆိုပါတော့၊ အပြော

ခံရတဲ့လူမှာ မာနမကြီးတာ ကြီးတာတော့ မသိဘူး၊ မင်းကိုယ်တိုင် မာနဝင်လာတာကိုတော့ မင်းဟာမင်းတောင် မသိလိုက်ဘူး၊ ဘာဖြစ်လို့လဲ၊ မင်းကိုယ်တိုင် သူနဲ့ နှိုင်းယှဉ်ပြီး ထောင်လွှားလိုက်မိပြီကိုး၊ ငါပြောတာ သဘောပေါက်ရဲ့လား”

“အေး .. သဘောပေါက်တယ်၊ မာနကြီးလိုက်တာလို့ ပြောကတည်းက မလိုတမာမနာလိုလို့ ပြောတာပေကိုး၊ဒီစကားဟာ အပြုသဘောနဲ့ ဝေဖန်တာမျိုးမှ မဟုတ်ပဲ၊ အမနာပ အတင်းပြောတာ၊ အပြစ်တင်ဖော်တင်ဘက် ရှာတာမျိုးပဲ၊ ဟဲ….ဟဲ၊ ဟုတ်တယ်”

“ကဲ….မာနကို ဘယ်နှစ်မျိုး ခွဲခြား ထားတော်မူခဲ့ကြသလဲ ကြည့်ရအောင်။ မာန်တက်ခြင်း သုံးပါးတဲ့။(၁)ဇာတိမာန် = မျိုးဇာတ်ကို စွဲ၍တက်ခြင်းတဲ့။ (၂) ဂေါတ္တမာန် = အဆက်အနွယ်ကိုစွဲ၍ တက်ခြင်းတဲ့။ (၃) ဣဿရိယမာန်=အစိုးရမှု၊ စည်းစိမ်ချမ်းသာရမှုကို စွဲ၍တက်ခြင်းတဲ့။ဒါတွေဟာ ကိုယ့်ဟာကိုယ်နေလို့ မာန်မတက်သေးဘူး၊ သူတတူးနှင့် ယှဉ်လိုက်မှ သိသိသာသာ တက်လာတတ်ကြတာ။ နောက်တမျိုးက (၁) သေယျမာန်=ဂုဏ်၊ ဇာတ်၊ ပညာ၊ ဉစ္စာ၊ အဆင်း၊ သားချင်းခြွေရံ စသည်အားဖြင့် သူ့ထက်ငါ မြတ်၏ဟု မှတ်ထင်ထောင်လွှားခြင်း။ (၂) သဒိသမာန်=ထိုထိုဂုဏ်သိန် ဉစ္စာ စသည်တို့မှာ(သင်းထက်)ငါက မနိမ့်ပါဘူးဟု ပခုံးချင်းယှဉ်၍ ထောင်လွှားခြင်း။ (၃) ဟိနမာန်=(သင်းတို့ထက်)ငါက အောက်ကျနေတာ၊ငါက ဘာဂရုစိုက်ရမှာလဲဟု ထောင်လွှားခြင်းတဲ့။ကဲ… ဒီနေရာမှာ ကြည့်စမ်း၊ မာနများဟာ ဘယ်လောက် လှည့်စား

သလဲ၊အောက်ကနေရမှန်း ကိုယ့်ဟာကိုယ်သိလျက်နဲ့ ထောင်လွှား နေသေးတယ်၊ အံ့ရော”

“အေး....စဉ်းစားကြည့်မှ တို့တတွေ တွေ့နေကျ၊ ကိုယ်တိုင် ထောင်လွှားခဲ့မိသမျှ တရားခံပေါ်တော့တယ်၊ ဘယ့်နှယ်ကိုယ်က သူ့ထက်သာလျှင် ထားပါတော့၊ ကိုယ်နဲ့တန်းတူဆိုလဲ ပခုံးချင်း ယှဉ်တယ် ထားပါတော့၊ ကိုယ့်အပေါ်ကလူကို ထောင်လွှား တာများကတော့ တော်တော်ဆန်းတာပဲနော်”

“ဒါပေါ့၊ မင်းတို့ ငါတို့ ကြားဖူးတွေ့ဖူး ဖြစ်ဖူးနေတာပဲ၊ ဘယ်လိုတဲ့ ‘ဟေ့ တို့က သူတို့နဲ့စာယင် အနုပ်စုတ်၊ ဂုပ်စုတ် တွေပဲ၊ အနူက လက်သီးနဲ့ ထိုးရနဲ့သလား၊ ရွှေဖလားနဲ့ အုန်းမှုတ်ခွက် ပြိုင်ရိုက်ကြရုံပေါ့’ ဘာညာနဲ့ မာန်တက်နေကြ တာလေ၊ သတိထားကြည့်တော့ ရယ်စရာကြီး”

“အေး....ဟုတ်လှချည့်ဗျာ၊ အောက်ကလဲနေသေး၊ ဟိုဟာ လဲ မလျှော့....”

“တော်ပါတော့ ဆရာရယ်....ဟဲဟဲ။ နောက်ပြီး ထူးဆန်း တာ ရှိသေးတယ်၊ ကဲ ကိုယ့်ဥစ္စာရှိလို့ ကိုယ့်ဥစ္စာနဲ့ ကိုယ် မာန် တက်တာ ထားပါအုံး၊ မိမိမှာ ဥစ္စာမရှိပဲနဲ့ ဥစ္စာအရှိန်တက်ပြီး ထောင်လွှားတဲ့မာနက ပိုပြီး ရယ်စရာကောင်းသေးတယ်”

“ဘယ့်နှယ် ကိုယ့်မှာ ဥစ္စာခန မရှိပဲနဲ့ ဘယ်လို အရှိန် တက်နိုင်မလဲ”

“အဲဒါ ရယ်စရာလို့ ပြောတာပေါ့၊ မယုံမရှိနဲ့၊ ငါးရာ့ ငါးဆယ် နိပါတ်တခုမှာ အလွန် နူးညံ့သိမ်မွေ့၍ ဆက်ဆံရေး ပြေပြစ်သော သောမနဿီဆိုတဲ့ ယက်ကန်းမယ်ကလေး တဦး —

ရှိသတဲ့။ သူ့ခမျာ ပစ္စည်း ဥစ္စာ နှမ်းပါးလို့ သူတကာ့ကို အောက်ကျို့ ခံတာလား၊ နဂိုက (မူဒု) တရားနဲ့ ပြည့်စုံလို့ သိမ်မွေ့ နူးညံ့ နေတာလားဆိုတာ တက္ကသိုလ်ကျောင်းသား အချင်းချင်း အငြင်းအခုံ ဖြစ်ကြသတဲ့။ ဒီအခါမှာ ဒိသာ ပါမောက္ခ ဆရာကြီးက ဥစ္စာဟူသည် လူကို မာန်တက်စေ ကြောင်း၊ သူပိုင်ပစ္စည်း မရှိသည့်တိုင်အောင် ဥစ္စာ၏ အရှိန် အဝါကြောင့် ထောင်လွှားလာတတ်ကြောင်း ပြောဆိုပို့ချပြီး၊ အကာလ ညအခါမှာ သောမနဿ ယက်ကန်းသည်မကလေး ယက်ကန်းရက်ရာ အောက်ကမြေကြီးထဲကို အသပြာတထောင် ထုပ် သွားမြှုပ်စေသတဲ့"

"အဲသည်တော့"

"မြှုပ်ထားပြီး နောက်တနေ့ သောမနဿထံ အလည်အပတ် သွားကြတော့ ခါတိုင်းဆို 'လာကြပါမောင်ကြီးတို့၊ ထိုင်ကြပါ မောင်ကြီးတို့၊ နေကောင်းကြရဲ့လား၊ ဘာများ အလိုရှိတော် မူကြပါသလဲ' စသဖြင့် ပျူပျူငှာငှာ နှုတ်ဆက်ဧည့်ခံလေ့ရှိတဲ့ အတိုင်း မဟုတ်တော့ပဲ၊အလုပ်များလို့ မအားသဖြင့် ဧည့်မခံ နိုင်ကြောင်း၊ စီးပွားရေးကို ဂရုစိုက်ရကြောင်း စသည်....စသည် ခနရှင် စကားမျိုး ပြောလာတော့တာပဲတဲ့ ခင်ဗျာ့"

"ဟာ...ငွေအဆိပ်များ (ဘက်တီးရီးယား) ပိုးလို ဝင်မှန်း မသိဝင်တတ်ပါလား၊ နောက်တော့ကော"

"နောက်တော့ အဲသည်ညပဲ အသပြာထုပ်ကို မြှုပ်ထားရာက ပြန်ယူလိုက်ကြတယ်။ ဟော....နောက်တနေ့ သွားစုံစမ်းကြတော့

အရင့်အရင်အတိုင်းပဲ နူးညံ့ပျော့ပျောင်း ဆက်ဆံရေး ကောင်းလာပါရောတဲ့ခင်ဗျာ၊ အဲဒါသာ ချင့်ကြည့်၊ ဒါဟာ အရှိန်အဝါ တက်တာပဲ ရှိသေးတော့၊ တကယ့်မနုရှင်များ၊ တကယ့်ဩဇာရှိသူများ၊ တကယ့် ပညာတတ်သူများ မာနရှိတတ်တာမထူးဆန်းပါဘူး၊ လူမပြောနဲ့ ဝိဒေဟရာဇ် ပုတ်သင်ကိုလဲသာဓကပြုကြည့်၊ အသပြာကလေး ဂည်ပင်းမှာ ဆွဲပေးလိုက်တာနဲ့ ဝိဒေဟရာဇ်မင်းကြီး လာတာကို မာန်စောင်နေတယ်ဆိုတာလေ''

''ဟုတ်ပါ့၊ ဟုတ်ပါ့''

''နောက်တခုလဲ ရှိသေးသဗျ၊ မိမိပညာကို မိမိယုံနေတဲ့ပညာတတ်ကြီးများ''

''သူတို့ကလဲ မာနရှိတာပဲလား''

''အို....ရှိလိုက်သမှ (နှိုင်းယှဉ်စရာ ဖြစ်လာယင်) အတိဆိုတဲ့တဘက်စွန်းတောင် ရောက်သွားသေးတယ်။ ဘာက အကြောင်းခံသလဲဆိုယင် ကိုယ့်ပညာ ကိုယ့် အစွမ်းအစကို မိမိကိုယ်တိုင်(နှိုင်းယှဉ်ရမယ့် လူထက်) ပိုသိတယ်၊ ပိုတတ်တယ်၊ သူကငါ့လောက် မတတ်တာ ဒိဋ္ဌသိဘယ်ဆိုယင် အတိမာန ဖြစ်လာတတ်တာပေါ့။ မိမိကိုယ်မိမိ အထင်ကြီးတာက(အတ္တုက္က ံသက)လို့ ခေါ်တယ်။ သူများကို အထင်သေးတာက (ပရဝမ္ဘန)လို့ခေါ်တယ်။ ပညာတတ်လျှင် မာနရှိတတ်တဲ့ လူချည်းပဲ။ ဒါကြောင့် ပညာရှိ သတိဖြစ်ခဲတဲ့၊ ပညာရှိမှ သတိမိုလိုတဲ့သဘောပဲ''

“အား....ဒီစကားပုံ အခုမှ ရှင်းတော့တယ်”

“မြတ်စွာဘုရားဟာ သတ္တဝါဟူသမျှကို ဆုံးမချေချွတ်တော်မူရာမှာ အလွန် ကျွမ်းကျင်တော်မူလွန်းလို့ ‘အနုတ္တရောပုရိသဒမ္မသာရထိ’ ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူတယ်၊ သားတော်ရင်း ရာဟုလာ သာသနာတော်ကို ဝင်စအခါက အရွယ်ကလဲ အလွန်နုပျိုတော်မူတယ်၊ အဆင်းအားဖြင့်လဲ ဗုဒ္ဓ၏ သားတော်ပီသစွာ ကြန်အင်လက္ခဏာက ပြည့်စုံတော်မူလှတယ်၊ အမျိုးအနွယ်အားဖြင့်တော့ မပြောနဲ့တော့၊ နောက်ပြီး သုံးလောကထွတ်ထား ဘုရားကိုယ်တိုင် ကြပ်မ အရေးတယူနဲ့ ရှင်သာမဏေပြုပေးထားတာ ဖြစ်လေတော့ မာနတက်စရာမှ အသင်္ချေလောက်ဘိုလျှင် မငြင်းနိုင်ဘူး မဟုတ်လား”

“ဟာ....ဘယ်ငြင်းစရာရှိမလဲ၊ မင်းပြောနေတာကို တွေးကြည့်ဘာနဲ့ ဘယ်ရွေ့ ဘယ်မျှ ကျက်သရေရှိမယ်၊ လှမယ်၊ ချောမယ်၊ ချစ်စရာကောင်းမယ်၊ ဘိက္ခု ဘိက္ခုနီတွေက ဘယ်လောက်အရေးတယူမျက်နှာသာ ပေးမယ်ဆိုတာရုပ်ရှင်ထဲမှာလို ဘိက္ခုတွေ အရုပ်တောင် ထင်လာတယ်”

“ဒါတော့ ပိုလွန်းပြီကွာ၊ ငါ့ကို ပြောချင်အောင် မြှောက်ပေးနေသလား....ဟဲဟဲ”

“တကယ်ပါကွာ၊ မင်းနဲ့ ဆွေးနွေးရတာ ကျေနပ်လွန်းလို့ပါ”

“စောစောက ပြောသလို ငါဖတ်ဖူး ကြားဖူး တာတွေ ပြောနေတာပါဆို။ အေး.... အဲသည့်အခါမှာ မြတ်စွာဗုဒ္ဓက (အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနနုသယ မုစ္စဟော)အစရှိတဲ့ ဩဝါဒကို

အမြဲပေးတော်မူတယ်။ ရာဟုလောဝါဒသုတ်လို့ ခေါ်တာပေါ့။ အခိပ္ပာယ်က အနိစ္စတရားကို ပွားများပေး၊ မာနကို ပယ်ဘား ဆိုတဲ့ သဘောပဲ။ အရှင်ရာဟုလာကလဲ တို့စောစောက ပြောခဲ့သလို ဘယ်ချလောက် သုဝစဿာဂုဏ်နဲ့ ပြည့်စုံသလဲဆို အခါတပါးမှာ သံဃာတော်ကြီးများကို အိပ်ရာပေးနေရလို့ သူ့အတွက် အိပ်စရာမရှိတော့ ဗုဒ္ဓကုဋီ(အိမ်သာကြီး)ထဲ ဝင်အိပ်နေရှာတာ ဗုဒ္ဓ ကိုယ်တော်တိုင် တွေ့တော်မူသတဲ့ကွာ၊ အံ့ရော”

“အင်း....တို့တတွေ အများကြီး လိုသေးတာပဲ၊ အများကြီးမှ အများကြီး”

“ကဲ....ဒီတော့ တို့နှစ်ယောက် ယနေ့အဖို့ နိဂုံးချုပ်ကြစို့ရဲ၊ နောက်ဆက်ပြီး ကျန်သေးသမျှ ကြည့်ညို ကြသေးတာပေါ့၊ မင်းကို ပြောယင်း ငါ့အတွက်ပါ အကျိုးခံစားရတာ ရှိပါတယ်။ ဒီတော့ အနတိမာနီ ဆိုတဲ့ သဘောမှာ မာနရဲ့ အကြောင်းတရားကို နည်းနည်းပါးပါး ရိပ်မိထားလျှင် ရှောင်နိုင် တိမ်းနိုင် သတ်ပြုနိုင်တာပေါ့။ မိလိန္ဒပဉှာမှာ ပါဘယ်မှတ်လား၊ မီးကို မီးမှန်း သိပြီးမှ ကိုင်ရလျှင် ကြာကြာအပူမလောင်အောင်တော့ ဖန်တီးနိုင်တယ်တဲ့။ ဒီတော့ ရှားစောင်းပင်ကြီးများ ဖြစ်ကြတဲ့ တို့တတွေ ရွှေဘော်ထိုးနိုင်ယင်ထိုး၊ ကော်ဖတ်စားနိုင်ယင်စား ကြရအောင်လား”

* * *

# မေတ္တသုတ် (၃)

"မင်္ဂလာပါ သူငယ်ချင်း"

"အား....ကြွပါဗျာ ကြွပါ"

"အရင်တပတ်က အနတ္တမာနီအထိ ပြီးပြီ။ အခု သန္တုဿကောစ၊ သုဘရောစကို ဆက်ကြရအောင်"

"ဒါဖြင့် သန္တုဿကောစကို အနက်ပြန်ကွာ"

"သန္တုဿကောစ- တင်းတိမ်ရောင့်ရဲလွယ်သူလည်း၊ ဒသဿ- ဖြစ်ရာ၏၊ ဟုတ်ကဲ့လား"

"အေး....အတွန့်တက်တယ်လို့ မအောက်မေ့ပါနဲ့၊ ရောင့်ရဲ တင်းတိမ်လို့ အနက်ပြန်ယင် ပိုသဘာဝ ကျမလားမသိဘူးကွ"

"မင်းကတော့လုပ်မယ်၊ တင်းတိမ်ရောင့်ရဲနဲ့ ရောင့်ရဲ တင်း တိမ် ဘာထူးလဲ"

"နည်းနည်းထူးတယ်ထင်တယ်၊ မင်းဆိုလိုတာကို မှားတယ်လို့ ပြောတာမှတ်ဘူးနော်။ တခါတခါ ကိုဗမာစကားဟာ နှစ်လုံးထဲနဲ့ ရှုပ်တတ်လို့။ ဥပမာ ပြောမယ်ကွာ၊ (အကျိုးအကြောင်း ပြောတယ်) ဒီလိုသုံးလေ့ ရှိကြတယ်မှတ်လား"

"အေးလေ ... တယောက်နဲ့အယောက် (အကျိုးအကြောင်း ပြောကြတယ်) ဒါ ဘာဖြစ်သလဲ၊ မှားသလား"

"မှားတော့ မမှားပါဘူး၊ ဒါပေမယ့် အစီအစဉ်တော့ မကျတာ ဘမှန်ပဲ။ မင်း ဝဉ်းစားကြည့်၊ အကြောင်းကြောင့်မှ အကျိုး ပေါ်ရတာမှတ်လား၊ သမုဒယတည်း ဟူသော အကြောင်း ကြောင့် ဒုက္ခအကျိုး ပေါ်ရတာမှတ်လား"

"အား....ဒီလိုဆိုယင်တော့ အတွန့် တက်ချင်တဲ့လူ မိပြီကွ၊ ဓမ္မသင်္ဂြိုဟ်မှာ မင်း အခု ပြောတဲ့ အကျိုးတည်းဟူသော ဒုက္ခသစ္စာက ပထမလာပြီးမှ အကြောင်းတည်းဟူသော သမုဒယသစ္စာက နောက်မှ လာတာလေ ကဲကဲ"

"အမယ်၊ ငါ့ဘပည့် ဘယ်ဆိုးလို့လဲ"

"မင်း ဒီတခါတော့ အတွန့် တက်လို့ မရတော့ဘူး၊ ဟား ဟား"

"အေး ဒီလိုလဲ ပြန်တွေးကြည့်အုံးကွ၊ မင်း ကိုယ်တိုင် ကိုယ်ချဉ်းစားရအောင် ပြောမယ်၊ ဥပမာကွာ ဥပမာ၊ မင့်သား ခင်မောင်ထွေး ဆယ်တန်း စာမေးပွဲ ကျတယ်ဆိုပါတော့"

"ခွတ် နိမိတ်မရှိ နမာမရှိ"

"ဥပမာ လို့ဆို"

"သည့်ပြင် ဥပမာပေးစရာ ရှားလို့လားကွာ၊ မင့်နှယ်"

"ပေးမိတဲ့ လက်စနဲ့ ပေးပါရစေဘော့ကွာ၊အဲမင့်သားမှာလဲ စိတ်ဓာတ်ကျပြီး ဝမ်းနည်း ပမ်းနည်း ဖြစ်နေဘယ် ဆိုပါတော့ ကွာ၊ ဒီအခါမှာ မင်းက ဘယ်လိုပြောမလဲ....ကဲ"

"ငါက ဘယ်လို ပြောရမှာလဲ၊ မင်း ပေးတဲ့ ဥပမာ၊ မင်း ဟာ မင်းပဲ ပြောဘော့"

"ဟား ဟား၊ စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ ငါ့သားဆို သားကို (မင်း ခုလို စိတ်ဆင်းရဲရတာ သိလား၊ မင်း မကြိုးစား လို့ကွ၊ မကြိုးစားလို့) အဲသလို အပြစ်တင်မှာပေါ့"

"မင်း အခု ပြောလိုက်တာလဲ အကျိုးက အရင်လာနေပါ ပကော"

"ဟုတ်ပါတယ်၊ မင့်သားကို မင်းက စိတ်ဆင်းရဲနေရတဲ့ ပစ္စုပ္ပန်တဲ့တဲ့ကို ပြလိုက်ချင်တာကိုး။ မင်းပြောတဲ့ ဓမ္မစက္ကသုတ် ကိုပြန်ကြည့်။ ပဉ္စဝဂ္ဂီငါးဦးစလုံးဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ် ဘူးခင်ဗျ။ ဗုဒ္ဓ၏ တရားဦးကို နာနိုင်၊ (သဘောပေါက်နိုင်) လောက်အောင် ကြိုတင်ပြီး ဘောထွက် တရားကျင့်လာခဲ့ကြတဲ့ ရဲရဲတောက် ပုဂ္ဂိုလ်ကြီးတွေ"

"အင်း....ပြောပါအုံး"

"လောက၏ ဆင်းရဲခြင်းကို(ဒုက္ခသစ္စာဟူသည့် အဆင့်အထိ မသိကြသေးစေကာမူ) မလိုလားပဲ၊ လောကုတ္တရာချမ်းသာကို ဘောင့်တနေကြတဲ့ ယောဂီကြီးတွေ ဖြစ်နေလိမ့်မယ်"

"ဒီတော့"

"ဒီတော့ လက်တွေ့ဒုက္ခသစ္စာကို (ဆင်းရဲခြင်းအမှန် ဆိုတာ ဒါတွေ ဒါတွေမှုတ်လား။ အဲဒါတွေဟာ ကာမတဏှာ၊ ဘဝ

တဏှာ၊ ဝိဘဝတဏှာ ဆိုတဲ့ သမုဒယကြောင့်မှတ်လား) စသည်ဖြင့် ဗုဒ္ဓကိုယ်တော်က (မေးပြောပြော) ဟောတော်မူတာ။ ကဲ.... အကြောင်းကြောင့် အကျိုးဖြစ်တာကို တိုက်ရိုက် ဟောတော်မူထားတာရှိတယ်။ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ) အစပြုတဲ့ ပဋိစ္စသမုပ္ပါဒ်ဘုရားတော်။ နောက်တခုက (ဟေတုပစ္စယော) ဆိုတဲ့ ပဋ္ဌာန်းပါဠိတော်၊ မင်းစဉ်းစား”

“ကဲပါ ကဲပါ မင်းပဲ အနိုင်ယူပါတော့”

“ဟာ ...ဒီလိုတော့ မပြောနဲ့သူငယ်ချင်းရာ၊ မင့်ကို (စကားနိုင်) လုနေတာလဲ မဟုတ်ပါဘူး။ ငါက (နှစ်ပ်ဘယ်) လို့လဲ ထောင်လွှားချင်လို့ မဟုတ်ပါဘူး၊ ဓမ္မ ဒေသနာတော်ကို အကြောင်းနဲ့အကျိုး ဆက်စပ်နားလည်ပြီး ပိုကြည်ညိုရအောင်လို့ပါ၊ ဒါ မှန်သောသစ္စာပါ။ ကြည့်ပါ၊ ကျီးသဲလေးထပ် ဆရာတော်ကြီးဆိုလျှင် မြန်မာစကားပြေရော၊ ပါဠိတော်ရော ကျောက်ထိုးတန္တု အားလုံးသောရဟန်းပညာရှိ၊ လူပညာရှိကြီးများ အလေးပြုရတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဇိနတ္ထပကာသနီ တကျမ်းထဲကြည့်တော့၊ အဲသည့် ဆရာတော်ဘုရားကြီးကိုယ်တိုင် လူရှင်ရဟန်း ရှိခိုးကြည်ညိုဖို့ ရေးပေးသွားတဲ့ (ပဏ္ဏက နမက္ကာရ) အခ်နွေယျ ဘုရားရှိခိုးကို အရင်အပတ်က ရွတ်ပြခဲ့ဖူးပြီလေ။ ‘အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို၊ ဒေသနာကာရဖြင့်၊ သောဠသ ဝေပန်၍၊ ရွှေဉာဏ်ထင်ထင်၊ ရွှေလက်တင်ပတ္တမြားကဲ့သို့’ အဲသည်ငွေပေါ့”

“ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ ဒီတော့ ကျော်ခဲ့ပြီးမှတင်းဘိမ်၊ ဒါကိုပြော”

"အေး၊ ငါကြည့်ညိုထားတာ ပြောမှာနော်၊ ရောင့်ရဲဆိုတာက ရသမျှသော အစားအစာ၊ ဥစ္စာ ဂုဏ်သိန်၊ (ရဟန်းတော်များအဖို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး) အတိုင်းထက်အလွန်မဖြစ်အောင် သတိရှိ၍လက်ခံခြင်း၊ ရတန်သမျှ ရတာကိုပဲ ကျေနပ်ခြင်း၊ ဒီလို ငါယူဆတယ်"

"တင်းတိမ်ဆိုတာကဘောကော"

"တင်းတိမ်ဆိုတာက ထိုရတတ်သမျှကို မကျေနပ် မချင့်မရဲ ဒေါသမဖြစ်ပဲ၊ (သူတပါးရထားတာတွေနဲ့နှိုင်းပြီး ကိုယ်ရတာကို မလိုဘမာမဖြစ်ပဲ) နှစ်သက်စွာ သုံးဆောင်နိုင်တဲ့စိတ်၊ ဒီလို ငါပြောချင်တယ်။ ဒါကြောင့်ရတာလောက်နဲ့ (ရောင့်ရဲ) ပြီး ကျေနပ် နှစ်သက် (တင်းတိမ်) တာကို သန္တုဋ္ဌိကော-သန္တုဋ္ဌိက ဖြစ်ပါသည်။ ဟုတ်ပြီလား"

"အေး၊ မင်းပြောတဲ့ တင်းတိမ် ဆိုတဲ့စကား ငါစဉ်းစားမိတယ်၊ တို့ ပြောနေကြတယ်၊ 'သမင်းစားလို့ တင်းတိမ်ရဲ့လား၊ ခေါက်ဆွဲလောက်နဲ့ မတင်းတိမ်ဘူး' ဆိုတဲ့ စကားမျိုးလေ၊ ဟုတ်တယ်၊ တင်းတိမ်တယ်ဆိုတဲ့စကားဟာ ခံစားသုံးဆောင်တဲ့နေရာမှာ သုံးတာပေါ့"

"အဲသလို လုပ်စမ်းပါကွာ၊ ငါပြောအားရှိအောင်"

"လောကီအတွက် တိုးတက်ကြီးပွားဖို့ဆိုတာနဲ့ တော့ ဆန့်ကျင်ဘက်ပဲကွ နော်"

"ခြော်....သူငယ်ချင်းနယ်၊ ဗုဒ္ဓရဲ့ စကားတော်ကိုပဲ ကြည့်ပါအုံး"

"ဘယ်လိုလဲ"

"မေတ္တာသုတ် အစလေကွာ။ (ကရဏီယ မတ္ထကုသလေန၊ ယန္တသန္တံ ပဒံအဘိသမေစ္စ) သန္တံ၊ ငြိမ်းသက်သော။ ပဒံ၊ နိဗ္ဗာန်ကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်သက်ဝင်၍။ (နေလိုသော) အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသောအမျိုးသားသည် လို့ ဆိုထားမှ၊ လောကီအာရုံ ကာမဂုဏ်ဗွက်ထဲ မက်နေတဲ့ ငါ့လို မင်းလို စိတ်ပုပ်တွေနဲ့ မကြည့်နဲ့လေ။ တခါတလေတော့လဲ (အကျိုးစီးပွား၌ လိမ္မာသော အမျိုးကောင်းသား အနေနဲ့) ဝင်ကြည့်မှပေါ့....ဟဲဟဲ။ ငါထင်ပါတယ်၊ မင်းတို့ငါတို့ဟာ(စုံလုံးကန်း)တွေတော့ မဟုတ်တန်ပါဘူး၊ (သလာ)ဖုံးလို့ လူလုံးမကွဲရုံလောက်ရှိမှာပါ၊ ဟုတ်ဖူးလား"

"ကိုယ့်ကိုယ်ကိုယ်အဲသလိုပဲ အားပေးရမယ်ထင်ပါရဲ့ကွာ၊ ဟဲဟ"

"ဒီလိုလဲရှိတယ်သူငယ်ချင်း၊ (သန္တောသ သုခရတညူ)တဲ့၊ အဓိပ္ပာယ်က ရောင့်ရဲတင်းတိမ်ခြင်း၏ချမ်းသာ (အရသာ)ကို သိတတ်သူတဲ့၊ အဲသည့်ချမ်းသာ(အရသာ)ကို ကာမဂုဏ်ဗွက်ထဲကနေ ကြည့်လို့တော့ မမြင်နိုင်၊မခံစားနိုင်ကြဘူးလေ။ ဆင်းရဲလှတယ်၊ သိမ်ငယ်လှတယ်၊ အောက်ကျနောက်ကျ ရှိလှတယ်လို့ပဲ မြင်မှာပေါ့။ ဘာနဲ့တူသလဲဆိုတော့ ခေမာမိဖုရား ဝေဠုဝန်ကျောင်းတော်ကို သွားတဲ့အခါ သက်တော် ၂စ်ဆယ် အစိတ်လောက်ရှိတဲ့ ရဟန်းပျို ကလေးတပါး ဘုရားထိုင်နေတာကို တွေ့သတဲ့။ ဒီတော့ ခေမာဒေဝီက ဝုတ်ဘသပ်သပ်နဲ့ပြောသတဲ့။ 'ကြည့်စမ်းပါအုံး၊ အသက်အရွယ်က ငယ်ငယ်ကလေး၊ အဆင်းရူပကာကလဲ ကြည်ကြည်လင်လင်ချောချောမွေ့မွေ့နဲ့။ ကာမဂုဏ်

ကို ခံစား စံစားလိုအကောင်းဆုံးအချိန်မှာ သူမို့ တယောက်ထဲ အဆင်းရဲ လာခံနေတယ်၊ မိုက်လိုက်ပါဘိ၊ အ လိုက်ပါဘိ။' အဲသလို ကြားထဲကဝင်ပြီး နှမြောနေရှာသတဲ့လေ။ ခေမာဒေဝီ က ချမ်းသာတယ်၊ဇိမ်ရှိတယ်လို့ ထင်တာတွေက တကယ်ဆင်းရဲ တာတွေဖြစ်နေပြီး သူဆင်းရဲတယ်ထင်တဲ့ (သမဏသုခ၊ ရဟန်း တို့၏ ရအပ်သော ချမ်းသာခြင်းအရသာရှစ်ပါးကို) ကိုယ်တိုင်မှ မခံစားရရှာသေးပဲကိုး....၊ဘယ်သိနိုင်မလဲ၊ ကဲ မင်း နဲ့ ငါ ပြော တာတွေ လေရှည်ကုန်ပြီ"

"ငါ့အတွက်တော့ မရှည်ပေါင်ဗျာ၊ ဆက်ပြီးရှည်စရာရှိယင် ရှည်ပေးပါအုံး"

"ဒါဖြင့် ဆက်ရှည်ရသေးတာပေါ့ဗျာ၊ 'သန္တုဿကောစ သာမကဘူး၊သုဘရောစပါအကျုံးဝင်တဲ့ ဗုဒ္ဓ၏အတွေ့အကြုံကို ပြောမယ်။ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရဟာ အနောမာ ကမ်းမှ ကဏ္ဍကမြင်းတော်နဲ့ ဆန္နအမတ်ကို ခွဲခွာခဲ့ပြီး ရဟန်း အဖြစ်နဲ့ ရာဇဂြိုဟ်ပြည်ထဲကို ပထမဆုံး ဆွမ်းခံဝင်တော်မူခဲ့တယ် လေ။ဒီအခါမှာအနီ၊အဖြူ၊အကြောင်၊အကျား၊ အကြမ်းအနု၊ ပေါ့အမာ ရောပြွမ်းတဲ့ ဆွမ်းပေါင်းစုံ(မိဿကဆွမ်း)ကိုသာ ရတော်မူတယ်၊ ဆင်းရဲသားများ လေးငါးအိမ်က လောင်း လိုက်တဲ့ဆွမ်းပေါ့။စဉ်းစားကြည့်နော် .. မနေ့တနေ့ကမှ ရွှေနန်း စည်းစိမ်ကို စွန့်ခွာခဲ့တဲ့မင်းသား၊ ဒီဆွမ်းကို ဘယ်လိုစားမလဲ၊ မင်း ကွင်းကွင်းကွက်ကွက်မြင်အောင် တိပိဋကရေ ဆရာတော် ဒေါက်တာဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်က စာကို ဖတ်ပြမယ် နားထောင်"

"မကြာခင် ရက်ပိုင်းအတွင်းက စကြာမင်း စည်းစိမ်တမျှ ကြီးကျယ်ခမ်းနားလှသည့် မင်းစည်းစိမ်ကိုခံစားသုံးဆောင်ခဲ့၍၊ (ယခု) အလွန်တရာ ကြမ်းတမ်း ၊အနံ့အကြမ်း အရောင်မျိုးစုံ ရောပြွမ်းသည့် မိဿက ဆွမ်းလုတ်ကို ဘုဉ်းပေးတော်မူရန် အားထုတ်စိမ်၍ ခံတွင်းတော်တွင်းသွင်းမည်အပြုတွင် ထိုဆွမ်းမျိုးကို ထိုဘဝမှာ ရှေးအခါက မြင်ရုံမျှမမြင်ဖူးသဖြင့် အထူးပင် စက်ဆုပ်ရွံရှာရကား အလောင်းတော်၏ အူ အသည်းတို့မှာ ပြောင်းပြန်လန်လျက် ပျို့အန်၍ထွက်မည်လောက်' ဆင်းရဲဒုက္ခ — ရောက်တော်မူရလေသည်။

"ထိုအခါ အလောင်းတော် သူမြတ်သည် 'အမောင်သိဒ္ဓတ္ထ သင်သည် စားဖွယ် သောက်ဖွယ် အသာတကြည်ရလွယ်လျက် သုံးနှစ်ချို့သော နံ့သာသလေး ဆန်ထမင်းကိုအထူးထူးအပြား ပြား များမြတ်သော အရသာတို့ဖြင့် အလိုတော် ရှိတိုင်း သုံးဆောင်စားသောက်ရာ ရွှေနန်းတော်၌ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်သူဖြစ်လျက်လည်း ပံသုကူဆောင် ရဟန်းတပါးကို မြင်ရသဖြင့် ငါသည်လည်း ဤရဟန်းနှင့်အတူ (ကဲ့သို့)ပြုပြီး လျှင် အိမ်စဉ်အတိုင်းလှည့်လည်ကာဆွမ်းခံ၍ ရတတ်သမျှသော ဆွမ်းကို အဘယ်အခါမှာ စားရပါမည်နည်း။ ထိုသို့ ဆွမ်းခံ ရေးရသော အခါသည် ငါ့အား အဘယ်အခါမှာ ဖြစ်ပါ လတ္တံ့နည်း ဟု ကြံစည်လျက် တောထွက်၍ ရဟန်းပြုခဲ့ပြီ မဟုတ်လား။ ယခုအခါ အောင်မြောက်သည့် (ဤ)အချိန်သို့ ရောက်သောအခါမှ အဘယ်ကြောင့် ဤကဲ့သို့ ပေါက်ပြန်ခြင်းအမှုကို သင်ပြုဘိသနည်း' ဟု မိမိကိုယ်ကို မိမိပင် ဆုံးမတော်မူကာ

ဖောက်ပြန်ခြင်းအလျှင်းမရှိပဲ ထိုမျကြမ်းတမ်းလှသည့် ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူလေ၏တဲ့—ကဲ"

"သာဓု သာဓု သာဓု"

"ဒါဟာ ရောင့်ရဲတင်းတိမ်ခြင်းဆိုတဲ့ သန္တုဋ္ဌိက သာမက ဘူး၊ သုဘရေစ ဆိုတဲ့ အမွေးအမြူ လွယ်ရမယ်ဆိုတဲ့ တရား တောင် ပါသွားပြီ။ အဲ ရောင့်ရဲဘင်းတိမ်ခြင်း မရှိလို့ ဟိုရှာ သည်ရှာ၊ ဟိုဟာကို မကျေနပ်၊ ဒီဟာကိုမကျေနပ် ပူပန်နေသူ ဆိုလျှင် မေတ္တာဘာဝနာ ပွားလို့ ရနိုင်ပါတော့မလား။ ဟို့က ရောင့်ရဲတင်းတိမ်ရဘာကို ဆင်းရဲဘယ်ထင်တယ်နော်( သူတော် ကောင်းကြီးများ အနေနဲ့ ကတော့ မိမိ ရဘတ်သမျှနှင့်သာ ရောင့်ရဲဘင်းတိမ်ခြင်း၊ (ယထာလာဘသန္တောသ)တဲ့။ မိမိ ရဘာက မိမိအဖို့ ပိုကောင်းနေလို့ သူ့ဘပါးထံမှ မိမိနှင့် လျောက်ပတ်ရာကို လဲလှယ်ပြီး မိမိအားနှင့် တန်ရုံသောပစ္စည်း ဖြင့်သာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာလဗ္ဗသန္တောသ)တဲ့။ နောက်တခုက မိမိရသော ပစ္စည်းတို့တွင် ကောင်းနိုးရာရာကို သူတပါးအား ပေးကမ်းလှူဒါန်း၍ မိမိမှာမူ သင့်တော်ရုံမျှ ပစ္စည်းဖြင့်သာ ရောင့်ရဲ တင်း တိမ် ခြင်း၊ (ယထာသာရုပ္ပ သန္တောသ)တဲ့။ )

"အမယ်လေး....၊ တို့နဲ့များဖြင့် ကူနိုင်မယ်မထင်ကြနဲ့၊ကိုး ဆယ်ဆက္ကာလိမ့်မယ်ပဲ၊ တို့သဘောက ရတဲ့အထဲက အကောင်း သုံးဟာ(ငါ့ဖို့)ပဲ၊ ဟဲဟဲ"

"အခုနငါပြောတာ ဗုဒ္ဓ ဖြစ်တော်မမူခင်နော်၊ ဗုဒ္ဓဖြစ်တော် မူပြီး ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့အခါ၊ ကာမ

ဘုန်းတော်ဆိုတာ အလိုတော်ရှိသမျှ တကောအာင်ခြင်းမှာ ရတော်မူတဲ့ဘုန်းတော်၊ ပြည့်စုံတော်မူသော ဘုန်းတော်ရှိနေလျက် ဝေရဠုရွာကလေးမှာ ဝါဆိုတော်မူတုန်းက ဝါတွင်းသုံးလပတ်လုံး မြင်းစားတဲ့ ပဲခြမ်းတွေဖြင့်သာ ရောင့်ရဲတင်းတိမ်တော်မူဘာကိုကြည့်။ ဗုဒ္ဓကိုယ်တော်သာလားတဲ့၊ မဟုတ်သေးဘူး။ ဗုဒ္ဓ၏ အဆုံးအမကို နှစ်လို၊ ရိုသေ၊ စောင့်ထိန်းတော်မူကြတဲ့ နောက်တော်ပါ သံဃာအရှင်မြတ်များပါ ထိုအတိုင်း ရောင့်ရဲတင်းတိမ်တော်မူကြတယ်"

"အေး...မင်းပြောတာတွေကို ငါသဲပတ်နားသားနဲ့ ဒီလိုဆက်စပ်ပြီး မတွေးမိပါဘူး"

"ဆရာရေ၊ ကျုပ်ကို မချီးမွမ်းချင်ပါနဲ့၊ ဣ၊ စိ၊ အံု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ မာ ဆိုတဲ့ အင်္ဂါရပ်တွေကို ချီးမွမ်းချင်ဗျ၊ တို့စကားက ရှည်သထက် ရှည်လာပြန်ပြီ"

"ရှည်စမ်းပါစေ(လေမလာ ကြားတိုင်းကောင်း)ဆိုတဲ့ လေ့သမားစကားလိုပေါ့၊ ဒါမှ မင်းမတ်ခွဲဖူးဘာတွေ ထိုင်ရာမထ လှယ်လှယ်နဲ့ရမယ်၊ ဟဲ....ဟဲ"

"အေး....ငါက မြှောက်ပေးတဲ့လူရှိယင် အာဝဇ္ဇန်း ပိုရွှင်တယ်နော်"

"ဒါတော့ မင်းသာမဟုတ်ဘူး၊ မြှောက်ပင့်နေမှန်း သိရက်သားနဲ့ဘောင် ကြိုက်နေတတ်ကြတာ လူတိုင်းပဲ၊ ကမ္ဘာဦးအစကတည်းက အတန်းအစားမရွေး၊ လူမျိုးဘာသာမရွေး၊ အရွယ်သုံးပါးမရွေး သည်းခြေကြိုက်တဲ့ဆေး-ဟေး...ဟေး။ အမြှောက်ကြိုက်တဲ့ပုံပြင်ရှိသေး...."

"ဆိုစမ်းပါအုံး၊ မင်းက ပုံတိုပါ၌စ-ပြောတတ်တယ်"

"ရှေးတုန်းက ရွာတရွာမှာ လူတကာကို မြှောက်ပင့်ပြောဆိုပြီး ညာစားနေတဲ့ ကိုဖားဆိုတဲ့ လူတယောက်ရှိတယ်။ လူတွေလဲ မြှောက်ပြောနေမှန်းသိလျက်နဲ့ ကျေနပ်ပြီး ပေးကမ်းနေကြတာပဲ။ ကိုဖားကလဲ အစားရချောင်သလို ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ကုသိုလ်တရားဆို ဘာကိုမှ လုပ်ရကောင်းမှန်းမသိဘူး။ တနေ့တော့ အဲသည့်ကိုဖားဟာ သေသွားရော။ သေသွားတော့ ယမမင်းကြီးထံ ရောက်ရတာပေါ့။ ကိုဖားကို မြင်တယ်ဆိုယင်ပဲ ယမမင်းရဲ့ အတွင်းရေးမှူးက...."

"ယမမင်းကလဲ အတွင်းရေးမှူးနဲ့ ဘာနဲ့ပဲလား"

"မင်းကလဲ ပုံပြင်ကို လောကဥပမာနဲ့ တန်ဆာဆင် ပြောရတာပေါ့။ အဲ....အဲ အတွင်းရေးမှူးက ယမမင်းကို တိုးတိုးကပ်ပြောသတဲ့၊ 'ဟောသည့် ကိုဖားဟာ လူ့ပြည်မှာလူတိုင်းကို မြှောက်ပင့်ပြောတတ်ပါဘယ်။ အရှင်မင်းကြီးလဲ သတိထားပါ' လို့ ပြောတော့။ ယမမင်းက 'မမှုစမ်းပါနဲ့ကွာ၊ သင်းလူ့ပြည်မှာသာ(ဖျ ံ)ကျပို့ နေမှာပေါ့'လို့ ဆိုသတဲ့လေ"

"ယမမင်းကလဲ ခေတ်ကားတွေ တတ်သကိုး"

"တတ်ဘာပေါ့ကွ။ ဒါနဲ့ ကိုဖား လူ့ပြည်မှာ ကောင်းမှုကုသိုလ်လုပ်ခဲ့ဘာ ဘာတွေရှိသလဲလို့ စစ်ဆေးတော့ ကိုဖားက ဘာမှမဖြေပဲ ယမမင်းကိုပဲ အံ့သြသလိုကြည့်နေသတဲ့။ ဒီတော့ ယမမင်းက 'ဟေ့ မောင်ဖား၊ မင့်ကုသိုလ်တွေကို စဉ်းစားလို့ မရသေးဘူးလား' လို့ ထပ်မေးမှ၊ ကိုဖားက 'ကျွန်တော့်ကုသိုလ်တွေကို စဉ်းစားနေတာမဟုတ်ပါဘူး ခင်ဗျာ။ လူ့ပြည်မှာ

သတင်းကြားနေရတာက ယမမင်းကြီးဟာ အလွန်တရာ ရက်စက်ကြမ်းကြုတ်ပြီး ဘီလူးကြီးလောက် အရုပ်ဆိုးတယ်ဆိုတာ အခုတော့လဲ အင်မတန် ကြင်ကြင်နာနာနဲ့ ကြည်ညိုစရာ ဥပဓိရုပ်ကို တွေ့နေရလို့ အံ့သြနေတာပါ'လို့ ပြောသတဲ့။ ဒီတော့ အတွင်းရေးမှူးက 'အရှင်မင်းကြီး မောင်ဟားက မြှောက်နေပြီနော် သတိ–သတိ'လို့ ပြောသတဲ့။ ဒါကို ယမမင်းက အတွင်းရေးမှူးကိုပြန်ကြည့်ပြီး 'အမှုကို အရှိအတိုင်းတော့ ပြောပါစေကွာ--မင်းကလဲ'လို့ ပြောသတဲ့ဗျား၊ ဟား....ဟား"

"ဟား ဟား ဟား မင့်ပုံပြင်က တယ်ကောင်းသကိုး၊ ဟုတ်တယ်။ ကျောက်ပေါက်မာနဲ့ အရုပ်ဆိုးတဲ့ မိန်းကလေးပဲဖြစ်အုံးတော့။ (မိုးနတ်ဒေဝီ၊ မဘာရဏီဘန္ဓုန်းလိုပ၊ ရွှေပန်းချိုးလောက်ပါပေ၍) ဆိုတဲ့ စာသားမျိုးကို လက်ခံနေဘတ်ကြတာပဲ"

"ကဲပါကွာ၊ ငါပြောက်တာနဲ့ စကားစ ပျောက်သွားပြီး"

"ဒါနဲ့ ဆက်ပြောအုံးမယ်၊ အခုန ဗုဒ္ဓမြတ်စွာ ရောင့်ရဲတင်းတိမ်တော်မူသလို ဗုဒ္ဓကိုယ်တော်၏ အဆုံးအမကို နှင်ငပ်၊ ရိုသေ၊ စောင့်ထိန်းတော်မူကြသော သံဃာ အရှင်မြတ်များကို ထိုအတိုင်း လိုက်နာကြတယ်လို့ ပြောခဲ့တယ်လေ။ ဒါဟာ ဗုဒ္ဓတော်ဗုဒ္ဓ မျက်မှောက်တော် ဖြစ်လို့သာ မဟုတ်ဘူး၊ အခု ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူခဲ့တာ နှစ်ပေါင်း ၂၅၀၀ တားပါတော့၊ အခု တို့မျက်မှောက်ခေတ်မှာလဲ များစွာသော အရှင်ကောင်းအရှင်မြတ်တို့ဟာ ထိုနည်းလည်းကောင်း ရောင့်ရဲတင်းတိမ်တျက် ရှိကြသေးတယ်"

"သုပ်စမ်းပါ သူငယ်ချင်းရယ်"

"အင်းဝခေတ် သာသနာ့မင်းတရားကြီးလက်ထက် မင်း၏ အကိုးကွယ် ခံနေရတာက နောင် သာသနာ့ဝင်မှာ အလွန် ထင်ရှားတော်မူမည့် တောင်ဖီလာ ဆရာတော်၊ ပခန်းကြီးမြို့ မြောက်ဘက် ရွှေဥမင်တောရမှာ လူသူတော် ကပ္ပိယတဦးတည်း နှင့် ရှောင့်ရဲအင်းတိမ်နေတော်မူတာက ရွှေဥမင် ဆရာတော်၊ အဲသည့် ဆရာတော်နှင့်ပါး ဆုံမိတဲ့အခါ တောင်ဖီလာ ဆရာ တော်က 'တောကြီးခေါင်ခေါင်မှာ အဖော် တယောက်ထဲနှင့် နေတာ မကြောက်ဘူးလား' လို့ မေးတယ်၊ ဒီတော့ ရွှေဥမင် ဆရာတော်က 'ကြောက်လို့ အခြေအရံ အနည်းဆုံးနှင့် နေတာ ပေါ့'လို့ ပြန်ဖြေတော်မူသတဲ့၊ အဲဒါဟာ (သန္တသေနသနာ ဘိရတိ) ဆိတ်ငြိမ်သော ဘောကျောင်း အရပ်၌ လွန်စွာ ခေါင့်ရဲမွေ့လျော်သော သန္တုဿာ ဂုဏ်ပဲ"

"နောက်ရှိသေးယင် ပြောပါအုံး"

"ငါဖတ်ဖူးတာတွေတော့မနည်းဘူး၊အခု မင်းကို တထိုင်ထဲ ပြောဖို့တော့ တိတိကျကျ ဘွဲ့တော်နဲ့ ပြောနိုင်မှာ မဟုတ်တော့ ဘူး၊ အချို့ဆရာတော်ကြီးများ ဆွမ်းဘုဉ်းပေးယင် (ဟင်းခွက် များလျှင်) မျက်စိကို စုံမှိတ်ပြီး နှိုက်မိနှိုက်ရာ တင်းတိမ်စွာ နှိုက်၍ ဘုဉ်းပေးတော်မူတယ်၊ အေး ရဟန္တာလို့ ကျော်ကြား ခဲ့တဲ့ ဘုန်းတော်ကြီး ဦးသီလဆိုတာ ကြားဖူးရဲ့မှတ်လား"

"အေး၊ မီးရထားတောင် အလိုလို ရပ်ပေးရတယ်ဆိုတဲ့ ကိုယ်တော်ကြီးမှတ်လား"

“အဲ…ဦးသီလ ဆရာတော်ကြီးဟာ ကောသနိက်ဓုတင်ကို အမြဲဆောင်လေ့ရှိတယ်၊ ကောသနိက်ဓုတင်ဆိုတာ တနေ့လုံးမှာ ကခါတဲ တနပ်တဲ စားတာကို ခေါ်တယ်လေ”

“အေးပါ၊ ဒီလောက်တော့ ငါသိပါတယ်ကွ”

“တခါတော့ အုန်းခြံရှင်ဒကာတဦးက လတ်လတ်ဆတ်ဆတ် အုန်းရည်လာကပ်သတဲ့၊ ဒီအခါ ဘုန်းတော်ကြီးက ‘ဟိုအနား ထားခဲ့’လို့ တိုတိုပဲ ပြောတာကို ဒကာကြီးက ‘အုန်းရည်ကို လတ်လတ်ဆတ်ဆတ် ဘုဉ်းပေးပါဘုရား၊ ကြာယင် ချဉ်သွားပါလိမ့်မယ် ဘုရား’လို့ ဇွတ်ကပ်နေလေတော့ ဆရာတော်က ယူသောက်လိုက်ရပါလေရော။ အဲ ဆွမ်းစားချိန်ကျတော့ ‘ငါ ပြည့်ပြီ’ လို့ ပြောပြီး ဆွမ်းမစားတော့ဘူးတဲ့၊ အဲဒါလဲ သန္တုဋ္ဌိသာက ဆိုတဲ့ဂုဏ်ပဲ။ နောက်ပြီး ဝေဘူဆရာတော်ကြီးလဲ ဒီလိုပဲ ရောင့်ရဲ တင်းတိမ်တော်မူတယ်။ ဘောင်မြို့ မဟာ ဂန္ဓာရုံဆရာတော်ကိုတော့ ငါကိုယ်တိုင် ဆွမ်းတနပ်ကပ်ခဲ့ဖူးလို့ ကိုယ်တွေ့ပြောပြမယ်၊ ဆရာတော်က သူ့ကျောင်းမှာ ချက်ပြုတ်ပြီး ဆွမ်းကပ်မည့်ဒကာဆိုလျှင် ဆွမ်းမချက်မီကတည်းက အလွန်အကျ ကောင်း လွန်း တာ တွေ မချက်စေရဘူး၊ သင့်တင့် ကျွက်ပတ်ရုံက မကျော်စေရဘူး၊ အလျှံပယ်ဖြစ်နေတာကိုလဲ လိုလားတော်မမူဘူး၊ ဟင်းဆိုလျှင် ဆီပြန်တခွက်၊ ငါးပိကျော်၊ ချဉ်ရေကြော်စေ ဟင်းချိုဖြစ်စေတခွက်၊ အချိုပွဲတောင်မှ သံဃာ တပါးကို မလိုင်လုံးနှင့်လုံးစီ၊ လက်ဖက်ရည်ကြမ်းနဲ့ ဒါပဲ၊ ကိုယ်တိုင်လဲ ဒီလိုပဲ အမြဲ ဘုဉ်းပေးတော် မူကယ်။ အဲဒါ(ယထာဗလ သန္တောသ) ဂုဏ်ကြီးပဲ”

"ဒကာ ဒကာမတို့က အိမ်သို့ပင့်လှူတဲ့အခါတော့လဲ ကပ်လှူသမျှ ဘုဉ်းပေးရမှာပေါ့နော်"

"ဒီလို အခါမျိုးကျတော့လဲ သည်းခံပြီး ခွင့်ပြုတော်မူပါတယ်၊ အေး....စကားစပ်မိလို့ ဆွမ်းကပ်တဲ့ တပည့် ဒကာရင်း တယောက် အငေါက်ခံရတာပြောရအုံးမယ်၊ ရွှေတိဂုံစေတီ ဂေါပကဟောင်းတဦးပေါ့၊ ဆရာတော်ရဲ့ ဝါဒကို သိထားသူ ပီပီ လျှောက်ပတ်သလောက် ဆွမ်းကို သူ့အိမ်မှာ ပင့်ကပ်တာပါပဲ၊ အဲဒါ ဆရာတော်ဘုဉ်းပေးပြီးတော့ (သဒ္ဓါဘုရားအရ) 'အရှင်ဘုရား ဘုဉ်းပေးလို့ မြိန်ပါရဲ့လားဘုရား' လို့ မေးလျှောက်လိုက်မိတယ်"

"အေးလေ၊ ငါဆိုလဲ ဒီလို မေးမိမှာပဲ"

"အေး၊ ဒကာရင်းသာဆိုယင် မင်းလဲ အငေါက်ခံရမှာပဲ"

"လုပ်စမ်းပါအုံး၊ ဆရာတော်က ဘယ်လို ငေါက်သလဲ"

"အို.... ဒကာကြီး ကလဲ၊ မေးစရာ မဟုတ်တာ မေးရသလားတဲ့"

"နေပါအုံး၊ ဘာဖြစ်လို့"

"ဟာ၊ မင့်နှယ် ဒုံးဝေးလိုက်တာ၊ ရသဘက်မှာ ငြိရဲ့လားဘုရားလို့ မေးသလိုဖြစ်နေလို့ပေါ့ကွ၊ အဲသည့်ဒကာလဲ သတိရလိုက်တာနဲ့ 'သည်းခံတော်မူပါဘုရား' လို့ တောင်းပန် လိုက်ရသတဲ့"

"အေး ဟုတ်ပေသားပဲ"

"လယ်တီ ဆရာတော်ကြီး ရောင့်ရဲပုံလဲ ပြောရ အုံးမယ်၊ မြန်မာတပြည်လုံးအနှံ့ တရားဟောထွက်တော်မူစဉ်က မန္တလေးက မစိုးရိမ်ကျောင်းတိုက်ကြီးကို ဗဟိုဌာနပြုထားတယ်။ အမြို့မြို့ အနယ်နယ်က အလှူခံလို့ ရသမျှ သင်္ကန်းပရိက္ခရာမှ အစ ဆန်အိတ်၊ ဆီပုံး၊ ရေနံဆီပုံး၊ ထီး၊ ဖိနပ်၊ ငါးခြောက် ငါးခြမ်း အကုန်ဆိုပါတော့ကွာ။ ပစ္စည်းတွေဟာ မစိုးရိမ်ကျောင်းတိုက် ကျက်သရေခန်းထဲမှာ အပြည့်အမောက် လှည်းအစီး ခြောက်ဆယ်တိုက်လောက် စုပုံနေသတဲ့"

"နယ်ပြည်မှာ တကယ်ကျော်တဲ့ လယ်တီ ဆရာတော်လိုတောင် အမွှမ်းတင်ကြရတာကွာ၊ အလှူခံတော်မူရတာ တောင်ပုံရာပုံ မြင်တော့မပေါ့"

"ဒီလိုနဲ့ ဝါဆိုခါနီးလို့ ဆရာတော်ကြီး မုံရွာကို ပြန်ကြွဖို့ မီးရထားပေါ်ရောက်တော့ မစိုးရိမ် ကျောင်းတိုက် ဆရာတော် (ဟိုတနှစ်ကမှ ပျံတော်မူသွားတဲ့ မဟာရဋ္ဌဂုရု ဆရာတော်ကြီးပေါ့) အဲသည့် ဆရာတော်က 'အရှင်ဘုရားရဲ့ အလှူခံဝတ္ထုတွေ ကျက်သရေခန်းနဲ့ အပြည့်ဟာကို ဘယ်ပုံ စီမံရမယ်ဆိုတာ အမိန့်ရှိတော်မူခဲ့ပါအုံးဘုရား' လို့ လျှောက်တော့။ လယ်တီဆရာတော်ကြီးက 'အမယ်မင်း မစိုးရိမ်ဆရာကလေးနှယ်.... အပန်းတကြီး စိုးရိမ်နေလိုက်တာ၊ ကျောင်းတိုက်တိုင်းရှိတဲ့ သံဃာတော်တွေကို ကြည့်ရှု စီမံပြီး လှူလိုက်ရောပေါ့' လို့ စွန့်သွားသတဲ့။ အဲဒါလဲ သန္တုဋ္ဌကဂုဏ်ကြီးပဲ။ လူသာမန်တို့ မကျင့်နိုင်တဲ့ စိတ်ထား"

"အင်း....မခေါက်မရက် ပြတ်ပြတ်သားသား ရှိတော်မူလိုက်တာနော်"

"အေးကွာ....ဒါမျိုးတွေကို (ချီးမွမ်းဂုဏ်ဖော်သော စကားမျိုး) သက်တော် ထင်ရှား မရှိကြသော ပုဂ္ဂိုလ်များကိုသာ ပြောဝံ့တာပါ၊ (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ)ရေးတဲ့ ဓမ္မာစရိယ ဆရာ ဦးဋ္ဌေးလှိုင်တောင် ဝေဘူဆရာတော်ကြီး ခန္ဓာဝန်ချတော်မူတဲ့ နောက်မှ ဆရာတော်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးနိုင်တာ၊ ကဲ....သန္တုဋ္ဌိကထာကို ဆက်ကြပါစို့၊ တို့တတွေ မသေမချင်း လုပ်ကိုင် နေထိုင်ကြရတဲ့ကာလမှာ အဲသည့်(သန္တုဋ္ဌိက)ဖြစ်ဖို့က အရေးကြီးဆုံးပဲ။ မိမိရသလောက်နဲ့ (ပစ္စည်းရော ဂုဏ်သိက္ခာပါ) ရောင့်ရဲ တင်းတိမ်နိုင်သူဟာ အထက်က ပြောခဲ့တဲ့ (ဥဇု) ဆိုတဲ့ ရိုးသားဖြောင့်မတ်မှုလဲ ရှိသလောက် ရှိလာတယ်၊ (သုဝစ)ဆိုတဲ့ ဆိုဆုံးမခြင်းကို လက်ခံနိုင်လာတယ်၊ (မုဒု)နူးညံ့ သိမ်မွေ့လာတယ်။ (အနတိမာနီ) မာနလဲ နဲနဲ ကျလာတတ်တယ်၊ အဲ သန္တောသ မဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုယင် လိမ်ညာဟန်ဆောင်ရမှာလဲ မခဲယဉ်းတော့ဘူး။ သူများ ပြောတာဆိုတာ အကြံပေးတာ၊ အကြောင်းအကျိုးနဲ့ ဖျောင်းဖျတာကိုလဲ လက်မခံတော့ဘူး၊ နူးညံ့ဖို့ ဆိုတာတော့ ဝေးရော၊ လက်ရှိ အခြေအနေထက် တိုးတက်ဖို့ဆိုယင် လူသတ်ရမလားပဲ၊ မာနဆိုတာတော့ ထည့်ပြောမနေနဲ့၊ (မေတ္တာ) ဆိုတာ ဘာစကားပါလိမ့်လို့တောင် မေးလိမ့်မယ်။ လက်တွေ့ပြမယ်၊ ထောင်ကျနေတဲ့ အကျဉ်းသားတွေကို စာရင်းယူကြည့်။ ရာနှုန်းရှစ်ဆယ်ဟာ ကိုယ့်ဘဝ၊ကိုယ့် အခြေအနေနဲ့ မကျေနပ်မရောင့်ရဲမတင်းတိမ်လို့ ရောက်လာခဲ့ရတာပါလို့ အဖြေပေါ်လိမ့်မယ်။ ဒါဟာ အထင်ရှားဆုံး သာဓကပဲ"

"ဟုတ်ပါ့၊ ဟုတ်ပါ့၊ အလွန်ကောင်းတဲ့ သက်သေပါပဲကွာ၊ ရာခိုင်နှုန်း ရှစ်ဆယ်ဆိုတာ နဲတောင် နဲနေအုံးမယ်၊ တို့ တတွေမှာက ဘာဖြစ်ဖြစ် မရခင်တုန်းက (ဒီလောက်ရလျှင် တော်ပါပြီ) ဆိုပြီး (ဒီလောက် ရလာပြန်တော့) ဒီထက် ပိုလိုချင်လာပြန်ရောကို"

"ကဲ ပိုလိုချင်တာ ရလာပြန်တော့ကော"

"နောက်ထပ် နောက်ထပ် လိုချင်လာပြန်ရော"

"ဘယ်တော့မှ ရောင့်ရဲမလဲ"

"ဘယ်တော့မှ မရောင့်ရဲဘူး၊ လူသာ အသက်ထွက်မယ်၊ ရောင့်ရဲမှာ မှုတ်ဘူး၊ မီးခိုးမဆုံး မိုးမဆုံးပဲ၊ ဒါကို ပြောတာထင်တယ် (လူ့အလို နတ်မလိုက်နိုင်) ဆိုတဲ့ စကားလေ"

"အေး.... အဲသလို လိုချင်လို့တောင့်တ၊ ရပြန်တော့လဲ့ကြောင့်ကြ၊ ဘယ်အချိန်မှာ စိတ်အေးစရာ စိတ်ချမ်းသာစရာအကွက်ရှိမလဲ။ ကိုယ့်စိတ်ကမှ မအေးငြိမ်း မချမ်းသာယင်သူတပါးအပေါ် ဘယ်လိုများ မေတ္တာစိတ်ထားနိုင်တော့မလဲ။ နောက်ဆုံးပြောမယ်ကွာ၊ တို့တတွေ တောထွက်ပြီး တရားမထိုင်နဲ့အုံး၊ ကိုယ့်အိမ်ထဲ ကိုယ့်သားမယားနဲ့ ကိုယ့်စီးပွားကိုယ်ရှာစားနေတုန်းတောင် အဲသည့်သန္တုဋ္ဌိကတရားကို။ သတိမလွှတ် စိတ်ထားနိုင်ယင် အပင်ပန်းသက်သာမယ်။ ဘုရားကဆုံးမထားတာ ရှိပါတယ်။ ယံ၊ အကြင်ပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုရသမျှဖြစ်သော ပစ္စည်းဥစ္စာဖြင့်။ ကုဋ္ဌဖ္ဖံ၊ နှစ်သက်အပ်၏။ ဟိ၊ မှန်၏။ အတိလောဘော၊ လွန်ရှဲဖြစ်သော

လောဘသည်(လောဘလွန်လာသော်)။ ပါပကော၊ ယုတ်မာ၏တဲ့။"

"တို့နှစ်ယောက်(သန္တုဋ္ဌကောစ)မှာ တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး နေကြတယ်နော်။ ကောင်းပါတယ်၊ အဲ့သည့် သဘောတရားက တို့နဲ့ တိုက်ရိုက် သက်ဆိုင်နေကြတာကိုး"

"ဟုတ်ပါတယ်၊ သည့်တရား၊ သည်စိတ်ထားဟာ လောကီ, လောကုတ္တရာ အကျိုးရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုန ပြောခဲ့သလို (သန္တောသ)ဟာ ဥဇု၊ မုဒု၊ မာနတို့နှင့် ဆက်နွယ်နေသလို နောက်လာမယ့် (သုဘရောရယ်၊ အပ္ပကိစ္စောရယ်၊ သလ္လာဟုက)ဆိုတဲ့ တရားသဘော များနဲ့ပါ ဆက်နွယ်ကြတာကို တွေ့ရမယ်။ ကဲ....သုဘရောစ ဆိုတဲ့ အနက်ကိုပဲကြည့်၊ အမွေးအမြူလွယ်ရမယ်တဲ့။ ဒီလိုမှတ်လား"

"ဟုတ်တယ်၊ သုဘရောစ- မွေးမြူလွယ်သူလည်း၊ အသ-ဖြစ်ရာ၏"

"ကဲ....ဒါဖြင့် မွေးမြူလွယ်ခြင်းဆိုတာ အဓိပ္ပာယ် အကျယ်ဘယ်လိုသိရမလဲ။ မိမိ၏စားဝတ်နေရေးကြောင့် မိမိကိုယ်တိုင်လည်း ခက်ခဲပင်ပန်းခြင်းမရှိအောင်၊ မိမိကြောင့် သူတပါးမှာလဲ ခက်ခဲပင်ပန်းခြင်းမရှိအောင်၊ တနည်းအားဖြင့် အလိုက်သိစွာ နေထိုင်စားသောက် သုံးဆောင်နိုင်ရမယ်လို့ ဆိုတာရှင်းပလား"

"ဟာ....ရှင်းတာပေါ့၊ ဟိုဟာကလေး ရှာပေးစမ်းပါအုံး၊ ဒီဟာကလေးလုပ်ပေးစမ်းပါအုံး ဆိုတာမျိုးတွေ၊ဟိုဟာကလေး

ရယင် ကောင်းမှာပဲလို့ တောင့်တတဲ့ စိတ်တွေ၊ ဒီသဘော မဟုတ်လား”

“ဟုတ်ပေ့ဗျား၊ ကဲ ဒီတော့ မင်း စဉ်းစားကြည့်၊ အခုန တို့ပြောခဲ့တဲ့ (သန္တောသ–ရောင့်ရဲတင်းတိမ်ခြင်း) ရှိထားလျှင် သုဘရောစနဲ့ ဆန့်ကျင်တဲ့စိတ် ရှိပါအုံးမလား”

“အလျှင်းမရှိမပေါ်တောင် သိပ်နဲသွားမှာပေါ့”

“အေး၊ ဒါကြောင့် (သန္တုဿကောစ) ကို ခပ်များများ ပြောခဲ့တာ၊ ဆက်နွယ်မနေဘူးလား”

“ဆက်နွယ် ပတ်သက်နေကြောင်းပါ ဆရာခင်ဗျား”

“ဟော၊ မင်း ဖောက်လာပြန်ပြီ၊ ကဲကဲ သုဘရောစကို လုံလောက်ပြီ ထားလိုက်ပါတော့၊ နောက်တခု လာတာက အပ္ပကိစ္စောစ၊ နည်းပါးသော အမှုကိစ္စသည်လည်း၊ အဿ– ဖြစ်ရာ၏ တဲ့။ ကဲ.... တို့တတွေ ကိစ္စဆိုတာ နည်းအောင် ရှောင် ကြရဲ့လား”

“ဟာ....တို့တတွေက အလုပ် မရှိယင် (ကြောင်ကလေး ရေချိုး)ပေးချင်ကြတာ၊ နေရာတကာ ငါမပါလျှင် မပြီးဘူးကွ ဆိုတဲ့ စကားမျိုးများပြောရယင် တယ် ခံတွင်း တွေ့တာကိုး၊ ဟဲ... ဟဲ၊တခါတလေ မပါရလို့တောင် မကျေမနပ် ဖြစ်ရသေး၊ ဟေး....။နောက်ဆုံး ဟုတ်တာ မဟုတ်တာထား၊ မအားဘူးကွာ၊ အလုပ် များတယ်ကွာ ဆိုညည်းပြီး ဂုဏ်ယူတတ်ကြသေးတာ၊ တကယ့်တကယ်ဆန်းစစ်လိုက်တော့ တိုက်ရိုက် စားဖို့သောက်ဖို့က နည်းနည်း၊ ထင်ပေါ်ကျော်ကြား လူကြိုက်များအောင် လုပ်နေ ကြတာတို့၊မရသေးသော လာဘ်လာဘ ပစ္စည်းဥစ္စာ အခွင့်အရေး

တို့ကို ရလွယ်အောင် ကြိုတင် ကြိုးစားလှုပ်ရှားတာတွေပဲ တွေ့ရတယ်၊ ဒါတွေဟာ ငါ့ကိုယ်ငါ စစ်ဆေးကြည့်လို့ ပေါ်တဲ့အဖြေတွေနော်''

''ဒါတွေက မင်းသာ မဟုတ်ပါဘူး ခင်ဗျာ၊ ရွှေမန်း တင်မောင်သီချင်းလိုး(ကျွန်တော်လဲ ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း)ပါပဲ။ ပြီးနိုင်တာကို အကျယ်ချဲ့၊ လွယ်တဲ့ဟာကို ခက်အောင်လုပ်၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ရှုပ်နေမှ အရေးပါအရာရောက်တဲ့ လူကြီးလူကောင်းလေကွာ၊ ဟဲ....ဟဲ၊ ကဲ.... ဒါတွေကော (သန္တုဿက)ဖြစ်ထားယင် များပါ့မလား''

''အေး....၊နည်းတန်သလောက်နည်းသွားမှာ သေချာတယ်''

''ဒါကြောင့် ဗုဒ္ဓက မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းတွင် နေလိုသော သူသည် ထိုဘာဝနာအလုပ်မှလွဲ၍ အခြားသော အကျိုးမဲ့ကိစ္စမျိုး နည်းနိုင်သလောက် နည်းစေရမယ်လို့ ပြောတာ၊ဘယ်လောက် နည်းစေရမလဲ၊ သိလား၊ အကုသိုလ်အလုပ်မပြောနဲ့ ကုသိုလ်အလုပ်မျိုးတောင်သတိထားရမယ်ဆိုတဲ့သဘော လယ်တီဆရာတော်ကြီး ပြောဖူးသတဲ့''

''ဘယ်လိုကွ၊ ပြောစမ်းပါအုံး''

''ကမ္မဋ္ဌာန်းဘာဝနာ ယောဂီတွေကို ဆုံးမတဲ့ စကားပါ၊ 'ဗုဒ္ဓ နုဿတိ ဘာဝနာပွားယင်းဘုရားကိုကြည်ညိုလှချည်ရဲ့ဆိုပြီး ဆန်တတင်းထချက်ပြီး ဆွမ်းတော်ကပ်တဲ့သူလို မဖြစ်ကြစေနဲ့'တဲ့၊ ကဲ....မင်း သဘောပေါက်ရဲ့လား''

''နေပါအုံး၊ ပိုပြီး ကုသိုလ်မဖြစ်ပေဘူးလား''

"ဒါနကုသိုလ်နဲ့ ဘာဝနာကုသိုလ် ဘယ်သင်းက အကျိုးပိုမလဲ၊ ဒီအထိ တွေးယူလေ"

"ဟာ....ဟုတ်ပေသားပဲ၊ ဘာဝနာအလုပ်က ထ လုပ်တော့ အရှိန်ပျက်သွားတာပေါ့"

"အဲ၊ ဒါနမှန်သမျှ၊ သရဏဂုဏ် သီလမှန်သမျှတို့ထက် နွားနို့တညှစ်စာမျှ (အချိန်ကလေး)မေတ္တာဘာဝနာက ပို၍အကျိုးကြီးကြောင်း ဗုဒ္ဓ ဟောတော်မူထားတယ်၊ ဒါကြောင့် အခြားကိစ္စဟူသမျှ နည်းနိုင်သလောက် နည်းသူဖြစ်ရမယ်လို့ဆိုတာ"

"ဟုတ်ပြီ၊ ရှင်းပြီ"

"နေအုံး၊ မရှင်းနဲ့အုံး၊ထပ်ပြောမယ်၊ တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ငယ်ဆရာရင်း စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော်ကြီးဆိုယင် နေ့ရောညပါ ဂူထဲက မထွက်ဘူး၊ ဆွမ်းပို့ချိန် အခါ ဂူဝမှာ ဆွမ်းကလေး ထားပြီး ဆရာတော်ကြားအောင် တုံးခေါက်ပြီး အသံ ပေးခဲ့ရသတဲ့၊ လူတွေ့မခံဘူး၊ ဒကာ ဒကာမတွေနဲ့တွေ့နေယင် လှူတာကိုအသူခံနေရမယ်၊ သီလပေးပြီး တလုံးစနှစ်လုံးစ တရားဟောတန် ဟောနေရအုံးမယ်၊ အဲသလောက် အပိုကိစ္စကို အလိုရှိတော်မမူဘူးတဲ့၊ ဝေဘူဆရာတော်ကြီးလဲ တိုနည်းအတိုင်းပဲ"

"ဟုတ်တယ်၊ တို့ နှစ်ခေါက်သုံးခေါက် ဝေဘူဆရာတော်ကြီးကို ကျောက်ဆည်မှာသွားဖူးကြတာ မဖူးရဘူး"

"မိုးညှင်း ဆရာတော်ကြီးကို လယ်တီ ဆရာတော်ဘုရားက ဥပဒေ(၆)ချက်ထားပြီး ဝန်ခံကတိ တောင်းသတဲ့၊ ဘာတွေလဲဆိုတော့ (၁)ဒကာဒါယိကာမတို့၏ ပင့်ဆွမ်းကို လိုက်မစားရ။

(၂)ရဟန်းခံ၊ ရှင်ပြု ပြုလုပ်ပေးခြင်း၊ အလှူအတန်းလိုက်ခြင်း မပြုရ၊ (၃)ဘုန်းကြီးပျံပွဲ၊ အစည်းအဝေးပွဲများ မလိုက်ရ၊ (၄)စကားမပြောပဲ တရားမဟောပဲ ဆယ်နှစ် အားထုတ်ရမည်၊ (၅)ဆယ်နှစ်ပြည့်မှ မိမိ၏ဉာနဥ္စသာ တရားဟောရမည်၊ (၆) အသက်ခြောက်ဆယ်ပြည့်မှသာ နယ်လှည့်ပြီး တရားဟောရမည် တဲ့။ ကဲ"

"အေး....တို့ကဖြင့် စကားပြောမယ့် ညှော့သည်တောင် မျှော်သေးတယ်"

"မင်း—ငါ့ကိုများ စောင်းပြောသလား"

"အမယ် မင်းက ကမ္မဋ္ဌာန်းထိုင်နေတာမှ မဟုတ်တာ၊ ငါလာလို့ အလုပ်မပျက်တဲ့အပြင် အလုပ်တောင် ဖြစ်နေသေး မဟုတ်လား၊ ဆောင်းပါးရေးဖို့ ရတယ်လေ"

"အေး....ဒါလဲ ဟုတ်တုတ်တုတ်ပါပဲ၊ ကဲ သလ္လဟုကဝုတ္တိကို ဆက်ကြစို့၊ သလ္လဟုက ဝုတ္တိ၊ ပေါ့ပါးသော အဖြစ်မျိုးရှိသည်လည်း။ အသ၊ဖြစ်ရာ၏။ တဲ့၊ ကဲ....တို့တတွေ ပေါ့ပေါ့ပါးပါး ရှိကြရဲ့လား"

"အား....တို့တတွေက(ဟဲဗီးဝိတ်ချန်ပီယံ) တွေပဲ့ကွ၊ ဟဲ ဟဲ ဟဲ"

"ဗုဒ္ဓဖြစ်စေဘော်မူလိုတာက ဘာဝနာကမ္မဋ္ဌာန်းပြုဖို့ ဖျတ်ဖျတ်လတ်လတ် ပေါ့ပေါ့ပါးပါး အမြဲရှိနေရမယ်တဲ့။ ဟိုဟာကို နောက်ဆံတင်း၊ ဒီဟာကို နောက်ဆံတင်း၊ နေ့ရှေ့ညရှေ့၊ ဒီကိစ္စကလေးပြီးမှ၊ အဲသလိုလုပ်နေယင် မဟုတ်တော့ဘူး"

"အေး....စွန်းလွန်းဆရာတော်ကြီးဟာ ယာထွန်ရာက နွား နှစ်ကောင်ကို ဖြုတ်လွှတ်လိုက်ပြီး အိမ်ကိုမပြန်တော့ပဲနဲ့ ကိုရင် ကြီး တန်းဝတ်ပြီး တရားထိုင်လိုက်တော့တာ ဆိုပဲ"

"ဟုတ်တယ်၊ ဒါဟာ သလ္လဟုကဝတ္ထုပဲ၊ ရာမာကရစ္စနားပုံပြင် မှာလဲ ဒါမျိုးဆန်ဆန်ပုံပြင်တခုရှိတယ်၊ တောရွာဘရွာမှာ လယ် သမားတယောက်က မှိုင်မှိုင်နေတဲ့သူ့မိန်းမကို 'ဘာဖြစ်လို့ စိတ် ညစ်နေရတာလဲ' လို့ မေးသတဲ့။ မိန်းမက သူ့ညီမရဲ့ယောကျ်ား က 'ဒီနှစ် စပါးတွေသိမ်းပြီးယင် ဘုန်းကြီးလုပ်ပြီး တောထွက် တော့မလို့တဲ့။ ဒါကြောင့် သူ့ညီမမှာလဲ တငိုငိုဖြစ်နေရတယ်၊ သူလဲ စိတ်မချမ်းသာဘူး' လို့ ပြန်ပြောတော့ လယ်သမားက အားရပါးရရယ်ပြီး၊ 'စိတ်ချ၊ နင့်ညီမယောကျ်ား ဘယ်တော့မှ တောလဲမထွက်ဘူး၊ ဘုန်းကြီးလဲ လုပ်ဖြစ်မှာမဟုတ်ဘူး၊ ငါက ဒီနေ့ပဲသွားတော့မယ်' ဆိုပြီး တခါထဲထွက်သွားပါလေရော့တဲ့ဗျ၊ အဲဒါ သလ္လဟုက ဝတ္ထုပဲ။ ဗုဒ္ဓကလဲ ရဟန်းများအဖို့ ဟောထား တယ်၊ ငှက်များဟာ အတောင်နှစ်ဘက်မှတပါး အပိုပစ္စည်းမရှိ သလို ပလိဗောဓနည်းသော ရဟန်းဖြစ်စေရမယ်တဲ့။ ငှက်များ ဟာ အသိုက်တခုမှတခုသို့ ပြောင်းလျှင် လွယ်လွယ်ကူကူ ထွက် သွားနိုင်သလို မိမိတို့လဲ ဝန်အပေါ့ဆုံး ရှိရမယ်တဲ့။ ဒါကြောင့် ရှေး ဆရာတော်ကြီးများဟာ ကျောင်းကန် ဇရပ် အဆောက် အအုံတွေကို လှူချင်ပါတယ်ဆိုပေမယ့် အပိုဖြစ်စေမယ်ဆိုယင် ရှိပြီးလောက်နဲ့ ရှောင့်ရဲပြီး ပလိဗောအဖြစ် မခံဘူး"

"အင်း....အခုကာလနဲ့တော့" —

"မင်းပြောမှ ငါသိတယ်၊ သာသနာ့ပါး ဝင်နေကြတဲ့ ဒကာ၊ ဒကာမဆိုယင် ကိုယ့်ဆရာ ရဟန်း အတွက် လောလောဆယ် အကျိုးရှိမယ့်အလှူမျိုးကို ရွေးလှူတတ်ကြတာပေါ့၊ တို့ ဒကာ၊ ဒကာမတွေကလဲ ခက်တယ်၊ ကိုယ့်အမည်နာမ ထင်ရှားမယ့် အရာဝတ္ထုဆိုယင် ပိုလှူချင်ကြတယ်လေ"

"အေး....ရွှေဘုန်းကြီးကျောင်းများ ကျောင်းတိုင် တတိုင် မှာ တိုင်ကပ်နာရီတလုံးစီ လှူထားကြတာတောင် တွေ့ဖူးတယ်၊ နာရီတွေပျက်တဲ့အချိန်ကျတော့ တချို့ ဦးပဉ္စင်းတွေ နာရီပြင် ဆရာ ဖြစ်ကုန်ပါလေရော"

"စစ်ကိုင်းချောင်က ဆရာတော်ကြီးတပါး ပြောဖူးတယ် ဆိုတာတော့ ငါတော်တော် သဘောကျခဲ့သကွ"

"ဘယ်လိုလဲ"

"အလှန် အသွားအလာခက်တဲ့ ချောင်တချောင် ပေါ့ကွာ၊ ကြည်ညိုတဲ့ သဌေးဒကာဘယောက်က ကျောင်းအရောက်ကား လမ်းဖောက်ပေးပါရစေတဲ့၊တိုက်ရိုက်ကားလမ်းပေါက်အောင် လို့ပေါ့လေ"

"အင်း....တော်တော် သဒ္ဒါဘရား ကောင်းပေသားပဲ"

"ဆရာတော်ကတော့ လက်မခံဘူး မောင်ရေ့"

"ဘာဖြစ်လို့တဲ့လဲကွာ"

"ဆရာတော် ပြောလိုက်တာက စကားလုံး နည်းနည်း ကလေး၊ 'တောကျောင်းကို မြို့လမ်းမပေါက်စေချင်ပါဘူး' တဲ့ ရှင်းပြီလား"

"ဟာ သံဝေဂ ရစရာကောင်းလိုက်တာကွာ"

"တို့တတွေကတော့ သူများသုံးတာမြင်လျှင် ဝယ်လိုက်၊ သူများဝယ်တာမြင်လျှင် ရှာလိုက်နဲ့ ကြာတော့ ပစ္စည်းအပြည့် အိမ်အပြည့် ဖြစ်ကုန်ရော၊ ဒါကိုပဲ ပြုပြုပြီး ကြွားလိုက် ရတာ၊ တော်တော်ကြာတော့ ဟိုဟာက ပျက်၊ ဒီဟာက ချွတ်ယွင်း၊ ကိုယ့်ပစ္စည်းကိုယ် တပ်မက်နေတော့ စိတ်ဆင်းရဲ ကြရတာပဲ၊ ဘုန်းတော်ကြီး ဦးသီလ အမိန့်ရှိဖူးသတဲ့" —

"ပြောစမ်းပါအုံး"

"သူ့တပည့် ရဟန်းပျိုတပါးကို ကျောင်းတကျောင်းမှာ စာအလိုက်ခိုင်းလိုက်သတဲ့။ ငါးရက်လောက်ကြာတော့ တပည့် ရဟန်းငယ်က သူ့ကျောင်းပြန်လာသတဲ့"

"ဟဲ့....မောင်ပဉ္ဇင်း၊ ဘာလို့ပြန်လာသလဲ"လို့ မေးတော့၊

"ကလတက်လုပ်ရအောင် သစ်တုံးတတုံး လိုလို့ပါဘုရား"

"ကလတက် ဘာလုပ်ဖို့တုံး"

"အရုဏ်တက် စာကျက်ဖို့နိုးအောင် ကိုရင်ကလေး တပါး အခေါက်ခိုင်းဖို့ပါ"

"အမယ် မင်း....ဗလိဗောဓ များလိုက်တာ၊ ကြက်တွေ ထ တွန်ဖို့ ဘယ်သူကများ နှိုးပေးရသတုံး မောင်ပဉ္ဇင်းရဲ့လို့ အမိန့် ရှိသတဲ့ကွ"

"ဟား....ဟား....ဟား၊ ဆရာတော်ကြီးများ အမိန့်ရှိမှဖြင့် အချက်အလက် ကျပါပေ့"

"နောက်တခု၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်မှာ တွေ့ဖူးသေးတယ်၊ လင်္ကာဒီပသီဟိုဠ် အနုရာဓမြို့သား မိတ်ဆွေနှစ်ဦး ဘောထွက်ပြီး တကျောင်းစီ တရားကျင့်နေကြသတဲ့၊ တဦးက ထုပါရုံအရပ်မှာ၊

တဦးက ပါစိနဆိုတဲ့ အရပ်မှာ၊ ငနေ့တော့ ဆွမ်းကွမ်းပေါ များတဲ့ ပါစိနအရပ်က ကိုယ်တော်က ထူပါရုံမှာ သီတင်းသုံး နေတဲ့ မိတ်ဆွေယောဂီရဟန်းဆီ တညအိပ် လာကြည့်သတဲ့၊ ထူပါရုံအရပ်က ဆွမ်းအရနည်းပြီး အလှန်ဆင်းရဲတာကို ပါစိန ကိုယ်တော်က တွေ့ရတော့ နောက်တနေ့ ဆွမ်းခံအတူထွက်ကြ ယင်း ထူပါရုံကိုယ်တော်ကို 'ပါစိနအရပ်က ဆွမ်းကွမ်းအလှန် ပေါပါတယ်၊ တရားကောင်းကောင်း အားထုတ်နိုင်တာမို့ သူနဲ့ လိုက်ခဲ့ပါ'လို့ ပြောသတဲ့။ ဒီတော့ ထူပါရုံကိုယ်တော်က 'ဒီလို ဆိုလဲလိုက်မယ်လေ၊ အနုပဲသွားကြစို့' လို့ ထူပါရုံကိုယ်တော်က ဆိုတဲ့အခါ၊ ပါစိနကိုယ်တော်က 'ဟာ....ကိုယ်တော်နှယ်၊ တပည့် တော်ရဲ့တောင်ဝှေးတို့၊ ဆိကျည်တောက်တို့၊ ဖိနပ်တို့က အရှင် ဘုရားကျောင်းမှာ ကျန်ခဲ့သေးတယ်'လို့ ဆိုလေတော့ ထူပါရုံ ကိုယ်တော်က 'ငါ့ရှင်နှယ် တနေ့မျှနေလျက် ဒီလောက်ကြောင့် ကြစိုက်စရာ ကျန်ရစ်ခဲ့ရသေးသလား'လို့ အပြစ်တင်ပြီး ပါစိန အရပ်ကို မလိုက်ဖြစ်တော့ဘူးတဲ့"

"အေး....ဒီလောက်ပလိဗောခများတဲ့ လူနဲ့လိုက်နေလို့ မဖြစ် တော့ပါဘူးလို့ ဆုံးဖြတ်လိုက်ဟန် တူတယ်နော်"

"ဒီလိုဖြစ်ပါလိမ့်မယ်၊ ဒါဟာ သလ္လဟုကဝုတ္တိ မဖြစ်နိုင်တဲ့ သာဓကပေါ့၊ မျက်စိအောက်မှာပဲ ကြုံတွေ့ရတာတွေ ရှိပါတယ်၊ ပစ္စည်းပစ္စယ အသုံးအဆောင်တွေ များသွန်းတဲ့လူဟာ ဇိမ်ခံ နေနိုင်ပေမယ့်၊ အရပ်ထဲမီးလောင်ယင် သူတကာထက်ပို ဒုက္ခ ဖြစ်ရရောမှတ်လား။ ဒါကြောင့် ဒီသဘောတရားကို သတိထား နိုင်လျှင် ရဟန်းများအတွက်သာ မဟုတ်ဘူး၊ တို့လူတွေအတွက်

ပါ အကျိုးရှိပါတယ်။ ကဲ....စကားအဆုံးသတ်ရအောင်၊ အခု ပြောတဲ့ သလ္လဟုက ဝိုတ္တိအထိ ရောင့်ရဲခြင်းဆိုတဲ့ သန္တောသနဲ့ ဆက်သွယ်မနေဘူးလား"

"ဆက်သွယ်နေတာ ထင်ရှားပြီ"

"ဗုဒ္ဓ၏တရားဟူသမျှ (စကားဟူသမျှ) ဘယ်အကြောင်း အရာ (ဂါထာ)မှ အစီအစဉ်အကျအနမရှိ (ကဘောက်ချိ ကဘောက်ချာ) ဘယ်တော့မှ မလာဘူး၊ မဟောဘူး ဆိုပါစို့။ အကြောင်းနဲ့အကျိုးကို ပုလဲကုံးများ သီထားသလို ဆက်စပ် တဲ့သီထားတာချည်းပဲ"

"ငါသဘောပေါက်အောင် ဥပမာကလေးတခု ပြပါလား"

"အား....အဲသလိုမှ ငါက ပြောအားရှိတယ်၊ ကဲ....တို့ ကြား ဖူးနားဝရှိတာကိုပဲပြမယ်၊ (လောဘ၊ ဒေါသ၊ မောဟ)ဒီစကား သုံးလုံးပဲ တို့ဥဒ်းစား၊ ကဲ....တို့စကားနဲ့ပြောမယ်၊ (လောဘ ကြောင့် ဒေါသဖြစ်ရတာ၊ လောဘမရှိယင် ဒေါသက ပေါ်မ လာဘူး၊ အဲ ဒေါသဖြစ်လာယင် မောဟဖြစ်လာရော) အဲသည့် နောက်ဆုံး စကားဖြစ်တဲ့ မောဟကို ဗုဒ္ဓက အရင်းခံထားပြီး ပြောချင်တာ၊ ဒါကြောင့် ဗုဒ္ဓ၏တရားသည်အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသည် လို့ အဋ္ဌကထာဆရာကြီးများက သြချ ချီးကျူးမကုန်ကြတာ ပေါ့။ ဟော....နောက်တခါ ပြန်ဆက်ကြည့်၊ အခုန အဆုံးသတ် တဲ့မောဟ၊ အဲသည် မောဟကြောင့်ပဲ လောဘမကုန်ကြတာ ပေါ့၊ မောဟကင်းယင် လောဘရယ်လို့ ဖြစ်မလာဘူး"

"ကောင်းကောင်း မရှင်းသေးဘူးကွ"

"ဟား....မင်းကို ငါ ဒီနေ့ အထင်ကြီးသွားပြီ"

"ဒီလိုတော့ (မသရော်)ပါနဲ့ကွာ၊ မရှင်းလို့ မရှင်းဘူးပြောတာ၊ ညံ့တယ်ပြောလဲပြောပေါ့"

"အို....သူငယ်ချင်း၊ မင်းကို ညံ့တယ်လို့ မပြောပါဘူး၊ တကယ် အထင်ကြီးလို့ ချီးမွမ်းတာပါ၊ ငါ့သဘောနဲ့ ထပ်တူထပ်မျှဖြစ်နေလို့ ကျေနပ်လိုက်တာပါ၊ အကြောင်းကို ပြောမယ်နော်၊တကယ်အလေးထားပြီးလိုက်စားတဲ့အကြောင်းအရာတရပ်အပေါ်မှာ သင်ယူ၊ လေ့လာ၊ ဆွေးနွေး၊ ကျင့်ကြံတဲ့ အခါမှာ ဟန်မဆောင်နဲ့၊ သိန်မဆယ်နဲ့၊ မရှက်နဲ့၊ မကြောက်နဲ့ အောက်ကျတယ် မထင်နဲ့၊(စာမဲ့တတ်လျှင် လမ်းမှာဖတ်)ဆိုတာ အပေါ့ယိက စကားမဟုတ်ဘူး၊ သူတော်ကောင်းပညာရှိ ဆရာမျိုးက မှားနေမှန်းသိမှ ပြင်ပေးနိုင်ကြတာ၊ စေတနာ ထားကြတာ၊ ဟန်ဆောင်သိန်ဆယ်ပြီး နားလည်သလိုလို ဖြီးဖြန်း နေသရွေ့ကာလပတ်လုံး ဆရာကောင်း ဆရာမွန်ထံက အမှားကို ပြင်ပေးတာ ခံရမှာ မဟုတ်ဘူး၊ အခုလိုပြောတော့ ငါက မင့်ကို ဆရာကြီးတဆူ အနေနဲ့ ပြောနေသလိုလို ထင်စရာ ဖြစ်နေအုံးမယ်၊ ဒီလို မဟုတ်ဘူး၊ သင်တန်းသားချင်း အတူတူမှာ မင်းက ခဏခဏ ကျောင်းပျက်နေလို့ ကျန်ရစ်ခဲ့တဲ့ သင်တန်းစာတွေ၊ ဆရာ့လက်ချာတွေ ပြန်ပြောပြနေတယ်လို့ သဘောထားပါ၊ ဟုတ်ပလား"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ တကယ် ကျေးဇူးတင်ပါတယ်"

"ကဲ....ဒီလိုဆိုယင် စကားစပ်မိအောင် မြတ်ဗုဒ္ဓက တရားဟောတော်မူတဲ့ အခါတိုင်းမှာ အကျိုး(ရသ) အသီးသီး ခံစားနိုင်ကြပုံက စရှင်းမယ်၊ကဲ....မင့်ကိုပဲ ငါမေးမယ်၊ ဗုဒ္ဓမြတ်စွာဟာ ပညာရှိကြီးတွေကိုမှ ကန့်သတ်ပြီး တရားဟောတော်မူသလား"

"အားလုံးသော သတ္တဝါတွေကို ဟောတာပေါ့"

"အားလုံးသော ဆိုတဲ့အထဲမှာ ပညာရှိရော၊ ပညာမဲ့ရော၊ အမျိုးကောင်းရော၊ အမျိုးညံ့ရော၊ တိုင်းရင်းသားရော၊ တိုင်းတပါးသားရော၊ လူရော၊ နတ်ရော၊ တခါတလေ တိရစ္ဆာန်ရော ဟောတော်မူတာ မဟုတ်လား"

"ဟုတ်တယ်"

"ပရိသတ် ဘယ်လောက်များလို့ ဘုရားနဲ့ ဘယ်လောက်ဝေးဝေး တရားကိုသာ အာရုံစိုက်ထားယင် ဟောသမျှ စကားတော်ကို ခုနစ်လံအကွာက ဟောနေသလို သဲသဲကွဲကွဲ ကြားနေရတယ်ဆိုတာ မင်း ဖတ်ဖူးသလား"

"ဒါတော့ ဖတ်ဖူးတယ်"

"ယုံကော ယုံရဲ့လား"

"လောက်စပီကာတွေ၊ ရေဒီယိုတွေ ပေါ်နေတဲ့ခေတ် ကို ရောက်နေရပြီဟာ ပိုပြီး ယုံလာတာပေါ့"

"အေး....အဲသလို စဉ်းစားပြီးမှ ယုံတာကောင်းတယ်၊ ကဲ....နောက်တခု ပညာရှိရော၊ ပညာမဲ့ရော၊ တိုင်းရင်းသားရော၊ တိုင်းခြားသားရော၊ လူရော၊ နတ်ရော၊ တိရစ္ဆာန်ပါ အားလုံး နားလည်ကြတယ်ဆိုတာကောကွာ"

"အဲဒါလဲ တို့ခေတ် ကုလသမဂ္ဂ အစည်းအဝေးကြီးတွေမှာ ပြောကြတဲ့ မိန့်ခွန်းတွေလို သူ့ဘာသာနဲ့ (ထရန်စလိတ်) ဘာသာပြန်ပြီး ဖြစ်ကုန်လို့ ဖြစ်မှာပေါ့"

"ဟား၊ ကျေနပ်ပြီ၊ မင့်ကိုငါ ကျေနပ်သွားပြီ၊ ကျေးဇူးတင်ပါတယ်ကွာ၊ ကဲ အဲသလို ယုံစရာ ဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်(ပညာ)ကို ဆရာတော်ကြီးများ ဖွင့်ဆိုထားတာနဲ့ ညှိကြည့် [စရဏတရား တဆယ့် ငါးပါးတို့ကို၊ အားသစ် ကျင့်ဆောင်တော်မူသဖြင့် သယမ္ဘူဘကာ၊ ပြည့်စုံရသော၊ နာနာကုလတို့၏၊ ဝေါဟာရသဒ္ဒာအနက်ကို၊ အချက်ကျသိနိုင်သော၊ အတ္ထပဋိသမ္ဘိဒါ (ဘာသာစကားတိုင်းကို တတ်တော်မူတာ)၊ ဝါစာဂီရတ်၊ နုတ်သံလွတ်ဟ၊ ဇာတ်တူတူ မတူတူ၊ ဘာသာဟူသမျှ၊ ကေန္တသိနိုင်သောဓမ္မပဋိသမ္ဘိဒါ]တဲ့၊ အဲဒါကို တို့စကားနဲ့ တို့နားလည်အောင် (စကားကြီး စကားကျယ်၊ ကိန်းကြီးခမ်းကြီး ခန့်ညားမှုကိုအပထား) တို့စကားနဲ့ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်အောင် စဉ်းစားကြည့်ယင်း မြန်မာက နားထောင်ယင် မြန်မာစကားနဲ့၊ အင်္ဂလိပ်က နားထောင်ယင် အင်္ဂလိပ်စကားနဲ့၊ ကုလားကနားထောင်ယင် ကုလားစကားနဲ့၊ တရုတ်ကနားထောင်ယင် တရုတ်စကားနဲ့ နားလည်သဘောပေါက်ကြမယ်၊ ဒီလိုမှတ်လား"

"ဒီလို ဖြစ်ရမှာပေါ့"

"ဒါဖြင့် တိရစ္ဆာန် နားလည်တာကကောကွာ"

"အား....၊ တိရစ္ဆာန်စကားနဲ့၊ အဲ....ဘာသာပြန်ပြီးသား ကြားလို့ဖြစ်မလား"

“ယုံလိုက်စမ်းပါ သူငယ်ချင်း၊ဒီအတိုင်းဖြစ်ရမှာပါ။မင်းတို့ ငါတို့ဟာ ဒီအသက်အရွယ်၊ ဒီအသိပညာနဲ့ ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည် ကြည်ညိုပြီးသွားပါ။ ဗုဒ္ဓကို မမီလိုက်ရပေမယ့် ဗုဒ္ဓကိုယ်တော်အပေါ်မှာ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ သံသယ ဝိစိကိစ္ဆာ လုံးဝမရှိတာ ရဲရဲပြောဝံ့နေပါတယ်။ ဓမ္မအပေါ်မှာ ကိုယ်မမီသေးသည့်တိုင်အောင် အစစ်အမှန်ဆိုတာ မှဲ့တပေါက်မျှ မစွန်း၃ပြောက် ယုံပြီးသွားပါ။ သံဃာဆိုတာရော ထိုနည်းရင်းပဲ မှတ်လား။တို့ ဆွေးနွေးနေကြတာ တကယ့်ကို လိုလိုချင်ချင် ရှိကြတာမို့ တို့ နားလည်အောင် တို့စကား၊ တို့အယူအဆ၊ တို့အဆင့်လောက်နဲ့ တို့ ကြည်ညို နေကြတာကို ရဲရဲ ဟာဝန်ယူလိုက်စမ်းပါ။ တကယ်လို့ ငါသာနောင်ပွင့်မယ့် အရိမေတ္တေယျ ဘုရားသခင်လက်ထက်မှာ ညာတာပါတေးလူ ဖြစ်မလား၊ ဓမ္မတရားကို နားလည်တဲ့ တိရစ္ဆာန်ဖြစ်မလားလို့ မေးယင် ညာတာပါတေးလူတော့ မဖြစ်ချင်ဘူး၊ ဓမ္မတရားကို သိတဲ့ တိရစ္ဆာန်ပဲဖြစ်ချင်တယ်လို့ ဖြေမှာပဲ”

“ငါသဘောပေါက်ပါတယ်၊ မင်းပြောချင်တာငါသိပါပြီ”

“တို့တတွေဟာ တိရစ္ဆာန်တွေထက် နည်းနည်းသာ သာတဲ့ လူရိုင်းတွေပါ (မွေသဘောနဲ့ပြောရယင်လေ)။ဒီတော့ လူရိုင်းအဆင့်လောက်ကို(နိမ့်ဆင်းပြီး) ဓမ္မပညာပေးတဲ့ စကားတွေကို ကြားချင်နေတယ်၊စာတွေဖတ်ချင်နေတယ်၊ ဟန်ဆောင်ယင်းနဲ့၊ သိက္ခာဆည်နေယင်းနဲ့ သေကြရတော့မှာက နီးနီးကလေး ရှိတော့တယ်”

“......................................................”

"ဟော့ကောင် ဘာငိုင်နေတာလဲကွ၊ တခုခုပြန်ပြောပါအုံး"

"မင်းပြောတာ ငါ ဝမ်းနည်းနေလို့ပါကွာ၊ ငါလဲ မင်း ပြောတဲ့အတိုင်းပဲ၊ မင်းပြောခဲ့ဖူးတာ ငါ မှတ်မိတာ ရှိပါတယ်၊ ဘုရားကိုယ်တော်မြတ်ဟာ သတ္တဝါတို့ရဲ့ အာသယာနုသယနဲ့ ဣန္ဒြိယကို သိတော်မူတယ်ဆိုတာ။ တို့ရဲ့ ဣန္ဒြေနုရင့်ကို မြင်တော်မူပြီး တို့ရဲ့အာသယာ နုသယနှင့် ကိုက်ညီအောင် ဟောချွတ်နိုင်တယ် ဆိုတာလေ၊ ဗုဒ္ဓကို မမီလိုက်တာ နာလိုက်လေခြင်း"

"အေးပေါ့၊ ဒါတွေက သမ္မာသမ္ဗုဒ္ဓမှ ရှိတော်မူတဲ့ အာသာ ဓရ ဉာဏ်တော်လေ၊ ကဲ ဒီတော့ ဒီလိုလုပ်ကြစို့လားသူငယ်ချင်း"

"ဘယ်လိုလဲ"

"ထီအပေါက်တိုင်း ထီလက်မှတ် တစောင်တော့ ဝယ်ထား၊ ပေါက်ချင်လဲပေါက်မယ်၊ ပေါက်ပါလိမ့်မယ်လို့လဲ ဘယ်သူကမှ တာဝန် ယူကြမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ထီလက်မှတ် တစောင်မှ မရှိတဲ့လူအဖို့တော့ ပေါက်ဖို့လမ်းကို မရှိဘူး၊ ဟုတ် လား"

"မင်းပြောတာလေ၊ တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ် ဖြစ်ရမယ်၊ ဒီလိုကော"

"မင်းပြောမှ ငါ ပြန်ရှင်းပြမယ်၊ ဒီစကားကို ငါက ပေါ့ပေါ့ ေ◌းသေး ဓမ္မလက်လွတ် ပြောခဲ့တာ မဟုတ်ဘူးကိုရင်၊ ဗုဒ္ဓဝင်နဲ့ ဗုဒ္ဓစရိယအတိုင်း ပြောခဲ့တာ"

"◌းလည်အောင် ရှင်းပါအုံး"

"ဗုဒ္ဓဝင်မှာ 'စိန္တိတံ သတ္တသခ်ျေယျံ၊ နဝသချေ ၀ါစကံ'တဲ့၊ ဗပါလို ရှင်းရှင်းပြောကြစို့ကွာ၊ ဘုရားဖြစ်ချင်လှချည်ရဲ့လို့

တောင့်တဘော် မှုနေရာဘာက ခုနစ်သခေျ်ာ၊ နှုတ်ကဖွင့်ပြီး ဆုတောင်း နေရတာက ကိုးသခေျ်ာ၊ ကိုယ်နှုတ်နှလုံး ကာယကံမြောက် ပါရမီ ဖြည့်တော်မူရတာက လေးသခေျ်ာတဲ့၊ ဒါကို အချိန်ဇယားနဲ့ ချကြည့်၊ ဖြစ်ချင်ပါတယ်လို့ တောင့်တတဲ့ အချိန်က ကာယကံမြောက် လုပ်တဲ့အချိန်ထက် ပိုမနေဘူးလား၊ များမနေဘူးလား''

''သုံးသခေျ်ာတောင် ပိုများနေတာပေါ့''

''အဲဒါကိုစဉ်းစား၊ တကယ်ဖြစ်ချင်တဲ့စိတ်က များလာယင် တကယ်လုပ်တဲ့အခါကျတော့ လွယ်လာတဲ့သဘော၊အစကတည်းက တကယ်မှ မဖြစ်ချင်ယင်တော့ ဘယ်နှစ်သခေျ်ာလုပ်လုပ်ဖြစ်မှာ မဟုတ်ဘူး ဆိုဘာ ပေါ်မနေဘူးလား။ ဒါကြောင့် တကယ်ဖြစ်ချင်ဆိုဘဲ့ စကားလုံးကို ဖြုတ်လို့ကို မရနိုင်ပါဘူး သူငယ်ချင်းခင်ဗျား''

''မင်း ပြောသလိုဖြင့် ကိုးသခေျ်ာလောက် ကြာအောင်လဲ ဆုတောင်းနေရမှာပေါ့''

''ဟုတ်တယ်၊ ကြာစမ်းပါစေ၊ တကယ် ဖြစ်ချင်တဲ့စိတ်က အရင်းခံပြီဆိုယင် ဆုတောင်းနှုတ်မြွက်၊ ဆွေးနွေး (ဝါစကံလို့ ဆိုဘာကိုးကွ)၊ အကြံယူ စကားများများပြောကြပေါ့။အဲသည့် နှစ်ချက် ပိုင်ပြီဆိုယင် အချိန်တိုတိုနဲ့ ကာယကံမြောက်လုပ်ရုံပဲ၊ ဖြစ်ကရော၊ ကဲ.... တို့နှစ်ယောက်လဲ 'နဝသခေျ်ာဝါစကံ' ဖြစ်နေပြီ၊ နားလိုက်ကြအုံးစို့''

* * *

# မေတ္တသုတ် (၄)

"အမယ် ဒီနေ့တော့ စောလှပါလား သူငယ်ချင်း"

"စောဆို.... လမ်းလျှောက်ရာက ဝင်ခဲ့တာပဲလေ၊ အချိန် များများ ရတာပေါ့၊ လမ်းလျှောက် ယင်းတောင် အရင် အပတ်က တရားတွေ ပြန် စဉ်းစားမိသေးတယ်၊ ကဲ....ဒီနေ့ သန္တိန္ဒြိယောကို ဆက်ကြရအောင်။ သန္တိန္ဒြိယောစ၊ ငြိမ်သက် သောဣန္ဒြေရှိသည်လည်း။ အသ၊ဖြစ်ရာ၏။ ဒါက မျက်စိ၊နား၊ နှာ၊လျှာ၊ကိုယ်၊စိတ်ဆိုတဲ့ အာရုံခြောက်ပါးကို ထိန်းသိမ်းနိုင်ရ မယ်လို့ ပြောတာမှတ်လား"

"ဟုတ်ပါဘယ်၊ ဒါပေမယ့် အပြောသာ လွယ်မယ်၊ အလုပ် မလွယ်တဲ့အဆင့်ကို ရောက်လာပြီလို့ သတိလဲထားအုံး ကိုရင်"

"ဘယ်လိုမလွယ်ာလဲ"

"ဘယ်လို မလွယ်တာလဲ ဆိုယင် တို့ ဆွေးနွေးခဲ့ကြတဲ့ သက္ကောစမှ သလ္လဟုကဝုတ္တိအထိတရားက သီလပိုင်းသက်သက်။

အခုသန္တိန္ဒြိယော ဆိုတာက သမာဓိကို ထူထောင်ရမယ့်အဆင့် သီလပိုင်းဖြစ်လာလို့ပေါ့။တို့ပြောနေကြတယ် မှတ်လား၊သီလ၊ သမာဓိ၊ပညာဆိုတဲ့ စကားလုံးတွေလေ၊ သီလထက် သမာဓိက အဆင့်မြင့်တယ်၊ သမာဓိထက် ပညာက ပိုမြင့်တယ်။ဒါကြောင့် သဘောချင်းလဲမတူတော့ဘူး၊ အသုံးအနှုန်းကိုပဲကြည့်၊သီလကို (စောင့်ထိန်းတယ်)၊ သမာဓိကို (ထူထောင်တယ်)၊ ပညာကို (ဆင်ခြင်တယ်)။ဒါကြောင့် သန္တိန္ဒြိယ ဆိုတာ (သန္တ၊ငြိမ်သက်ခြင်း။ ဣန္ဒြိယ၊ဣန္ဒြေ။ ဣန္ဒြေကို ငြိမ်သက်စွာ စောင့်ခြင်း)။ သမာဓိကိုထူထောင်ရမယ့် သီလ၊ သမာဓိအလုပ်ဆိုတာ စိတ်ရဲ့ အလုပ်၊ ဣန္ဒြေခြောက်ပါးကို ငြိမ်သက်စေတာက စိတ်ပဲ၊ ဖောက်ပြန် လှုပ်ရှားစေတာလဲ စိတ်ပဲ၊ ကိုယ်ကျင့်တရားသီလ ထက် ကိုယ့်စိတ်ကို ကိုယ်သိဖို့၊ ထိန်းဖို့၊ လမ်းပြောင်း ပေးဖို့က မလွယ်ဘူး၊ ဒါကြောင့် သမာဓိပိုင်းက သီလပိုင်းထက် ပိုခက် လာပြီလို့ ပြောတာ''

''အင်း.... စိတ်ကို ဘောဆင်ရိုင်းနဲ့ ဥပမာ ပြုကြတယ်၊ မျောက်နဲ့လဲ နှိုင်းကြတယ်၊ အရူးနဲ့လဲ ဥပမာပေးကြတယ်နော်''

''အဲသည့် ဥပမာတွေကို တခုချင်းခွဲကြည့်ဖူးရဲ့လား''

''ဘယ်လို ခွဲကြည့်ရမှာလဲ၊ တခုချင်းတော့ သတိမထားမိ ပါဘူး၊ ထိန်းရခက်တယ်ဆိုတဲ့ သာမညသဘောပဲ မှတ်လိုက် မိတယ်''

''ခွဲကြည့်ယင် ပိုပြီးအဓိပ္ပာယ်တွေပေါ်လာမှာပေါ့၊ဒီတော့ တို့ ခွဲကြည့်ရအောင်။ဆင်ရိုင်းကိုချွန်းအုပ်လို့မရသလို စိတ်ကိုလဲ (ပညာနဲ့သာမဟုတ်ယင်) ချွန်းအုပ်လို့မရနိုင်အောင် တင့်တိုး

လုပ်တတ်တဲ့သဘော။ တို့ဗမာစကားပုံတောင် ရှိတယ်မှုက်လား၊ ဆင်ကန်းတောတိုး ဆိုတာလေ။ အဲ မျောက်များဟာ အငြိမ် မနေကြသလို၊ ဟိုခုန် ဒီခုန်၊ ဟိုအပင်ကူး သည်အပင်ကူး၊ ဆော့ တတ်သလို စိတ်ဟာလဲ ဟိုရောက်ဒီရောက်၊ ဟိုကူးဒီကူး၊ ဖြစ်နေ တတ်တယ်။ အရူးများဟာ ကိုယ့်အကျိုး၊သူတပါးအကျိုး မသိ ကြဘူး။ ဖြစ်လာမယ့်အန္တရာယ်ကိုလဲ မစဉ်းစားဘူး၊ ဘာလုပ် ခဲ့လို့ ဘာပြောခဲ့တယ် ဆိုတာလဲ မမှတ်မိနိုင်ဘူး၊ အရှက် အကြောက် ဟိရိသြတ္တပ္ပလဲ မရှိဘူး။ စိတ်ဆိုတာလဲ ဤလက္ခဏာ တွေ အတိုင်းပဲ။

"အင်း.... ဗုဒ္ဓကိုယ်တော်ဟာ ဥပမာကို သူ့နေရာနှင့်သူ (အထာကျအောင်)ဥပမာပေးတော်မူတတ်ပါပေရဲ့။ ဒါကြောင့် လဲ စကားအရာမှာ သုဂတဂုဏ်တော်ကြီးနဲ့ ချီးကျူးကြရတာပဲ။ အခုလဲ တခုချင်းခွဲကြည့်လိုက်တော့မှ စိတ်၏ပရိယာယ်တွေ ပိုသိ လာတယ်။

"လယ်တီ ဆရာတော်ဘုရားကြီး အမိန့်ရှိတော် မူခဲ့တာလဲ မှတ်စရာသိပ်ကောင်းတယ်"

"ဖောက်သည် ချစမ်းပါအုံး"

"ဗိုလ်ကုန်း ဆရာတော်ကို လယ်တီဆရာတော်က တရား ဟောပုံကို ဓမ္မာစရိယဦးဌေးလှိုင်က ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာအုပ်မှာ ဒီလိုဖော်ပြထားပါတယ်"

"ဗိုလ်ကုန်းဆရာရေ၊ပုံရိုင်းရိုင်းပြောရယင်တော့ စိတ်မနှံ့တဲ့ လူတယောက်ဟာ ပညာ၊ စီးပွား မရှာနိုင်တဲ့အပြင် တတ်သိ

ထားတဲ့ ပညာတွေ၊ စည်းစိမ်ဥစ္စာ တွေဟာ သူ့အတွက်ရော၊ သူများအတွက်ပါ တယ်ပြီးအသုံးမဝင်သလိုပဲ။

“လောကမှာ ခြေလက်မနိုင်တဲ့လူ၊ နှုတ်မနိုင်တဲ့လူ၊ အဲသည့်လူတွေဟာ ခြေနဲ့ လက်နဲ့၊ နှုတ်နဲ့ လုပ်ရမယ့်အလုပ်ကို အကျိုးပြီးအောင် မလုပ်နိုင်ကြသလို၊ စိတ်မနိုင်တဲ့လူလဲ သည်အတိုင်းပဲ။

“စိတ်နဲ့လုပ်ရမယ့် အလုပ်မှာ အကျိုးပြီးအောင် မလုပ်နိုင်ကြဘူး။ (ဣတိပိသော)တပုဒ်ဆုံးအောင်ပင် ဘုရားဂုဏ်တော်၌ စိတ်စိုက်ပြီး မထားနိုင်ကြဘူး။ မထားနိုင်ယင် ပဋ္ဌာန်ကတ်သုံးပုံဆောင်နိုင်အုံးတော့ အကျိုးမပြီးဘူး။ စိတ်ကိုမနိုင်တဲ့သူကိုအရူးလို့ခေါ်တယ်မဟုတ်လား၊အဲ အရူးဟာ သူ့စိတ် သူမနိုင်တော့ ထမင်း တပန်းကန်ကိုပင် ပြီးအောင် မစားနိုင်ဘူး၊ ဖျက်ဆီးချေမှုပြီး ထချင် ထသွားတယ်၊ စိတ်အလုပ်ဖြစ်တဲ့ ဘာဝနာအလုပ်ကျမှ ဗိုလ်ကုန်းဆရာတို့ တပည့်တော်တို့ဟာ ကိုယ့်ထမင်းကိုယ်ပြောင့်ပြောင့်မစားနိုင်တဲ့ အရူးလိုပဲဆိုတာ ပေါ်တော့တယ်။

“တနည်းအားဖြင့်ပြောရယင် စိတ်မနိုင်တဲ့လူဟာ ပဲ့မနိုင်တဲ့လှေသူကြီးနဲ့တူတယ်၊ အချိန်မရွေး မြုပ်သွားနိုင်လောက်အောင် ဝေးလံတဲ့ဝန်တွေဘင်ပြီး စုန်ဆင်းလာတဲ့လှေသူကြီးဟာ ပဲ့ကို မနိုင်လေတော့ အစီးထန်တဲ့ရေဝဲမှာ ရေဆွဲသလိုခံပြီး မျောရတယ်။ ညဥ့်အခါ ကမ်းစဉ်တလျှောက်လဲ ဘာမှမမြင်ရသလို သံသရာဝဲထဲမှာ ဘုရားမပွင့်တဲ့ သုညကမ္ဘာကြီးတွေနဲ့ တိုးရ။ နေ့အခါဖြစ်လို့ ဆိပ်ကမ်းတလျှောက် သာယာတာကို မြင်ရပြန်တော့လဲ ပဲ့မနိုင်လို့ကပ်မရ။ မျှော်ကာကြည့်ကာ ချီးမွမ်းကာနဲ့

သမုဒ္ဒရာကဲ့မျောပါသွားရသလိုဆိပ်ကမ်းသာတဲ့ သာသနာတော်ကြီးကို တွေ့ရ မြင်ရပေမယ့် သမထဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်၊ သာသနာကိုကြည်ညိုတဲ့ ဘုရားဒကာ၊ ဘုရားအမ၊ သာမညရဟန်း၊ စာတတ်ရဟန်း၊ တံဆိပ်တော်ရရဟန်းဘဝလောက်နဲ့ သုညကမ္ဘာသံသရာပြင်ကြီးမှာ လွင့်ကာလွင့်ကာ မျောပါနေကြတာပဲ” အဲသည်လို လယ်တီဆရာတော်ကြီးက အမိန့်ရှိတော်မူသတဲ့။

“အင်း.... တို့တတွေ အလှန်သံဝေဂရဖို့ ကောင်းပါတယ်ကွာ”

“ဓမ္မပဒမှာ စိတ်ကို ဥပမာတင်စားပြီး ဟောထားတာတွေရှိသေးတယ်။

“စိတ်သည် ရုပ်တရား နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူးဖန်တီးသူဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာသော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း လှည်းဘီးသည် နွား၏ခြေရာနောက်သို့လိုက်သကဲ့သို့ ဆင်းရဲခြင်းသည်ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေသည်။

“မြားသမားသည် မြားကိုဖြောင့်အောင် ပြုသကဲ့သို့၊ တုန်လှုပ်ထသော၊ ပြောင်းလဲထသော၊ ထိန်းသိမ်းရန် ခဲယဉ်းထသော၊ တားမြစ်ချုပ်တည်းရန် ခက်ခဲထသောစိတ်ကို ပညာရှိသည် တည့်မတ်ဖြောင့်စင်းအောင် ပြု၏။

“အဝေးအာရုံသို့ သွားတတ်ထသော၊ တဦးတည်း ကျက်စားလေ့ရှိထသော၊ အကောင်အထည် မရှိထသော၊ နှလုံးတည်းဟူသောလိုဏ်ဂူ၌တည်ရာရှိထသောစိတ်ကို စောင့်စည်းချုပ်တည်း

နိုင်သေး၊ သူတို့သည် မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့”

“အဲဒါ မြန်မာပညာရှိကြီး ဦးဖိုးလတ် ဘာသာပြန်ထားတဲ့ (မြန်မာလို ဓမ္မပဒ) ကျမ်းထဲက မင့်ကိုပြောတာ၊ သည့်ပြင် အများကြီးရှိသေးတယ်”

“ဗုဒ္ဓတရားတော်ကတော့ ရှင်းနေတာပဲ၊ တို့ကသာ အာရုံမထားတာနေ့”

“မင်း....အီတာလျံဘုန်းတော်ကြီးဦးလောကနာထကိုကြား —ဖူးသလား”

“ကြားဖူးသားပဲ၊ လောကဓာတ်ပညာ ဒေါက်တာလေ”

“အဲသည့်ပုဂ္ဂိုလ်ကြီးဟာ ဓမ္မပဒကျမ်းကို ဖတ်မိတာနဲ့ ဗုဒ္ဓဘာသာ ရဟန်းတော် ဖြစ်လာတာ။ တို့မှာဖြင့် ကျမ်းစာအုပ်တွေ အခေါက်ခေါက် အခါခါဖတ်လို့ စာအုပ်တွေပဲ စုတ်ပြဲကုန်ပြီ၊ သံဝေဂမရနိုင်သေးဘူး”

“တို့နဲ့ မနိုင်းပါနဲ့ဆို၊ တို့က ကျပ်ပါးစောင်းတီးတွေပဲ၊ အမယ်ဒီအဘဲ တို့က ဆုတောင်းလိုက်ကြသေးတယ် ခင်ဗျ။ ‘စိတ်သာတိုင်းကိုယ်ပါလို့ လိုရာရောက်ပါစေ’တဲ့၊ တို့တောင်းတဲ့ဆု —မျိုးသာ ပြည့်လိုက်ယင် မုဒိမ်းမှုတွေရော၊ လုယက်မှုတွေရော၊ နှိပ်စက်တာတွေ၊ လူသတ်ပွဲကြီးတွေနဲ့ ကမ္ဘာမှာ သွေးချောင်းစီးကန်ကြမှာနေ့”

“ဟာ... သေချာတာပေါ့၊ ‘ပါပသ္မိံ ရမတေ မနော’ လို့ ဘုရားဟောထားတာပဲ၊ စိတ်ဆိုတာက မကောင်းတာမှ မွေ့လျော်တတ်တာ။ သမာဓိ ပညာမရှိတဲ့ တို့လိုလူမျိုးများ မင်း

သမုဒ္ဒရာကဲမျောပါသွားရသလိုဆိပ်ကမ်းသာတဲ့ သာသနာတော်ကြီးကို တွေ့ရ မြင်ရပေမယ့် သမထဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်၊ သာသနာကိုကြည်ညိုတဲ့ ဘုရားဒကာ၊ ဘုရားအမ၊ သာမညရဟန်း၊ စာတတ်ရဟန်း၊ တံဆိပ်တော်ရရဟန်းဘဝလောက်နဲ့ သုညကမ္ဘာသံသရာပြင်ကြီးမှာ လွင့်ကာလွင့်ကာ မျောပါနေကြတာပဲ'' အဲသည်လို လယ်တီဆရာတော်ကြီးက အမိန့်ရှိတော်မူသတဲ့။

''အင်း.... တို့တတွေ အလှန်သံဝေဂရဖို့ ကောင်းပါတယ်ကွာ''

''ဓမ္မပဒမှာ စိတ်ကို ဥပမာတင်စားပြီး ဟောထားတာတွေရှိသေးတယ်။

''စိတ်သည် ရုပ်တရား နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူးဖန်တီးသူဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာသော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း လှည်းဘီးသည် နွား၏ခြေရာနောက်သို့လိုက်သကဲ့သို့ ဆင်းရဲခြင်းသည်ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေသည်။

''မြားသမားသည် မြားကိုဖြောင့်အောင် ပြုသကဲ့သို့၊ တုန်လှုပ်ထသော၊ ပြောင်းလဲထသော၊ ထိန်းသိမ်းရန် ခဲယဉ်းထသော၊ တားမြစ်ချုပ်တည်းရန် ခက်ခဲထသောစိတ်ကို ပညာရှိသည် တည့်မတ်ဖြောင့်စင်းအောင် ပြု၏။

''အဝေးအာရုံသို့ သွားတတ်ထသော၊ တဦးတည်း ကျက်စားလေ့ရှိထသော၊ အကောင်အထည် မရှိထသော၊ နှလုံးတည်းဟူသောလိုဏ်ဂူ၌တည်ရာရှိထသောစိတ်ကို စောင့်စည်းချုပ်တည်း

နိုင်သော၊ သူတို့သည် မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့”

“အဲဒါ မြန်မာပညာရှိကြီး ဦးဖိုးလတ် ဘာသာပြန်ထားတဲ့ (မြန်မာလို ဓမ္မပဒ) ကျမ်းထဲက မင့်ကိုပြောတာ၊ သည့်ပြင်အများကြီးရှိသေးတယ်”

“ဗုဒ္ဓတရားတော်ကတော့ ရှင်းနေတာပဲ၊ တို့ကသာ အာရုံမထားထာနေ”

“မင်း....အီတာလျံဘုန်းတော်ကြီးဦးလောကနာထကိုကြား —ဖူးသလား”

“ကြားဖူးသားပဲ၊ လောကဓာတ်ပညာ ဒေါက်တာလေ”

“အဲသည့်ပုဂ္ဂိုလ်ကြီးဟာ ဓမ္မပဒကျမ်းကို ဖတ်မိတာနဲ့ ဗုဒ္ဓဘာသာ ရဟန်းတော် ဖြစ်လာတာ။ တို့မှာဖြင့် ကျမ်းစာအုပ်တွေ အခေါက်ခေါက် အခါခါဖတ်လို့ စာအုပ်တွေပဲ စုတ်ပြဲကုန်ပြီ၊ သံဝေဂမရနိုင်သေးဘူး”

“တို့နဲ့ မနိုင်းပါနဲ့ဆို၊ တို့က ကျွဲပါးစောင်းတီးတွေပဲ၊ အမယ် ဒီအထဲ တို့က ဆုတောင်းလိုက်ကြသေးတယ် ခင်ဗျ။ ‘စိတ်သာတိုင်းကိုယ်ပါလို့ လိုရာရောက်ပါစေ’တဲ့၊ တို့တောင်းတဲ့ဆု —မျိုးသာ ပြည့်လိုက်ယင် မုဒိမ်းမှုတွေရော၊ လုယက်မှုတွေရော၊ နှိပ်စက်တာတွေ၊ လူသတ်ပွဲကြီးတွေနဲ့ ကမ္ဘာမှာ သွေးချောင်းစီးကုန်ကြမှာနေ”

“ဟာ... သေချာတာပေါ့၊ ‘ပါပသ္မိံရမတေ မနော’ လို့ ဘုရားဟောထားတာပဲ၊ စိတ်ဆိုတာက မကောင်းတာမှ မွေ့လျော်တတ်တာ။ သမာဓိ ပညာမရှိတဲ့ တို့လိုလူမျိုးများ မင်း

ပြောတဲ့ ဆုမျိုးရလိုက်ယင် ကမ္ဘာကြီး ပျက်စီးသွားမှာပေါ့။ လောကီ အဘိညာဉ်ကလေးရတဲ့ ဒေဝဒတ်ကို ကြည့်လေ၊ အခွင့်အရေးရအောင် အဇာတသတ်ကို စိတ်ဘန်ခိုးနှင့် နဂါးယောင်ဖန်ဆင်းပြီး သိမ်းသွင်းခဲ့တာမှတ်လား''

''ဟုတ်လိုက်လေဗျာ၊ ဣန္ဒြေခြောက်ပါး အကုန်မပြောနဲ့၊ စက္ခုဣန္ဒြေတခုတည်းတောင် ထိန်းလို့မရဘူး၊ အဲ....ထိန်းရကောင်းမှန်း မသိဘူး၊ ရူပါရုံဆိုလျှင် စက္ခုဝိညာဉ်က လိုလိုချင်ချင် တပ်မက်မောစွာနဲ့ ကြည့်ချင်လိုက်တာ၊ ကိုယ့် မျက်မှောက်မလာဘဲဘောင် ကိုယ်ကဘမင် ပင်ပင်ပန်းပန်း လိုက်ကြည့်ကြသေးတာ။ သဒ္ဒါရုံဆိုလဲ သောတိန္ဒြေက ဒီလိုပဲ''

''အေး....မင်းက ကမ္မဋ္ဌာန်း နည်းနည်းပါးပါး ထိုင်ဖူးတဲ့လူမို့ စိတ်ကိုဖမ်းရတာ မလွယ်မှန်း ရိပ်မိနေတာ၊ ဘာဝနာကမ္မဋ္ဌာန်း မလုပ်ဘူးတဲ့လူဆို ဘယ်လိုမှ သိကြမှာမဟုတ်ဘူး၊ အခုတို့ပြောနေတဲ့ သတိန္ဒြိယဆိုတာ မေတ္တာသုတ်မှာ အရေးကြီးတယ်၊ စိတ်မငြိမ်ပဲနဲ့တော့ မေတ္တာဘာဝနာကို ဘယ်လိုမှစီးဖြန်းနိုင်မှာ မဟုတ်တာ သေချာတယ်''

''ဟုတ်တာပေါ့၊ ရှေးရှုသော၊ဘချောင်းတည်းသော စိတ်မှမဖြစ်နိုင်တော့တာ''

''သူတော်ကောင်းကြီးများကတော့ ဣန္ဒြေကို နိုင်နင်းလိုက်ကြတာ ဗိုင်းကောင်းကျောက်ဖိ ရှိနေကြတာပဲ။အဲဒါကို ဣန္ဒြိယသံဝရ သီလလို့ ခေါ်တယ်။ အဲသည့် သီလမျိုးကို ဗုဒ္ဓကိုယ်တော်နှင့် သာဝကရဟန်းကောင်း ရဟန်းမြတ်တို့မှ အမြဲမပြတ် ကျင့်ဆောင်တော်မူနိုင်ကြတာ''

"အေး....ဟုတ်တယ်၊ ဣန္ဒြိယ သံဝရသီလရှိတဲ့ ရဟန်းတော်များကို ခရီး သွားလာခိုက်မှာပဲဖြစ်စေ၊ ခေတ္တခဏ မြင်ရ ဖူးရတာနဲ့ပဲ ကြည်ညိုစိတ် ပေါ်လာနိုင်တယ်"

"အဲဒါဟာ သမဏ သာရုပ္ပ ဖြစ်လို့ ကြည်ညိုစိတ် ဖြစ်လာတာပေါ့။ သမဏ၊ ရဟန်းတို့၏။ သာရုပ္ပ၊ တင့်တယ် လျောက်ပတ်ခြင်း။ အဓိပ္ပာယ်ကတော့ ရဟန်းတို့၏ တင့်တယ် လျောက်ပတ်ခြင်းနှင့် ပြည့်စုံမှု၊ တနည်းပြောရယင် ရဟန်းတို့၏ ကျက်သရေ ဆိုပါတော့ကွာ။ အဲဒါနဲ့ ပတ်သက်လို့သာ ပြောရယင် ဒီနေ့အထိ တို့မြန်မာ တပြည်လုံးမှာ ဗုဒ္ဓသာသနာကို ကြည်ညိုရမှန်း သိလာတာ၊ ကိုးကွယ်ရမှန်း သိလာတာ၊ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အသံတွေကို ကြားလာရတာဟာ အခုနပြောတဲ့ ရဟန်းကျ ်သရေ ပြည့်စုံတော်မူတဲ့ ဘိက္ခုတပါးရဲ့ ကျေးဇူးရယ်လို့ ရဲရဲ ငံ့ငံ့ ပြောလိုက်ချင်တယ်"

"ဘယ် ကိုယ်တော်များလဲ သူငယ်ချင်းရယ်၊ ကြည်ညိုရအောင် ပြောစမ်းပါ"

"ပုဂံပြည်ကိုကြွတော်မူလာတဲ့ ရှင်အရဟံ လေ၊ ဒီလို အစဖော်ပေးလိုက်ယင် မြန်မာတနိုင်ငံလုံး နိုင်ငံရေးရော၊ သာသနာရေးပါ ဝည်းရုံးနိုင်တဲ့ အနော်ရထာမင်း အကြောင်းကို မင်းကိုယ်တိုင် သတိပြန်ရလာမှာပါ"

"အေး....ဟုတ်သားပဲ၊ ပုဂံပြည်မှာ အရည်းကြီး တွေကလွှမ်းမိုး ကြီးစိုးနေတဲ့ခေတ်ကို အနော်ရထာ ဘုရင်ကိုယ်တိုင် ရှင်အရဟံကို ကြည်ညို ကိုးကွယ်မိလို့ သာသနာ ပြုဖြစ်တာပဲ။ တကယ်တော့ အရည်းကြီးတွေဟာ သာသနာ့ ရန်ဆူး ရန်ငြောင့်

တွေ၊ မိစ္ဆာဝါဒီတွေပဲ။ လက်ထပ်တဲ့အခါမှာ သတို့သမီးကို ပန်း ဦးလွှတ်ရတယ်လို့တောင် စာတွေထဲမှာတွေ့ဖူးတာပဲ။ ဒါလောက် ယုတ်နိမ့်တဲ့ဝါဒကို ပြည်သူလူထုက လက်ခံခဲ့ကြတာလဲ အတော် အံ့သြစရာ အကောင်းသား”

“ငါကတော့ ဒီလို လွယ်လွယ်ကလေး မပြောချင်ဘူး၊ ဗုဒ္ဓနဲ့ အပြိုင်ဖြစ်ခဲ့ကြတဲ့ သိဥ္စည်းဆရာကြီး၊မက္ခလိဂေါသာလ အစရှိတဲ့ တိတ္ထိဆရာကြီးများအမည်ခံဘုရားကြီးခြောက်ယောက်ကိုတောင် ပေါ့ပေါ့သေးသေး မမှတ်လိုဘူး။ သူ့ဝါဒ၊ သူ့လမ်းစဉ်၊ သူ့ အမြင်၊ သူ့ပညာတွေနဲ့ နိဗ္ဗာန်မဂ်ဖိုလ်မှအပ လူသားတွေကို တနည်းနည်းနဲ့ အကျိုးပြုနိုင်ကြတဲ့ ဒဿနိက အတွေး အမြင် ပညာရှိကြီးများရယ်လို့ သဘောပေါက်တယ်။ ဗုဒ္ဓနှင့်ဝါဒချင်း ပြိုင်နိုင်သည်ဟု အထင်ရောက်သော၊ ပြိုင်လိုသော ဝါဒရှင်ကြီး များကို တို့တတွေက လွယ်လွယ်ကလေးနဲ့ ရှုတ်ချ အထင်သေး စရာလို့ ယူဆလိုက်လျှင် ဗုဒ္ဓမြတ်စွာကို ‘ဒရယ် ယုန် ကြောင်၊ တွေ့တိုင်း အောင်သည်၊ တောတောင်သနင်း၊ ခြင်္သေ့မင်း’ ဟု ဂုဏ်ပြုသလို ဖြစ်သွားနိုင်တယ်”

“အေး....အေး၊ မင်းပြောတာ ခုမှ ငါသဘောပေါက်တယ်၊ အသေးအမွှား ကလေးကလားတွေ လောက်ကို နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်သွားမှာပေါ့”

“ဒို့ခေတ်နဲ့အလှမ်းမဝေးသေးတဲ့ ပုဂံခေတ်က အရည်းကြီး တွေလောက်တော့ တစေ့တစောင်းသုံးသပ်ကြည့်လို့ ရလိမ့်မယ် ထင်ပါတယ်၊ သူတို့တွေဟာ ဆင်စီး၊ မြင်းစီး၊ လက်နက်

လေးမြား၊ ဓားခုတ်လှံထိုး၊ စစ်ချီ စေ်တက်၊ အလွန်ကျွမ်းကျင်ကြတယ်။ တပည့်များကိုလဲတော်အောင်တတ်အောင်စနစ်တကျသင်ပြပေးနိုင်ကြလိမ့်မယ်။ဒီအရည်အချင်းမျိုးဟာမကြာမကြာစစ်ဖြင့်၍ မငြိမ်သက် မအေးချမ်းသောကာလနဲ့ ဒေသများမှာအလွန် အဖိုးတန်မှာပေါ့၊ မင်းခယောကျ်ား ရာထူး ဌာနန္တရသမားများအတွက်တက္ကသိုလ်ယူနီဗာစီတီကြီးတွေဖြစ်မှာပေါ့''

''ဟာ ဒီအချက်ကသဘာဝကျတယ်။လက်ဝှေ့နပန်း၊ ဘုတ်သိုင်း၊ဓားသိုင်း၊ဗန်တို၊ဗန်ရှည်အင်းအိုင်ခလှည့်၊လက်ဖွဲ့မန္တရား၊ တုတ်ပီး၊ ဓားပီးဆေးဝါးတွေပါ သင်ပေးတယ်လို့ ဖတ်ဖူးတာတွေရှိတယ်၊ ဒါတွေကိုပြည်သူလူထုက လိုလိုလားလား လက်ခံကြမှာပေါ့၊လက်တွေ့အကျိုးရှိတယ်လို့ ယူဆရမှာပေါ့''

''ဒါလောက်တင် မဟုတ်သေးဘူးထင်တယ်။ ကဗျာလင်္ကာ၊ သီချင်းဂီတ၊အကအဆို၊အတီးအမှုတ်၊ ပန်းချီပန်းပု အနုပညာ၊ ချစ်ရေးချစ်ရာတို့ကအစ သင်ပြပေးနိုင်စွမ်းလဲ ရှိကြလိမ့်မယ်၊ ပြည်သူလူထုကလဲ နှစ်သက်ခုံမင်ကြလိမ့်မယ်၊ ဒီတော့သတို့သမီးကိုပန်းဦးလွှတ်ပွဲလုပ်ရတာတောင် ကျက်သရေမင်္ဂလာရှိတယ်လို့ ထင်ချင် ထင်နေကြလိမ့်မယ်၊ အဲဒီအခါက ယှဉ်ကြည့်နိုင်စရာဘာသာအယူဝါဒ ပုဂ္ဂိုလ်သာမဏတို့ကလဲ မမြင်ဘူး၊မတွေ့ဘူး၊ မရောက်ကြသေးဘူးလေ။အဲဒီအခိုက်အမိုက်တိုက်ထဲမှာလျှပ်စစ်လင်းသလို၊ အမည်းထဲမှာ အဖြူစက်ကလေး ပေါ်သလို၊ အဖြူကွက်မှာ အနက်ကွက်ကလေးထင်သလို ရှင်အရဟံကို အနော်ရထာဘုရင်က ကံအားလျော်စွာ နန်းတော် လေသာပြတင်းကမြင်လိုက်ရတာပဲ၊ ဆင်စီးမြင်းစီး၊အတိုက်အခိုက်၊အပြေးအလွှား

ပြုနေလေ့ရှိတဲ့ အရည်းကြီးတွေ၏ ဂူဒြေ ပုံသဏ္ဍာန်များနှင့် နိဗ္ဗာန်ကို အာရုဏ်ပြုသောစိတ်ဖြင့် အဝန်းညီစွာသော သက်နှံ့ကိုရုံတော်မူလျက် တခုတည်းသော သပိတ်ကိုလွယ်ကာ ရထားထမ်းပိုးတပြန်လောက်ကိုသာစက္ခုဒြေချ၍ သခ္ဒြ ဒ္ဒေစ၊ ငြိမ်သက်သော ဂူဒြေဖြင့် ကြွလှမ်းတော်မူလာသော အရှင်အရဟံ၏ သဏ္ဍာန်မှာ အခုနပြောသလို အမြင်များသောအရည်းကြီးတို့၏ စရိုက်နှင့်ဆိုတော့ အမည်းပေါ်မှာ အဖြူသား သလို အထင်ရှားကြီး ထင်ရှားနေပေလိမ့်မယ်၊ ဒီအခါမှာ အတွေးအခေါ် အမြော်အမြင် အလွန်ကြီးမားတဲ့ အနော်ရထာ မင်းတရားက ပင့်လျှောက်ဆွေးနွေး မေးမြန်းရာမှအစ ဗုဒ္ဓ၏ အဆုံးအမတရားတွေကို သဘောပေါက်နားလည်နှစ်ခြိုက်ပြီး သာသနာပြုမင်းဖြစ်ခဲ့တာပေါ့”

“အေး....ဟုတ်ပြီ၊ဒါကြောင့် သန္တိန္ဒြိယဂုဏ်ကြောင့် တို့ဗမာတနိုင်ငံလုံးဟာ ကံအားလျော်စွာ ဗုဒ္ဓဝါဒ ထွန်းခဲ့ရတာ ထင်ရှားပါပြီ”

— “ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူသွားကြတဲ့ ဗုဒ္ဓကိုယ်တော်ဟူသမျှ ဂူဒြေခြောက်ပါးကိုအလွန်အလေးထားပြီးဆုံးမတော်မူကြတယ်၊ဒါကိုဒေရကပတ္တဇာတ်မှာကြည့်။ဧရကပတ္တ နဂါးမင်းက သူ့သမီးနဂါးမယ်လေးကို လူ့ပြည်မှာ ဘုရားပွင့်ပြီလား၊ မပွင့်သေးဘူးလားဆိုတာသိရအောင် သီချင်းပဟေဠိနှင့်အဖြေရှာခိုင်းတဲ့ နေရာမှာတောင် ဂူဒြေ ခြောက်ပါးကို ဦးတည်ထားတယ်”

''တေး....ပဟေဠိဆိုတာ ဗုဒ္ဓခေတ်ကတည်းက ရှိခဲ့တာကိုး နေ၁် ဟဲ....ဟဲ''

''သူငယ်ချင်းမှတ်ထား၊ လောကမှာ ဘယ်ဟာမှ အသစ်အဆန်းဆိုတာမရှိဘူး၊ သိပ္ပံပညာဖြစ်ဖြစ်၊ ဝိဇ္ဇာပညာဖြစ်ဖြစ်။ ကဲ....ငါဆက်ပြောမယ်၊ ဧရကပတ္တနဂါးမင်းကြီးဟာ ဟိုလွန်ခဲ့သော ကဿပဘုရားလက်ထက်တော်တုန်းက ရဟန်းသာဝကတပါး ဖြစ်ခဲ့ဖူးတယ်၊လှေစီးပြီး ခရီးတခုကိုအသွားမှာ လှေကလူးလို့ ပိန်းပင်တပင်ကို အမှတ်တမဲ့ ဆွဲလိုက်မိတယ်၊ပိန်းရွက်ကပြတ်ပြီး လက်ထဲပါလာတယ်၊ ဒါကို ဝိနည်းတော်အရ အပြစ်များရှိလေသလားလို့ ပျံ့လွှန့်တဲ့အထိ ယုံမှားသံသယ စိတ်ဖြင့် ဘာဝနာအလုပ်တွေ ပျက်တော်မူခဲ့ရတယ်၊အဲဒီဝိစိကိစ္ဆာစိတ်က အကျိုးပေးပြီးတိရစ္ဆာန်ဖြစ်ရပေမယ့်သာဝကတပါး၏ကောင်းမှု ကုသိုလ်အကျိုးပေးကြောင့် ဘုန်းတန်ခိုးကြီး၍ စည်းစိမ်ချမ်းသာ နတ်နှင့်တူမျှသော ခံစားနေရတယ်၊ငါဝတ္ထုအကြောင်း ပြောနေတာ ရှည်နေပြီလား''

''မရှည်ပါဘူး၊ ပြောသာပြောပါ''

''သာသနာတော်ကိုကြည်ညိုတဲ့ သဒ္ဓါစိတ်က ပါလာတာဖြစ်လေတော့ ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ချင်တယ်၊ ဓမ္မဒေသနာကို ကြားနာလိုစိတ် ပြင်းပြနေတယ်၊ သူ့ပြည်မှာလဲ ကိုယ့်ကိုယ်ကိုယ် ဘုရားလို့ပြောပြီး ပွင့်နေကြသူတွေကလဲ အများကြီး၊ ဒီတော့ ကဿပဘုရား လက်ထက်တော်က ကြားနာခဲ့ရဖူးတဲ့ ဓမ္မဒေသနာ တပုဒ်၏အဖြေကို သိထားသူပိပိ ဗုဒ္ဓသခင်တို့သာ

ဖြေနိုင်မယ့်ပုစ္ဆာကို သီချင်းစပ်ပြီး သူ့သမီးကို အဖြေရှာခိုင်းတယ်၊စာသားက 'လောကမှာ ဘယ်ဟာတွေကိုအစိုးရမှ မင်းဟူ၍ခေါ်ရမလဲ' စသည့် အကြောင်းတွေပေါ့၊ အဲသည်မှာ ဗုဒ္ဓသခင်က ဥတ္တရလုလင်ကို သီချင်းသင်ပေးပြီး အဖြေခိုင်းလိုက်တယ်။

"မိမိ၏ဣန္ဒြေခြောက်ပါးကို အစိုးရသူဖြစ်မှ မိမိ၏ခန္ဓာနိုင်ငံမှာ မိမိကိုယ်တိုင် မင်းဖြစ်လိမ့်မယ်' ဆိုတဲ့သီချင်းတဲ့"

"ဗုဒ္ဓမြတ်စွာဘုရားက သီချင်းစပ်ပေးသလားကွာ"

"ဟာ....မင်းကလဲ ငါက စကားကြောရှည်ရှတဲ့အထဲ"

"ရှည်စေချင်လို့ မေးတာကွာ"

"ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်ဆိုတာ 'မတတ်တာမရှိ၊မသိတာမကျန်'လို့မှတ်၊နောက်ပြီး သတ္တဝါဝေနေယျကို သနားတဲ့နေရာမှာ မြေကြီးအထုထက် ပမာဏကြီးတော်မူသော မဟာကရုဏာအရှင်ကြီးလို့လဲ သိထားအုံး။ 'ခပ်သိမ်းသော သတ္တဝါရှိသမျှကို အပါယ်မနိယ ဒုက္ခအဘန်တန်မှ၊ မုချအမှန် ခွာရှောင်မြန်းကြစေဖို့၊အမတာသောင်ကမ်း ယူတင်ရာမှာ၊ အတူယှဉ်ဧရာပထဗျာအထု ရှိသမျှထက်၊ မဟာကရုဏာက ကြီးတော်မူသောမြတ်စွာဘုရား' ဆိုတဲ့ဘုရားရှိခိုးမျိုးကိုလဲကျက်ထားအုံး၊သတ္တဝါအမျိုးမျိုးကို နည်းအမျိုးမျိုးတို့နဲ့ ကယ်ချွတ် ဟောပြောတဲ့အရာမှာ ဗုဒ္ဓထက်မြတ်သူမရှိလို့ အနုတ္တရောပုရိသဒမ္မသာရထိဘွဲ့နှင့် ရှိခိုးရတာကိုလဲသိထား၊မင့်ပြောရတာတယ်ရှည်ဝေးတယ်"

"အဲ....ဒါငါ့မှာ အမြတ်ပေါ့ကွ ဟဲ....ဟဲ....ဟဲ"

"ဒီတော့ ဣန္ဒြေခြောက်ပါးကို ဘယ်လို ထိန်းရမလဲတဲ့၊ တေလပတ္တ ဇာတ်မှာ ဗုဒ္ဓက ဟောထားတယ်၊ တေလဆိုတာဆီ၊ ပတ္တ ဆိုတာမြေခွက်၊ အဓိပ္ပာယ်က မြေခွက်ဖြင့်အပြည့်ဖြစ်သော ဆီကို ရယူလိုသောသူသည် မဖိတ်မလျှံအောင် သတိကြီးစွာ ဖြင့်အမှတ်ပြု၍ တည်ငြိမ်စွာသွားလာသကဲ့သို့ပြုကျင့်ဆောင်ရွက် ရာ၏တဲ့။ ခွက်တခုထဲမှာ ဆီအပြည့်ထည့်ပြီး လမ်းလျှောက်တဲ့ အခါ ဘယ်လိုလျှောက်မလဲ၊ ဒီသဘောပဲ"

"အဲ့သည့် တေလပတ္တ ဇာတ်ကို နည်းနည်း ပြောပါလား"

"ဇာတ်ကြောင်းဆိုတာမျိုးက သာမန်ဝတ္ထု၊ ဥပမာသာဓက နှင့်တန်ဆာဆင်လေ့ရှိပါတယ်၊ ဗုဒ္ဓက ထင်ရှားပြချင် ဟောချင် တာက ထိုဇာတ်၏ ရသဂါထာပါ"

"ဟုတ်ပါပြီ၊ ပြောသာပြောပါ"

"ဧကနိပါတ်မှာ ဟောထားတာကို အတိုချုံ့ပြီးပြော မယ်ကွာ၊ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးက သူချစ်သော သားတော်အငယ်ဆုံးကို အမိန့်ရှိတယ်၊ 'ငါ့သား ဤဗာရာဏသီ ပြည်မှာ မင်းဖြစ်ဖို့ရာ ခဲယဉ်းလိမ့်မယ်၊ သားတော်မောင်ရဲ့ နောင်တော်၌ နောင်တော်တွေက တထောင်တောင် ရှိနေတယ်၊ ဒါကြောင့် ခမည်းတော်အရိုက်အရာကိုမမျှော်လင့်ပဲ ထီးသစ် နန်းသစ်ကိုကိုယ်တိုင်ရှာ၍ မင်းပြုတော့'လို့ တိုက်တွန်းတာနှင့် ရာဇကုမာရမင်းသားလဲ တိုင်းသစ် ပြည်သစ် တည်ထောင်ရန် ဗာရာဏသီမှထွက်ခဲ့သတဲ့၊ မင်းသား၏ သွေးသောက် ရဲဘော် သူငယ်ချင်းငါးယောက်ကလဲ မင်းသားနှင့် အေးအတူ ပူအမျှ စွန့်စားမယ်ဆိုပြီးလိုက်ခဲ့ကြသတဲ့၊ ဒီလိုခရီးရှည်ကြီး လာခဲ့ကြတဲ့

နောက် ကန္တာရတခုကိုရောက်တော့ ဘီလူးတွေက ရှာငယ်တခု ပန်ဆင်းပြီး အင်မတန်လှပတဲ့ ရူပါရုံများဖြင့် ဖမ်းစားတဲ့အခါ သူငယ်ချင်းတယောက်မှာ ရူပါရုံကိုတပ်မက်ပြီး ကျန်ရစ်ခဲ့လို့ ဘီလူးစားခံရသတဲ့''

''အင်း.... ဒီလောက်ဆို ငါရိပ်မိပါပြီ၊ မင်းသားရဲ့ သူငယ်ချင်း ကျန်တဲ့ လေးယောက်လဲ သဒ္ဒာရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေဖြင့် အလှည့်ဖြား ခံပြီး ကျန်ရစ်ခဲ့ကြရော၊ မင်းသားသာ အန္တရာယ်ကလွတ်ပြီး တိုင်းပြည်တပြည်မှာ မင်းဖြစ်ရော မှုတ်လား''

''မှန်လိုက်လေ မဟာပညာကျော်ကြီးရယ်''

''မင်းက ငါ့ကို ငေါ့တာပေါ့လေ''

''ငေါ့တာမှုတ်ဘူး၊ တကယ်ချီးမွမ်းတာပါ၊ တထွာပြလျှင် တတောင်မြင်တတ်လို့ပြောတာပါ၊အဲသလိုဘာဖြစ်လို့မြင်သလဲ၊ မင့်မှာ ကြားဖူးနားဝအဘွားအကြိုဗဟုသုတတွေ ရှိနေလို့ပေါ့၊ ဗုဒ္ဓ၏တရားတော်များက အသံတော် တိတ်သွားတာ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်သာ ရှိသေးတာကိုး၊ ကဲ–နှစ်ပေါင်း ၂၅၀၀ က နှစ်ပေါင်းနှစ်သောင်းငါးထောင်လောက် လွန်တဲ့ အချိန်မှာ ဗုဒ္ဓ၏တရားတော်မှန်သမျှ ကြားရုံမျှတောင် ကြားဖူး ကြမှာ မဟုတ်တော့ဘူးလေ၊ သံဃာဆိုတာလဲ ရှိချင်မှ ရှိကြ တော့မယ်၊ အဲသည့် အနာဂတ်မှာ မွေးလာမယ့် လူတွေနှင့် နှိုင်းယှဉ်ရမယ်ဆိုလျှင် အခု တို့က ဓမ္မရေးရာတွင် မဟာပညာ ကျော်ကြီးတွေဖြစ်နေကြမှာ ပေါ့၊ မှုတ်ဘူးလား''

''မင်း ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ''

"အနာဂတ်ကိုမျှော်ပြီး ပြောနေတာပေါ့၊အခုန ငါပြော ခဲ့တယ်နော်၊ နှစ်ပေါင်း နှစ်သောင်းငါးထောင်လို့၊ အဲဒါ ပိုပို သာသာ လွန်ရောကျွံရော ပြောတာ၊ အခု သာသနာ ၂၆၀၀ မရှိသေးဘူး၊ဗုဒ္ဓ၏ဓမ္မနှင့်ကင်းကွာပြီး သိပ္ပံပညာကို ကိုးကွယ် နေတတ်တဲ့လူအများစုက ငါးရာ့ငါးဆယ်နိပါတ်ဝတ္ထုများကို ရှေးယုန်နဲ့ရှေးကျား ပုံပြင်များလို သဘောထားနေကြပြီ။ ယုတ္တိ သဘာဝမှ ကင်းလွတ်တယ်ပေါ့၊ သိပ္ပံနည်းမကျဘူးပေါ့"

"ဒါကတော့ ငါလဲကြုံဖူးတယ်၊ ရုပ်ဝတ္ထု၊ ရုပ်ဝတ္ထုနဲ့ ဘယ်နေရာဖြစ်ဖြစ် (ရုပ်ဝတ္ထု)နေကြတဲ့ လူမျိုးတွေပေါ့"

"အဲသည့် ရုပ်ဝတ္ထုဆိုတာ ဗုဒ္ဓ၏စကားကွ၊ဗုဒ္ဓကိုမယုံလျှင်၊ ဗုဒ္ဓ၏တရားကို ပယ်လိုလျှင်၊ ဗုဒ္ဓစကားထက် တိကျမှန်ကန်တဲ့ စကားလုံးကို ရှာကြံတီထွင်ပြီး သုံးကြဖို့ ကောင်းတယ်။စာပေ သမားအချို့ကလဲ ငါးရာ့ငါးဆယ်ဝတ္ထုများဟာ ဗုဒ္ဓမပွင့်မီ ကတည်းက ထင်ရှားနေတဲ့ အီစွပ် ပုံပြင်များနှင့် တူတာတွေ ပါနေတယ်တဲ့။မြန်မာစာတတ် သိပ္ပံသမား တယောက်ကလဲ ငါးရာ့ငါးဆယ် နိပါတ်ထဲမှ စန္ဒဇာတ်ဟာ ခုခေတ် လပေါ် လူရောက်နေတော့ ယုံရမှာ ခက်နေပြီတဲ့၊ မင်းစန္ဒ ဇာတ်ကို သိတယ်မှုတ်လား"

"ဟုတ် ဖတ်ဖူးတာပေါ့၊ ကေနိပါတ်မှာ ဘုရားလောင်း ယုန်မင်းဘဝ ပဏ္ဍားယောင်ဆောင်ပြီး အလှူလာခံတဲ့ သိကြား မင်းကို ကိုယ့်အသားလှူရအောင်မီးပုံထဲဆင်းတယ်လေ၊သိကြား မင်းက ဘုရားလောင်းရဲ့စေတနာကို အသိအမှတ်ပြုသောအား

ဖြင့် လ မျက်နှာပြင်ပေါ် ယုန်ရုပ်ရေးပြီး ကပ္ပဋ္ဌိတိ၊ ကပ်တခု၏ ကာလ တည်စေသတည်းလို့ အဓိဋ္ဌာန်ပြုတဲ့ အကြောင်းပေါ့”

“အေး.... ကေနိပါတ်မှာ မဟုတ်ဘူး၊ စတုက နိပါတ်၊ သသပဏ္ဍိတဇာတ်ပါ။ ထားပါတော့၊ အဲသည့်ယုန်ရုပ်ကိုပြဿနာ လုပ်တာပေါ့၊ လ ပေါ်မှာ ယုန်ကိုမတွေ့ခဲ့ပါဘူးတဲ့လေ”

“ဟား ဟား ဟား၊ မင့်နှယ် ကြုံမှကြုံရတတ်ပလေ၊ အဲဒါ မင်းက ဘယ်လိုဖြေလိုက်သလဲ”

“ဘယ်လိုဖြေရမှာလဲကွ၊ ဇာတ်တော်ထဲမှာ ပါတာက ယုန် တကောင် လပေါ်မှာ သွားထားပါတယ်လို့မှ မဆိုပဲ၊ တို့ ကမ္ဘာကနေကြည့်ယင် ယုန်ရုပ်ကလေးလို ထင်နေပါစေလို့ ပြောထားတဲ့ဟာပဲ၊ လပေါ်မှာ ယုန်တကယ်မရှိတာတော့ သိပ္ပံ ပညာကြီးနဲ့ကြည့်နေဖို့ဘောင် မလိုပါဘူး၊ ရှေး အဘွားကြီး တွေ ကိုယ့်မြေးကိုယ် ချော့လာတဲ့သီချင်း အရှိသားပဲ”

“လုပ်စမ်းပါအုံးကွ၊ ဘယ်သီချင်းလဲ”

“ရွှေလမှာယုန်ဝပ်လို့ ဆိုတဲ့ သီချင်းကို ပြန်ဆိုကြည့် လေကွာ”

“ရွှေလမှာယုန်ဝပ်လို့၊ ဆန်ဖွပ်တဲ့ အဘိုးအိုဟော ကြည့် ပါဆို။ ဆိုသာဆို ပိုမိုတဲ့စကား၊ ကလေးကို အငိုတိတ်အောင် အရိုပ် အရောင်ပြတယ် ဘိုးလနတ်သား၊ ဟား ဟုတ်သားပဲ ကလေးအငိုတိတ်အောင် မဟုတ်ဘမ်းတရားတွေ ဆိုနေရသတဲ့ လေ”

“ခက်တယ်ကွာ၊ အချို့ပုဂ္ဂိုလ်များ မိဘက ဗုဒ္ဓဘာသာ၊ ကိုယ့်မှာလဲ ဗုဒ္ဓဘာသာရယ်လို့ အမည်ခံပြီး ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်

ကြောင်း တရားအစစ်ကို ကျင့်ဖို့ သိဖို့ထား၊ ကြားဖူးနားဝမှ မရှိကြသေးတာ၊ မစူးစမ်းကြသေးဟာ၊ ဝမ်းနည်းစရာကောင်း တယ်။ အဲ တိုကသာ စေတီပုထိုး၊ ရုပ်တုတော်တွေအောက်မှာ၊ ကျောင်းကန်ရိပ်သာအနားမှာနေပြီး ဓမ္မအရသာကို ပေါ့ပေါ့ ဆဆ သဘောထားနေကြတာ၊ နိုင်ငံတကာက လောကဓာတ် သိပ္ပံပညာရှင် ပါရဂူကြီးတွေ မြန်မာပြည်ကို တကူးတက လာပြီးအစုလိုက် အဝေးလိုက် ပဋ္ဌင်းခံ၊ တရားထိုင်၊တရားရှာနေ ကြပြီ ဆရာတော်ကြီးများကို တရားနာရအောင် သူတို့နိုင်ငံကို ပင့်ကုန်ကြပြီ။

"ဟုတ်တယ်၊ အနောက်နိုင်ငံတိုင်းမှာ ဆရာတော်ကြီးများ ထံမှ ရှိသေလေးစားစွာ သရဏဂုံခံယူပြီး ဝိပဿနာအားထုတ် ကြတာ ပါမောက္ခကြီးတွေ၊ဒေါက်တာကြီးတွေ၊ပါရဂူကြီးတွေ အများကြီး၊ တို့ဆီက ရုပ်ဝါဒသမားများက ငါးရာ့ငါးဆယ် ဝတ္ထုများလောက်ကို ဝေဖန်ပြီး ပညာရှိကြီးတွေ လုပ်နေကြ တယ်၊ ဗုဒ္ဓကိုယ်တော်က သတ္တဝါတွေကို သိစေချင်တဲ့ ဓမ္မ အရသာက ဘာတွေလဲ၊ ကံကံ၏ အကျိုးနှင့် သစ္စာလေးပါး မဂ္ဂင်တရားပေါ့"

"အေး သုတ္တန်ပိဋကတ်မှာ ဝတ္ထုဇာတ်ကြောင်းများ ပါပေ မယ့်၊ နိဂုံးဥပဒေသ တရားကိုသာ အရသာယူဖို့ဖြစ်တယ်၊ အချို့ သော ဇာတ်ကြောင်းကို ပဓာန လုပ်ပြီး လှေနံဓားထစ် စော ဒက တက်နေလျှင် ဗုဒ္ဓ၏ဓမ္မအစစ် ပရမတ္ထ သစ္စာတရားကိုပါ ထိပါးလာလိမ့်မယ်။ ဓမ္မကထိက ဆရာဘော်ကြီးများက တရားပွဲ အဆုံးသတ်မှာ 'ဤကား သုတ္တန်ဒေသနာတော်မျှသာ ဖြစ်သည်၊

ကုသလာ ဓမ္မာ၊အကုသလာ ဓမ္မာ အစရှိသော ပရမတ္ထ တရား တည်းဟူသော၊ အဘိဓမ္မာတရားကို ကျင့်ကြံပွားများအားထုတ် နိုင်ကြသည် ဖြစ်စေ’ ဆိုတဲ့ အဆုံးအမကို သတိထားကြရမယ်၊ ကဲ တို့နှစ်ယောက် ဖောင်းပွလာလိုက်ကြတာ သန္တိန္ဒြိယောစ တောင် အစပျောက်သွားပြီ”

“ကဲကဲ ဆက်ပါကွာ၊ မင့်ကို အားနာလာပြီ”

“သန္တိန္ဒြိယ အဖွင့်ကို တိုတိုနဲ့ ရှင်းရှင်း တို့ နားလည်အောင် ပြထားတာက အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်၏ ပရိတ်ကြီး နိဿယသစ်ပဲ”

“ဣန္ဒြေဆိုသည်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခြောက်မျိုးတည်း။ထိုဣန္ဒြေများကိုငြိမ်သက်အောင်ပြုရသည်မှာ ဣဋ္ဌာရုံနှင့် တွေ့သောတခါ ရာဂ မဖြစ်ရအောင် စောင့်စည်း ရခြင်း၊ အနိဋ္ဌာရုံနှင့် ကြုံတွေ့သောအခါ ဒေါသ မဖြစ်ရအောင် စောင့်စည်းရခြင်း များပေတည်း။ အာရုံတို့၌ ရာဂ၊ ဒေါသ စသည် ဖြစ်နေသူကား မငြိမ်မသက် လှုပ်ရှားပျံ့လွင့်လျက်ရှိသော ဣန္ဒြေရှိသူတည်း။ ဣန္ဒြေတို့ကို မိမိအလိုသို့ပါအောင် မဆွဲဆောင် နိုင်ပဲ မိမိက ဣန္ဒြေအကြိုက် လိုက်ပါနေသူသာ ဖြစ်၏။ ထိုသူ မျိုးကား တရားအားထုတ်ရန် စိတ်ပါမည်မဟုတ်၊ အားထုတ် ပါသော်လည်း တရားပေါက်ရန်မလွယ်ကူ။ ရာဂဒေါသမဖြစ်ရန် စောင့်စည်း ပိတ်ဆို့နေသူသာ မလှုပ်ရှား မပျံ့လွင့်သော ဣန္ဒြေ ရှိသူ၊ ဣန္ဒြေတို့ကို မိမိအလိုပါအောင် ဆွဲဆောင်ထားနိုင်အား ရှိသူဖြစ်၍မိမိက ဣန္ဒြေတို့အလိုသို့ မလိုက်ပါရသူတည်း၊ထိုပုဂ္ဂိုလ် မျိုးသာ တရားအဆုံးအထိ ပေါက်ရောက် နိုင်ပေသည်။

ဤ၌ ဠာနေ္တတို့ကို ငြိမ်အောင် ပြုလုပ်ရမည့်အရေးမှာ ဘာဝနာအလုပ် တခုခုနှင့် ကင်း၍ကား မဖြစ်နိုင်ပေ၊ ဘာဝနာအလုပ် အားထုတ်နေခြင်းဖြင့်သာ ဠာနေ္တ တကယ် ငြိမ်သက်နိုင်သည်ဖြစ်ရာ ငြိမ်သက်သော ဠာနေ္တရှိရမည်ဟူရာ၌ ဘာဝနာတခု ရှိနေရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

"သာဓု၊ သာဓု၊ သာဓု၊ ရှင်းလှပါပေရဲ့"

"ဗုဒ္ဓသခင် ဥပမာပေးထားတဲ့ စကားတခုကလဲ အလွန်နားလည်လွယ်တာ ရှိတယ်"

"လုပ်စမ်းပါအုံး"

"မင့်တို ဖွတ်ကို လိုက်တယ်ဆိုပါတော့၊ ဖွတ်က ဂယ်ပေါက် (ကယ်ပေါက်) ခြောက်ပေါက်ရှိသော တွင်းကို ဝင်ပြေးပြီ ဆိုပါတော့တဲ့၊ အဲဒါကို ဟိုအပေါက်ကနှိုက်၊ ဒီအပေါက်က ထိုးဆွ ဖမ်းနေလျှင် ရနိုင်ပါ့မလားတဲ့၊ ဒီအပေါက်က နှိုက်လျှင် ဟိုအပေါက်က ထွက်ပြေးမှာ မဟုတ်လားတဲ့၊ ဒီတော့ ဂယ်ပေါက် အပေါက်ငါးပေါက် မြေဖို့ပြီး ပိတ်ထားလိုက်၊ အဲတပေါက်တည်းကသာ စောင့်ဖမ်းလျှင် ဒီဖွတ်ကို မိနိုင်သလိုပဲ၊ အာရုံခြောက်ပါးမှာလဲ မျက်စိနားစတဲ့ အာရုံငါးပါး အပေါက်တွေကို ခိုင်ခိုင်မာမာပိတ်ပြီး ဓမ္မာရုံဆိုတဲ့ စိတ်မှာသာ စောင့်ဖမ်းလျှင် မြန်မြန် တရားရလိုက်မယ်တဲ့"

"အေး ဒါလဲ ငါနာဖူးတာပဲ၊ အရေးကျတော့ မေ့နေတယ်"

"ကဲ ဒါလောက်ဆိုယင် သန္တိန္ဒြိယောစ လုံလောက် သလောက် ရှိပါပြီ။ နိပကောစကို ဆက်ကြစို့။ နိပကောစ၊ ရင့်သန်သော ဉာဏ်ပညာရှိသည်လည်း။ အသာ၊ ဖြစ်ရာ၏။ တဲ့၊ အဲသည့် ဉာဏ်ပညာဆိုတာက သီလ သိတင်းစသည့် မိမိတို့ဆိုင်ရာ လုပ်ငန်းဟူသမျှမှာ မှားယွင်း တိမ်းချော်ခြင်းသို့ မရောက်နိုင် အောင် ဆင်ခြင်တုံတရား ရှိရမယ်လို့ဆိုတာ၊ လောကီရေးမှာ ဖြစ်စေ၊ လောကုတ္တရာရေးရာမှာဖြစ်စေ ရှေးဦးစွာ ဆင်ခြင်တုံ တရားကို (၀၁) နှိုင်းချိန်တတ်သော သမ္ပဇဉ် တရားကို ဦးစား ပြုရမယ်။ မြတ်စွာဘုရားက သားတော်ရာဟုလာကို မေးသတဲ့။

"ချစ်သား ရာဟုလာ၊ မှန်ကြေးမုံတို့ကို အဘယ်အကျိုးငှာ သုံးသနည်း"

"မျက်နှာစသည်မှာ အပြစ်ရှိ မရှိ ကြည့်ရှုဆင်ခြင်ရခြင်းငှာ ဖြစ်ပါသည်ဘုရား"

"မှန်ကြေးမုံသည် ကြည့်ရှုရမှသာလျှင် အကျိုးရှိ၍ မကြည့် မရှု အလွတ်ထားလျှင် အကျိုးမထင်သကဲ့သို့၊ ထို့အတူ အသိ အလိမ္မာပညာဟူသည်လည်း အကျိုးမရှိသည်ကို ကြည့်ရှု ဆင်ခြင် မှသာလျှင် အသိအလိမ္မာပညာအကျိုး ခံရမည်၊ မကြည့်မရှုမဆင် ခြင်လျှင် အသိအလိမ္မာ ပညာအကျိုး မခံရပြီ။ ထို့ကြောင့် ဆင်ခြင်၍ ဆင်ခြင်၍သာ ကိုယ်ဖြင့် ပြုလုပ်ရမည့် အမှုကိစ္စ ဟူသမျှကို ပြုလုပ်အပ်၏။ ဆင်ခြင်၍ ဆင်ခြင်၍သာ နှုတ်ဖြင့် ပြောဆိုရမည့် အမှုကိစ္စ ဟူသမျှကို ပြုလုပ်အပ်၏။ ဆင်ခြင်၍ ဆင်ခြင်၍သာ စိတ်ဖြင့် တွေးတော ကြံစည်ရမည့် အမှုကိစ္စ ဟူသမျှကိုပြုလုပ်အပ်၏"ဟု မြတ်စွာဘုရား မိန့်တော်မူလေ၏တဲ့။

"အင်း တို့တတွေ အနေနဲ့တော့ ရေ့ဒွယူတော့ဆိုပြီး အချိန်တရာရှိတဲ့ ရွှေအိုးကြီးကို ပေးသလို ဖြစ်နေပါပြီ၊ မေတ္တာသုတ်ဟာ ကြည်ညိုစရာလဲ ကောင်းလွန်း ပါပေရဲ့၊ လိုက်နာ ကျင့်ကြံဖို့ရာလဲ ခက်ခဲလှပါပေရဲ့"

"ဒီလို လုပ်ကြတာပေါ့ကွာ၊ တောင်တခုကို တက်တဲ့ အခါမှာ တောင်ထိပ်ကို မျှော်မကြည့်နဲ့၊ မိမိ၏ ခြေလှမ်း ဆယ်လှမ်း လောက်သာ ကြည့်၍ ကြည့်၍ တက်ရမယ်တဲ့၊ တောင်ထိပ်ကို မျှော်ကြည့်မိယင် အမယ်လေး အဝေးကြီး လိုပါသေးလား၊ အမြင့်ကြီး တက်ရအုံးမှာပါလားလို့ စိတ်ပျက် အားငယ်တတ်သတဲ့လေ၊ တို့လဲ တို့အတိုင်းအတာနဲ့ ပဗ္ဗတတောင်ခြေ၊ သိန္နေ တဖြည်းဖြည်း တက်ကြတာပေါ့၊ ကဲ–အပ္ပဂဗ္ဘောကြမ်းတမ်းသော အမူအရာများ မရှိစေရဆိုတဲ့ အပိုဒ်ကို ဆက်ကြစို့"

"အဲသည့် သဘောဟာ တို့ပြောခဲ့တဲ့ မုဒုဆိုတဲ့ သဘော အဓိပ္ပာယ်မှာ အကျုံးဝင် မသွားပေဘူးလား"

"အကျုံးဝင်သလောက်ဝင်ပေမယ့် ထူးခြားသော အဓိပ္ပာယ် အဖွင့်ကို ကြည့်ကြသေးတာပေါ့၊ ပရိတ်ကြီး နိဿယသစ် အဖွင့်မှာက ရိုင်းစိုင်းခြင်း ဆိုတာကို အလေးပေး ဖော်ပြထားတယ်၊ သဘာဝလဲကျတယ်၊ ဆရာတော်က ရဟန်းတို့ အချင်းချင်း ဆက်ဆံရေးတရားနဲ့ ဖွင့်ထားတယ်၊ လူဆိုလျှင် 'ဒာက်ဘိကတ်' စည်းကမ်းကျင့်ဝတ်ပေါ့၊ ဥပမာ သံဃာများအလယ် ကြီးသူ ရှေ့ဝယ် ဒူးထောက်ပေါင်ကားထိုင်ခြင်း၊ ကြီးသူတို့အား နေရာ မပေးခြင်း၊ ငယ်သူတို့အား နေရာတားမြစ်ခြင်း၊ နေရာကောင်း၊

ဆွမ်းကောင်းရရန် ကြီးသူများရှေ့ ကျော်တက်ခြင်း၊ ရွာအဝင် မထေရ်ကြီးရှေ့ကဝင်ခြင်း၊ ငယ်ရွယ်သူတို့အား တို့ကနန်း ဆိတ်ကနန်းကစားခြင်း၊ မထေရ်ကြီးတို့၏ခွင့်မရပဲ တရားဟောခြင်း၊ အမေး မေးသော် မထေရ်ကြီးတို့ကို မပန်ကြားပဲ မိမိကဝင်ဖြေခြင်း၊ဒါတွေဟာ မယဉ်ကျေးခြင်း၊ရိုင်းစိုင်းခြင်းလို့ ဖွင့်ထားတာလဲ တို့လူတွေ အတွက်ပါ သင်ခန်းစာယူနိုင်တယ် ဟုတ်ကဲ့မူဘ်လား"

"ဟုတ်တာပေါ့၊ တို့တတွေ ရဟန်းမဟုတ်ပေမယ့် လူကြီးသူကြီး ဆရာသမား၊ အလေး ထားရမယ့် အစည်း အဝေးတို့၊ ဆွေးနွေးပွဲ တို့မှာ ဆရာတော် ပြောတဲ့ ရိုင်းစိုင်းမှုမျိုး ကြုံမိတတ်တယ်၊ ရဟန်း သာဝကတို့ကို ဗုဒ္ဓက ဟောတော်မူတာဒို့လူတွေနဲ့မဆိုင်ဘူးလို့ မယူဆအပ်ဘူး၊အများဆုံးတရားဒေသနာဟာ ရဟန်းတို့ကို ဟောတော်မူတာပဲ၊ ဓမ္မစက္ကသုတ်၊ အနတ္တလက္ခဏာသုတ်ဆိုယင် ဘယ်လိုပြောမလဲ၊ အခု ဆရာတော်ဖွင့်ဆိုထားတာ ရဟန်းတော်များကို ရည်ညွှန်း ပေမယ့် တို့ကော မလိုက်နာသင့်ဘူးလား"

"ဟာ....လိုက်နာ သင့်တာပေါ့၊ မေတ္တာသုတ်ပဲ ကြည့်လေ၊ ရဟန်းတော်ငါးရာကို သင်ပေးတာဆိုပေမယ့် တို့လူတွေလိုက်နာ ကျင့်ကြံ အားထုတ်ကြရမှာပဲဟာ"

"အေး-ဒါဆိုယင် ရှင်းပြီ၊ ရှေ့ကိုဆက်ကြစို့၊ 'ကုလေသွနနု ဂိဒ္ဓော-အမျိုးတို့၌ စွဲလမ်းခြင်းမရှိစေရ ' ဒါလဲရဟန်းရောလူပါ သက်ဆိုင်တာပဲ၊လူအများမှာ မိဘကို ခင်တွယ်လွန်းလျှင် တရပ်တကျေးသို့ ပညာရှာဖွေသင်ယူဖို့ မခွဲရက်မခွာနိုင် ဖြစ်တတ်ကြ

တယ်၊ ဇာတ်တို့ အမျိုးတို့မှာ အစွဲအလမ်းကြီးနေသူများ အဖို့မှာလဲ တရားစစ် တရားမှန်ကိုရဘို့ ခဲယဉ်း တတ်တယ်၊ နောက်တခုက မျိုးရိုးအားဖြင့် ပြုကျင့်လာခဲ့သော(ထုံးစံ)တွေ၊ ဥပမာ မိဆိုင်ဖဆိုင် ရိုးရာ ဆိုတာတွေကို စွဲလမ်းလွန်း အားကြီးယင်လဲ ပညာစခန်းမှာ ဓမ္မဝိဒ္ဒာနှမ် ကင်းကွာတတ်တယ်''

''နေပါအုံး၊မေတ္တာပို့တဲ့အခါမှာ အဲသည့်နတ်တို့ ဘာတို့ပါ ပါနေတာပဲမှတ်လား''

''ပါပါတယ်၊မေတ္တာဆိုတာ သတ္တဝါအားလုံး ရှိရှိသမျှပါရပါတယ်၊ဒါပေမယ့် မေတ္တာပို့တဲ့စိတ်ကတမျိုး၊ကိုးကွယ်တဲ့စိတ်ကတမျိုး မဟုတ်လား''

''အေး....ငါသဘောပေါက်ပြီ''

''နောက်ပြီး ပုဂ္ဂိုလ်ခင်တော့ တရားမင်တယ် ဆိုတဲ့စကားအတိုင်း 'ဆရာစွဲ၊ ဂိုဏ်းစွဲ' မပြင်းထန်ဖို့လဲ သတိထားရလိမ့်မယ်၊ ဘာပြစ်လို့လဲဆိုတော့ ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်က တမင် တဖိုလ် မြင်ပြီး ရပြီးပုဂ္ဂိုလ်ဆိုလျှင် အလွန်ကောင်းတာပေါ့၊ကိုယ်ကလဲ အခုနပြောခဲ့တဲ့ နိပကောစ၊ချင့်ချိန်နိုင်သော ပညာရှိထားလျှင်တော့ ကောင်းပါရဲ့၊ဒီလိုမှမဟုတ် ကိုယ်ယုံကြည် ကြည်ညိုနေတဲ့ ဆရာက အထက်ဂိုဏ်း၊ ပထမံဂိုဏ်း၊ သာသနာပြုဂိုဏ်း စသည် သာသနဗဟိဒ္ဓ ကိစ္စမျိုးကို လုပ်ရာမှာ မိမိပါ လိုက်ပါသွားနိုင်တဲ့ အန္တရာယ်ရှိလို့ ကုလေသွနနုဂိဒ္ဓော ဆိုတဲ့ အဓိပ္ပာယ်မှာ စဉ်းစားစရာကောင်းတယ်၊ ရဟန်းတော်များ၊ ယောဂီများကို တိုက်ရိုက် ဆုံးမထားတာကတော့ လမင်းနှင့်တူစွာ ညှော်သည် အာဂန္တုနှင့်တူစွာ ကျင့်ရမယ်တဲ့''

"အဲသည့် ဥပမာနှစ်ခုကို ရှင်းပါအုံးကွာ"

"လမင်းသည် ကောင်းကင်၌ သွားသည်ရှိသော် မည်သူနှင့်မျှ အပေါင်းအဖော်မလုပ်၊ မည်သည်ကိုမျှလည်းတွယ်တာမှု မရှိ၊ ထိုသို့ မရှိခြင်းကြောင့်လည်း လူအပေါင်းကမချစ်မမြတ်နိုးနိုင်သည်ဟု မရှိ၊ ထို့အတူ ချစ်သားတို့လဲ လူအများ၏ ချစ်မြတ်နိုးမှုကို ခံယူလျက် လူအပေါင်းအား ချဉ်းကပ်ရာ၏တဲ့"

"ညှော်သည် ဥပမာကကော"

"ညှော်သည်များသည် အိမ်ရှင်ကကျွေးလျှင် စားပြီး သွားစရာခရီးကိုအိမ်ရှင်အား မတွယ်တာပဲ စွန့်ခွာ လွှက်သွားသကဲ့သို့ သွားနိုင်ရမည်တဲ့"

"အင်း....လူရှိင်းတွေး တွေးကြည့်ယင် တကိုယ်ကောင်းဆန်တယ်လို့ ပြောကြမှာပဲနော်"

"အေး....ပညာရှိတွေး တွေးလဲတကိုယ်ကောင်း ဆန်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငါပြောမယ်၊ ပစ္စေကသတ်ဟာ ကမ္ဘာ့ဒွန်း ဘာဝနာလုပ်မယ့်ယောဂီ ရဟန်းတွေအတွက် ဗုဒ္ဓက ဟောနေတာနော်၊ ဒီတော့ ကိုယ့်ကိစ္စကို ကိုယ်ပြီးအောင်လုပ်ဖို့ကပဓာန။ အိမ်ရှင် ထမင်းရှင်ကို၊ သူတို့ကိစ္စသဲ ကိုယ်ကဝင်ပါ သူတို့နှင့် အေးအတူ ပူအတူ ပလိဗောဓ အဖြစ်မခံရဘူး၊ ဗုဒ္ဓ၏ စရိယ လမ်းစဉ်ကိုပဲကြည့်၊ ဗုဒ္ဓတ္ထစရိယတဲ့၊ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓ ဖြစ်အောင် အရင် ကျင့်ခဲ့ရတာ၊ အဲဒါပြီးမှ လုံလောက်မှ ဉာတတ္ထစရိယတဲ့၊ ဆွေမျိုးတွေ ပါရမီဖြည့်ဘက်တွေ အကျိုးကို ရည်သန်တော် မူခဲ့တာ၊ အဲသည့် နှစ်ကြောင်း လုံလောက်ပြီ ဆိုတော့မှ

လောကတ္တရေးယတဲ့၊ သတ္တဝါအပေါင်းအတွက် ကျင့်တော်မူခဲ့တာ၊ အစပိုင်းမှာ တို့ ဆွေးနွေးခဲ့ပြီလေ၊ သူတပါးအား မေတ္တာပို့လိုသူမှာ ကိုယ်တိုင်မေတ္တာတွေ စုပြီးဆောင်းပြီး ရှိထားရမှာဖြစ်တယ်ဆိုတာကော မင်း မေ့သွားပြီလား''

''အေး....ငါက တို့နဲ့သွားသွားပြီး နှိုင်းနေမိတာကို''

''တခုတော့ ရှိပါတယ်၊ တကိုယ်ကောင်း ဆန်ရမယ်ဆိုတာ ကာလအပိုင်းအခြားနဲ့ ပြောတာပါ၊ မိမိဦ တရားအရသာ ကိန်းအောင်းပြီး တမင်္ဂတဖိုလ်ရပြီဆိုတော့အဲသည့်ဓမ္မရသကို သတ္တဝါဝေနေယျ ဒကာ ဒကာမတွေကို ဖြန့်ဝေခြင်းအားဖြင့် အများအကျိုး ဆောင်ကြရပြီပေါ့၊ ဗုဒ္ဓအလောင်းတော်မှာ သုမေဓာရသေ့ အဖြစ်နဲ့ ဒီပင်္ကရာ မြတ်စွာဘုရားကို ဖူးရတာပေါ့၊ အဲသည်ကဘည်းက အလောင်းတော်ကြီးဟာ ဈာန်သမာပတ်ရပြီးသား၊ ဘုရားနဲ့တွေ့ပြီး ခုနစ်ရက်သော် လည်းကောင်း၊ ခုနစ်လသော် လည်းကောင်း ဆက်ကျင့်လိုက်လျှင် အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာကြီးဖြင်ပြီး နိဗ္ဗာန် ရောက်မှာ မုချ၊ ဒါကို အလောင်းတော်ကြီးက 'ကိံ မေ ဧကေန တိဏ္ဏေန'ငါဘဦးတည်း သံသရာက လွတ်မြောက်လို့ ဘာ အကျိုးရှိမှာလဲ၊ သတ္တဝါ အပေါင်းပါ ငါကယ်ချွတ်နိုင်အောင် ဗုဒ္ဓစင်စစ် ဖြစ်အောင် ကြိုးစားမယ်ဆိုပြီး လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်တော်မူရှာတဲ့ လုပ်ငန်းကြီးဟာ တကိုယ်ကောင်း ဆန်ခဲ့သလား၊ ပရဟိတလား''

''ရှင်းပါပြီဗျာ''

"အဲ့သည့် ကုလေသွနန္ဒုဂိဒ္ဓေ၁ရဲ့ သဘောဟာ ပလိဗောဓ (၁၀)ပါးမှာပါတဲ့ ကုပလိဗောဓ ဆိုတာနဲ့ တိုက်ရိုက် ထပ်တူ ထပ်မျှ ဖြစ်တယ်၊ သူတော်ကောင်းများ ရှိမှန်း စက်ဆုပ်တော်မူကြတယ်၊ ပလိဗောဓအကြောင်း တို့ ပြောပြခဲ့ဖူးပါပြီလေ"

"အေး ပြောခဲ့ပြီးပြီ"

"မြတ်စွာဘုရားက တနေ့တော့ ရဟန်းများကို မေးတော်မူသတဲ့"

"ရဟန်းတို့၊ ဘယ်လို ရဟန်းမျိုးသည် လူဒကာ၊ ဒကာမ များကို ချဉ်းကပ်ခြင်းငှာ ထိုက်သနည်း"ဟု မေးတော့ ရဟန်းများက၊

"အရှင်မြတ်ဘုရားသာ ဟောတော်မူပါဘုရား"လို့ တောင်းပန်ကြတယ်၊ ထိုအခါ ဗုဒ္ဓက လက်တော်ကို ကောင်းကင်၌ လှုပ်ပြတော်မူ၍၊

"ဤလက်သည် ကောင်းကင်၌ မငြိမကပ် မတွယ်သကဲ့သို့ အကြင်ရဟန်းသည် လူဒကာ ဒကာမ၌ ငြိတွယ်ခြင်း မရှိသူ ဖြစ်ရာ၏"လို့ ဆုံးမတော်မူသတဲ့။

"ဟုတ်ပါပြီ။ ငါသဘော ပေါက်ပါပြီ၊ နို့မဟုတ်ယင် ဘုန်းကြီးအမူရှာပတ်၊ ရှာအမှုဘုန်းကြီးမှာကပ်။မအေးပ်တာရော၊ အပ်တာရော၊ဒကာ ဒကာမ သံယောဇဉ်တွေနဲ့ တမားမားရှပ်ပြီး မအားမလပ် ဖြစ်တော်မူကြရတယ်"

"ဝိသုဒ္ဓိမဂ်မှာပါတဲ့ ကုလပလိဗောဓကောင်းတဲ့ ရဟန်းတပါး အကြောင်းကို ကြည်ညိုရအောင် ပြောအုံးမယ်၊ ရဟန်းငယ်

တပါးဟာ သူ့ဦးလေး အရင်းဖြစ်တဲ့ ကောရဏ္ဏက ကျောင်းဆရာတော်နှင့်အတူ နေရာက ရေဟဏာဆိုတဲ့ အရပ်ကို စာသင်ကြွသွားသတဲ့၊ အချိန်ကာလ အတော်ကြာသွားတဲ့ အခါမှာ ရဟန်းငယ်၏ မိခင်က ကျောင်းကို ရောက်လာပြီး သူ့သား မောင်ပဥ္စင်းကို မတွေ့ရတာ ကြာလှပြီဖြစ်လို့ တွေ့လိုတဲ့ အကြောင်း လျှောက်သတဲ့၊ ဦးလေးကျောင်းထိုင်ဆရာတော်က ယခုစာသင်သွားတဲ့ အကြောင်း၊ ပြန်လာလျှင် ဒကာမကြီးနှင့် တွေ့ရအောင် ရွာကို လွှတ်လိုက်မည့် အကြောင်း ဖျောင်းဖျလိုက်သတဲ့။

"နှစ်အနည်းငယ် ကြာလို့ ရဟန်းငယ်မှာ စာပေတတ်မြောက်လာတာနဲ့ ဦးလေးဆရာတော်ထံ ပြန်အလာမှာ ဆရာတော်က မိဘတို့ထံတခေါက်တကျင်း ပြန်တွေ့ဖို့တိုက်တွန်းတော့ မောင်ပဥ္စင်းလဲ မိဘတို့ရွာပြန်လာပြီး ရွာကျောင်းမှာ သီတင်းသုံးနေသတဲ့။

"မောင်ပဥ္စင်းရဲ့ မိဘကလဲ ကျောင်းရောက်တဲ့အခါ နှစ်အတော်ကြာ ကွဲကွာနေလို့ သား မောင်ပဥ္စင်းကိုမမှတ်မိကြဘူး၊ ဒါပေမယ့် သားနှင့်တူလိုက်လေဆိုပြီး အိမ်ကို ဆွမ်းစားနေ့စဉ်ပင့်သတဲ့။

"မောင်ပဥ္စင်းလဲ နေ့တိုင်းဆွမ်းလာစားတယ်၊စားပြီးတိုင်းလဲအနုမောဒနာပြုပြီးတရားဟောသတဲ့၊ ဒီလိုနဲ့နေလာလိုက်တာ ဝါကျွတ်တဲ့နေ့အထိပဲတဲ့၊ နောက်တော့ကောရဏ္ဏကကျောင်းကို ပြန်တော့မယ်လို့ ကျောင်းဒကာနဲ့ကျောင်းအစ်မတို့ကိုနှုတ်ဆက်

တဲ့အခါ ကျောင်းဒကာတို့က မောင်ပဥ္စင်းကို သင်္ကန်းလှူပြီး ကန်တော့လိုက်သေးသတဲ့။ ဒီအထိလဲ မိဘနှစ်ပါးက သားမှန်း မသိဘူး၊ မောင်ပဥ္စင်းကလဲ ဖွင့်မပြောဘူး။

"ကောရဗျက ကျောင်းရောက်တော့ ဦးလေးဘုန်းကြီးက 'မိဘနှင့်တွေ့ခဲ့ရဲ့လားလို့' မောင်ပဥ္စင်းကိုမေးတဲ့အခါ တွေ့ခဲ့ရုံ မက နေ့စဉ်ဆွမ်းပင့်ကျွေးလို့စားခဲ့ရတဲ့အကြောင်း မိဘများက မမှတ်မိတော့ကြောင်း မောင်ပဥ္စင်းက လျှောက်တဲ့အခါ၊

"အံ့ပါရဲ့ မောင်ပဥ္စင်းရယ်၊ တဝါတွင်းလုံးနေပြီးဖွင့်မပြော ခဲ့ဘူးလား"

"တပည့်တော်က နေ့စဉ်တရားဒေသနာများကိုဟောတယ်၊ ဆွမ်းအနုမောဒနာများလဲပြုပါတယ်၊ ဒီထက်ပိုလို့ ရဟန်းကိစ္စ မရှိပါဘုရား၊ သူတို့က ဤသင်္ကန်းကိုလှူတဲ့အခါမှာလဲ ဒါနနှင့် ပတ်သက်တဲ့တရား ဟောခဲ့ပါသေးတယ်ဘုရား၊ 'ဤသင်္ကန်းကို အရှင်ဘုရားအား လှူပါတယ်'လို့ လျှောက်ပြီး အရှင်ကင်တော ထွက်သွားပါရော့တဲ့၊ မိဘနှစ်ပါးက မောင်ပဥ္စင်းကလေး ပြန် ကြွသွားကတည်းက သားကိုပိုပြီးသတိရလွန်းတော့ ကောရဗျ က ကျောင်းတိုက်ကို လိုက်လာပြီး၊ မောင်ဖြစ်သူ ဘုန်းကြီးကို တငိုငိုတရိရိနှင့် မေးသတဲ့။

"အရှင်ဘုရား၊ ဤကျောင်းသို့ နှစ်ခါနှစ်ခေါက် လာလို့မှ သားကိုမတွေ့ရတာ အသက်သေလို့များ တပည့်တော်မ တို့ကို ဖုံးထားတာလား"လို့ မေးကြတော့၊ တဝါတွင်းလုံး မိဘတို့ရွာ၊ မိဘတို့ကျောင်းမှာ နေခဲ့တဲ့အကြောင်း၊ မိဘက လှူလိုက်သော

သက်နိုးကိုသက်သေပြုပြီး ပြောတော့မှ မိဘနှစ်ပါးမှာ အံ့သြ ဝမ်းသာစွာဖြင့် ကုလပလိဗောဓကိုခွာနိုင်တဲ့ သားရှိရာမှန်းပြီး ချီးကျူးကန်တော့ကြသတဲ့”

“ဒါဟာ ဗုဒ္ဓလက်ထက်တော်ကလား”

“ဗုဒ္ဓလက်ထက်တော်မှာ မဟုတ်ဘူးနဲ့တူတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မိဘနှစ်ပါးက ‘မိမိသားကဲ့သို့သော ရဟန်းမျိုးကို သက်သေပြုပြီး မြတ်စွာဘုရားက (မဟာအရိယာဝံသသုတ္တန်)ကို ဟောတော်မူတာဖြစ်မှာပဲ’လို့ တမ်းတပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်ဆိုတာကိုး၊ ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီးမှ ဖြစ်မှာ ပေါ့”

“ဝတ္ထုကြောင်းနဲ့သာ ကြည့်ယင် ယုတ္တိ မရှိဘူးလို့ ဝေဖန် ကြအုံးမှာပဲ”

“မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာကြီးမှာ ရေး သားတယ်။

(ဤ လောက၌၊ ထိုမျှ နွယ်ရိုး၊ ဆွေအမျိုး၏၊ အကျိုး ပြစ်ငြား၊ တယောက်အားကို၊ စွန့်ယှားအပ်စွာ၊ မြို့ရွာအကျိုး၊ အမျိုးစွန့်ထိုက်၊ ဇနပိုဒ်တိုင်းကား၊ ဝန်လျှားပတ်လျှံ၊ နိုင်ငံ ရေးရာ၊ အကျိုးမှာမူ၊ ပြည်ရွာစွန့်ရိုး၊ ကိုယ့်အကျိုးကား၊ အမျိုး တဝေး၊ သားမြေးခြံရံ၊ နိုင်ငံပတ်ကုံး၊ မြေအလုံးလည်း၊ ကျုံး၍ မညှာ၊ စွန့်ပစ်ရာ၏) အဲသည့် စာဟာ ပလိဗောဓကင်းစွာနဲ့ ယောဂီများ၊ ဘုရားအလောင်းတော်ကြီးများ နေကျွမကျင့်ဖို့

စိတ်ထားကို ဖော်ပြတော်မူထားတာ၊ ကဲ- ရှေ့အပိုဒ်ကို ဆက်ကြရအောင်ကွာ၊ ဒါမှ ဒီနေ့ မေတ္တာပုဗ္ဗဘာဂပဋိပဒါတရားကို အဆုံးသတ်နိုင်မယ်"

"ဒါဖြင့် နစ ခုဒ္ဒမာစရေကိုဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ ပေါ့။ အဓိပ္ပာယ်က ပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမှန်က အနည်းငယ်မျှမပြုကျင့်ရ မဟုတ်လား။ အကျယ်တဝင့်ကလေး ဆွေးနွေးကြစို့"

"ပညာရှိသူတော်ကောင်းများကဲ့ရဲ့မည့်အမှု၊ စက်ဆုပ်တော်မူကြသည့် အလုပ်မျိုး၊ ဒီလို နားလည်ကြရမှာပေါ့၊ ဒီနေရာမှာ သူတော်ကောင်းများ ချီးမွမ်းတဲ့ကိစ္စမျိုးကို သာမန်လူများက (တို့ခေတ် တို့ပတ်ဝန်းကျင်က လူလိမ္မာဆိုတဲ့လူများက) ကဲ့ရဲ့တတ်တာရှိသလို၊ တို့လူတွေက 'တယ်တော်တဲ့လူ၊တယ်တတ်တဲ့လူ၊ တယ်လျင်တဲ့လူ' လို့ ချီးမွမ်းကြတဲ့အလုပ်မျိုးကို ပညာရှိသူတော်ကောင်းများက နှာခေါင်းရှုံ့တတ်ကြတာကိုလဲ သတိထားပြီး ခွဲခြားသိထားဖို့လိုတာ နားလည်ကြရမှာဖြစ်တယ်၊ မင်း သဘောပေါက်ပါတယ်နော်"

"ဟဲ....ဟဲ၊ တထွာပြယင် တတောင်မြင်တယ်လို့ မင်းပဲငါ့ကို ချီးမွမ်းရတယ်မှတ်လား၊ သိတာပေါ့၊ တို့ခေတ် ဝိသမလောဘ သမား လူ့အလွှာ အတန်းအစားတမျိုးက ဂုဏ်ရယ်၊ ငွေရယ်၊ အခွင့်အရေးရယ် ရဖို့ဆိုယင် ရလာတဲ့ အခါအခွင့်ကို လိမ္မာပါးနပ်စွာ အသုံးချနိုင်သူမှ လူတော်လူဘတ်၊ လူပါး၊ တယ်လျင်တဲ့လူ၊ တယ်စွံတဲ့လူ၊ ခေတ်နှင့် ရင်ပေါင်တန်း လိုက်နိုင်တဲ့လူလို့၊

ချီးမွမ်းကြတာ မှုတ်လား၊ အဲသည့် ပယောဂတွေက သူတော်ကောင်းများ အမြင်နဲ့ဆိုယင် ကဲ့ရဲ့စရာ ဖြစ်နေမှာပေါ့၊ထို့အတူပဲ ကိုယ့်အခြေအနေနဲ့ကိုယ် ရောင့်ရဲ တင်းတိမ်ရကောင်းမှန်း သိပြီး လှုပ်လှုပ်ရှားရှား သိပ်မလုပ်တဲ့ လူတွေ ကျတော့ သူတို့က နှာခေါင်းရှုံ့ချင် လူရာမသွင်းချင်အထင်သေးကြပေမယ့် သူတော်ကောင်းများကတော့ ကဲ့ရဲ့ကြမှာ မဟုတ်ဘူးပေါ့၊ ဒီသဘော မဟုတ်လား"

"အမယ် မင်း ဘယ်ဆိုးလို့တုံး"

"မင်းနဲ့ပေါင်းသင်းလာတာ ဒီလောက်ကြာမှကွာ၊ ဟဲ....ဟဲ့၊ ကဲ....ဆက်ပါအုံး"

"အခုနစကားဆက်က 'လူမိုက်တသောင်း ကဲ့ရဲ့ရှောင်းလည်း လူကောင်းတယောက် ချီးမွမ်းလျှင်ပျောက်၏' ဆိုတဲ့ စကားကို ပြောချင်လို့ပါ။ တို့လောကမှာ ကျင်လည်နေကြတဲ့ ပုထုဇဉ် ဆိုတာက ချီးမွမ်းတာ ကဲ့ရဲ့တာ ချစ်တာ မုန်းတာဟာ အမှန် မရှိကြပါဘူး၊ ဆိုလိုတာက ကဲ့ရဲ့မယ့် အမှုမျိုးမှာ ချီးမွမ်းချင် ချီးမွမ်းနေတတ်ကြသလို၊ ချီးမွမ်းရမယ့် အမှုမျိုးမှာ ကဲ့ရဲ့ချင် ကဲ့ရဲ့ နေတတ်ကြတာ၊ ဒါကြောင့် 'မုန်းချစ်နှစ်တန်၊ လူတို့ဌာန်ဝယ်၊ အမှန်သဘော၊ မရှိသောရှင့်၊ လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏'တဲ့။ ဒီလူမျိုးတွေရဲ့ အကဲ့ရဲ့လွတ်တာ ဘယ်သူမှ မရှိနိုင်ကြဘူး"

"အေး....သိကြားမင်းက နွားယောင် ဆောင်ပြတာတောင် 'အလုံးအထည် ကိုယ်ပေါက် လက်ပေါက်ကဖြင့် ဖြောင့်ပါ့ကွာ၊

အဲ....ချို(ဦးချို)ကလေး နည်းနည်းကုပ်နေတာက ဖျက်နေတယ်’ လို့ ပြောကြသေးတာပဲ”

“ဒါကြောင့် မန်လည် ဆရာတော်ကြီးက ရေးတာပေါ့၊ ‘ပုထုဇန၊ ထိုမျှပုဂ္ဂိုလ်၊ မျှားလူဗိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်း၏၊ အဟောင်းအသစ်၊ ပျိုအိုဖြစ်လည်း၊ မချစ်မလှ၊ ချစ်လျှင်လှ၏’တဲ့လေ၊ ဓမ္မပဒမှာတော့ ‘လုံးဝ ကဲ့ရဲ့ခံရသော၊ လုံးဝ ချီးမွမ်းခံရသော ယောကျ်ားသည် ရှေး၌လည်း မရှိခဲ့၊ ယခုလည်း မရှိ၊ နောင်လည်း ရှိလိမ့်မည်မဟုတ်’တဲ့။ ပုံပြင်တခုတောင် ရှိတယ်လေကွာ၊ သားအဖနှစ်ယောက်နဲ့ မြည်းတကောင်အကြောင်းဟာကော၊ သားအဖနှစ်ယောက် မြည်းတကောင်ကိုဆွဲပြီး ခရီးသွားကြတော့ လူတွေကပြောသတဲ့။ ‘နှစ်ယောက်စလုံးများ ကုန်းကြောင်း လျှောက်နေ ကြရတယ် လို့ဗျာ၊ တယောက်ယောက်က မြည်းပေါ်စီးလိုက်ကရောပေါ့၊ ဒီတော့အဖေက ‘အေး....ဟုတ်သားပဲ၊ငါ့သားက မြည်းပေါ်စီးလိုက်ခဲ့’ လို့ပြောပြီး သားကို မြည်းပေါ် တင်လာတဲ့အခါ လူတွေကပြောပြန်ရောတဲ့၊ ‘ဖအေကြီးကို ရိုသေရမှန်း ဦးစားပေးရမှန်းမသိတတ်တဲ့ ကလေးနှယ်။ ဖအေကြီးကတော့ အောက်ကခြေကျင်လိုက်လို့၊ သူကတော့ အခန့်သား မြည်းပေါ်ကလေ’လို့ဆို...ပြန်သတဲ့။ ဒီတော့ သားငယ်က ‘အဖေပဲ မြည်းပေါ်ကလိုက်ခဲ့ပါ၊ ကျွန်တော် အောက်ကပဲ လိုက်ခဲ့ပါ့မယ်’ ဆိုပြီးသားအဖချင်း နေရာပြောင်းပြီး ဖအေက မြည်းပေါ်က သားကမြည်းကို ကြိုးနဲ့ဆွဲလာသတဲ့၊ ဒါကို နောက်တွေ့တဲ့ သူတွေကဘယ်လိုပြောကြပြန်သလဲဆို၊ ‘အဖေကြီးကလဲ သားကလေးကို

ကြင်နာရကောင်းမှန်း မသိဘူးထင်ပါရဲ့၊ ကလေးက အောက်က လိုက်နေရရှာတယ်’လို့ ပြောကြပြန်ရော။ ကဲ....လူတွေ အပြော လွှတ်အောင် သားအဖနှစ်ယောက်သား တက်စီးလာကြတော့၊ ‘ဟောဗျာ၊ ဟောဗျာ၊ တိရစ္ဆာန် ကလေးကို ရက်စက်လိုက် ကြတာ၊ မြည်းကလေး ငယ်ငယ်ကို သားအဖနှစ်ယောက်စလုံး တက်စီးလို့၊ ခါးကျိုးသေရှာတော့မှာပဲ’လို့ ပြောကြပြန်ရောကို၊ ဒီတော့ သားအဖ နှစ်ယောက်စလုံး ဆင်းခဲ့ပြီး မြည်းကလေးကို ခြေရောလက်ရောတုပ်၊ ဝါးနဲ့လျှိုပြီး တယောက်တဘက် ထမ်း လာတော့ လူတွေက တဟားဟား ရယ်ကြပြန်ပါလေရော။ ကဲ....ဘယ်လိုလုပ်လို့မှ အကဲ့ရဲ့ မလွတ်တော့ဘူး”

“ဟုတ်ပါ့ကွာ”

“ဒီတော့ ဆရာတော်ဦးဗုဒ်ရဲ့ အတိုချုပ် စကားကိုသာ မှတ်ထား”

“ဘယ်လိုတဲ့တုံး”

“ဘယ်သူ ကဲ့ရဲ့ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင်နေတဲ့။ ရှင်းရော”

* * *

# မေတ္တာသုတ် (၅)

"ကဲ တို့သူငယ်ချင်းနှစ်ယောက် မေတ္တာသုတ် (၁)က စပြီး ဆွေးနွေး လာလိုက်ကြတာ မေတ္တာပုဗ္ဗဘာဂ ပဋိပဒါတရား တစ်ဆယ့်ငါးပါးတောင် ပြီးခဲ့ပြီ"

"ဟုတ်ပါရဲ့၊ မေတ္တာပုဗ္ဗဘာဂ ပဋိပဒါဆိုတာ မေတ္တာ ဘာဝနာပွားဖို့ ရှေးဦး အဆင့် ကျင့်ဆောင်ရမယ့် အခြေခံ တစ်ဆယ့်ငါးပါးလို့ မြန်မာပြန်ရမှာပေါ့နော်"

"ဟုတ်ပါတယ်၊ ဒီတော့ တို့ဆွေးနွေးပြီးခဲ့သမျှကို ပြန်ပြီး သုံးသပ် ကြည့်ရအောင်"

"သန္တံ၊ ပူပြင်ခြင်းကင်းသဖြင့် အချင်းခပ်သိမ်း ငြိမ်သက် သော။ ယံပဒံ၊ အကြင် အသခ်တဓာတ် နိဗ္ဗာန်မြတ်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထိုအသခ်တဓာတ် နိဗ္ဗာန်မြတ်ကို။ အဘိသမေစ္စ၊ လေးသစ္စာကို လှစ်ကာထွင်းဖောက် သိမြင်သောအားဖြင့် ကပ်

ရောက်၍။ ဝိဟာရိတုကာမေန၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြည်ညို နေထိုင်လိုသော။ အတ္တကုသလာနံ၊ ပဋ္ဋုပ္ပန် သံသရာကျိုးနှစ်ဖြာ၌ လိမ္မာသောအမျိုးသားသည်။ ကရဏီယံ၊ တဆယ့်ငါးပါး ဆိုလတ္တံ့သော တရားကို လေးစားသမျှ အားထုတ်ကျင့်ကြံခြင်း ပြုအပ်၏။

၁။ သက္ကောစ၊ လေးသစ္စာကို လှစ်ကာသိရန် မြဲမြဲကြံခိုင် ကျင့်စွမ်းနိုင်သည်လည်း။ အသ၊ ဖြစ်ရာ၏။

၂။ ဥဇုစ၊ ကိုယ်လည်းအဟုတ် နှုတ်လည်း မမှား မျိုးမပြားပဲ ရိုးသား ဖြောင့်မတ်သည်လည်း။ အသ၊ ဖြစ်ရာ၏။

၃။ သုဟုဇုစ၊ ကွေ့ကောက်လိမ်လည် တဆံခြည်မျှ ကြံစည်စိတ် မစောပဲ သဘောမနော ရိုးမတ်သည်လည်း။ အသ၊ ဖြစ်ရာ၏။

၄။ သုဝစောစ၊ ပညာရှိများ ဆိုဆုံးမစကားကို မရှားမပယ် နာယူလွယ်သည်လည်း။ အသ၊ ဖြစ်ရာ၏။

၅။ မုဒုစ၊ ရွှေဇမ္ဗူရာဇ် မြူညစ်စင်သန့် အမှု၌ခန့်သကဲ့သို့ နူးညံ့ သိမ်မွေ့သော ကိုယ်နှုတ်နှလုံး ရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။

၆။ အနတိမာနီစ၊ ဇာတိ ဂေါတ္တ စသည် ဂုဏ်ရောင် မှန်ကင်း ထောင်သကဲ့သို့ အခေါင်ပင့်မြှောက် မမြင့်မောက်ပဲ အောက်ကျ နောက်ကျ မာန် နှိမ့်ချသည်လည်း။ အသ၊ ဖြစ်ရာ၏။

၇။ သန္တုဿကောစ၊ ယထာလာဘ သာရုပ္ပ စသည်ဖြင့် သန္တောသနိုဿရည်း မလိပ်လည်းစေပဲ ပစ္စည်းလေးပါး၌ ရောင့်ရဲသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၈။ သုဘရောစ၊ ကောင်းသော ဆိုးသော သဘောမထားမပြောကြားပဲ ပေါမျှားပြန်သည် ရှားပြန်သည်ဟု မမြည်မဆို သူကြည်ညို၍ လှူလိုသမျှ ရသမျှနှင့် မျှတဖွယ်ရေး အလေးအပေါ့ အပျော့အမာ အရာရာ၌ အဆာမကျယ် မွေးမြူလွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၉။ အပ္ပကိစ္စောစ၊ နဝကမ္မ ဗာဟိရ့ကို ကိစ္စတခု မပြုကြရာ ကိုယ့်တွက်တာနှင့် ပက်ပါကြုံ၍ ဆိုကာ တွေ့လည်း နေ့ရှည်ရက်မျှား အားပါးမထုတ်။ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းချုပ်ခြင်းမှုကိုသာ အဟုတ်သီးခြား အလုပ်ကြီးထားသော အားဖြင့် နည်းပါးသော အမှုကိစ္စ ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၀။ သလ္လဟုက ဝုတ္တိစ၊ တတောထွက်ဝင် တပင်ထွက်သွား ကျေးငှက်မျှားသို့ စားရန်သောက်ရန် နေထိုင်ရန်ဟု ကြံစည်ထိုထို မပိုမိုပဲ ကိုယ်တွင်ဆောင်ကာ အတောင်သာလျှင် သွားလာစခန်း ပါမြဲတမ်းသို့ ရဟန်းတို့လည်း ငှက်တို့နည်းပင် ပစ္စည်းထိုထို မပိုမိုပဲ ကိုယ်တွင်ပရိက္ခရာ ရှစ်ပါးသာလျှင် သွားလာသော အားမလျှော့လျှားသဖြင့် ပေါ့ပါးသော အသက်မွေးခြင်းလည်း။ အဿ၊ ဖြစ်ရာ၏။

၁၁။ သန္တိန္ဒြိယောစ၊ အနိဋ္ဌာရုံ ဣဋ္ဌာရုံနှင့် ကြုံလင့်ကစား တရားနှလုံး သုံးလျက်ချိန်လျက် ရှိန်မပျက်စေပဲ ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၂။ နိပကောစ၊ ကိစ္စရေးရာ အဖြာဖြာ၌ ကောင်းစွာပြီးအောင် ဆောင်ခွင့်ရှက်ခွင့် မြော်ခေါ်ချင့်နိုင်သော ရင့်သောပညာရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၃။ အပ္ပဂဗ္ဘောစ၊ ကိုယ်မကြမ်းကြုတ် နှုတ်မကြမ်းခက် စိတ်မပျက်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၄။ ကုလေသု၊ ကြည်ညိုသဒ္ဓါ ဆည်းကပ်လာသော ဒါယကာ အမျိုးသားတို့၌။ အနနုဂိဒ္ဓေါစ၊ ပစ္စည်းကိုမင် လူကိုခင်လျက် ကြင်နာသမှု ပြုစုရက်ရော မယုက်နှော သဖြင့် မက်မောတွယ်တာခြင်း မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၅။ ယေန၊ အကြင်ဒုစရိုက်မှု မကောင်းပြုခြင်းကြောင့်။ ပရေ၊ တပါးကုန်သော။ ဝိညူ၊ ထင်စွာမြင်သိ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ဤသို့ဤသူ ပြုသောဟူ၍ လူရှင်အပေါင်း မကြားတောင်းလျက် အကြောင်းထင်စွာ ကဲ့ရဲ့ကြကုန်ရာ၏။ တံ၊ ထိုစရိုက်စု မကောင်းမှုကို။ ကိဉ္စိ၊ စိုးစဉ်းသော၊ ခုဒ္ဒံ၊ အနည်းငယ်မျှကို သော်လည်း။ နစ အာစရေ၊ မပြုကျင့်ရာ။

''ကဲ-အဲဒါ မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ပထမဂိုဏ်းချုပ်(၉) ဆောင်တိုက် ဝေဇယန္တာ အုတ်ကျောင်း ဆရာတော် အရှင်

ဝေပုလ္လာဘိဓဇ ရေးသားတော်မူခဲ့တဲ့ (မြင်းခြံ ၉ ဆောင်မူ မဟာပရိတ်တော်ကြီး နိသျှသစ်) မြန်မာပြန်ပဲ”

“သာဓု သာဓု သာဓု။ ငါဖြင့် ဒီတခါပဲ နာဖူးပါတယ်၊ ပြည့်စုံလိုက်တာ”

“ဒီစာအုပ်ကို ၁၂၇၉ ခုနှစ်မှာ ရေးတော်မူခဲ့တာလေ၊ အာဘိယာစကလုပ်သူ (ရေးဖို့တောင်းပန်သူ) ကိုလဲ ကြည့်အုံး၊ မြန်မာပညာရှိကြီး ပုဂံဝန်ထောက်မင်း ဦးမောင်မောင်တင်”

“တအုပ်လောက်တော့ ဆောင်ထားမှပဲ”

“အလွန်ရှားနေပြီ။ နောက်ထပ် ပုံနှိပ်တယ်လို့လဲ မကြားတော့ဘူး။ မြင်းခြံမြို့က ဆရာတော် ဘုရားကြီးရဲ့ တပည့်ရင်း ဆရာတော်များ၊ ဥပသကာကြီးများက ထိုကျမ်း မပျောက် မကွယ်အောင် ဆက်လက်၍ ပုံနှိပ် လုပ်ဆောင်ကြဖို့ သင့်လှပါတယ်”

“အင်း-မေတ္တာပုဗ္ဗာဂပဋိပဒါတရား တဆယ့်ငါးပါးနှင့်ပြည့်စုံကတည်းက မေတ္တာဘာဝနာကို မကျင့်ခင်ပဲ လူသာဓုခေါ်၊ နတ်သာဓုခေါ် ရန်ကင်းနေပြီ၊ ချစ်ခင်ကြည်ညိုစရာ ဖြစ်နေပြီ၊ ဒီလိုပုဂ္ဂိုလ်က သတ္တဝါများအပေါ် မေတ္တာစိတ် ရှေးရှုပြီဆိုယင် ဘယ်မှာ အကျိုးအာနိသင်မရှိပဲ နေပါတော့မလဲနော်.... အဖိုးတန်လိုက်တာ”

“အင်း အဲသည် ပရိတ်ကြီးကို ကလေးသူငယ်များ လောက်သာ ကျက်ရမယ့်စာလို့ သဘောထားတဲ့လူမျိုး ရှိသေးတယ်တဲ့၊ ဒါကို ဆရာတော်ကြီးက နိဒါန်းဖွင့်ပြီး ဆုံးမ ထားလိုက်တာ ထိပုံမိပုံများ မပြောနဲ့တော့”

"လုပ်စမ်းပါအုံးကွာ နာရအောင်"

"ပဌမသိခန်း၊နိဒါန်းကလေးတခု၊ ဝေံကိုအစပြု၍၊မေသုတံ အဆက်ဆက်၊သမုဒ္ဒရာကြီးတဖြည်းဖြည်းနက်သကဲ့သို့၊သည့်ထက် သည်သာ၊ နက်နဲစွာသော၊ မဟာပရိတ်တော်ကြီး တစောင်လုံး၊ ၈ ဆုံး ရင်းဖျား သိလိုရင်းအခိပ္ပာယ်ကို ကြိတ်နယ်သည် မဟုတ် သေးပါဘူး၊သရုပ်ကလေးနှင့်အမည်ကိုမျှ၊ပီသအောင်မစမ်းဝါး နိုင်ပဲနှင့်၊အလကားနှုတ်မဆိတ်၊မှိုတ်ငြင်းဇွတ်ငြင်း၊ အလွတ်တင်း တင်းကြ၍၊ ကရွတ်ကင်း အထပ်ထပ်၊ စာနာမည်ကြီးတွေ မှတ် မှတ်ပြီး၊အဘိဓမ္မတ္ထ ဝိဘာဝနီ တဦးက ချီလိုက်တော့၊ ဒီပနီနှင့် တဦးပြော၊ သမ္မောသံ ပဌမဂြိုဟ်သံတွေနဲ့ တဦးဝင်၊ ပရမတ် သမားချင်းယှဉ်မိ၊ ထင်ရာတတ်တိုင်း တဖောင်ဖောင်၊ ဘယ်သူ့ စကားမှ ဘယ်သူ နားမထောင်....၊ အဲသလို ဝေဖန်တော်မူ ထားတယ်"

"အင်း ကျမ်းကြီးဂန်ကြီးမှ ကိုင်ပြောချင်တဲ့ပညာတတ်ကြီး တွေကို ဆိုလိုဟန်၊ ရှိတယ်၊ တို့တတွေကလဲ ပြောလဲပြောစရာ၊ (ဝင်ဝင်ချင်း ခုနစ်ဝါ) တယ်လုပ်ချင်ကြတယ်"

"မ[illegible]စကားကို ငါနားမလည်ပါဘူး"

"ဟား-ဟား ဒီလိုကွ ဒီလို၊မင်း ဘသောင်းရဲ့ညီ ဘဂျမ်းကို မှတ်မိသေး မှုတ်လား"

"မှတ်မိတာပေါ့၊ ရှတ်နောက်နောက် ပြောင်စီစီ သွားဖြီး ကလေးနဲ့လေ"

"အေး တို့ထက် ဆယ်နှစ်လောက်ငယ်ပါတယ်၊ကျိုက်လတ် ပစ္စိမာရုံကျောင်းမှာ ရွှေကျင် သာသနာပိုင်ကြီး ရှိတော်မူစဉ် ကပေါ့၊တို့အမျိုးသား ကျောင်းသားဟောင်းတွေ သကြံ့န်ရက် အတွင်းမှာ ဒုလ္လဘရဟန်းခံကြတယ်၊ အပါး နှစ်ဆယ်လောက် ပေါ့၊အဲ သူက အသက်ငယ်ဘော့ နောက်ဆုံးအဖွဲ့နဲ့မှ ကံဆောင် ရတယ်လေ၊သိမ်ကထွက်လို့ ကျောင်းရောက်တယ်ဆိုယင်ပဲ ဘာ ပြောတယ်မှတ်သလဲ၊ 'ဦးဇင်းတို့ ဦးဇင်းတို့၊ တပည့်တော်ကို နောက်ဆုံးမှ ရဟန်းခံ ပေးပေမယ့် သာသနာပိုင် ဆရာတော် ကြီးက ကျောင်းတကာ သားမို့ ဝင်ဝင်ချင်း ခုနစ်ဝါ (ပရိ မိုးရှင်း)ပေးလိုက်တယ်၊ တပည့်တော်ကို ဦးဇင်းတို့က ရိုသေ ကြပေတော့'တဲ့၊ ကဲ"

"ဟား ဟား၊ နောက်လဲ နောက်တဲ့ကောင်"

"အခု တို့အဖြစ်ကလဲ ဒီလိုပဲမဟုတ်လား၊ ဘယ်နေရာ၊ဘယ် ဌာန၊ ဘယ်အမှု၊ ဘယ်ကိစ္စမှာမဆို(ဝင်ဝင်ချင်း ခုနစ်ဝါ) လုပ် ချင်ကြတာချည်းပဲလေ၊ ဖြတ်လမ်းတွေကလဲ ပေါတယ်မှတ်လား ဟဲ ဟဲ"

"အင်း....အလှမ်းကျယ်ဘော့၊အလယ်လပ်ကုန်ကြတာပေါ့"

"လပ်တာ မလပ်တာကနောက်ထား၊ ကိန်းကြီး ခမ်းကြီး ပြောယင်၊ လူအထင်ကြီးတာကတော့ လက်တွေ့တွေပဲ၊ အဲသည့် သဘာဝကို ဆရာတော်ကြီးက ရှုံတော်မူဟန်တူတယ်"

"ဟုတ်ပါလိမ့်မယ်၊ တိုင်ငယ်ငယ်ကသင်ခဲ့ရ၊ ရွတ်ခဲ့ရတဲ့ မင်္ဂလ သုတ် ဝိနည်းပဲ အကုန် ကျင့်ဆောင်ရကောင်းမှန်းသိလို့၊ ယုံလို့၊ လိုက်နာလို့ရှိယင် ထောင်တို့၊ ရဲစခန်းတို့၊ တရားရုံးတို့၊ ရှေ့နေတို့

စတဲ့ အရာရှိကြီးများ ပျင်းခြောက်ခြောက် ဖြစ်ကုန်မှာပဲနော် ဟား ဟား"

"အရိုးဆုံးဆိုတဲ့ ငါးပါးသီလဟာ အကောင်းဆုံး ဖြစ်နေ တာကို သတိမမေ့သင့်ဘူး၊ ကဲ-မေတ္တာသုတ်ကို ဆက်ကြပါစို့"

"မေတ္တာသုတ်ကို ဆက်ရမယ်ဆိုယင် 'မေတ္တာ'ဆိုတာ ဘာလဲ၊ အဲဒါက စကြရလိမ့်မယ်၊ တို့တတွေ အရပ်စကားနဲ့ နားလည် ထားတာကတော့ မေတ္တာဆိုတာ ချစ်ခင်ခြင်းပဲ၊ ဒီတော့ သမီး ရည်းစားအချစ်၊ လင်မယားအချစ်မျိုးတွေနဲ့ ရောထွေး သွား တာပေါ့"

"အင်း ကာမရာဂ၊ ပိမ ကိစ္စတို့မှာ မေတ္တာလို့ သုံးထားကြ တော့ ညစ်ညမ်း သေးသိမ် သွားတာပဲနော်၊ မေတ္တာဆိုတာ ဗြဟ္မစိုရ်တရား မဟုတ်လား"

"ဟုတ်တာပေါ့၊ ဗြဟ္မစာရ-ဗြဟ္မဝိုရ်ရဲ့ အဓိပ္ပာယ်က ကိလေ သာကင်းစင်ပြီးသော သူတော်စင်သူတော်ကောင်းကြီးများ၏ ဖြူစင်သန့်ရှင်းတဲ့ စေတနာစိတ်ထား၊ ဗြဟ္မဝိဟာရ ဆိုတာလဲ အဲသလိုစိတ်စေတနာနှင့် အမြဲမကွာနေတဲ့ သဘောတရား၊ ဗုဒ္ဓ၏ ပါရမီဆယ်ပါးမှာ ၈ပါး အပါအဝင်ပဲလေ"

"နေပါဦးကွ၊ တို့ပြောပြောနေကြတာ ရှိပါတယ်၊ တဦး မေတ္တာတဦးမှာဆိုတာ ကိုယ်ကမေတ္တာထားလျှင် တဘက်သား ကလဲ မေတ္တာ တုံ့ပြန်လာတယ်လို့ ဆိုတာမဟုတ်လား"

"အေး.... ကိုယ့်မေတ္တာက သန့်ရှင်း စင်ကြယ်မယ် ဆိုယင် မေတ္တာရောင်ပြန် ဖြစ်နိုင်စရာ ရှိပါရဲ့၊ ကိုယ်က နောက်ပိုးပြီး

တဏှာရာဂနှင့်သာတွေတဲ့ မိန်းမတိုင်းကို မေတ္တာထားကြည့်စမ်းပါလား၊ ပါးတောင် အရိုက်ခံချင်ခံရအုံးမယ်"

"ဟား ဟား ဟား မင်းပြောတာရှင်းပြီ၊ တကယ့်မေတ္တာမှ မဟုတ်ပဲကိုနော"

"တကယ့်မေတ္တာစိတ်ကျတော့ ဘယ်လောက် သန့်ရှင်းသလဲ ဆိုယင် တဦးမေတ္တာ တဦးမှာဆိုတဲ့ တန်ပြန်မှုမျိုးတောင် ဆန္ဒပြုကြလိမ့်မယ် မဟုတ်ပါဘူး၊ မိခင်တဦးက ရင်ခွင်မှာ ပိုက်ပြီး နို့ချိုတိုက်နေတဲ့ သားကလေး အပေါ်မှာ သားကလေးထံမှ ချစ်ခင်ခြင်းကို မျှော်လင့်တောင့်တပြီးနေတဲ့ စိတ်မျိုးရှိသလား၊ မိခင်ကသာ သားကို ချစ်နေတာမှတ်လား၊ အဲသည့် စိတ်မျိုးနဲ့ နှိုင်းရမယ် ထင်ပါတယ်၊ ဘုရားလောင်း မျောက်မင်း ဟာ ချောက်ထဲကျနေတဲ့မုဆိုးကို မေတ္တာစိတ်နဲ့ ကယ်တင်ခဲ့ဘယ်၊ မုဆိုးက ဘုရားလောင်း၏ခေါင်းကို ကျောက်ခဲနှင့် ထုသတ်ပြန်တော့လဲ သွေးစက်လက်ဒဏ်ရာကြီးနဲ့ လူတို့ရွာနား နီးအောင် လမ်းပြ ပေးလိုက်သေးတယ်၊ အဲဒီအခါမှာ ကယ်ခဲ့ တုန်းက ဘုရားလောင်း၏ မေတ္တာနဲ့ ကျောက်ခဲနှင့် အထုခံရပြီးမှ လမ်းပြတဲ့မေတ္တာဟာ သာတူညီမျှပဲဖြစ်တယ်၊ သူ့မေတ္တာကို လိုလို့ ကိုယ့်မေတ္တာထားခြင်းမဟုတ်တာ ထင်ရှားပြီ"

"ဒါဖြင့် ဗုဒ္ဓကအစပြုပြီးတော့ ယခုအထိ သူတော်ကောင်းကြီးများ၏ မေတ္တာကြောင့် ရန်အမျိုးမျိုး အောင်ခဲ့ကြတယ် ဆိုတာကို ဘယ်လိုမှတ်ရမလဲ"

"မေတ္တာကြောင့် ရန်အမျိုးမျိုး အောင်တယ် ဆိုတာထက် မေတ္တာကြောင့် ရန်အမျိုးမျိုး အေးငြိမ်းတယ်လို့ ယူဆလျှင်

ပိုပြီး သဘာဝကျလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတော်ကောင်းကြီးများဟာ ရန်ကိုရန်ချင်း သူနိုင်ကိုယ်နိုင် အပြိုင်တိုက်ခိုက်ကြတယ်လို့ မရှိကြပါဘူး။ သူတော်ကောင်းကြီးများရဲ့ မေတ္တာက တဘက်သားကို အလိုလို နူးညံ့သိမ်မွေ့သွားစေတာပဲ ဖြစ်တယ်။ ဥပမာကွာ တို့က အောင်ခြင်းရှစ်ပါးလို့ဆိုပြီး ဘုရားရှိခိုးနေကြတယ်။ (၁)မာရ်နတ်၊ (၂)အာဠဝကဘီလူး၊ (၃)နာဠာဂိရိဆင်၊ (၄)အင်္ဂုလိမာလ၊ (၅)စိဉ္စမာန၊ (၆)သစ္စကပရိဗိုဇ်၊ (၇)နန္ဒောပနန္ဒနဂါး၊ (၈) ဗကဗြဟ္မာ။ အဲဒီမှာ နန္ဒောပနန္ဒနဂါးကြီးမှတပါး ဘုရားကိုယ်တော်မြတ် ရင်ဆိုင်တော်မူခဲ့ရဘယ်။ ဖြေရှင်းကယ်ချွတ်ခဲ့ရတယ်။ အဲသည့်အခါ အားလုံးမှာ မြတ်စွာဘုရားက မတုန်မလှုပ်သော မေတ္တာဖြင့်သာ ဖြေရှင်းတော်မူခဲ့တာချည်းပဲ။ ဒါကြောင့် ဘုရားရှိခိုးမှာ 'တုတ်ဓားမဆောင် ကြိုးမနှောင်ပဲ အောင်တော်မူသော မြတ်စွာဘုရား' လို့ ဖွင့်ကြတာဖြစ်တယ်။ တို့ မျက်မှောက်ခေတ် ဥပမာနဲ့ မနိုင်းကောင်း နိုင်းကောင်း နှိုင်းယှဉ်ပြရမယ်ဆိုယင် စုန်း နတ် ကဝေများနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေတဲ့ ပယောဂဆရာများရဲ့ အမူအကျင့်မျိုး မဟုတ်ဘူး။ ဒါကြောင့် အောင်တယ်ဆိုတဲ့ စကားထက် အေးငြိမ်းတယ်လို့ မှတ်ရမယ်"

"ရှင်းပါရဲ့ကွာ"

"လယ်တီဆရာတော်ကြီးက မေတ္တာဘုရားဟာ နှစ်ဘက်သွားဓားနှင့် တူတယ်တဲ့၊ ဒီဓားကို လာလုယင် လုတဲ့လူသာ အထိအရှ ဖြစ်ရမှာပဲတဲ့"

"ကောင်းလိုက်တာ၊ ဖတ်ဖူးသမျှ ဖောက်သည် ချပေးပါ ဆရာခင်ဗျား"

"ဖတ်ဖူးသမျှက ပိုလိုလဲ မပြောနိုင်ပါဘူး တပည့်ကြီး ခင်ဗျာ၊ ဒါပေမယ့် ငါက မင့်ထက် ခုနစ်ဝါ ကြီးတယ်နော်၊ ဟဲ ဟဲ....၊ ကဲ....ကျမ်းဂန်ပါဠိ ပါရှိသည်နှင့်အညီ ပြောအုံးမယ်"

"ဟောတော်မူပါ ဆရာ ကိုဘဂျမ်းခင်ဗျာ".

"မေတ္တတိတိ မေတ္တာ၊ သိနိယှတိတိ အတ္တော"

"အဲဒါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ပါတဲ့အဖွင့်ပဲ။ မြန်မာ ပြန်လျှင်"

"ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ မေဇ္ဇတိ၊ ချစ်ခင်တတ်၏။

ဣတိတသ္မာ၊ ထို့ကြောင့်သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။ မေတ္တာ၊ မေတ္တာမည်၏။ သိနိယှတိ၊ ချစ်ခင်တတ်၏။ ဣတိအတ္တော၊ ဤကား အနက်တည်း"

"အဲသည့်သဘောက တို့စောစောက ပြောခဲ့ကြတဲ့ ချစ်ခင်ခြင်းကို ပြတာဖြစ်တယ်။ အဲသည့် ချစ်ခင်ခြင်းမှာလဲ တဏှာနဲ့ ချစ်တာမျိုးကို မေတ္တာဟု မယူဆအပ်။ အဆွေခင်ပွန်းအဖြစ် ထားရှိမယ်လို့ ပြထားတယ်။

"မိတ္တေဘဝါဝါ မိတ္တာဿ ဧသောပဝတီတိပိ မေတ္တာ"

ဝါ။ တနည်းကား။ မိတ္တေ၊ အဆွေခင်ပွန်း၌။ ဘဝါ ဖြစ်သည်တည်း။

ဣတိပိ၊ ထို့ကြောင့်လည်း။ မေတ္တာ၊ မေတ္တာမည်၏။

"အဲသည့် ပါဠိတော်ကို အမှီပြုပြီး မင်းက ပြောခဲ့တာပေါ့ နော်"

"ဟုတ်ပါတယ်၊ နောက်ပြီးတော့ မေတ္တာစိတ်ဟာ ပရမတ္ထလေးပါးမှာ အပါအဝင်ဖြစ်တဲ့ အဒေါသစေတသိက်ဟု ဆိုပါတယ်။ ဥပမာနှင့်ပြောရလျှင် ဒေါသက မီးနှင့်တူတယ်။ အဒေါသက ရေနှင့်တူတယ်။ မေတ္တာဆိုတာ အဒေါသ စေတသိက်လို့ မှတ်ရပါမယ်။ မီးနှင့်တူသော ဒေါသဖြင့် နှိပ်စက်သည်ဖြစ်၍ မိမိအထံသို့ အကျိုးမဲ့ပြုခြင်းငှာလာသော ရန်သူကို ရန်တုံ့မမူပဲ ရေနှင့်တူသောမေတ္တာဖြင့်သာ ထိုသူတပါး၏ဒေါသမီးကိုလည်းကောင်း၊ မိမိကိုယ်တွင်း၌ ဖြစ်ပေါ်မည့် ဒေါသမီးကို လည်းကောင်း ပြေစေရမည်၊ အေးစေရမည်၊ ငြိမ်းစေရမည် လို့လဲ ပြတယ်"

"အင်း....မင်းတို့လို ငါတို့လို လူစားမျိုးတွေ အတွက် အတော်ကြီး ကိုယ့်ကိုယ်ကိုယ် ဆုံးမယူရမယ်"

"မလိမ်တမ်း ပြောရလျှင်တော့ မလွယ်လှပေဘူးပေါ့။ အဲသလို မလွယ်တာကို လွယ်အောင် ကိုယ့်ကိုယ်ကိုယ် ဆုံးမဖို့ နည်းလမ်းတွေ တော်တော်များများ ပြထားပါတယ်။ ဒေါသရဲ့အပြစ်နှင့် ခန္တီ၏အကျိုးကို ချိန်ထိုးကြည့်ဖို့ပေါ့"

"ဘယ်လိုချိန်ထိုးရမှာလဲ၊ လုပ်စမ်းပါအုံးကွာ၊ တဆိတ်လောက်"

"ဒေါသသည်ကျိုးကြောင်းမကြည့်၊ဆိုးကောင်းမသိ၊မှောင်အတိကျ၏၊ နောင်ပန်ပန် ရှက်စရာကို ပြောဝံ့အောင်၊ ပြုဝံ့အောင်၊ ယုတ်မာသူနှင့် ယုတ်မာခြင်း ပြိုင်ဝံ့အောင် စေခိုင်း၏။

အကျိုးဖယ်၍ အပြစ်ကိုယူ၏၊ ကျက်သရေ မင်္ဂလာမရှိ။ ဒါက ဒေါသ။ ခန္တီကျတော့၊ ခန္တီသည် ကျိုးကြောင်းကြည့်၏။ ဆိုးကောင်းသိ၏၊ မှောင်အတိမကျ၊ ရှက်စရာကို မပြောမိ မပြုမိအောင် စောင့်၏၊ ယုတ်မာခြင်း မပြုိင်ခိုင်း၊ နောင်ဖန်ဖန် ဝမ်းမြောက်စရာကိုသာ ပြောခိုင်း ပြုခိုင်း၏။အပြစ်ကိုဖယ်၍ အကျိုးကိုယူ၏၊ သမ္မာပဋိပတ် အကြောင်းရင်း၌ တည်စေ၏၊ ကျက်သရေမင်္ဂလာရှိ၏၊ တဲ့။ ဒါက ရန်ပြုလာသူအပေါ်မှာ ချင့်ချိန်ဆင်ခြင်ရမယ့် သဘောထားများ ဖြစ်တယ်။ ဒါ ညောင်လေးပင် တောရဆရာတော်ကြီးရဲ့ အဖွင့်”

“အင်း....စိတ်ကောင်းကလေး ဝင်လာလျှင်တော့ ဆင်ခြင်နိုင်ကောင်းပါပြီ”

“ဟား ဟား ဟား၊စိတ်ကောင်းကလေးလို့မင်းပြောတော့၊ ငါကို ကတ်ဖဲ့သမားလို့ မင်းပြောခဲ့တာ မှတ်မိသေးသလား”

“အား .. ဟား ဟား၊ မှတ်မိပြီ၊ မှတ်မိပြီ။ (ဒေါသ)ဆိုတာ ပါဠိစကား၊ မြန်မာပြန်တော့ စိတ်ဆိုးတာ။ (စိတ်ဆိုးသယ်)ဆိုတာ စိတ်ကောင်းမဟုတ်လို့ လို့ မင်းက ပြောတယ်”

“အေး....မင်း မှတ်မိသားပဲ၊ ဒါကြောင့် ပါဠိစကားတလုံးဟာ အလွန် ကျစ်လျစ်တယ်၊ တကယ်သိအောင် ပြောရလျှင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာတယ်။ သိပြီးတဲ့ အခါကျတော့လဲ တိုတိုနဲ့ ထိရောက်တယ်။ အခုပဲကြည့်။ ဒေါသ စေတသိက်ဆိုသည်ကား အပြစ်။ အဒေါသစေတသိက်ဆိုသည်မှာ(မေတ္တာ)။ ရှင်းသွားပြီ မှုတ်လား”

“ဟုတ်လိုက်လေ သူငယ်ချင်းရာ”

"ဒါလောက်ကျယ်ပြန့်လာတာဘောင် မေတ္တာ၏အကြောင်း အကျိုး မကုန်တတ်သေးဘူး၊ မေတ္တာစိတ်ကို မိမိကိုယ်တိုင် ဆောက်တည်ပွဲပြင်ယူမှ ရသလို၊ ရှေးဘဝများက အကြောင်း သက်၊ ယခုဘဝ၏ အကြောင်းဆက်များကြောင့်လဲ ပေါ်လာ တတ်တယ်။ ဒါကတော့ တဦးချင်း အပေါ်မှာပေါ့လေ။ သဗ္ဗေ သတ္တာ အပေါ်မှာတော့ မဟုတ်ပေဘူး"

"ပြောစမ်းပါအုံးကွာ"

"အခါတပါး မြတ်စွာဘုရားဟာ သံဃာတော် များနှင့် သံသုမာရဂိရိမြို့ကို ဒေသစာရီ ကြွရောက်သွားတော် မူသတဲ့။ အဲသည်မှာ ဘုရားဖူးများစွာ လာကြတဲ့အနက်က နကုလပိတာနဲ့ နကုလမာတာ အမည်ရှိတဲ့ ပုဏ္ဏားကြီးလင်မယားက ဗုဒ္ဓကိုယ် တော်ကို မြင်လျှင်မြင်ချင်း ရင်ပတ်စည်တီးနှင့် ပြေးလာပြီး 'အမယ်လေး သားကြီးရယ်၊ သားကြီးရယ်'နဲ့ ဝမ်းသာဝမ်းနည်း ငိုကြွေးပြီး တဘာန်းတန်း လိုက်နေကြသတဲ့။ ဒီအခါမှာ ပုထုဇဉ် ရဟန်းအချို့က ကျိတ်ပွုံးကြသတဲ့လေ"

"အင်း....(ပိုလိုက်တာ) လို့၊ တို့ အခုခေတ်ပြောသလို ပြော ချင်တာပေါ့လေ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ ဒီအခါမှာ ဗုဒ္ဓ ကိုယ်တော်က ထိုရဟန်းများကို ရှင်းပြတော်မူရတယ်။ ပါဠိလိုကတော့။

"ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ၊

ဧဝန္တံ/ဇာယ တေပေမံ၊ ဥပ္ပလ္လဝယထောဒကေ"

မြန်မာလိုကတော့။ ဘဝသံသရာ အဆက်ဆက်မှာ ရှေးဘဝ ဘဝတွေတုန်းက မိဘဆွေမျိုးဖြစ်ခဲ့ကြဖူး၍သော်လည်းကောင်း၊

ယခုဘဝမှာ တယောက်၏ အကျိုးကို တယောက်က လိုလား ဆောင်ရွက်၍ သော်လည်းကောင်း (ပေမ)ဆိုတဲ့ ချစ်ခင်ခြင်း စိတ်ဟာ ရေအောက်မှာ ကြာပေါက်သကဲ့သို့ ဖြစ်ပေါ်လာတတ် တယ်တဲ့"

"ဟား....ဟား....ဟား၊ ငါ ရယ်ချင်တယ်ကွာ"

"ဒါ ရယ်စရာလားကွ"

"မင်းပဲ စဉ်းစားကြည့်လေကွာ၊ မင်းတို့ ငါတို့ ငယ်ငယ်က ရည်းစားစာရေးကြတာလေ(ပရံပရ ဘဝ်အဆက်ဆက်က ချဖူး သောရေစက်၊ ပန္နက်ဖူးသော သစ္စာကြောင့် မေတ္တာစကား ချစ်နှမထံ ပါးလိုက်ရပါသည်။) ဆိုတဲ့ အသုံးမျိုး တွေလေ။ တကယ့်မေတ္တာနဲ့ တခြားစီပဲ"

"အခု ဘုရားဟောတော်မူတဲ့ ဂါထာပါဠိကလဲ (ပေမံ)လို့ ပြထားတာမို့ သဗ္ဗေသတ္တာနှင့်တော့ ကွဲပြားနေတယ်။ ဒီတော့ (ပေမ)ဆိုတဲ့ အချစ်မျိုးဟာ ပုဂ္ဂလိကအပေါ်မှာ ဖြစ်ပွားတာ၊ ချစ်ခင်တွယ်တာတဲ့ သဘောလို့ ယူဆရကောင်းစရာ ရှိတယ်။ သို့ပေမယ့် (ပေမ)ကို ကိလေသာ တဏှာလားလို့ ဆိုပြန်တော့ မဟုတ်ဘူး။ ကြည့်လေ၊ ပုဏ္ဏားကြီးလင်မယားက ဗုဒ္ဓကို ချစ်ကြ တာဟာ သားအမှတ်နှင့် ချစ်ကြရှာတာကိုး။ ဗုဒ္ဓကလဲ ဘဝ အဆက်ဆက်မှာ ဘဝပေါင်းငါးရာ မိဘဖြစ်ခဲ့ဖူးတယ်။ ဘဝ ပေါင်းငါးရာ မိကြီးဘကြီး တော်ခဲ့ဖူးတယ်လို့၊ ရှင်းပြတော် မူသေးတယ်။ ဒါကိုလဲ သတိပြုရမှာပေါ့"

"အင်း....ပြေလည်ပါပြီဗျာ"

"အဲသည်မှာ(ပေမ)ဆိုတဲ့ သဘောကလေးက (တဏှာချစ်) ကိုလဲ ရောက်သွားတတ်တယ်။ (မေတ္တာချစ်)ကိုလဲ ပြောင်းလာနိုင်တယ်ဆိုတာ သိရတာပေါ့။ တခါတလေတော့လဲ တဏှာချစ်က မေတ္တာချစ်ပေါင် ဆောင်တတ်တယ်။ သောကကလဲ ကရုဏာယောင် ဆောင်တတ်တယ်။ ထိန မိဒ္ဓကလဲ သမာဓိယောင် ဆောင်တတ်တယ်"

"အယောင်ဆောင်နေတာကို ကိုယ့် စိတ်တော့ ကိုယ်သိမှာပေါ့"

"ကိုယ့်စိတ်ကို ကိုယ်ပြန်မသိဘူး။ ဒီလောက် နူးညံ့တယ်။ ဒါကြောင့် စိတ်ဆိုတဲ့ အထဲက (စိတ်စစ်စစ်လေး)ဖြစ်တဲ့ စိတ်ကို စိစိစစ်စစ် သိပြီးဆိုတာနဲ့ နိဗ္ဗာန်ပဲ"

"မင်းပြောချင်တာက စိတ်ဆိုတဲ့အထဲမှာ(စိတ်စစ်စစ် မဟုတ်တာတွေလဲ) ရှိသေးတယ်ပေါ့ ဟုတ်လား"

"အေး....ငါပြောလိုတာက (စိတ်စစ်စိတ်ကောင်း)ကို ပြောချင်တာ၊အဘိဓမ္မာ အလိုကတော့ အကျယ်ကြီးပေါ့၊ကိုယ့်စိတ်က ကိုယ့်ကို လိမ်တာ ဘယ်အခါကစပြီး ဘယ်လောက်ကြာအောင်တို့တတွေ ကျေကျေနပ်နပ် ခံလာခဲ့ကြသလဲ။ တေဘုမ္မာသီချင်းကို ဆိုကြည့်လိုက်။ 'ဒိဋ္ဌိဉာဏ် ဝင်စား ထင်မှား မြင်ပြား ကြတာ၊ လူပဲ နတ်ပဲ မှတ်စွဲလို့သာ၊မှားချက်အလွန်နှာ၊ငါ့သား ငါ့မယား လင်သား ဥစ္စာ။ငါ့ကိုယ် ငါ့ဟာ အစဉ်မကွာ၊သက္ကာယကြောင့် မာနတွေ ထောင်ကြတာ"

"အင်း ...မင်းကတော့ သီချင်းကလေးနဲ့"

"ကျွန်တော်လဲ ကျွန်တော်မိရာအဆင့်နဲ့ ပြောရတာခင်ဗျာ။ အစိပ္ပာယ် မပေါက်လို့လား"

"ရိပ်မိပါတယ်၊ ရိပ်မိပါတယ်။ အဓိပ္ပာယ်သာ တကယ် ပေါက်ယင် မင်းနဲ့တောင် စကားပြောမနေတော့ဘူး"

"အေး....နည်းနည်းရိပ်မိတဲ့ လူချင်း ဆွေးနွေးနေကြတယ် သဘောထားတော်မူပါ ခင်ဗျာ"

"နေပါအုံး (ပေမ)ဆိုတာ ချစ်ခြင်းလို့ပြောတော့ (ပီယ) ဆိုတာကတော့"

"(ပီယ)ကလဲ ချစ်ခြင်းပဲ။ (ပေမအချစ်)လောက် တွယ်တာ စွဲလမ်းတဲ့ အချစ်ဟုတ်ပုံမရဘူး။ မြင်ခိုက်၊ ကြားခိုက်မှာ ပီယ ဒဿန၊ ချစ်စရာမို့ ချစ်ခြင်း။ ပီယဝါစာ၊ ချစ်စရာ စကားမို့ ချစ်ခြင်း။ ဒီလိုဖြစ်စရာ ရှိပါတယ်"

"ဒါတော့ ဖြစ်နိုင်စရာရှိပါရဲ့"

"မေတ္တာကို ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာလို့ ကံသုံးပါးနှင့် ခွဲခြားရပြန်တယ်၊ ကာယကံမေတ္တာ ဆိုတာက ချမ်းသာစေလို၍၊ ကောင်းစေလို၍သူတပါး၏ပြုဖွယ် ကိစ္စတို့ကို ကူညီဝင်ပါ၍ဆောင်ရွက်ပေးခြင်းပေါ့၊ဝစီကံမေတ္တာ ဆိုတာက၊အလွယ်ဆုံးပြောရလျှင်နှုတ်ဖြင့်စောင်မခြင်း၊ ချီးမွမ်း ခြင်း၊မနောကံမေတ္တာကျတော့ ဒေါသဂိုဏ်းနှင့် ငပ်ဆိုင်သမျှ ကင်းစင်ပြီး ကောင်းစေလိုသော စေတနာ အပြည့်အဝ ထားရှိ တာပါပဲ၊ မနောကံမေတ္တာက အချုပ်ပေါ့လေ"

"အင်း....ဒါလဲ စိတ်သာရှင်စေဘုရားဟော။စိတ်ကအရေး အကြီးဆုံးဆိုတာပဲ"

"မေတ္တာကိုလက္ခဏာ၊ရသ၊ပစ္စုပ္ပဋ္ဌာန်နှင့် သရုပ်ခွဲပြထားတာ ရှိသေးတယ်၊ စာကြီးပေကြီးတော့ ဖြစ်တယ်ပေါ့"

"တခုချင်း နည်းနည်းရှင်းပြပါလား"

"လက္ခဏာဆိုတာက သဘောလက္ခဏာ၊ရသဆိုတာက ဂုဏ် ရသကိစ္စ။ပစ္စုပ္ပဋ္ဌာန်ဆိုတာက ရှေးရှုသော (ပဋ္ဌာန်း) အခြင်း အရာ။ပဒဋ္ဌာန်ဆိုတာက နီးကပ်စွာသောအကြောင်း၊ အဲ့သည့် အဓိပ္ပာယ်တွေပဲ"

"ဟုတ်ပြီ၊ ငါနည်းနည်း သဘောပေါက်ပြီ၊ အဖွင့် (ဒက် ဖနေးရှင်း)ဆိုပါတော့"

"အင်္ဂလိပ်လိုပြောမှ သဘောပေါက်မယ်ဆိုလဲ မင်းပြော သလိုပေါ့၊ဟဲ....ဟဲ"

"အေးပါ၊ ငါနားလည်သလို ယူလိုက်တာပါ၊ ဆက်သာ ပြောပါ"

"မေတ္တာသည် သတ္တဝါတို့အကျိုးစီးပွားကို ကျင့်ဆောင် သော အခြင်းအရာဖြင့်ဖြစ်ခြင်း(သဘောလက္ခဏာ) ရှိ၏"

"ရသနှင့်ဆိုတော့ ဘယ်လိုလဲ"

"မေတ္တာသည် သတ္တဝါတို့ထံ အကျိုးစီးပွားကို ကပ်၍ ဆောင်ခြင်း၊ အမျက်ဒေါသကို ဖျောက်ခြင်း(ကိစ္စ)ရှိ၏"

"ပစ္စုပ္ပဋ္ဌာန်ကကော"

"မေတ္တာသည် အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် (ဉာဏ်ဝင် ရှေးရှုထင်လာတတ်သော အခြင်းအရာ)ရှိ၏"

"နောက်ဆုံး ပဒဋ္ဌာန်ကျတော့"

"မေတ္တာသည် သတ္တဝါတို့၏ နှစ်သက်ဖွယ်သောဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသော မနသိကာရလျှင် (နီးစွာသော အကြောင်း)ရှိ၏ တဲ့"

"အေး....ငါပြောတဲ့(ဒက်ဖနေးရှင်း)လို့ သုံးတာ မဆိုးဘူးကွ၊ ဒီသဘောပဲ၊ဟဲ....ဟဲ"

"မင့်ဟာမင်း သဘောပေါက်ယင် ပြီးတာပါပဲဗျာ၊ အဲ.... နောက်တခုက မေတ္တာရဲ့ရန်သူနှစ်မျိုးရှိသေးတယ်၊ မေတ္တာနှင့် ပဋိပက္ခတရားဆိုပါတော့၊ ဒါတွေကဘာလဲဆိုတော့ အနီးကပ် နေတဲ့ရန်သူတဲ့၊အဲဒါကတဏှာရာဂ။ တို့အခုနပြောခဲ့သလိုတဏှာ ရာဂက မေတ္တာယောင်ဆောင်ပြီး မေတ္တာစစ် မေတ္တာမှန်ကို ဖျက်ဆီးတတ်လို့၊ပါဠိလိုကတော့ "မေတ္တာ မုခေနဟိရာဂေါ ဝဥ္စေတိ၊ ဟိသ စ္စံမှန်၏၊ မေတ္တာမုခေန၊ မေတ္တာကိုအကြောင်းပြု ဆွယ်ပြီးတော့။ ရာဂေါ၊ တဏှာရာဂသည်။ ဝဥ္စေတိ၊ လှည့်ပတ် တတ်၏(ဝါ)လိမ်လည်တတ်၏တဲ့"

"အဲဒါက တော်တော်သတိထားရာပဲ၊ နောက်တခုက"

"အဝေးရန်သူတဲ့။အဲဒါကဒေါသကိုဆိုတာ၊ဒါကိုလဲတို့ဆွေး နွေးခဲ့ပြီ၊ဒါပေမယ့်အဲသည့်ဒေါသက ဘယ်က ဘာအကြောင်းနဲ့ လာသလဲ၊ဒါကို အခုပြောကြရအောင်"

"နေပါအုံး ဒေါသဟာ အမြဲရှိမနေတတ်ဘူးမှတ်လား"

"ဟုတ်ပါတယ်၊အကြောင်းမရှိပဲ အကျိုးမပေါ်သလိုဒေါသ ဖြစ်စရာအကြောင်းမရှိပဲ ဒေါသကဖြစ်မလာဘူး၊ဒါကသတ္တဝါ တဦး တယောက်အပေါ်မှာဖြစ်စေ၊အများ အပေါ်မှာဖြစ်စေ၊ ရန်ငြိုးတခုခုက ပေါက်ဖွားလာလေ့ ရှိပါတယ်၊ စာစကား

ကတော့ မျက်ငြိုး(၉)တန်လို့ ကဝိလက္ခဏာဒီပနီမှာလဲပြတယ်၊ ဘယ်လိုလဲဆိုတော့ (၁)သူကား ငါ၏အကျိုးမဲ့ကိုပြုခဲ့ဖူးသည်။ (၂)ယခုလဲပြုနေဆဲပဲ။ (၃) နောင်လဲ ပြုနေအုံးမှာပဲဟူ၍ မိမိကိုယ်ကိုအကြောင်းပြု၍သုံးပါး။ (၄)သူကား ငါ့အဆွေခင်ပွန်း၏အကျိုးမဲ့ကိုပြုခဲ့ဖူးလေပြီ။ (၅) ယခုလဲပြုဆဲ။ (၆)နောင်လဲ ပြုနေအုံးမှာပဲဟူ၍ အဆွေခင်ပွန်းကိုအကြောင်းပြု၍ သုံးပါး။ (၇)သူကား ငါ၏ရန်သူကိုအကျိုးစီးပွားကိုပြုပေးခဲ့ဖူးပြီ။ (၈) ယခုလဲပြုပေးနေဆဲ။ (၉)နောင်လဲ ပြုပေးနေအုံးမှာပဲ၊ အဲ.... အဲသည့်ကိုးပါးမှာ တပါးပါးနှင့် တိုက်ဆိုင်နေလျှင် မုန်းတီးတဲ့ ဒေါသအမျက်ရန်ငြိုးက မေတ္တာကိုဖျက်ဆီးတော့တာပါပဲ"

"အင်း....မုန်းဖို့က သိပ်သဘာဝကျပေတာပဲ၊ ဒါကိုဘယ်လိုဖျောက်ရမလဲ"

"အမယ်လေး တို့ကသာ မိုက်တွင်း နက်နေကြတာ၊ ဗုဒ္ဓ၏ တရားက အတိအကျဟောထားတာမှ နည်းအမျိုးမျိုး၊ လမ်းအသွယ်သွယ်ပါခင်ဗျာ၊ ဟော....ကြည့်၊ မျက်ပြေတရား ဤ(၁၀)ပါးတဲ့"

(၁) ရန်သူသည် ငါ့ကိုသာ ဒုက္ခပေးနိုင်သည်။ ငါ့စိတ်ကို ဒုက္ခမပေးနိုင်။ စိတ်ဆင်းရဲရတယ်ဆိုတာ ငါ့စိတ်ကသာငါ့ကို ညှဥ်းနေတာပဲ၊ သူက ငါ့ကိုစိတ်ဆင်းရဲပါစေလို့လုပ်တာကို ငါမဆင်းရဲဘူးဆိုလျှင် သူ ဘာတတ်နိုင်မှာလဲ။

(၂) ချစ်ခင်သော ဆွေမျိုးတို့ကိုစွန့်၍ ရဟန်းပြုနိုင်လျက်၊ ဒေါသကိုမစွန့်နိုင်လျှင် ဒေါသမက်သောငါ ဖြစ်ရာ၏။

(၁၀) မီးခတ်နှင့်ကျောက် နှစ်ခုပေါင်းမှ မီးတောက်သည်။ မီးခတ်သက်သက်ကြောင့် မီးမတောက်။ ကျောက်၌လည်း သတ္တိထူးရှိသည်။ တို့ဥပမာအတိုင်း ရန်သူအပေါ်၌သာ ငါ အပြစ်ရှုခြင်းသည် သမာ သမတ်လော၊ တဘက်သတ် မဖြစ်ပြီလော။

ဒီသဘောကတော့ သိဖို့ လွယ်ပါတယ်၊ 'ငါကလဲ ငါပဲ၊ သူ့ကို ဆန့်ကျင်မိပေတာကို၊ သူမကြိုက်အောင် ပြောမိပေတာကို၊ ပြုမူမိတာကို၊ သူ့ကို အနှောင့်အယှက်ဖြစ်တယ်လို့ ယူဆနိုင်အောင် လုပ်မိပေတာကို စသည်ဖြင့် ကိုယ်လွန်ကျူးခဲ့မိတဲ့အပြစ်တို့ကို ပြန်စဉ်းစားပြီး ကိုယ့်အဆိုး ကိုယ်ရှာကြည့်ရမယ် ဆိုတဲ့သဘော၊ အဲသလို ဆင်ခြင်ရမှာကို ဓမ္မပဒမှာလဲ ဟောထားသေးတယ်။ 'သူတပါး၏ အပြစ်ကိုမရှုရ၊ ကိုယ့်အပြစ်ကို ရှုရာ၏' တဲ့''

''တော်တော် ခေတ်မီပေတာပဲ၊ သိပ်ပွံနည်းလဲ ကျပါတယ်''

''နောက်လဲရှိသေးတယ်၊ မုန်းတဲ့လူကို ဆွေမျိုးစပ်ပြပါတဲ့၊ အဲသည့်သာဓကေ က အရှင်မဟာ မောဂ္ဂလာန် မထေရ်ကြီး ကိုယ်တိုင် ပြုကျင့်တာ၊ မဟာဗုဒ္ဓဝင်မှာ တွေ့ရတယ်''

''ပြုကျင့်ပုံကလေး ပြောစမ်းပါအုံး''

''တခါတော့ မာရ်နတ်က အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးရဲ့ ဝမ်းဗိုက်ထဲဝင်ပြီး အူအသည်းတို့ကို ညှစ်နယ် ဆုပ်ကိုင်ညှဉ်းဆဲသတဲ့လေ''

"သူတော်ကောင်းများကို နှိပ်စက်တဲ့ ပုဂ္ဂိုလ်ထဲမှာတော့ မာရ်နတ်ဟာ ထေဒဂ်ပါပဲ။ အဲသည်တော့ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးက ဘယ်လိုဆွေမျိုးစပ်ပြတော် မူရသလဲ"

"အချင်းမာရ်နတ်။ သင်နှင့်ငါဟာ ရန်သူလဲ မဟုတ်ဘူး။ သူစိမ်းလဲ မဟုတ်ဘူး။ တခုသောကမ္ဘာ တခါသောကာလ၌ ငါကိုယ်တိုင် မာရ်နတ်မင်းဖြစ်ခဲ့ဖူးပြီ။ ထိုစဉ်က သင်နှင့်ငါဟာ တူအရီးတော်ခဲ့ဖူးတယ်။ ဆွေမျိုးဖြစ်သော ငါ့ကို ယခုကဲ့သို့ မညှဉ်းဆဲသင့်ဘူးလို့ ဧ စပ်ရသတဲ့"

"ဟုတ်ကော ဟုတ်လို့လားကွာ"

"အနမတဂ္ဂသံသရာဆိုတာ ဘဝဘဝပေါင်းများစွာဖြစ်လာခဲ့ကြတာပဲ၊ ဆွေမျိုး မတော်စပ်ခဲ့ဖူးတဲ့ လူရယ်လို့ ရှိမှ မရှိနိုင်တာ"

"ဒါကို မာရ်နတ်က သိသလား"

"မာရ်နတ်ဟာ ဝေဿဝတီနတ်ပြည်က နတ်တပါးပဲကွာ၊ တန်ခိုးတေဇော်အာနုဘော်ရှိတော့ သိမှာပေါ့"

"ဒီတော့ ငြိမ်းချမ်းရေးလုပ်ပြီး ထွက်သွားရောလားဟဲ့"

"မေတ္တာဆိုတာ ငြိမ်းချမ်းရေးတရားအစစ်ပဲ မဟုတ်လားကွာ၊အဲ....နောက်တနည်းကတော့ ပေးရမယ်၊တောင်းရမယ်တဲ့"

"မင့်စကားကို ကောင်းကောင်းနားမလည်ပါဘူး၊ဘယ်လိုပေးရ၊တောင်းရမှာလဲ။ ဘယ်သူ့ကိုပေးပြီး ဘယ်သူ့ဆီက တောင်းရမှာလဲ"

"မိမိကို မုန်းတီး မျက်ငြိုးရှိနေတဲ့ ပုဂ္ဂိုလ်ကို ပေးရလှူရမယ်၊ ထိုပုဂ္ဂိုလ်ထံမှလဲ မိမိက တောင်းခံရမယ်တဲ့"

"ဒီဟာက လာဘ်ပေးလာဘ်ယူသဘော ဖြစ်မနေဘူးလား"

"ဥပါယ်လေးပါးအနက်က ဒါနဥပါယ်လို့တော့ ပြောနိုင်ပါလိမ့်မယ်"

"လာဘ်ထိုးရတာနဲ့ ဘာထူးမှာလဲ"

"ယောနိသောမနသိကာရချင်းတော့ မတူနိုင်ပါဘူး။ ဖြူစင်သန့်ရှင်းသော မေတ္တာဓာတ်အကျိုးငှာ စင်ကြယ်သော ဝတ္ထုပစ္စည်းနှင့် ရှေးရှုသောမေတ္တာစိတ်က လာဘ်ပေးတာနဲ့တော်တော်ကြီး ကွာပါလိမ့်မယ်။ အခုန ပြောခဲ့တဲ့အတိုင်း စိတ်ဆိုတာမှာ သိုးကာသီကာနဲ့မတူကြတာတွေရှိနေတတ်တယ် မဟုတ်လား"

"အောက်ကျ နောက်ကျတော့ ဖြစ်နေသလိုပဲနော်"

"အဲသည့်အတွေးမျိုးက အတ္တဝါဒ။နိဝါတ တရားအနေနဲ့တော့ မင်္ဂလာဝါဒပဲ၊ မာန်ကို လျှော့ခြင်းဟာ လောကုတ္တရာစိတ်၊ တို့ပြောခဲ့တဲ့(မုဒု)လက္ခဏာ။(အနတိမာနိ)လက္ခဏာဘို့မှာ အကျုံးဝင်နေတာပဲ၊ မင်းပြောသလို ငြိမ်းချမ်းရေးတရားကို အလိုရှိလျှင် သည်နည်းအတိုင်း ကျင့်သုံးရမှာပဲ"

"ကဲ– တောင်းရမယ်ဆိုတာကတော့ ဘယ်သဘောလဲ"

"တောင်းရမယ်ဆိုတာက သူ့စေတနာကို စေ့ဆော် နိုင်တဲ့သဘော၊ အလှူခံခြင်း၊ ငှားရမ်းခြင်း၊ အကြံဉာဏ်တောင်းခံခြင်း၊ စာမေးခြင်း၊ဆွေးနွေးခြင်း၊ တိုင်ပင်၍အဆုံးအဖြတ်ယူခြင်း စတဲ့အပြုအမူများက သူ့စိတ်ကို ညွတ်နူးစေတယ်၊ စေတနာထားရှိလာနိုင်တယ်၊နူးညံ့လာတတ်တယ်၊ ဒီသဘော လက္ခဏာအကျိုး

များရှိစေတယ်။ဖြစ်နိုင် မဖြစ်နိုင် မင်းကိုယ်တိုင် စဉ်းစားကြည့်လေ''

''ဖြစ်နိုင်စရာပါပဲ''

''အဲသည့်နည်းကို ကျင့်သုံးပြီး ရန်သူအဖြစ်က မိတ်ဆွေစစ် လုပ်ယူခဲ့တဲ့ တိပိဋက ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသရဲ့ ကိုယ်ရေး ကိုယ်တာကလေးတောင် ကြားဖူးထားတာ ရှိသေးတယ်''

''ပြောစမ်းပါအုံးကွာ၊ တဆိတ်လောက်''

''ဆရာတော် သီတင်းသုံးရာ မမ္မနာဒတိုက် အနီးအပါး မင်းကွန်းဘောရမှာ ဆရာတော်ကို အကြောင်းမဲ့ မရှုဆိတ်နေတဲ့ ဆရာတော်တပါးရှိသတဲ့၊ အမြဲတမ်းဝေဖန်တိုက်ခိုက်ပြီး ရန်လုပ်နေလို့ ဆရာတော်မှာ စိတ်ဆင်းရဲနေရဘာပေါ့၊တနေ့လဲမဟုတ်၊ တလသဲမဟုတ်၊သာမဘာဂဖြစ်အောင် ချိုချိုသာသာ နှိမ့်နှိမ့်ချချ ဆက်ဆံပေမယ့်လဲ အငြိုးက ပြေဘယ်မရှိဘူးဆိုပဲ။ ဆရာတော်မှာလဲ နေ့ရှည်လများ စိတ်အနှောင့်အယှက် ဖြစ်ရပါများတော့ မေတ္တာဝါဒကို အားကိုးမှုပဲဆိုပြီး မေတ္တာလဲ စူးစိုက်ပို့သတဲ့၊ နောက်ပြီး အကောင်းအမွန်ဖြစ်တဲ့ ပစ္စည်းများကိုလဲ သွားပြီး အလှူအကပ်ခိုင်းသတဲ့။ အခါများစွာ အကပ်စေလွှတ် ပြီးတဲ့နောက် မကြာမီ ဆရာတော်ကိုယ်တိုင်ကြွရောက်ပေးလှူပြီးတော့ ပိဋကတ်ဆိုင်ရာ ခဲရာခက်ဆစ်တွေကို ကိုယ်တိုင်သိပြီး ဖြစ်ပေမယ့် သူ့အဆုံးအဖြတ် အယူအဆများကို မေးလျှောက် တောင်းပန် တ ညဉ့်ခံသလို ကျင့်သုံးတော်မူရသတဲ့လေ။ ဒီလိုလုပ်လို့ နှစ်ရှည်

လများ ကြာလာတဲ့အခါ ကျတော့မှ အဲသည့် ဆရာတော်ရဲ့ အကြိတ်အခဲအငြိုး ရန်လိုတဲ့စိတ်တွေပျောက်ပြီး တကယ့်မေတ္တာစစ်နဲ့ ရင်းနှီးသူများဘ၀ကို ရောက်ခဲ့ရသတဲ့၊ လောကမှာ ရန်သူတယောက် ရှိနေခြင်းဟာ မိတ်ဆွေဆယ်ယောက် တိုးပွားမလာတာထက် အကျိုးမဲ့စေတယ်၊ ဆရာတော့်၀ါဒက ဒီအတိုင်းပဲ။ ခုအချိန်မှာတော့ ဟိုဆရာတော် ပျံလွန်တော်မူသွားတာ ကြာပါပြီတဲ့"

"အင်း၊ အကောင်းဆုံးသော (လူမှုရေး သိပ္ပံနည်း) တွေပါပဲ"

"နောက်လဲ ရှိသေးတယ်၊ ဒီနည်းကတော့ (အကောင်းမြင်၀ါဒ)လို့ ဆိုရမယ်၊တဦးတယောက်သောသူကို မိမိအပေါ်၀ယ် မကောင်းပြုမူပြီး ငြိုးသူရန်ဘက် အမျက်သိုထား ရှိလင့်စေကာမူ၊ ထိုသူသည် မိမိအပေါ်၀ယ် တရံတခါက ကောင်းစွာပြုကျင့်ခဲ့ဖူးသော ကျေးဇူးမေတ္တာများကို အောက်မေ့ဆင်ခြင်ရမယ်၊ မိမိအပေါ် ကောင်းမှုမရှိသည့်တိုင် သူတထူး အပေါ် (အများကောင်းကျိုး) လုပ်ခဲ့ဖူးသမျှ ဆင်ခြင် ရမယ်၊ သူ၏ လိမ္မာကျွမ်းကျင်သော စာပေပညာဂုဏ်အင်္ဂါတို့ကိုရှာဖွေစိစစ်၍ ခွင့်လွှတ်နိုင်ဖွယ် တွေးရမယ်လို့ ဆိုပြန်တယ်၊ဒါနသည် ရိုင်းသူကိုပင် ယဉ်စေ၏၊ လိုတိုင်းအကျိုးပြီး၏၊ ကြီးငယ်မရွေး ညွတ်လာခစေ၏၊ချစ်ခင်စေ၏၊ ကြည်ညိုစေ၏လို့ ၀ိသုဒ္ဓိမဂ်အရသာ ဗြဟ္မ၀ိဟာရသမာဓိခန်းမှာ ညောင်လေးပင်တောရ ဆရာတော်ကြီး ဖွင့်ဆိုတော်မူခဲ့တယ်"

"ဩော်....။ဗုဒ္ဓဂုဏော အနန္တော၊ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော။တရားအပေါင်းကို အကြွင်းအကျန်မရှိသိတော်မူတဲ့ ဗုဒ္ဓ၏ဂုဏ်ကျေးဇူး၊ ဒေသနာတော်များ၏ ဂုဏ်ကျေးဇူး၊ ဗောဓိပက္ခိယ ဟောပြဖွင့်ဆိုတော်မူကြတဲ့ သံဃာတော် အရှင်မြတ်များ၏ ဂုဏ်ကျေးဇူးတို့ဟာ ဤရွေ့ဤမျှ ဂဏန်းချ၍ မရစကောင်း ဆိုတဲ့အနက်ကို သတိရမိပါရဲ့၊တို့တတွေကသာ မလိုက်နာလျှင် ရှုံးရမယ်၊ အေးငြိမ်းခြင်း တရားတွေကဖြင့် နည်းအမျိုးမျိုး၊လမ်းအသွယ်သွယ် လူတိုင်းနားလည်အောင် ရှိနေတာပဲ"

"ရှင်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွား ပို့ရာ၊ လမ်းပေါက်သာလျက်၊ပြေးမထွက် လမ်းတွက်မဟုတ်ပါချေတဲ့၊ အခိပ္ပာယ်က...."

"ဒါလောက်တော့ အဓိပ္ပာယ်သိပါတယ်၊ သူငယ်ချင်းရယ်"
"သိယင် သာခုပါ မောင်ရာ"

*　　　*　　　*

# မေတ္တာသုတ် (၆)

ယနေ့ ကျွန်တော့်အိမ်သို့လာသော သူငယ်ချင်း၏ မျက်နှာထားကို အကဲမခတ်တတ်အောင် ရှိလှသည်။

"ဘယ်လိုလဲကွ၊ ဒီနေ့ဘာများ ပြောစရာပါလာလို့ ပြုံးစိစိ ဖြစ်နေဘာလဲ"

"လောကမှာ တခါတခါ ကာလဝိပါက် နောက်ပိုးတက်ဆိုဘာ တယ်မှန်နေဒ်"

"ဘယ်နေရာများမှန်လို့လဲ၊ ပြောစရာရှိ ပြောတာမှတ်ဘူး၊ အဘွန့်အဘက်ကလေးနဲ့ တယ်ပြောချင်တယ်"

"အေး.... အတွန့်အတက်ကလေးနဲ့မှပြောချင်တာ မင့်ဆီက ကူးစက်တာပေါ့၊ ဟဲဟဲ- ဒီလိုလေကွာ၊ မင့်ကို ကတ်ဖဲ့သမားလို့ ငါ မကြာမကြာပြောခဲ့ဖူးတယ် မှတ်လား၊ အေး....အခု ငါ့ကို ကတ်ဖဲ့သမားလို့ မင်းပြောဘော့မှာမို့ဟော့၊ ဟဲဟဲ"

"ဘာပြဿနာဖြစ်လာလို့လဲ၊ ပြော ပြောပါအုံး"

"ဒီလိုကွ ဒီလို၊ မင်းနဲ့ငါ ဆွေးနွေးပြီး ပြန်သွားတိုင်း အကြောင်းအကျိုးတွေကို ပြန်ပြန်စဉ်းစားလေ့ရှိတယ်။ အရင်တပတ်က မေတ္တာရဲ့အကျိုးအာနိသင်ကို မင်းက ပြောလိုက်တယ်မှတ်လား၊ မေတ္တာအကျိုးဆယ့်တပါးလေ၊ အဲဒါနဲ့ ငါ ဖတ်ဖူးကြားဖူးတာတွေစဉ်းစားလိုက်တာ ဝတ္ထု သာမက လေးငါးဆယ်ခု သတိရလာတယ်"

"အမယ် ဘယ်ဆိုးလို့တုံး၊ ပြောစမ်းပါ့ ဘယ်ဝတ္ထုတွေများလဲ"

"ပထမ စဉ်းစားမိတာက မိခင်နွားမကြီးဟာ သူ့သားငယ်နွားကလေးကို နို့တိုက်ယင်း မေတ္တာစိတ်ထုံမွမ်းနေတုန်းမှာ မုဆိုးတယောက်က . လှံနဲ့ပစ်ထိုးလိုက်သတဲ့၊ အဲဒါ သားငယ်အပေါ်မှာရှိတဲ့ မေတ္တာဓာတ်ကြောင့် မုဆိုးရဲ့လှံသွားဟာ ဖက်ရွက်လိုလိပ်ခွေသွားသတဲ့၊ လက်နက်မဒူးဝင်ဘူး"

"အဲဒါ ဝိသုဒ္ဓိမဂ် မြန်မာပြန်မှာပါတဲ့ ဝတ္ထုပေါ့၊ နောက်ဆိုစမ်းပါအုံး"

"ဇိနတ္ထပကာသနီမှာလဲ ပြည့်တန်ဆာမ သိရိမာက ဥတ္တရာကို ထောပတ်ပူနဲ့လောင်းချတာ မေတ္တာစိတ်ကြောင့် အပူမလောင်ဘူးတဲ့"

"ဓမ္မပဒနဲ့ ထေရီဂါထာမှာလဲ ပါပါတယ်။နောက်ကော"

"ဥတိန္နမင်းကြီးက သာမာဝတီမိဖုရားကို မြားနဲ့ပစ်တာလဲ မြားမစူးဘူး"

"အမယ် ဟော့ကောင်၊ ငါက မေတ္တာသုတ်နောက်ဆက်တွဲမှာ မင့်ကိုပြောမယ့် ဝတ္ထုဇာတ်ကြောင်းတွေကို မင်းက ငါ့ပြော နေတာပါကလား"

"ဟုတ်လား၊ ဒီလိုဆို မင့်ဉာဏ်နဲ့ငါ့ဉာဏ်တထပ်တည်းကျနေ ပါမင့်ကလေး ဟား ဟား၊ ကဲပါကွာ ငါကသဘောလောက်ပဲ ပြောပါတော့မယ်၊ အဲသည့် ဝတ္ထုတွေကို တွေးမိပြီးမှ မင့်ကို ကတ်ဖဲ့မေးစရာတခုပေါ်လာလို့ ငါ့ကိုပြန်ပြီး ဝေဖန်တော့ မယ်ပြောတာ"

"ဩော်....ဒါကြောင့် ကာလဝိပါက်နောက်ပိုးတက်တယ်လို့ မင်းပြောတာကိုး။ ကဲ.... ပြောစမ်းပါအုံး၊ မင်းရဲ့ ကတ်ဖဲ့ မေးခွန်း"

"ဒီလိုလေကွာ။ တို့ကျောင်းမှာတုန်းက သုဝဏ္ဏသာမ ဇာတ် တော်ကြီးကို သင်ရတယ်မှတ်လား။ သုဝဏ္ဏသာမ သတို့သားဟာ မျက်မမြင်မိဘနှစ်ပါးကို တောထဲမှာ လုပ်ကျွေးတယ်လေ။သူ၏ မေတ္တာအစွမ်းကြောင့်သားရဲတိရစ္ဆာန်များက အန္တရာယ်မပြုကြ ဘူး။ သမင်ကလေးများဆိုယင် သွားတူလာဘက် ခြံရံလျက် ရှိကြတယ်။ အဲသည်မှာ တနေ့တော့ ပီဠိယက္ခမင်းကြီးက သမင် မှတ်လို့ မြားနဲ့ပစ်တာ ထိသွားတယ်၊ မြားဆိပ်လဲတက်တယ်"

"ဟော့ကောင်၊ မင်းတော်တော်လူလည်လုပ်တဲ့ ကောင်ပါ လားကွ၊ ဟင်"

"ကဲ- မင်း ငါ့ကို ကတ်ဖဲ့သမားလို့ ပြောတော့မယ်မှတ် လား"

"ကတ်ဖွဲ့သမားလို ပြောချင်တာမှတ်ဖူး၊ မိလိန္ဒပဥှာဝတ္ထု တော်ကိုဖတ်ပြီး ငါ့ကို ပြဿနာလုပ်တာပြောတာ။ မင်းတော် တော် လာတဲ့ကောင်"

"ဟာ မင်း အထင်လွဲနေပြီ။ မိလိန္ဒပဥှာ ဝတ္ထုတော်ဆိုတာ ကြားဖူးတာသာရှိတယ် မဖတ်ဖူးပါဘူး၊ ဘုရားပေးပေး ကျမ်း ပေးပေး။ မိလိန္ဒပဥှာမှာ ဘယ်လိုပါလို့လဲ"

"မိလိန္ဒမင်းကြီးက ရှင်နာဂသိန်(နာဂသေန)ကို မေးတယ်။ မေတ္တာ၏ အစွမ်းမှာ လက်နက်လေးမြား မီးနှင့် အဆိပ် မထိ မမှန်နိုင်ဘူးလို့လဲ ဘုရားက ဟောတယ်။ မေတ္တာ အမြဲဆင်ခြင် နေပါတယ်ဆိုတဲ့ သုဝဏ္ဏသာမ ရသေ့ကလေးကို ပိဠိယက္ခမင်း ကြီးက မြားနဲ့ပစ်တော့လဲ ထိတယ်၊ အဆိပ်လဲမှန်တယ်၊ ဒါကို အရှင်ဘုရား ဘယ်လိုဖြေမလဲလို့ မိလိန္ဒ မင်းကြီးက ပြဿနာ မေးထားတယ်"

"ဟာ ငါဒီစာကို မဖတ်ဖူးပါဘူး"

"ဒါဖြင့် မိလိန္ဒမင်းကြီးနဲ့ မင်းနဲ့ ဉာဏ်တထပ်တည်း ဟုနေ ပြန်တာပေါ့"

"အမယ်လေး ဒီလိုဆို ငါသွေးကြီးပါရဲ့ မောင်ရင်ရယ်။ ကိုယ့်ကိုယ် ကိုယ်ပဲ ချီးမွမ်းရအုံးမယ် ဟဲ ဟဲ ဟဲ ဟဲ"

"အေး ချီးမွမ်းချင်လဲ ချီးမွမ်းတော့။ စဉ်းစား တွေးခေါ် လေ့ရှိတဲ့ ပုဂ္ဂိုလ်များ ပြဿနာချင်းတူတာကို တွေးမိတတ်တာ တော့ရှိတယ်။ မေးလဲ မေးမိတတ်တယ်။ ဥပမာ နောက်ဘဝ ဆိုတာရှိသလား၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဟာ နောက်ဘဝမှာ လိုက်ပါတတ်တယ်ဆိုတာ ဟုတ်သလား ဆိုတဲ့

အမေးပြဿနာမျိုး။ အဲသည့်မေးခွန်းမျိုးကို ဘုရားလက်ထက်မှာလဲ မေးတဲ့လူမျိုးရှိတယ်။ အခု တို့ခေတ်မှာလဲ အနောက်တိုင်းသား ပညာရှင်များက ဆရာတော်ကြီးများကို မေးလျှောက်နေကြတုန်းပဲ"

"အဲသလို မေးယင် အပြစ်ရှိသလား"

"ကတ်ဖဲ့တိုက်ခိုက်တဲ့ သဘောမျိုး မဟုတ်ပဲ ဗဟုသုတအလို့ငှာ သိလိုကြည်ညိုလို့ မေးလျှင် အပြစ်မဟုတ်နိုင်ပါဘူး၊ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခာ ဆိုတဲ့ ဗဟုသုတ ဖြစ်ကြောင်း အင်္ဂါရှစ်ပါးရှိတယ်မှတ်လား၊ ကိုယ့်မှာ မတင်မကျ ပြဿနာကလေးများ မေးလို့ စမ်းလို့ ရှာဖွေလို့ အဖြေများ သိလိုက်ယင် ဗုဒ္ဓတရားတော်ကို ကြည်ညိုလိုက်ရတာ၊ ပီတိ ဖြစ်လိုက်ရတာ မပြောနဲ့တော့"

"အေး ငါလဲ ဒီစေတနာမျိုးနဲ့ မေးတာပါ၊ မင်းဖတ်ဖူးထားယင် ပြောစမ်းပါ ကြည်ညိုချင်လွန်းလို့"

"အေး ငါဖတ်ဖူးထားတာ အတိုချုပ်ပြောမယ်၊ အကျယ်ကိုသိချင်ယင် အဲသည့် ဝတ္ထုတော်ကိုကြည့်။ ရှင်နာဂသေနရဲ့အဖြေက 'မိလိန္ဒမင်းကြီး။ မေတ္တာဘာဝနာပွားသူတွင် လေးမြားဖြင့် လက်နက် အဆိပ် မထိမနှက်စသော အာနိသင်ရှိသည်မှန်၏၊ သုဝဏ္ဏသာမကို မြားမှန်ခြင်းသည်လည်းမှန်၏။ အဘယ်အခိုက်အတန့်တွင် မှန်ရသနည်းဆိုသော် သုဝဏ္ဏသာမ ရသေ့သည် မြစ်ဆိပ်၌ ရေခပ်၍ ရေအိုးကို မလိုက်သည့် ခဏကလေးငယ် မေတ္တာဘာဝနာကို မေ့လျော့မိသည်။ ထိုအခိုက်ဝယ်

ပိဋကိယကျွမ်း၏ မြားလွှတ်ချိန်နှင့် တပြိုင်နက်ဖြစ်၏။ ထို့ကြောင့် မြားထိရခြင်း အဆိပ်ဖြင့် 'မိန်းမောရခြင်း ဖြစ်ပေသည်' သည်လို ရှင်နာဂသေနက ပြေလို့ မိလိန္ဒမင်းကြီး ကျေနပ်သွားတယ်။ မင်းကော ကျေနပ်ရဲ့လား"

"အမယ်လေး မင်းက ငါ့ကို တရားခံ မလုပ်ချင်ပါနဲ့။ မိလိန္ဒမင်းလို အဓိပတိပညာရှိကြီးကတောင် လက်ခံ ကျေနပ်တယ်ဆိုမှ ငါက ဘာစောဒက တက်စရာရှိတော့မှာလဲ။ နောက်ပြီး ယုတ္တိတခုကိုလဲ စဉ်းစားမိလို့ပါ။ မင်း ပြောခဲ့တယ် မှတ်လား။ တေလပတ္တဇာတ်အကြောင်းလေ။ ခွက်ထဲမှာ ဆီအပြည့် ထည့်ပြီး ယူယင် မဖိတ်မစဉ်အောင် သတိကြီးစွာ ထားကြရမယ်ဆိုသလို သုဝဏ္ဏသာမမှာလဲ ရေအိုးကို မဖိတ်အောင် မလိုက်တဲ့ အခါကလေးမှာ ရေကိုသာ စိတ်က ရောက်သွားမှာ သဘာဝ ကျတယ်လေ"

"ငါ့ဘပည့်ကြီး အမျှားကြီး တိုးတက်လာတာပဲ ဟဲဟဲ။ ဆင်ခြင်တုံပညာဆိုတာ အခုလို အကြောင်းနဲ့ အကျိုး ဆက်စပ် ယှဉ်ဘတ်ရမယ်။ ရှင်နာဂသေနက ပြောတာ တရှိသေးတယ်။ မေတ္တာစိတ်ဟာ ချပ်ဝတ်တန်ဆာများနှင့်တူတယ်တဲ့။ ချပ်ဝတ်တန်ဆာဝတ်ဆင်ထားတဲ့ အခါမှာ ထိုးမဝင် ခုတ်မရှခံနိုင်ပေမင့် ချပ်ဝတ်တန်ဆာ ကင်းကွာသွားတဲ့အခိုက်မှာ လက်နက်မျိုးစုံရဲ့ အန္တရာယ်ကျနိုင်ပါဘယ်တဲ့။ ဒီစကားက မေတ္တာ ဘာဝနာကို ဘယ်အခါကလေးမှ မလပ်ရအောင် ပြောတာပဲ။ တို့အတွက် သင်ခန်းစာ"

"အင်း မင်းက ချုပ်ဝတ်တန်ဆာအကြောင်း ပြောတော့ သူရဲကောင်း သမိန်ဘရမ်း အကြောင်းတောင် သတိရလိုက်မိ သေးဗျာ"

"အမယ် တယ်ဟုတ်ပါလား၊ အမိန့်ရှိစမ်းပါအုံး"

"ဩော် လောကမှာ သတ္တဝါများရဲ့ကံကို ပြောပါတယ်။ မွန်သူရဲကောင်း သမိန်ဘရမ်းနဲ့ ဗရုတ်သူရဲကောင်း ကာမဏီတို့ စီးချင်းထိုးကြတုန်းကလေ။ နှစ်ဦးစလုံး ချုပ်မိန်စစ်ဝတ်ကို ဝတ်ထားကြတာမို့ လှံချက် မတွေ့နိုင်ကြဘူးမှတ်လား။ ဒီအတွင်း ကိုယ်ရည်သွေးပြီး စစ်ရေးပြကြတဲ့အခါမှာ ကာမဏီရဲ့ လက်ကတီးကြားက ချုပ်အကျႌကြိုး ပြတ်သွားတာ သမိန်ဘရမ်းက သတိ ထားလိုက်မိသတဲ့လေ။ နှစ်ဦး မျက်နှာချင်းဆိုင် ထိုးကြ ခုတ်ကြ တဲ့အခါ ကာမဏီက ဓားနဲ့ခုတ်မယ်လို့ လက်အမြှောက်လိုက် မှာ သမိန်ဘရမ်းက ချုပ်ကြိုးပြတ်လို့ လက်လေးလုံးလောက် အသားပေါ်တဲ့ လက်ကတီးကြားကို လှံနဲ့ ထိုးလိုက်လို့ ကာ မဏီ ကျဆုံးသွားရတယ်မှတ်လား"

"ဟာ သူငယ်ချင်း၊ ဒီနေ့တော့ မင်းကို ချီးမွမ်းရ တယ် ကောင်းနေပါလား။ ဟုတ်ပေ့၊ ဟုတ်ပေ့။ တခဏကလေး လစ် ယင် လစ်သလို ခံရတတ်တာ အလွန်ကောင်းတဲ့ သာဓကပေါ့။ သုဝဏ္ဏသာမဇာတ်မှာလဲ ဒီလို အကြောင်းအကျိုးနဲ့မှ မဖြေနိုင် ယင် တမင်ပင်နီးပြောတယ် ပြောမှာပဲ။ တို့ ရုပ်ရှင် ဇာတ်လမ်း တွေဆိုယင် သာပြောကြသေးဗျား ဟား.... ဟား"

"ဟုတ်ဏယ်နော်။ သာခကယုတ္တိ၊ သဘာဝယုတ္တိ ဆိုတာ နေရာတိုင်းမှာ ရှိတာပေါ့"

“မင်းက ရာဇဝင်နဲ့ပြောလို့ ငါက ငါ့မိတ်ဆွေ အမျိုးသမီး တယောက် ဖြစ်ပုံကိုပြောရအုံးမယ်။ တခဏကလေးမှာ ဆုံဆည်း ကြုံကြိုက်ပုံ ပြောပါတယ်။ ချိန်းလုပ်တောင် ရမှာမှုတ်ဘူး။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ငါ့မိတ်ဆွေ အမျိုးသမီးတယောက်ပေါ့။ သူက ငါ့အိမ်ကို ဂျစ်ကားနဲ့လာတယ်။ သူပြန်တော့ မိုးသည်းပြီး လေတိုက် နေတယ်။ အဲသည့် မိုးထဲ လေထဲ ပြန်သွားလို့ အင်းလျားလိပ် ဟိုတယ်က နည်းနည်းကလေးလဲ ကျော်သွား ရော။ သူ့ဂျစ်ကားပေါ်ကို သစ်ကိုင်းတကိုင်း ကျိုးကျပါလေ ရော။ အဲသည့်သစ်ကိုင်းပေါ် ဘာပါလာတယ် မှတ်သလဲ။ မြွေစိမ်းမြီးခြောက် တကောင်တဲ့ခင်ဗျ။ နဂိုကမှ သွေးတိုးရော၊ နှလုံးရောဂါရော ရှိတဲ့မိန်းမ။ ဆေးရုံကို တန်းပို့လိုက်ရပါရော လား။ ကဲ အဲသည့် တခဏကလေးမှာဖြစ်တာ။ တစက္ကန့် လိုလျှင် လဲမဖြစ်ဘူး၊ တစက္ကန့် လွန်သွားလဲ ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ဟုတ်တယ်မှုတ်လား”

“ဒါကြောင့် ကံအားလျော်စွာ လို့ သုံးကြတာပေါ့။ အကြောင်း တိုက်ဆိုင်ပုံများနဲ့”

“အဲသည့်တခဏကလေးမှာ စိတ်ကလဲ ကုဋေပေါင်းတသိန်း ဖြစ်ပျက် ရှိသတဲ့။ ဗုဒ္ဓမြတ်စွာက အနုစိတ်ခွဲခြားပြတော်မူတယ်။ သိပ္ပံပညာရှင်တွေ လိုက်လို့မမီနိုင်သေးဘူး။ ဗုဒ္ဓဘာသာဆိုတဲ့ တို့တောင် ရဟန္တာမဖြစ်ယင် တရဍပ် မသိနိုင်ကြသေးပါဘူး။ ကဲ ဒီကနေ့ မင်း ပြဿနာ ပေါ်တာကြောင့် မေတ္တာသုတ်ကို မဆက်ရသေးပါကလား”

''ဆက်ရယင်တော့ 'သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗ သတ္တာ ဘဝ န္တု သုခိတတ္တာ'ကို ဆက်ရမှာပဲ''

''မြန်မာပြန်တော့ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သော သတ္တဝါ တို့သည်။ သုခိနောဝါ၊ ကိုယ်လက်ခန့်ကျန်း ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် လည်းကောင်း။ ခေ မိ နော ဝ ါ၊ အန္တရာယ် ခပ်သိမ်း ကင်း ငြိမ်း စွာ ဘိ ဘေးဥပဒ် မရှိကုန်သည့်လည်း ကောင်း။ ဟော န္တု၊ ဖြစ်ပါစေကုန်သတည်း။ သုခိတတ္တာ၊ ကျန်းမာပကတိ ချမ်းသာလျက် ရှိကြသဖြင့်။ မိမိကိုယ်ကို လို ရာပြည့်စုံဆောင်နိုင်ကုန်သည်။ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။ အဲဒါအကျဉ်းအားဖြင့် မေတ္တာပို့တာပဲ။ ရှင်းစရာ မလိုဘူး ထင်ပါတယ်နော်''

''ဒီအပိုဒ်ကိုတော့ ရှင်းစရာ မလိုပါဘူး။ အားလုံးသော သတ္တဝါတို့ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေပေါ့''

''ဟုတ်ပါတယ်။ နောက်တပိုဒ်ကျတော့ ရှင်းစရာ လိုလာ လိမ့်မယ်။

''ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ နဝသေသာ'' အဲသည် အပိုဒ်ကို မဟာစည် ဆရာတော်ဘုရား မြန်မာပြန်ထားတာကို ပြောမယ်။

''တသာဝါ၊ ထိတ်လန့်တတ်သည့် ပုထုဇဉ်သေက္ခမူလည်း ဖြစ်ကုန်သော။ ထာဝရာဝါ၊ ထိတ်လန့်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့ သည့် ရဟန္တာမူလည်း ဖြစ်ကုန်သော။ ယေကေစိ ပါဏဘူတာ၊ အမှတ်မရှိ အကြင်သတ္တဝါတို့သည်။ အတ္ထိ၊ ရှိကုန်၏။ အနဝ သေသာ၊အကြွင်းမဲ့ အလုံးစုံသော။ ဣမေသတ္တာ၊ ဤသတ္တဝါ

တို့သည်။ သုခိတတ္တာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ တဲ့"

"အဲဒါကျတော့ ကောင်းကောင်းနားမလည်တော့ဘူးကွ။ လုပ်ပါအုံး"

"မဟာစည်ဆရာတော်ဘုရားက ဗြဟ္မဝိဟာရ တရားတော်မှာ နားလည်အောင် ရှင်းပြထားတာ ဒီလိုပါ။ ဖတ်ပြမယ်။

"တသ၊ ထိတ်လန့်တယ်ဆိုတာက ဒေါသဖြင့် ထိတ်လန့်တာ ရှိတယ်၊ တဏှာဖြင့် ထိတ်လန့်တာရှိတယ်။ ဒေါသဖြင့် ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာက ဒေါသမကင်းသေးတဲ့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ ပုဂ္ဂိုလ်တွေပဲ။ တဏှာဖြင့် ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာကတော့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိပုဂ္ဂိုလ်တွေပဲ။ တဏှာဖြင့် ဘယ်လို ထိတ်လန့်သလဲ ဆိုတော့ မိမိ လိုချင် နှစ်သက်တာကို မရမှာ စိုးရိမ်ကြသဘောမျိုးပါပဲ။ ထိတ်လန့်တုန်လှုပ်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့တဲ့ ပုဂ္ဂိုလ်တွေ ဆိုတာကတော့ တဏှာကင်းနေကြတဲ့ ရဟန္တာ အရှင်မြတ်တွေပါပဲ။ အဲဒီတော့ တသာ၊ ထိတ်လန့်တတ်တဲ့ သတ္တဝါတွေဆိုတာ တဏှာမကင်းသေးတဲ့ သတ္တဝါတွေပါပဲ။ ထာဝရာ၊ ထိတ်လန့်တုန်လှုပ်ခြင်းမရှိပဲ ခိုင်မြဲတည်တံ့တဲ့ သတ္တဝါတွေ ဆိုတာကတော့ ရဟန္တာ အရှင်မြတ်တွေပါပဲ။ ဒါကြောင့် တသာဝါ၊ ထာဝရာ ဝါဆိုတဲ့ ဒိနှစ်ပုဒ်ဖြင့် တဏှာ မကင်းသေးတဲ့ပုဂ္ဂိုလ် တဏှာကင်းတဲ့ပုဂ္ဂိုလ် ဒိနှစ်မျိုးကို ခွဲခြားပြီး မေတ္တာပွားတာပါပဲတဲ့"

"ငါ တခုမေးပါရစေ"

"ဘာတုံး"

"ရဟန္တာဆိုတာ ကိလေသာအာသဝေါကုန်စင်ပြီး ပုဂ္ဂိုလ်တွေနော်"

"ဟုတ်ပါတယ်"

"တို့ထက် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေကို တို့ရဲ့မေတ္တာက အရောက်ပါ့မလား၊ အကျိုးပြုပါ့မလား၊ ငါ့ကို ကတ်ဖွဲ့လို့လဲ မပြောနဲ့အုံး"

"မပြောပါဘူး၊ မပြောပါဘူး၊ ဒီနေ့ မင်း သိပ် တိုးတက်နေတယ်။ မင်းမေးတာ သဘာဝကျတယ်။ မင်း ဆိုလိုတာက (ထိတ်လန့်နေသောပုဂ္ဂိုလ်) နဲ့ (မထိတ်မလန့် တည်တံ့နေသော ပုဂ္ဂိုလ်)ကို ရည်ရွယ်ပြီး ပြောလိုက်တယ်ထင်တယ်"

"အေး ဟုတ်တယ်"

"အခု မင့်ကိုပဲ ငါက ပြန်မေးမယ်။ အခု ငါနဲ့ စကားပြောနေတုန်းမှာ မေတ္တာဘာဝနာ ပွားနေသလား"

"စကားပြောနေမှတော့ ဘယ်ပွားလျက် ရှိပါ့မလဲ"

"ကဲ...မေတ္တာ ပုဗ္ဗဘာဂ ပဋိပဒါတရား ဆယ့်ငါးပါးနှင့် ထူလောင်ပြီး မေတ္တာဘာဝနာ ပွားနေတဲ့အခါမှာ (အခိုက်အတန့်မှာ) ထိတ်လန့်တဲ့စိတ် ဝင်လာဖို့ အချိန်ရှိပါ့မလား"

"မရှိနိုင်ပါဘူး။ (ကေဂ္ဂတာ) ဖြစ်နေရမှာကိုး"

"နောက်တခုမေးအုံးမယ်။ လောကခံတရား ရှစ်ပါးဆိုတာ ဘုရားရဟန္တာမှာကော အမြဲကင်းနေသလား"

"အေး....မင်းဆိုလိုတာကို ငါသဘောပေါက်ပြီ။ ချမ်းသာဆင်းရဲ ဒွန်တွဲနေသော လောကဓံ ရှစ်ပါးအနက် မလိုလားအပ်သော လောကဓံ လေးပါးတို့သည် တရံတဆစ်မျှ မဖြစ်မကြုံကြပါစေနဲ့လို့၊ မထိတ်လန့် မတွေဝေသော မေတ္တာဘာဝနာစိတ်ဖြင့် ရှေးရှုလျှင် အကျိုးပြုမှာ သေချာပြီ။ နောက်တနည်း မေတ္တာဟူသည် သုခိတ ဒုက္ခိတပုဂ္ဂိုလ် နှစ်မျိုးနှစ်စားစလုံးအပေါ်မှာ တပြေးတည်း ထားရှိရမယ်။ ဒီလိုမဟုတ်လား"

"ဒါကြောင့် ဒီနေ့ မင့်ကို သာဓုခေါ်နေတာပေါ့ သူငယ်ချင်းရဲ၊ ဟဲ ဟဲ"

"ဒီနေ့မနက် ဘုရားရှိခိုးပြီး မေတ္တာပို့ကတည်းကကြည်ကြည်လင်လင် သဒ္ဓါတက်ခဲ့တယ်။ ကဲ....ရှေ့ဆက်ကြအုံးစို့"

"ဒီဃာ ဝါယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာအဏုကထူလာ 'ယောဒီဃာဝါ၊ ကိုယ်ထည်ရှည်လျားသော အကြင်သတ္တဝါတို့သည်လည်းကောင်း။ ယေဝါမဟန္တာ၊ ကိုယ်ထည်ကြီးမားသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ ယေဝါမဇ္ဈိမာ၊ ကိုယ်ထည် မတိုမရှည်၊ မကြီးမငယ် အလယ် အလတ်စားရှိသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ယေဝါရဿကာ၊ ကိုယ်ထည်ပုတိုသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ ယေဝါအဏုကာ၊ ကိုယ်ထည်သေးမွှားသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ ယေဝါထူလာ၊ ကိုယ်ထည်ဝိုင်းဝန်းထွားကျိုင်းဝပြိုးသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ အနဝသေသာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။

ဣမေ၊ ဤသတ္တဝါတို့သည်။ သုခိတတ္တာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြကုန်စေသတည်း"

"အင်း....ဒါကတော့သိသာတယ်။ကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေဆိုတာ မြွေတို့၊ နဂါးတို့ တီကောင်တို့၊ စတဲ့ သတ္တဝါတွေပေါ့၊ ကြီးတဲ့သတ္တဝါတွေဆိုတာကျတော့၊ကုန်းပေါ်မှာ ဆင်တို့ ရေထဲမှာ ဝေလငါးကြီးတို့ အစရှိတဲ့ သတ္တဝါကြီးမျိုးတွေပေါ့"

"နတ်ပြည်က အသူရာနတ်ကြီးတို့လို မဟာဗြဟ္မာကြီး တွေလဲပါလိမ့်မယ်။ အသူရိန် နတ်ကြီးဆိုလို့ရှိယင် ဗုဒ္ဓ ကိုယ်တော်ကိုတောင် ကိုယ်ထည်ဒြပ်အကြီးချင်း လာပြိုင်ဖူးတယ်။ နေ့တို့၊လတို့ကို အာခံတွင်းထဲမှာ ငုံကစားတယ်လို့ စာဆိုရှိတယ်။ အဲသည့်အခါ (မဟိမာ) ဆိုတဲ့ တန်ခိုးတော်နဲ့ အသူရိန်နတ်ကြီးထက် ဒြပ်ကိုယ်ထည် ပိုရှိကြီးအောင် ဖန်ဆင်းပြတော်မူရတယ်။ ဒါကို ကြည်ညိုရအောင် ကျီးသဲလေးထပ် ဆရာတော်ကြီးက "ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြာဝဠာတိုက်လုံး၊ အုပ်ဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင်၊ တရှိုက်ထိုင်တော် မနိုင်ခြင်း" လို့ ရေးတော်မူခဲ့တာပေါ့။ အဲသည့် ပုဂ္ဂိုလ်မျိုးကိုလဲ မေတ္တာပို့ရမယ်"

"ဟုတ်ပြီ၊ နောက် အလယ်အလတ်ဆိုတဲ့ သတ္တဝါတွေက မြင်း နွား ကျွဲ ဝက်လောက်ပေါ့၊ ကိုယ်ထည်သေးမွှားတာက ခြ ပုရွက် ယင် ခြင် တို့လောက် နေမှာပေါ့။ ဝိုင်းဝန်းသော သတ္တဝါတွေက လိပ်တို့ ဖားတို့ ဖြစ်မှာပဲနော်"

"ဒါတော့ ကိုယ့်အာရုံနဲ့ကိုယ် ဆုံးဖြတ်ရမှာပေါ့ကွာ။ ရှေ့ကို ဆက်ကြရအောင်။

“ဒိဋ္ဌာဝါယေဝအဒိဋ္ဌာ၊ ယေဝဒူရေဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ”

ယေ ဒိဋ္ဌာဝါ၊ မြင်ဖူးသော အကြင်သတ္တဝါတို့သည် လည်းကောင်း။ ယေဝါအဒိဋ္ဌာ၊ မမြင်ဖူးသော အကြင်သတ္တဝါတို့သည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ ယေဝါ၊ အကြင်သတ္တဝါတို့သည်လည်း။ဒူရေ၊ အဝေး၌၊ ဝသန္တိ၊ နေကြကုန်၏။ယေဝါ၊ အကြင်သတ္တဝါ တို့သည်လည်း။ အဝိဒူရေ၊ အနီး၌၊ ဝသန္တိ၊ နေကြကုန်၏။ ယေဘူတာဝါ၊ အကြင်ဖြစ်ပြီး သတ္တဝါတို့သည် လည်းကောင်း။ ယေသမ္ဘဝေသီဝါ၊ အကြင်ဖြစ်ဆဲ သတ္တဝါ တို့သည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ ဣမေ သဗ္ဗသတ္တာ၊ ဤသတ္တဝါ အားလုံးတို့သည်။ သုခိတတ္တာ၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာကြသည်။ ဘဝန္တု၊ ဖြစ်ကြပါစေ” ;

“အဲသည်မှာ ဒိဋ္ဌာဝါ၊အဒိဋ္ဌာဝါဆိုတာ မိမိမြင်ဖူးသောလူ၊ မမြင်ဖူးသေးသော လူမျှသာ မဟုတ်ဘူး။ မိမိ မြင်ဖူးသော တိရစ္ဆာန် သတ္တဝါတို့နှင့် မိမိ မမြင်ဖူးပေမယ့် အသက်ရှင်နေကြတဲ့ ပုဂ္ဂိုလ် ခန္ဓာ သတ္တဝါ အမျိုးမျိုးလဲ ပါလိမ့်မယ်။ သာမန်မျက်စိနဲ့ မမြင်ရတဲ့ မှန်ဘီလူးနဲ့ကြည့်မှ မြင်ရတဲ့ သတ္တဝါတွေကိုလဲ ဆိုလိုတာနေမှာပဲ”

“ဒါတော့ မင့်အာရုံနဲ့မင်း တွေးသာကြည့်ပေတော့”

“ဒူရေအဝိဒူရေဆိုတာကတော့ မိမိ၏ အနီးအပါးက ပုဂ္ဂိုလ် သတ္တဝါတွေ၊ မိမိနှင့် မြို့ခြား၊ နယ်ခြား၊ တိုင်းနိုင်ငံခြား၊ ကမ္ဘာခြား၊ စကြဝဠာခြား ပုဂ္ဂိုလ်တွေကို ဆိုလိုတာ ဖြစ်လိမ့်မယ်။ ဖြစ်ပြီးသတ္တဝါနှင့် ဖြစ်ဆဲသတ္တဝါဆိုတာကျတော့ တို့အာရုံပြုရ

မှာကို။ မဟာစည်ဆရာတော်ဘုရားက အဋ္ဌကထာအရ နှစ်မျိုး ဖွင့်ပြတော် မူထားတယ်။ (၁) ဖြစ်ပြီးပုဂ္ဂိုလ်တွေ ဆိုရာမှာ နောက်ဘဝတဖန်ဖြစ်ဖို့ ပြီးဆုံးခြင်းသို့ ရောက်တော်မူတဲ့ ရဟန္တာများ၊ ဖြစ်ဆဲဆိုရာမှာ ဘဝသံသရာမှာ နောင်လဲဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်နေဦးမည့် ပုထုဇဉ်နဲ့ သေက္ခပုဂ္ဂိုလ်တွေလို့ ပြတယ်။ (၂) နောက်တနည်း အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်ဆဲ မမွေးဖွားမီ အတွင်းမှာရှိတဲ့ သတ္တဝါကို ဖြစ်ဆဲလို့ဆိုတယ်။ မွေးပြီးတဲ့ အခါမှာတော့ ဖြစ်ပြီးလို့ ယူဆရမယ်တဲ့။ ထို့အတူ ဥထဲမှ မပေါက်သေးမီမှာ (သမ္ဘဝေသီ)ဘဝရှာနေသူ ဖြစ်ဆဲမည်တယ်။ ဥထဲမှ ပေါက်ပြီးတဲ့ အခါမှာ(ဘူတ)ဖြစ်ပြီး မည်တယ်။ ကိုယ်အပြည့်အစုံဖြစ်တဲ့ ဥပပါတ် သတ္တဝါတွေနဲ့၊ အညှိကို စွဲမှီပြီးဖြစ်တဲ့ သံသေဒဇ သတ္တဝါတွေမှာ ပဋိသန္ဓေ ဖြစ်နေခိုက်(သမ္ဘဝေသီ) မည်တယ်။ ဒီကနောက်မှာ (ဘူတ)ဖြစ်ပြီး မည်တယ်။ နောက်တနည်းအားဖြင့် သိဖို့က အဲသည့် ဥပပါတ်၊ သံသေဒဇတွေမှာ ပဌမ စဖြစ်တဲ့ ဣရိယာပုတ်၌ (သမ္ဘဝေသီ)မည်တယ်'လို့ ရှင်းပြထားပါတယ်”

“အား....နောက်ဆုံး စကားကြောင့် ငါရှင်းသွားပြီ”

“ဘယ်လိုရှင်းတာလဲ ပြောပါအုံး”

“မင်း ပြောနေတုန်း ငါ စဉ်းစားနေမိတာပါ။ ဥပပါတ် ဆိုတာ ကိုယ်ခန္ဓာ အပြည့်အစုံနဲ့ ရုပ်ရှင်ထဲမှာ ပေါ်သလို ဝုန်းကနဲ ပေါ်လာဘာလို့ ကြားဖူးထားတာ ရှိလေတော့ အဲသည့် ဝုန်းကနဲ ပေါ်ပေါ်ချင်း (ဖြစ်ပြီး) ပုဂ္ဂိုလ်လို့ ယူဆနေမိတယ်လေ။ အဲဒါ ဆရာတော်ဘုရားရဲ့ စကားက(ပဌမ စဖြစ်တဲ့

ဣရိယာပုထ်မှာ)လို့ ပြောလိုက်တာနဲ့ ငါ့သံသယ ရှင်းသွားတာပေါ့။စိတ်တခဏမှာ ကုဋေတသိန်း ဖြစ်ပျက်တယ်လို့ဆိုတယ်မှတ်လား။ စစချင်း ထင်ရှားလိုက်တဲ့ တခဏကလေးရဲ့ ဥပပါတ် (ပဋိသန္ဓေ)စိတ်ကလေးဟာ (သမ္ဘဝေသီ)ပေါ့။ဟုတ်လိုက်တာ၊ ကောင်းလိုက်တာ။ဆရာတော်ဘုရား၏ ကျေးဇူးတော်ပါပဲကွာ''

''မင်းကို ငါထပ်ပြီး သာဓုခေါ်ရအုံးမှာပါကလား ဟေ''

''မင်းဟာမင်း ခေါ်ချင်ခေါ်၊ မခေါ်ချင်နေ။ ငါ့သံသယ ရှင်းသွားတာပဲ ငါကျေနပ်ပြီ၊ ကဲ....ရှေ့တဆင့်တက်ရအောင်''

''ရှေ့ဘဆင့် တက်ရယင်လဲ ဆရာတော်ရဲ့ အဆိုအမိန့်တွေကို မင်း ကြည်ညိုစရာ တွေ့ရအုံးမှာပဲ''

''နပရောပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နကိဉ္စိ''

''ပရော၊ အခြားသူ တယောက်က။ ပရံ၊ အခြား လူတယောက်ကို။ နနိကုဗ္ဗေထ၊ မလိမ်မညာ မလှည့်စားပါစေလင့်။ (ဝါ) မလှည့်စားပဲ ရှိပါစေ၊ လှည့်စားခြင်း ကင်းပါစေ''

''ကဲ....ဒီအပိုဒ်ကိုပဲ ဆရာတော့်စကားကို ဖတ်ပြမယ်''

''လှည့်စားတယ်ဆိုတာ စီးပွားရေးမှာ လှည့်စားတာလဲ ရှိတယ်။ဘာသာရေးမှာ လှည့်စားတာလဲ ရှိတယ်။ စီးပွားရေး လှည့်စားတာကတော့ အရောင်းအဝယ် အပေးအယူ ပြုလုပ်ရာမှာ အလေးမမှန်၊ ချိန်ခွင်မမှန် ပြုလုပ်ပြီး လှည့်စားတာလဲ ရှိတယ်။ ခြင်ခွက် မမှန်မကန် ပြုလုပ်ပြီးတော့ လှည့်စားတာလဲ ရှိတယ်၊ အဲဒါကိုတော့ အများက သိပြီးဖြစ်နေပါတယ်။နောက်ပြီးတော့ ရွှေငွေအတု စသည်များဖြင့်လဲ လှည့်စားတတ်တယ်''

"နေပါအုံး၊ အဲသည့်နား ငါ စကားဖောက်ပြီး ပြောစမ်း ပရစေ။ တို့တတွေက ကောင်းသော ကုန်သွယ်ခြင်း၊ ကောင်းသော လယ်လုပ်ခြင်းဆိုပြီး အသားယူပြောလေ့ရှိတယ်။ ကောင်းရောင်း ကောင်းဝယ် သမ္မာအာဇီဝတဲ့လေ။ ငရုတ်သီးရေထိုးတာတို့၊ အချိုမှုန့် သကြားရောတာတို့၊ ဆီထဲမှာ ရေနွေးရောတာတို့၊ ရေနံဆီထဲ ဓာတ်ဆီရောတာတို့၊ ထိုးဆေး သောက်ဆေးတွေ အတုလုပ် ရောင်းကြတာတို့၊ ဒါမျိုးတွေ ဆရာတော် သိယင် ကောင်းမှာပဲ"

"အမယ် မင်းက မသိဘူးမျှား ထင်သလား။ လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်က လယ်တီဆရာတော် ဘုရားကတောင် ဘယ်လိုရေးထားသလဲ သိလား"

"လုပ်စမ်းပါအုံး"

"၁၂၅၀ ပြည့်နှစ်မှာ ထီပွဲတွေကြောင့် လူတွေ စာရိတ္တ ပျက်စီးပုံ မေတ္တာစာရေးတာ"

"ဘုရားရှင်သာသနာ၊ ထွန်းလင်းသည့်အခါကို၊ လူမှာလည်း လူအလိုက်၊ ရှင်မှာလည်း ရှင်အလိုက်၊ ဘုရားရှင် မကြိုက်သော၊ ဒုစရိုက်ဆယ်ပါး၊ ယုတ်မာသည့် တရားကို၊ လက်လွှတ်သား ရှောင်ကွင်း၍၊ နှလုံးသွင်းဖြူဖြူ၊ သူတော်မျိုးပြီပြီ၊ ဇောသဒ္ဓါ မွန်ရည်လျက်၊ ကြည်ကြည်ကြီး အသက်မွေးရပါမည်ကို၊ နောက်ရေးကိုမထောက်၊ နှလုံးသွေး ဗွက်ပေါက်အောင်၊ နောက်ချင် တိုင်း နောက်ကြ၍၊ ရောက်တတ်ရာ မရွေး၊ အသက်မွေးသပွတ်အူ၊ သူတော်ကောင်း စိမ်းဆတ်၊ အုပ်မနပ်ငှက်ပျောလို၊ မနောက

ကလိန်ချုံ၊ အပြောကဝတိန်ဘုံ၊ ယုံလောက်အောင် ဖွဲ့နွဲ့၊ ကုန်မှောက်အောင် ဉာဏ်ခွဲ၍၊ အရွဲ့နှင့်အကဲဆစ်၊အထဲညစ် အပေါ်ပြောင်၊မတွေ့မှ အနိုင်ရှောင်၊ သူတော်ယောင်တဘက်လှ၊ပါးစပ်ပြောက ပျားသကာ၊ခေတ်သဘောက ခါးတမာ၊ မပြုသာလျှင်ငြဲကြောက်၊ ပြုသာလျှင်အလဲမှောက်၊ သံသရာ ဈေးကြောင်းပေါက်၊ အပါယ်ဘေး ရွှေးမျှမကြောက်၊ ခုမျက်မှောက် ဒိဋ္ဌကိုသာ၊နိဗ္ဗာန်လောက် စိတ်ချ၍၊ အနိစ္စသဘောမျိုး၊ ပြောရိုးမှုပြောကြ၊ မနောက မြှောက်လေပွေ၊ သာတိနှင့်သံဝေမှာ၊ ဟန်သရေ လုပ်ဆောင်လျက်၊ အဟုတ်ယောင်ထင်မှားဖို့၊ ခင်ဗျားတို့ ကျွန်တော်တို့၊ သေရမည်မချို့ပြီ၊ နောက်အဖို့ ပါကြအောင်၊ ဒါနမျိုး သီလမျိုး၊ ဘာဝနာမျိုးများကို၊ ကြိုးစားမှ တော်တန်မည်ဟု၊အပေါ်ယံဘသောသော၊တွေ့သူနှင့်လိုက်လျောအောင်၊ အပြောမှာ နောက်မကျ၊ ရောင်းဝယ်ရေးကိစ္စ၊ ပစ္စည်းဈေးကျခဲ့လျှင်၊ အနိစ္စဒုက္ခ၊ အနတ္တမြိုင်မြိုင်နှင့်၊ ကိုင်လိုက်ချည့် ဗိုင်းဗိုင်းလဲ၊ဆီထဲမှာရေနွေး၊ ဆေးထဲမှာရွက်ချပ်၊ ဗျပ်ထဲမှာမရင်းဆန်၊ ရေနံမှာရေစွက်၊လက်ဖက်မှာ ရေကူ၊ ဘယ်ကုန်မျိုးမဟူပြီ၊ တူသာတူပလေစေ၊ညစ်နည်းတွေကိုယ်စီနှင့်၊ ပလီဉာဏ်လောဘ၊ ဝစီကံစောရကို၊ မနောကပတ္တမြားကဲ့သို့၊ အားကိုးဖွယ်အတတ်၊ အလိမ္မာကောင်း ထင်မှတ်၍၊ ဂုဏ်ဒြပ်ဟိတ်တွေနှင့်၊ စိတ်အနေမြင့်ကြသည်၊ တဲ့ဗျား''

''အမယ်မင်း ဆရာတော်ကြီးနှယ်.... ဈေးထဲ လျှောက်ကြည့်သလို ပါပဲကလား''

"ဗုဒ္ဓမြတ်စွာဟာလောကီကိစ္စ၊လောကုတ္တရာကိစ္စ ဟူသမျှကို အပြီးတိုင် ကျွမ်းကျင်တော်မူပါတယ်၊ ဗုဒ္ဓ၏သားမြေးများဖြစ်ကြသော ကျမ်းတတ်ဂန်တတ် ဆရာတော်ကြီးများလဲ လောကီလောကုတ္တရာ နှံ့စပ်ကျွမ်းကျင်တော် မူကြပါတယ်၊ ငယ်ဖြူဆိုလို့များ မသိဘူးမထင်လေနဲ့ မောင်ရင်၊ကဲ-ရှေ့ကို ဆက်ကြအုံးစို့ ဘာသာရေးမှာ လှည့်ဖြားကြပုံ အကြောင်းတွေတော့ ထားလိုက်ပါတော့။

"အလုပ်ရစေ့မယ်၊ပစ္စည်းရစေ့မယ်၊ စာမေးပွဲအောင်စေ့မယ် ဆိုပြီး လိမ်တာတွေပါ ပြောလိုက်ချင်သေးသကွာ"

"ဒါမျိုးတွေ ပြောနေယင်တော့ ဆုံးမှာ မဟုတ်ပါဘူး၊ အလိမ်ခံရတဲ့လူမှာ အချိန်ကုန် ငွေကုန်၊ အရှက်တကွဲ အကျိုးနည်းဖြစ်၊ဘယ်လောက်စိတ်မချမ်းမသာရှိရှာမလဲ။ဒီလိုကာယိကဒုက္ခ၊စေတသိကဒုက္ခတွေဟာ အလွန်တရာဆင်းရဲစရာအကြောင်းဖြစ်လို့ တဦးကိုတဦးက လှည့်စားခြင်းကင်းကြပါစေလို့ မေတ္တာပို့ရတာ၊ နောက်တပိုဒ်ကတော့။

"ကတ္တစိ၊ မြို့ထဲရွာထဲ အများပရိသတ်ထဲ စသည် တစုံတခုသော အရပ်၌မျှ။ ကိဉ္စိ၊ တစုံတယောက်သော။ နံ၊ ထိုအခြားသူကို။ န အတိမညေထ၊ မထီမဲ့မြင် ကင်းပါစေတဲ့။ ဒါကို ဆရာတော်က ဘယ်လိုဖွင့်သလဲဆိုလျှင် 'ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သူတပါးမရှိမသေ မထီမဲ့မြင်ပြုယင် ပြုသူမှာလဲ အကုသိုလ်ပွားတယ်၊ နောက်တချိန်ကျတော့ အကျိုးမဲ့လဲ ဖြစ်တတ်တယ်။မထီမဲ့မြင် အပြုခံရသူမှာလဲ မခံချင်စိတ်တွေ ဖြစ်ပြီးဆင်းရဲရတတ်တယ်။သာမန်လူက ဖြစ်စေ၊အောက်တန်းအရာရှိကဖြစ်စေ

အထက်အရာရှိထံ ကိစ္စရှိလို့ သွားရောက်တဲ့အခါ အချို့အရာရှိ ဖြစ်သူက ဂရုမစိုက်ပဲ မထီမဲ့မြင်ပြုတတ်ကြတယ်။

"အချို့မထေရ်ကြီးများလဲ ရဟန်းငယ်များကိုမထီမဲ့မြင်ပြု တတ်တယ်၊အဲဒီလိုမထီမဲ့မြင်အပြုခံရတဲ့သူမှာ စိတ်မချမ်းမသာ များစွာဖြစ်တတ်တယ်၊မထီမဲ့မြင်ပြုသူမှာလဲ ကိုယ်ချင်းစာတရား ကင်းမဲ့သူ၊မေတ္တာမဲ့သူအဖြစ်ထင်ရှားတယ်၊ ဒါကြောင့်နှစ်ဦး နှစ်ဘက်လုံး မဆင်းရဲရအောင် မထီမဲ့မြင် မပြုမိပါစေနဲ့လို့ မေတ္တာပွားရန် ညွှန်ကြားတော်မူတာပါပဲတဲ့"

"ဒါကတော့အင်မတန်ရှင်းပါတယ်၊ ဒေါသကြီးတဲ့လူများ ဟာ မထီမဲ့မြင်အလုပ်ခံရယင် ပတ်ဝန်းကျင်ကိုပါ ဒုက္ခရောက် အောင် အပြစ်တွေပြုတတ်လာတဲ့အထိတုံ့ပြန်တတ်တယ်၊ဝိဋူဋဘ ကိုကြည့်။ သူ့ကိုကျွန်မရဲ့သားဆိုပြီးမထီမဲ့မြင်မခန့်လေးစား အလုပ်ခံရလို့ သာကီဝင်တွေကိုတမျိုးလုံးတဆွေလုံး လိုက်သတ် တာ ဗုဒ္ဓပင်လျှင် မကယ်နိုင်ဘူးမှတ်လား"

"အေး....မခံချင်လွန်းလို့အခွင့်ရတဲ့အခါကျတော့ လက်စား ချေတာ ပုခက်ထဲက ကလေးတောင်ချမ်းသာမပေးတော့ဘူးတဲ့ လေ၊ တိုင်းပြည်ကိုပျက်ကရော"

"အဲဒါနဲ့ ဆက်သွယ်လာတဲ့အပိုဒ်ကို ကြည့်လေ"

"ဗျာရောသနာပဋိဃသညာ၊နာညမညဿ ဒုက္ခမိစ္ဆေယျ"

ဗျာရောသနာဗျာရောသနာယ၊ ကိုယ်ထိလက်ရောက် နှိပ်စက် ခြင်း၊ ကြိမ်းမောင်းပြောဆို နှိပ်စက်ခြင်းဖြင့် လည်းကောင်း။ ပဋိဃသညာယ၊ဒေါသစိတ်(ရန်ငြိုး)ဖြင့်လည်းကောင်း။ အည

မညာသာ၊ အချင်းချင်း၏ ဒုက္ခဆင်းရဲကို။နဂ္ဂစွေဿယျ၊အလိုမရှိပါ စေလင့်။(၀၁)လိုလားတောင့်တခြင်း ကင်းကြပါစေ။

"ဒီသဘောကို အခုနအပိုဒ်မှာပါသွားပြီ။မထိမဲ့မြင်လုပ်တာ စ လိုက်တာနဲ့အငြိုးဖြစ်ပြီးနိုင်လောက်တဲ့အခွင့်အရေးရလာယင် တုံ့ပြန် နှိပ်စက်တတ်ကြတယ်။

"ဘုရားဟောဇာတ်တော်တွေမှာအာဃာတရန်ငြိုး၏အပြစ် များကိုဖော်ပြတဲ့ဝတ္ထု တော်တော်များများ ဖော်ပြထားပါ တယ်၊ဓမ္မပဒမှာလဲရှိတယ်။

"ရာဇဝင်ထဲမှာဆိုယင်သီဟသူနဲ့ ရာဇသင်္ကြန်အမတ်ကြီးတို့ အရေးအခင်းဟာ မှတ်သားစရာအလွန်ကောင်းတယ်။

"ပုဂံပြည်ဥဇနာဘုရင် လက်ထက်မှာ သားတော် သီဟသူကို အိမ်ရှေ့အရာပေးထားတယ်။တနေ့သောညီလာခံမှာရာဇသင်္ကြန် အမတ်ကြီးကလဲ ဗောင်းနားတောင်းဝတ်လုံအပြည့်အစုံနဲ့ ခစား နေတယ်။ညီလာခံစဲတဲ့အခါ ဘုရင်မင်းမြတ် ဝင်တော်မူပြီးသည့် နောက် သီဟသူ ထွက်ခွာတဲ့အခါမှာ ဝတ်လုံကို ဖြန့်ခင်းပြီး ခစားနေတဲ့ ရာဇသင်္ကြန်ကို လမ်းဖယ် မပေးကောင်းလားလို့ အိမ်ရှေ့မင်းသီဟသူက နန်းကြမ်းပြင်မှာ ဖြန့်ထားတဲ့အမတ်ကြီး ရဲ့ ဝတ်လုံပေါ်ကို ကွမ်းသွေး ထွေးချလိုက်တယ်။ ပရိသတ် ဗိုလ်ပုံအလယ်မှာ ရှက်စရာဖြစ်သွားတာပေါ့။

"ရာဇသင်္ကြန်အမတ်ကြီးဟာ သူခံလိုက်ရတာကို အခဲမကျေ နိုင်ဘူး၊အိမ်ရောက်တဲ့အခါကွမ်းသွေးတွေပေကျံနေတဲ့ ဝတ်လုံ ကို အမှတ်တရ ကောင်းကောင်းသိမ်းထားပြီး နေ့စဉ်ရက်ဆက် လက်စားချေဖို့ အာဃာတနဲ့ အမြဲ ကြံစည်နေတယ်။

"တိုတိုပြောရယင် ဘုရင်ဥဇနာနတ်ရွာစံပြီး သီဟာသူကဘုရင်ဖြစ်လာဘယ်၊ ရာဇသင်္ကြန်အမတ်ကြီးဟာ ရန်ငြိုးသိုလျက်နဲ့ သီဟာသူကို ဝတ္တရားကျေပွန်စွာ ခစားတယ်၊ အားကိုးခံရသည့်အထိ အမှုတော်ကို စွမ်းစွမ်းတမံ ထမ်းဆောင်တယ်၊ ဘုရင်သီဟာသူကတော့ မိမိမထိမဲ့မြင် လုပ်ခဲ့ဖူးတာကို မေ့လျော့နေပြီလေ၊ အိမ်ရှေ့ဘဝမှ ဘုရင်တောင် ဖြစ်လာခဲ့ပြီဆိုတော့ တနိုင်ငံလုံးအသက်ဦးဆံပိုင်အာဏာအောက်မှာ ဘယ်ရန်ကိုမှစိုးရိမ်စရာမရှိတော့ဘူးလို့ ထင်နေမှာပေါ့။ ရာဇသင်္ကြန် အမတ်ချုပ်ကြီးကိုလဲ အစစအရာရာ အားကိုး ယုံကြည်နေပြီလေ။

"တနေ့တော့အောက်ပြည်နိုင်ငံဖြစ်တဲ့ ဒလမြို့အနားက တောထဲမှာ ဆင်ဖြူတော်ပေါ်နေတယ်လို့ သတင်းရတယ်။ သီဟာသူကလဲ ဆင်ဖြူရှင်ဆိုတဲ့ရာဇဘွဲ့ဂုဏ်ကို အလွန်ခုံမင်နေတယ်။ ဒါကို အခွင့်ကောင်းယူပြီး ရာဇသင်္ကြန်အမတ်ကြီးက ကိုယ်တော်တိုင်ထွက်၍ ကျုံးသွင်းဖမ်းယူတော်မူပါလို့အကြံပေးတယ်။ သီဟာသူကလဲ သူ့အကျိုးကိုလိုလားတယ်လို့ ထင်ပြီး ပုဂံမှ ဒလကိုဖောင်တော်နှင့် ထွက်လိုက်ခဲ့ဘယ်။ ဒီအခါမှာ ရာဇသင်္ကြန်အမတ်ကြီးကြိုတင်စီမံထားတဲ့ထောင်ချောက်ထဲ ဝင်ခဲ့မိတာပေါ့။

"ဆင်ဖမ်းတဲ့ကျုံးထဲလဲရောက်ရော ရာဇသင်္ကြန်ကို ကွမ်းသွေးတွေစွန်းပေနေတဲ့ ဝတ်လုံကြီးကို ဝတ်လျက်သား တွေ့လိုက်ရတယ်။

"အရှင်မင်းကြီး ဒီကွမ်းသွေးတွေကို မှတ်မိသေးရဲ့လားလို့ မေးတော့မှ သီဟာသူမှာပြုခဲ့မိတဲ့ မထိမဲ့မြင်အမှုကို ပြန်သတိ

ရပြီး အလွန်ထိတ်လန့်တုန်လှုပ်သွားတယ်။သတ်တော့မယ်ဆိုတာ ကိုလဲရိပ်မိသွားတယ်။ဒီနေရာမှာဘုရင်ဖြစ်လျက်နှင့် အမတ်ကြီး ကို ရှိခိုးပြီး အမျိုးမျိုးတောင်းပန်တယ်။ အသက်ကို ချမ်းသာ ပေးပါ၊ ရွှေနန်းစည်းစိမ်ကို လွှဲပေးပါ့မယ်လို့ တောင်းပန် အသနားခံရှာတယ်။ ဒါပေမယ့် အငြိုးကြီးတဲ့ ရာဇသကြန်က မကျေနိုင်ပဲ ဆင်နဲ့တိုက်သတ်လိုက်တယ်။

"ဒါဟာမထိမဲ့မြင် ပြုခဲ့မိခြင်းရဲ့ ရလဒ်ပဲ၊ရာဇသကြန်မှာလဲ ပညာရှိကြီးတော့မှန်ပါရဲ့၊သူတော်ကောင်းတော့ မဟုတ်တော့ ဘူး၊စင်စစ်မှာနှစ်ဦးစလုံး အကျိုးမဲ့တာပဲ။

"ရှဲကုန်သည်ဘဝက ဘုရားလောင်းကိုအငြိုးထားခဲ့တဲ့ ဒေ ဝဒတ်ကို ကြည့်အုံးမလား။ ပစ္ဆိမဘဝိက ဗုဒ္ဓ ဖြစ်တော်မူတဲ့ နောက်ဆုံး ဘဝအထိ ဘဝတိုင်းမှာ အငြိုးကြီးနဲ့ညဉ်းဆဲလာခဲ့ တာ နောက်ဆုံး မြေမျိုခံရပြီး မဟာအဝီစိသာ ရောက်သွား ရောပဲ"

"အေး....ရန်ငြိုး အာဃာတ များဟာ အကုသိုလ်ထဲမှာ အကြီးဆုံး ဖြစ်လိမ့်မယ် ထင်တယ်"

"အစဝ်ပေါ့၊မင်းစဉ်းစားကြည့်၊ လူတယောက်ကို သတ် လိုက်တယ်၊သတ္တဝါတဦးကိုသတ်လိုက်တယ်ဆိုပါတော့။ လတ် တလောဒေါသကြောင့် သတ်လိုက်တာက ပါဏာတိပါတ ကံပဲ ထိုက်လိမ့်မယ်၊ရန်ငြိုးကြီးထားပြီး နေ့ရှည်လများ အငြိုးနဲ့ ကြံစည်အားထုတ်နေလျှင် မသတ်ရခင်ကပဲ အကုသိုလ်စေတနာ တွေဘယ်လောက်များနေမလဲ၊ သံကို သံချေးတက်သလို၊ကြေး

ကိုကြေးညှိတက်သလို၊အကုသိုလ်အညှိက နေ့ရှိသမျှ တက်နေအုံးမှာပေါ့၊လောကီဥပမာတခုနဲ့ ယှဉ်ကြည့်နိုင်သားပဲ၊ လူလူချင်းရန်ဖြစ်လို့ ဒေါသနဲ့တဆုံးတချက်သတ်လိုက်မိတယ်ဆိုပါတော့။ ဒါဟာလူသတ်မှုပဲ၊အဲ....နောက်တမျိုးက နေ့ရှိသမျှလက်နက်နဲ့အခွင့်အရေးရှာပြီးမှ သတ်တော့လဲ လူသတ်မှုပဲ။ ဒါပေမယ့် ဒေါသနဲ့တဆုံးတချက်သတ်လိုက်တဲ့တရားခံကို တရားသူကြီးက သေဒဏ်စီရင်ချက်မှ လျှော့ပေါ့စဉ်းစားချင်ယင် စဉ်းစားနိုင်သေးတယ်၊ကြိုတင်ကြံစည်ကြိုးစားပြီးမှသတ်တဲ့တရားခံကိုတော့ အမှုသာထင်ရှားယင် ကြိုးမိန့်မှတပါး ဘာကိုမှ စဉ်းစားတော့မှာမဟုတ်ဘူး၊ ဒါဟာ အကုသိုလ်ကြီးကို အကုသိုလ်ကလေးတွေက ခြံရံအားပေးလာတာ ထင်ရှားတယ်”

“အေး....မင်းပြောတာ သဘာဝကျတယ်၊ ဒါကြောင့် မေတ္တာသုတ်မှာ အလေးထားပြီး ဆုံးမတော်မူပေတာပဲကိုး။ ဒီစိတ်မျိုး တွယ်နေသမျှ ဘယ်လိုမှ မေတ္တာထားလို့ ရမှာမှုတ်ဘူး”

“ဘယ်ရနိုင်မလဲ၊ အငြိုးနဲ့မေတ္တာဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေါ့ဟာ”

“ဒါဖြင့် အဲသည့် စိတ်ဆိုး စိတ်ညစ်တွေကင်းပြီး ဖြူစင်သန့်ရှင်းတဲ့ မေတ္တာဖြစ်လာအောင် ဘယ်နည်းရဲ့ ထိန်းရပါ့မလဲ”

“ဘယ်နည်းနဲ့ထိန်းရမလဲ ဟုတ်လား၊ အမယ်လေး ဗုဒ္ဓက ဒေသနာတော်နည်းကို ပုလဲကုံးသီသလို သီပြီးမှ ဟောတော်မူဘာပါ၊ ရွှေဆွဲကြိုးများ ကွင်းဆက်သလို တခုနဲ့တခု ဆက်စပ်ပြီးသားပါ။မင်းလိုချင်တာကလှည့်စားတဲ့စိတ်၊မထိမဲ့မြင်ပြုချင်

တဲ့စိတ်၊ ကိုယ်ထိလက်ရောက် ညှဉ်းဆဲနှိပ်စက်ချင်တဲ့စိတ်၊ ရန်ငြိုး ဖွဲ့ချင်တဲ့စိတ်၊ ဒီစိတ်တွေ မဝင်အောင် ထိန်းတဲ့နည်း မဟုတ်လား”

“ဟုတ်တယ်”

“ဟောလာပါလိမ့်ဗျာ။ ‘မာတာယထာနိယံပုတ္တံ၊မာယုသာ ကေပုတ္တ မနုရက္ခေ’တဲ့။ ‘မာတာ၊ သမီးသား၌၊ ကြီးပွားစေလို၊ ဘထက်ပို၍၊ ဗြဟ္မစိုရ်စုံ၊ နဂိုရ်ထုံလေ့ရှိသော ဂုဏ်ကျေးဇူးရှင် မွေးမိခင်သည်။ နိယံပုတ္တံ၊ မိမိရင်၌ဖြစ်သော။ ကေပုတ္တံ၊ အရေကိုလွှား အသားကိုခွဲ၊ အရိုးစွဲအောင်၊ မြဲမြံလှစွာ၊ ကရုဏာနှင့်၊ မေတ္တာဗလဝ၊ ချစ်ပါလှသော၊ ဖွားစနုနယ်၊ တယောက်တည်းသောသားသူငယ်ကို။ အာယုသာ၊ ဇီဝိတ်ခြွေ၊ တည်ငြိမ်စေလိုသောကြောင့်။ အနုရက္ခေယထာ၊ပိုက်ပိုက်ထွေးထွေး၊နို့ချိုကျွေး၍၊ မအေးစေရ၊ မပူရပဲ၊ နေ့ညမခြား၊ ရင်ဝယ်ထား၍၊လူလားမြောက်အောင်၊ ကြံဆောင်ထွေထွေ၊ စောင့်ရှောက်လေသကဲ့သို့’ တဲ့။

“ကဲ….မိခင်တယောက် သားသမီးအပေါ် ထားတဲ့မေတ္တာမျိုးထဲမှာ အကျိုးမဲ့အောင် လှည့်စားတဲ့စိတ်မျိုး ရှိပါ့မလား”

“ဘယ့်ရှိမလဲ”

“မထိမဲ့မြင် ပြုချင်တဲ့စိတ်မျိုးကော”

“မရှိနိုင်ပါဘူး”

“ကိုယ်ထိလက်ရောက် ညှဉ်းဆဲချင်တဲ့စိတ်ကောကွာ”

“သူများက ညှဉ်းဆဲဘောင် မိခင်ကသာ ဝင်ခံလိမ့်မယ်”

"ရန်ငြိုးဖွဲ့ချင်တဲ့ စိတ်ဆိုယင်ကော"

"ကမ္ဘာ အဆက်ဆက်ကမှ မရှိခဲ့တာကွာ"

"အဲ....အဲသည့် နည်းဥပမာဟာ အချုပ်ပဲ။ အဲသည့် ဥပမာကို မင်းပြောခဲ့ဖူးသလို (ဒက်ဖနေးရှင်း) တခုချင်း အဓိပ္ပာယ်ခွဲခြမ်းစိတ်ဖြာ ကြည့်လိုက်စမ်းပါအုံး၊ သားသမီးကို ကိုယ်ဝန်ဆောင်ရတာက အမေလား အဖေလား"

"မင်းနှယ် ကတ်သီး ကတ်သတ် ယောကျ်ားက ကိုယ်ဝန်ဆောင်မလားကွ"

"ရှင်းအောင် တမင်မေးရတာကွ၊ မိခင်ကသာ ကိုယ်ဝန်ဆောင်ရတာဆိုတော့ ဒီသားကို ဒီအမေက မွေးတယ် ဆိုတာဘယ်သူကမှ သံသယရှိစရာ မလိုတော့ဘူး၊ ခပ်ရိုင်းရိုင်း ပိုပြီးရှင်းအောင် ပြောလိုက်အုံးမယ်၊ 'အမေမှန်မှ အဘ သားတဲ့'၊ —ဒီစကားကို မင်းနားလည်လား"

"တော်တော် နောက်တီးနောက်တောက် ပြောတဲ့ ကောင်ပါလား၊ဟေ"

"နားလည်တယ် မှတ်လားလို့"

"နားလည်ပါတယ်ကွာ၊ တော်ပါတော့"

"အေး- မိခင်နှင့်ဖခင်ဆိုရာမှာ မိမိကိုယ်တိုင်သည် ဖခင်၏သွေးသား စင်စစ်ဖြစ်မဖြစ် မှန်မမှန်၊သံသယဆင်ခြေ ရှိလေနိုင်ငြားလည်း မိန်းမသားဖြစ်သော မိခင်အပေါ်၌ 'ငုံပိုက်သန္ဓေဆောင်လေစွဲကပ်၊ မီးယပ်သားဖွား၊ အာဝေဏိက တရား'က အထင်အရှား ဖြစ်ခြင်းကြောင့် မိခင်၏ သွေးသားရင်နှစ် သမီး

သားစင်စစ် ဖြစ်မဖြစ်ကို တဆစ်မှ သံသယဝင်စရာ မလိုတော့ဘူးမှတ်လား"

"လုံးဝသံသယဖြစ်စရာ မရှိပါဘူးဗျာ"

"ဒါကြောင့် အမိနှင့်အဖမှာ(မိဘ)ရယ်လို့ အဓိက ပဓာနပထမနေရာ ယူထားတာ ရိပ်မိရောပေါ့၊ နောက်တခါ မေတ္တာသုတ်ပါဠိထဲက စကားက ဘယ်လောက်များ အနုစိတ် တိကျထားသလဲဆိုယင် မိမိရင်မှ ကိုယ်တိုင်ဖြစ်၍ ကိုယ်တိုင် မွေးခဲ့ရသောသားတဲ့နော်၊မွေးစားကောက်ယူတဲ့ ကိတ္တိမသား မဟုတ်ဘူး။ နောက်တခါ တယောက်တည်း၊ တဦးတည်း ဖြစ်သောသားတဲ့၊ဒီနေရာမှာလဲ သားသမီးတွေ လေး ငါး ဆယ်ယောက်မွေးထားယင် ဟိုသားလဲချစ်ရ၊ဒီသမီးလဲချစ်ရ၊ မိခင်မေတ္တာကိုဝေစားမျှစား ရှိချင်နေရအုံးမယ်။ (တကယ်ကတော့ ဘယ်နှစ်ယောက် မွေးထားမွေးထား မိခင်ရဲ့ မေတ္တာဆိုတာ သာတူညီမျှရာနှုန်းပြည့် ချစ်ရှာကြတာပါပဲ။) သို့ပေမယ့် ပို၍တိကျသဘောပေါက်အောင် ဟောထားတာ၊ တယောက်တည်းသော သားဆိုတော့ 'သားကောင်းတယောက်၊ ကျောက်ကောင်း တစေ့' ဆိုသလို ပိုလို့ အရေးပေးဖို့ ဖြစ်နေတာပေါ့"

"အင်း-တခုချင်း ရှင်းကြည့်တော့မှ ပိုလို့ သဘောပေါက်နိုင်တာပေါ့၊လုပ်ပါအုံး"

"မေတ္တာဗလဝ၊ချစ်ပါလှသော၊ဖွားစနုနယ်၊ သားသူငယ်ကိုလို့ ဆိုထားတာလဲကြည့်အုံး၊ နို့စို့ကလေး အရွယ်ဆိုတာ အပြစ်အကင်းဆုံး၊ချစ်စရာအကောင်းဆုံး၊ မိခင်၏အစောင့်အရှောက်

အကြောင့်အကြကိုသာ ခံယူနေရတဲ့ အရွယ်၊ သူ့ဟာသူ ဘာ တခုမှ ကိုယ်တိုင် မစွမ်းဆောင်နိုင်သေးတော့ မိခင်ရဲ့ စေတနာ မေတ္တာဟာ တခဏလေးမှပေါ့လို့၊လျစ်လျူထားလို့မရသေးဘူး မှတ်လား''

''ဟုတ်တာပေါ့၊ခြင်ကိုက်လို့မှ ကိုယ်တိုင်မရိုက်တက်၊ ပုရွက် ဆိတ်တက်လို့မှ မခါတတ်၊ အေးလဲ အေးတဲ့အတိုင်း၊ ပူလဲ ပူတဲ့ အတိုင်း၊ စိုလဲ စိုတဲ့အတိုင်း၊ ခြောက်လဲ ခြောက်တဲ့အတိုင်း''

''နောက်တခုက အသက်ကလေး နည်းနည်းကြီးလာလျှင် မလုပ်ပါနဲ့လို့ မိခင်ကပြောပေမယ့် လုပ်ချင် လုပ်တတ်တယ်။ မစားပါနဲ့လို့ပြောပေမယ့် စားချင် စားတတ်တယ်။ မသွားပါ နဲ့လို့တားပေမယ့် သွားချင် သွားတတ်တယ်။ဒီအခါမျိုးမှာမိခင် က စိတ်ညစ်ချင် ညစ်ရအုံးမယ်။ တားမရလို့ မဖြစ်သင့် မဖြစ်စေ လိုတာ ဖြစ်လာတဲ့အခါမှာ မိခင်၏ ကရုဏာမှာ ဒေါသဝင်လာ ရပြီး 'ကောင်းတယ်၊ မလုပ်ပါနဲ့ဆိုတာ စကားနားမထောင်ဘူး' စသဖြင့် ကရုဏာဒေါသော ပြောမိ ဆိုမိ ရှိတတ်သေးတယ်။ ဒါကြောင့် ဒီလို အငြိုအငြင်ကလေးမှ ဖြစ်စရာ ပေါ်စရာ မဟုတ်တဲ့ ဖွားစနုနယ် သားသူငယ်လို့ ဆိုထားတာ''

''အင်း....မင်းပြောနေတာက မေတ္တာသုတ်၊ ငါ သတိရနေ တာက ငါ့အမေ''

''မင့်အမေကိုသာ သတိရနေတာလား၊ မင့်သားသမီးတွေ အပေါ်မှာ ထားခဲ့ရတဲ့ စေတနာတွေကော''

''မှန်တာပြောရယင် အမေ့ကို သတိရ သလောက်တော့ (ထောင်း)ကနဲ ဖြစ်မလာဘူး''

"အဲဒါကြည့်တော့။ မင်းက မိခင်မှ မဟုတ်ပဲကို။ ဖအေဆို တာက ကိုယ်ဝန်လဲမဆောင်၊ ရင်အုပ်မကွာလဲ မနေခဲ့ရ။ ကိုယ့် သွေးအနှစ်ဖြစ်တဲ့ နို့ချိုလဲ မကျွေး မတိုက်ခဲ့ရ"

"အေး...,စဉ်းစားကြည့်တော့ ဟုတ်တယ်၊ တနေ့ နှစ်ဆယ့် လေးနာရီမှာ သားရယ်၊ သမီးရယ်လို့ ပွန်းပွန်းတီးတီး နေရ၊ တွေ့ရတဲ့ အချိန်က အနည်းသားကလား"

"နောက်ပြီး သားသမီးရဲ့ အန္တရာယ်ကို ကာကွယ်တဲ့နေရာမှာ ဖခင်ထက် မိခင်များက အသက်ကို စွန့်စွန့်စားစား ၇ှိတတ် ကြတယ်။ ဥပမာ အိမ်ကို မီးလောင်တယ်ဆိုယင် မိခင်ကသာ ကောက်ကာငင်ကာ ကလေးကို ပွေ့မိလျက်သား ဖြစ်တယ်။ မီးထဲ ဝင်ရမလား။မိခင်က ပထမ ဝင်ကယ်လိမ့်မယ်။ နေတာ ထိုင်တာ စားတာသောက်တာများမှာ မိခင်ကသာ တတွတ်တွတ် သင်ကြားနေတတ်တယ်။ ဒါကြောင့်လဲ 'ရှေးဦးဆရာ၊ မည်ထိုက် စွာ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' ဆိုတဲ့ စကားကိုကြည့်။ အမိက ဦးစွာ နေရာယူထားတယ်။ စိတ်ရှည်တယ်၊ သည်းခံတယ်၊ သာယာ ဖျောင်းဖျပြောတတ်ဘူး။ ဗိမ္ဗိသာရနှင့် အဇာတသတ် အရေး အခင်းကို စဉ်းစားစမ်း။ သား၏အသတ်ကို ခံရတာကတော့ ဘုရင် ဗိမ္ဗိသာရမင်းကြီးပါပဲ။ နောင်တရအောင် ပြောဆိုဆုံးမ တာက မယ်တော်ဝေဒေဟီ မိဖုရားသာ ဖြစ်တယ်။ အကယ်၍ ဒီနေရာမှာ မယ်တော် အသတ်ခံရပြီး ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးသာ ကျန်ရစ်ခဲ့မယ်ဆိုလျှင် သားကိုပြန်၍ မသတ်တောင် အကြောင်းနဲ့အကျိုး ပြန်ရှင်းပြနေမှာ မဟုတ်ဘူး။အဇာတသတ် မင်းသားဟာ ဗုဒ္ဓကိုယ်တော်နှင့် တွေ့တောင်တွေ့သွားရတော့မှာ

မဟုတ်ဘူး။ မိခင်ဆိုတော့ သားဆိုးသားမိုက်လဲ ကရုဏာ ဖြစ်ရတာပဲ၊ အင်္ဂုလိမာလရဲ့ အမေကို ကြည့်အုံးမလား။ သူ့သားကို ကောသလမင်းကြီးက တပ်ပေါင်းစုနဲ့ ဖမ်းတော့မယ်ကြားတော့ သားကိုလိုက်ရှာပြီး သတိပေးဖို့ တောထဲ ထွက်ခဲ့ရှာတယ်လေ။ ဒါကို အင်္ဂုလိမာလက တွေ့တော့ လက်ညှိုးပေါင်း တထောင် ပြည့်မှာ တချောင်းသာ လိုတော့တဲ့အတွက် မိခင်လက်ညှိုးကို ဖြတ်ရအောင် လိုက်ရာမှာ ဗုဒ္ဓအရှင်က ကြားဝင်ပြီး ကယ်ချွတ်ရတယ် မှတ်လား''

''ဟုတ်ပါရဲ့၊ သူ့အဖေ ပုဏ္ဏားကြီးက ယောကျ်ားပီပီ လိုက်ဖို့ကောင်းတာ၊ အမေသာ မကြောက်မရွံ့ လိုက်ရှာခဲ့တာပဲ''

''နောက်ပြီးတော့ ပဒကုသလ ဇာတ်မှာလဲကြည့်၊ မိခင်ကို ဘီလူးမကြီးမှန်းသိလို့ ဖအေကိုပါခေါ်ပြီး ထွက်ပြေးတယ်လေ။ မိခင်ဘီလူးမက နောက်ကလိုက်၊ သူတို့က လွတ်အောင်ပြေး။ လူနေရာအရပ် မြစ်တဘက်ကမ်း ရောက်သွားလို့ မိခင်ကြီးက မလိုက်နိုင်တဲ့နောက်ဆုံး 'သားရယ် လူတို့နေရာ ရောက်လျှင် အသက်မွေးမှု တခုပညာ မပါလျှင် ငါ့သားကလေး အသက်မွေးမှု ဆင်းရဲနေပါလိမ့်မယ်။ ဒါကြောင့် ခြေရာခံတတ်တဲ့ မန္တန်ကို အမေက နှုတ်တိုက် သင်ပေးလိုက်ပါ့မယ်။ ငါ့သား မြစ်တဖက်ကမ်းက နားထောင် ကျက်မှတ်သွားပါအုံး' လို့ တောင်းပန်ပြီး နှုတ်ငုံ မရမချင်း သင်ပေးလိုက်ရှာ သေးသတဲ့။ မန္တန်ကိုရလို့ သားနှင့်လင်လဲ ထွက်သွားမယ်လုပ်ရော မိခင်ကြီးလဲ ရင်ကွဲနာကျပြီး သေရှာသတဲ့။ ဒါကိုပဲ ကြည့်နော်။

မိမိကို ကြောက်ရွံ့မုန်းတီးလို့ ရင်ဘတ်ကိုစုံကန်ပြီး ထွက်ပြေးတဲ့ သားကိုတောင် မမုန်းနိုင်တဲ့ မိခင်တို့ရဲ့ စေတနာ''

''အင်း....ကေပုတ္တ မန္ဒရက္ခေဆိုတဲ့ စကားလုံး ကလေးဟာ မေတ္တာရှင်အဖြစ်နဲ့ ပြည့်ပြည့်စုံစုံ ဖော်ပြရအောင် မိခင်မှာပါး ကိုယ်စား၊ ပုဂ္ဂိုလ်စား မရှိဒတာ့ပါဘူးဗျာ''

''အဲသည့် အကြောင်းအရာတွေဟာ ဥပမာ အနေနဲ့သာ ပြတာဖြစ်တယ်။ သတ္တဝါများအပေါ်မှာ ထားရမယ့် မေတ္တာ စေတနာကို နှိုင်းယှဉ်ဖို့သာဖြစ်တယ်။ ကိုယ့်သားနဲ့သူတပါးသား မေတ္တာမခြား တန်းတူထားနိုင်ဖို့ ကြိုးစားရမယ်လို့ ဆိုလို တာနော်။ ဒါကြောင့် နောက်တပိုဒ်မှာ ဆက်ထားတာကိုကြည့်။ 'ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ'တဲ့။ ဧဝမ္ပိ၊ မိမိ၏သားကို ချစ်ခင်စောင့်ရှောက်သကဲ့သို့ ထို့အတူ။ သဗ္ဗဘူ တေသု၊ အလုံးစုံသော သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်း အတာ ပမာဏ မရှိသော။ မာနသံ၊ ချမ်းသာစေလိုသော မေတ္တာစိတ်ကို။ ဘာဝယေ၊ အကြိမ်ကြိမ်အခါခါ ပွားစေရာ၏' လို့ ညွှန်ပြထားတယ်''

''နေပါအုံးကွာ။ မိမိ၏သားနှင့်နှိုင်း၍ မေတ္တာထားရမယ် ဆိုတာကို သဘောပေါက်ပါတယ်။ အဲသည့်နောက် အပရိမာဏံ၊ အတိုင်းအတာမရှိလို့ ဆိုပြန်တာက ဘယ်လိုမှတ်ရမလဲ။ ငါ မရှင်းလို့ပါနော်''

''အပရိမာဏံဆိုတာက နှိုင်းယှဉ်တာ မဟုတ်ဘူး၊ အကန့် အသတ်မရှိ၊ အကြွင်းအကျန်မရှိ၊ ကျယ်ကျယ် ပြန့်ပြန့်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ သတ္တဝါတိုင်း အကြွင်းအကျန်မရှိ၊ မိခင်သည်

မိမိ၏ တဦးတည်းသောသားကို ချစ်ခင်စောင့်ရှောက်သကဲ့သို့ မေတ္တာထားရမယ်လို့ဆိုတာ''

''ဒီနေ့တော့ ကေပုတ္တ မနုရက္ခေ နဲ့ပဲ ကျေနပ်သွားပြီကွာ။ အမေ့ကျေးဇူး မေတ္တာတွေကို ပြန်တွေးရတာ အရသာ သိပ်ရှိတာပဲ၊ ကျေးဇူးတင်ပါတယ် မောင်မင်းကြီးသားရယ်''

*　　*　　*

## မေတ္တာသုတ် (၇) နိဂုံး

"ဒီနေ့တော့ (မေတ္တာသုတ်) စာကိုယ် အပြီးသတ်ကြစို့ရဲ့ သူငယ်ချင်း"

"ငါဖြင့် ပြီးဆုံးမှာကိုတောင် နှမြောသလိုလိုဖြစ်နေမိတော့တယ်။ ဘယ်နှစ်ပုဒ် ကျန်သေးသလဲကွာ"

"ဂါထာ သုံးပုဒ်ပဲ ကျန်တော့တယ်လေ။ တို့ ဆွေးနွေးခဲ့တာ ခြောက်ပတ် ရှိခဲ့ပြီပဲ"

"အေး ...ဗုဒ္ဓ၏ တရားတော်များ အမြဲကျင့်သုံး ဆောက်တည်နေနိုင်လျှင်တော့ မပြောနဲ့၊ ခဏခေတ္တဆွေးနွေးပြောဆိုနေရလျှင်ပဲ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါဘိတယ်"

"အမှန်ဆုံးသော စကားပေါ့သူငယ်ချင်း။ ဒါကြောင့် သူတော်ကောင်းကြီးများက သစ္စာဆိုလေ့ ရှိတော်မူခဲ့ဘာပေါ့"

"ဘယ်လိုများ ဆိုတော်မူကြသလဲ"

⟨ "ခမ္မောလောကေသမုပ္ပန္နော၊ သုခါယ သဗ္ဗပါနိနံ၊⟩တောန သစ္စဝစ္စေန၊နိရောဂါဟောန္တုသာဓဝေါ။အဓိပ္ပာယ်က လောက သုံးပါးမှာ ဓမ္မတရားဟူသည် သတ္တဝါတိုင်း စိတ်၏ချမ်းသာ ခြင်းအလို့ငှာ ဖြစ်၍ပါတယ်တဲ့။ ဤ မှန်ကန်သော သစ္စာ စကား ကြောင့်၊ သူတော်ကောင်း အပေါင်းတို့မှာ ရောဂါအန္တရာယ် မရှိကြသည် ဖြစ်ပါစေသတည်း" တဲ့။

"အင်း....သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ၊ သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ။ တရား၏အရသာဟာ လောကရှိ အရသာဟူသမျှတို့ ထက် သာလွန်တယ်။ တရားနှင့် မွေ့လျော်ခြင်းဟာ မွေ့လျော် ခြင်းတကာတို့ထက် မွန်မြတ်တယ်လို့ ဟောတော်မူတာ သတိရမိ ပါရဲ့"

"သတိရရမှာပေါ့။ မိမိတယောက်တည်း နေတဲ့အခါမှာလဲ မမေ့အောင် ကြိုးစားရမယ်။ အပေါင်းအဖော်နှင့် နေတဲ့အခါ မှာလဲ တရားဓမ္မဆွေးနွေးဖော်၊ ဟောကြားဖော်ကို ရွေးတတ် ရမယ်။ ကာလေန ဓမ္မဿဝနံ၊ အခါအားလျော်စွာ ဓမ္မတရားကို နာရခြင်း။ ကာလေနဓမ္မသာကစ္ဆာ၊ အခါအားလျော်စွာ ဓမ္မ တရားကို ဆွေးနွေးရခြင်းတို့ဟာ မင်္ဂလာရှိတယ် မင်္ဂလာဖြစ် တယ်လို့ မင်္ဂလာသုတ်မှာ ပါတဲ့အတိုင်း အဖော်ရှိမှ တွေ့မှ ဖြစ် နိုင်တာမို့ပဲ"

"ဒါကြောင့်လဲ ကလျာဏမိတ္တသမ္ပဒါ လိုတယ်လို့ ဆိုတာ ပေါ့လေ။ ကဲ....မေတ္တာသုတ်ကို ဆက်ကြစို့"

"ယခင်အပတ်က ပြောခဲ့တဲ့အတိုင်း တဦးတည်းသော ချစ်စဖွယ်သားငယ်ကို မိခင်က ထားရှိတဲ့ မေတ္တာစေတနာအတိုင်း ဘယ်ကဲ့သို့ ပျံ့နှံ့စေရမလဲဆိုတော့။

"မေတ္တဉ္စ သဗ္ဗ လောကသ္မိံ ၊ မာနသံ ဘာဝယေ၊ အပရိမာဏံ။ ဥဒ္ဓံအဓောစတိရိယဉ္စ၊ အသမ္ဗာဓံ၊ အဝေရမသပတ္တံ"

"ဥဒ္ဓံ ၊ အထက်ကိုမူ ဘဝဂ်ဟူသော အရူပလေးဘုံ၌ လည်းကောင်း။ အဓောစ၊ အဝီစိမှလျှောက်ကာ ပြအပ်သော အောက်ကာမ တဆယ့်တဘုံ၌ လည်းကောင်း။ တိရိယဉ္စ၊ ဖီလာရပ်သူ အလယ်ဟူသော ရူပတဆယ့်ခြောက်ဘုံ၌ လည်းကောင်း။ သဗ္ဗလောကသ္မိံ ၊ အကျဉ်းအားဖြင့် သုံးပါး၊ အကျယ်အားဖြင့် (၃၁)ဘုံ၊ အလုံးစုံသောလောက၌။ အသမ္ဗာဓံ၊ ပိုင်းခြားလွတ်ကင်း ကျယ်ဝန်းစွာဟောင်း မကျဉ်းမြောင်းသော။ အဝေရံ၊ အဇ္ဈတ္တဘေးဒဏ် ကိုယ်တွင်းရန်မရှိသော။ အသပတ္တံ၊ဗဟိဒ္ဓဘေးဒဏ် အပရန်မရှိသော။ အပရိမာဏံ၊ သတ္တဝါနေရပ် အမှတ်အတိုင်းအရှည်မရှိသော။ မေတ္တံ၊ ဒေါသရစ်မျှေး ညစ်ကြေးမတင် ပြစ်ကင်းစင်သဖြင့် ချစ်ခင်လေးမြတ်သော သဘောရှိသော။ မာနသံ၊ ကပ္ပဋ္ဌာယိံ ၊ မတိမ်ကောနိုင် နေ့တတ်အိုင်မှ ပြွန်ဆိုင်ဖြိုးထွေ၊ စီးသောရေကဲ့သို့ တတွေတွေ ယိုစီးသော မေတ္တာစိတ်ကို။ ဘာဝယေ၊ အဖန်တလဲလဲ အမြဲမကွာ ပွားများရာ၏"တဲ့။

"အင်း....ကောင်းလိုက်တဲ့ အနက်ကွာ။ အဓိပ္ပာယ် အကုန်ပေါ်တာပါပဲ။ အင်း...."

"ဒါဖြင့် မင်းသိသလောက် ပြောစမ်းပါအုံး"

"မင်းကလဲ ငါ့ကို စာမေးပွဲစစ်တာ ကျနေတာပဲ။ သိတာပေါ့ကွ။ အထက်ဘဝဂ်၊ အောက် အဝီစိတိုင်အောင် အကျဉ်းအားဖြင့် ကာမ၊ ရူပ၊ အရူပဘည်းဟူသော ဘုံသုံးဘုံ။ ဦးပြုံးချိုက (ဘောဘူမှာ)လို့တောင် သီချင်းစပ်ခဲ့သေးတာ"

"တယ်ဟုတ်ပါလား၊ ဆက်ပြောပါအုံး"

"အကျယ်အားဖြင့် သုံးဆယ့်တဘုံ ရှိရှိသမျှ သုခိတ၊ဒုက္ခိတ မှန်သမျှ အကြွင်းအကျန်မရှိ သတ္တဝါတိုင်းကို ကိုယ်တွင်းကိုယ်ပ ရန်ဘယာဟူသမျှ ကင်းကြပါစေဆိုသောမေတ္တာစိတ်ဖြင့် ကပ်ကမ္ဘာတခုလုံး ခန်းခြောက် တိမ်ကောမသွားသော အနေ့ာတတ်အိုင်မှရေကဲ့သို့ အမြဲကြည်လင် စီးဆင်း ပွားများ နိုင်ပါစေသတည်း ပေါ့"

"သာခုဗျာ၊ ငါက နာကြားချင်လို့ မေးဘာပါ။ ကဲ.... နောက်ဘာဒ် ဆက်ကြစို့။

"တိဋ္ဌံစရံ နိသိန္နောဝ၊သယာနော ယာဝတာဿ ဝိဂတမိဒ္ဓော။ ဧတံသတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု"

"တိဋ္ဌံတိဋ္ဌန္တောဝ ါ၊ ရပ်၍သော် လည်းကောင်း။စရံစရန္တောဝ ါ၊ သွားသော်လည်းကောင်း။ နိသိန္နောဝ ါ၊ ထိုင်သော်လည်းကောင်း။ သာယာနောဝ ါ၊ လျောင်းသော် လည်းကောင်း။ ယာဝယာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိဂတမိဒ္ဓော၊ ကိုယ်စိတ်ကြည်လင်အိပ်ချင်ငိုက်မျဉ်းခြင်းမှ ကင်းသည်။ အဿ၊ ဖြစ်၏။ တာဝတာ၊ ထိုမျှလောက်သော ကာလပတ်လုံး။

တော်သတိ၊ ထိုမေတ္တာနှင့်ယှဉ်သော သတိကို။အခိဋ္ဌေယျ၊ အမြဲမကွာ ဆောက်တည်ရာ၏။ ဣဓ၊ ဤသာသနာတော်၌။ ဧတံ ဝိဟာရံ၊ထိုလေးပါး ဣရိယာ၊ပုထ်တိုင်းမှာပင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြယင်း နေထိုင်ခြင်းကို။ ဗြဟ္မံ၊ သူကျိုးကိုယ်ကျိုး တိုးပွားစေတတ်လွန်ထူးမြတ်သော။ ဝိဟာရံ၊ နေခြင်းဟူ၍။ ဗုဒ္ဓေါ၊ ဘုရားရှင်တို့သည်။ အာဟု၊ ချီးမွမ်းစကား ဟောကြားတော်မူလေကုန်ပြီ''တဲ့။

''ဒါလဲ သိနိုင်လောက်ပါတယ်''

''သိသလောက် ကြားနာပရစေလား ခင်ဗျာ''

''မင်းကလဲ အဓိပ္ပာယ်ပေါ်နေမှဟာ''

''သာဓုခေါ်ချင်လို့ပါ သူငယ်ချင်းရယ်''

''ဖမေတ္တာစိတ်ကို တွေ့ဝေငိုက်မျဉ်းခြင်းကင်းနေသမျှ ကာလပတ်လုံး ရပ်နေသည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ၊ သွားနေသည်ဖြစ်စေ၊လျှောင်းနေသည်ဖြစ်စေ၊ သတိနှင့်ယှဉ်၍ အမြဲနေပါတဲ့၊ အဲသလိုနေခြင်းဟာ ဗြဟ္မဝိဟာရနေခြင်းဟူ၍ ဘုရားရှင်တိုင်းကောင်းချီးနုမောဒ် သာဓုခေါ်တော်မူကြပါတယ်တဲ့၊ ကဲကျေနပ်ပြီလား''

''သာဓုပါဗျာ။အဲသည်မှာ တို့တွေမှတ်သားလိုက်နာစရာပါလာတာကို သတိပြုရပေလိမ့်မယ်''

''ဘယ်လို သတိပြုရမှာလဲ''

''ဘယ်လိုသတိပြုရမလဲဆိုတော့ ဒါန၊သီလ၊ ဘာဝနာဆိုတဲ့ အင်္ဂါသုံးရပ်မှာ ဒါနအမှုကိုပြုနိုင်ဖို့ အလှူခံပုဂ္ဂိုလ်ရယ်၊ လှူဖွယ်

ဝတ္ထုရယ်၊စေတနာရယ် သုံးပါးသုံးထွေပြည့်စုံမှ ဒါနအရာကို ရောက်နိုင်မယ်မှတ်လား”

“ဟုတ်ပါတယ်ပေါ့”

“အေး....သီလ ဆောက်တည်ဖို့ကျတော့လဲ သီလတရား မြောက်ဖို့ သက်ရှိသက်မဲ့ပတ်ဝန်းကျင်က လိုပြန်တယ်”

“သီလဆောက်တည်ဖို့ ဘယ်လိုအရာမျိုး လိုသေးသလဲ၊ ပြောပါအုံး”

“အဲဒါဟာ သေသေချာချာ စဉ်းစားမှ ပေါ်နိုင်ပါတယ်၊ သို့မဟုတ်လျှင် သီလဆောက်တည်တာပဲ၊ ဘာလိုရအုံးမှာလဲလို့ ထင်တတ်ကြတယ်။ဥပမာကွယ် သူ့ဘာပါး၏အသက်ကို မသတ်ပါဘူးဆိုတဲ့ ပါဏာတိပါတကံကို ထိန်းမယ်ဆိုပါတော့၊ ပုဂ္ဂိုလ် သတ္တဝါတဦးတလေမှ မရှိမတွေ့တဲ့နေရာ၊အခါ စသည်တို့မှာ နေနေလို့တော့ ပါဏာတိပါတာသိက္ခာပုဒ်ကို မထိန်းတဲ့လူရော ဘယ်မှာကျူးလွန်ကြပါတော့မလဲ။တိုနည်းငင်းပဲခိုးစရာပစ္စည်း မရှိ၊ မတွေ့နိုင်တဲ့အခါမှာ မခိုးမဝှက်ကြတာကော အဒိန္နာဒါနာ သိက္ခာပုဒ်ကိုထိန်းပါတယ်လို့ ဆိုနိုင်ပါ့မလား၊ ရှင်းရှင်းပြောရ လျှင် သတ်နိုင်စရာကိုရှောင်ကြဉ်မှ၊ ခိုးနိုင်စရာကို ရှောင်ကြဉ်မှ သီလမြဲတယ်လို့ ဆုံးဖြတ်ရမှာဖြစ်ဘယ်။ ဒါကြောင့်မင်းကြားဖူး မှာပေါ့၊နဂါးမင်းတို့၊ သိကြားမင်းတို့ဟာ လူ့ပြည်ကိုလာပြီး ဥပုသ်စောင့်ကြတယ်ဆိုတာ။ ဘာဖြစ်လို့တကူးတကသူတို့ဌာနက လူ့ပြည်ကိုလာကြရသလဲ၊ သီလ ကျိုးပေါက်နိုင်စရာ ဖြစ်သော ဝတ္ထုအာရုံတွေများရာမှာ တမင်အစမ်းအသပ်လာခံကြရတာ”

"ကြော်....အေးအေး၊မင်းဆိုလိုတာ ငါရိပ်မိပါပြီ၊ ရှေ့သာဆက်ပါတော့"

"အဲဒါလို ဒါနနဲ့ သီလမှာသာအခြံအရံ အခြေ အနေကို လိုအပ်ပေလိမ့်မယ်။ ဘာဝနာကိစ္စမှာကတော့ မိမိ၏စိတ်ကို ပြင်ဆွန်းနိုင်မယ်ဆိုလျှင် အချိန်မရွေး အခါမရွေး ပတ်ဝန်းကျင် မရွေး ထိုင်နေစဉ်ဖြစ်စေ၊ ထနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ လျှောင်းအိပ်နေစဉ်ဖြစ်စေ၊ မေတ္တာဘာဝနာကိုအမြဲမကွာပွားနေ နိုင်တာဖြစ်လို့ သတိမလွှတ်ကြဖို့ ဟောတော်မူတာ ဖြစ်တယ်။ ဟုတ်လား"

"ဟုတ်ပြီ"

"အဲသလို အမြဲနေတဲ့ပုဂ္ဂိုလ်ကို ဘုရားရှင်တိုင်းက ချီးမွမ်းတော်မူတယ်တဲ့။ ဒါကိုပြောတာ"

"အဲသလောက်ဖွင့်ပြောတော့လဲ ငါရိပ်မိပါပြီကွာ ဟဲ-ဟဲ"

"တကယ်တော့ အလွယ်ဆုံးအလုပ်မှတ်လား"

"အလွယ်ဆုံးဆိုလဲ ဟုတ်ပါရဲ့၊အခက်ဆုံးဆိုလဲ ဟုတ်ပါရဲ့"

"ဒါတော့တွေးကြီးစားရမှာပေါ့။မင်းပြောသလို အလွယ်ဆုံး ဆိုတာလဲ(စိတ်)ပဲ၊ အခက်ဆုံးဆိုတာလဲ(စိတ်)ပဲ၊ ဒါကပုဂ္ဂိုလ်နဲ့ အရည်အချင်းကို လိုက်လို့ ဖြစ်လိမ့်မယ်။ ဓမ္မပဒမှာ (စိတ်)နဲ့ ဆိုင်တဲ့အနုပုဗ္ဗရှုဟန်းအကြောင်းကို သတိရမိတယ်"

"ဆိုစမ်းပါအုံး"

"မြတ်စွာဘုရားသခင် သာဝတ္ထိမြို့မှာ သီတင်းသုံးနေစဉ် အခါကပေါ့။သဌေးသားတယောက်ဟာ လောကဆင်းရဲခြင်း တို့ကိုကြောက်ပြီး သံဃာတော်များကို ဆွမ်းပင့်ကျွေးယင်း

ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် ဘယ်လိုကျင့်ရပါမလဲ လို့ လျှောက်တယ်။ သံဃာတော်များက အလှူပေးဖို့၊ သရဏဂုံ ဆောက်တည်ဖို့ အမိန့် ရှိတော်မူကြတယ်။ သဌေးသားကလဲ ထိုအတိုင်းကျင့်သတဲ့။ ဒါပေမယ့်အားမရနိုင်သေးလို့ ထိုထက် များကောင်းတဲ့အမှု ရှိပါသေးသလားလို့ လျှောက်ပြန်တယ်။ ဒီအခါမှာ သံဃာတော်များက ထိုထက်ကောင်းအောင်ဆိုလျှင် ရဟန်းခံပြီး ရဟန်းတရားအားထုတ်ပေတော့လို့ ဟောကြတယ်။ သဌေးသားလဲ မကြာမီရဟန်းခံလိုက်တယ်။''

''ဆင်းရဲမှလွတ်ချင်စိတ်ကတယ်ထက်သန်ပါကလား။ နောက် တော့ ဘာဖြစ်သလဲ''

''ရဟန်း ဖြစ်လာတော့ ကမ္မဝါဆရာ၊ နိဿယည်း ဆရာ၊ ဥပဇ္ဈာယ်ဆရာတို့က ဝိနည်းလဲသင်ပေးကြတယ်။ အဘိဓမ္မာလဲ သင်ပေးကြတယ်''

''ဒါက ထုံးစံပေါ့''

''အေး....ထုံးစံပေမယ့် သဌေးသား ရဟန်းပျိုမှာ အလွန် တရာများပြားသော ဝိနည်းသိက္ခာများကိုကြောင့်လန့် စိုးရိမ် တာကတမျိုး၊အလွန် ခက်ခဲလှစွာသော အဘိဓမ္မာကို ကြားနာ ကျင့်ဆောင်ရတာကတမျိုးမို့ သာသနာတော်တွင်းမှာ လက်ခြေ မှ မဆန့်သာမလှုပ်သာအောင် အနေအထိုင် ကျဉ်းကျပ်နေရှာ သတဲ့''

''အင်း....ဝိနည်းတော်ကို အလွန်ရိုသေ ကြောင့်ကြနေပါ လိမ့်မယ်။ ဒီတော့''

"ဒီတော့ စားလဲမကျက်နိုင်၊ဝိပဿနာလဲမလုပ်နိုင်၊ တမှိုင်မှိုင် တတွေတွေထိုင်နေလဲ ထိုင်ရာမှတော်တော်နှင့်မထ။ ကြာတော့ အစားအသောက် အအိပ်အနေ ချွတ်ယွင်းပြီး ပျင်းရိခြောက် သွေ့ သာသနာတော်မှာမပျော်မွေ့ တော့ပဲလူထွက်ပြီးကောင်း မှု ကုသိုလ်လေးဘာလေး လုပ်နေပါတော့မယ်လို့ ဆုံးဖြတ် လိုက်ရှာသတဲ့။"

"သာသနာတော်မှာမပျော်လို့ မလုပ်နိုင်လျှင် လူထွက်တာ က အပြစ်ကင်းတယ်ပေါ့လေ။ရိုသေရာ ကြည်ညိုရာလဲ ရောက် တာပေါ့"

"ဒီလို မပျော်တဲ့အကြောင်းကို ဗုဒ္ဓက သိတော်မူတဲ့အခါ ထိုရဟန်းကိုခေါ်မေးသတဲ့။ရဟန်းကလဲသူ့ရဲ့ စိတ်စေတနာကို ဝန်ခံသတဲ့။ ထိုအခါမြတ်စွာဘုရားက 'ချစ်သားရဟန်း၊ သင် သည် တခုတည်းသောတရားကိုသာ အကယ်၍ စောင့်နိုင်သည် ဖြစ်အံ့၊ ကြွင်းကျန်သောတရားကို စောင့်ဖွယ်ကိစ္စမရှိ' ဟု မိန့် တော်မူသတဲ့။ ဒီတော့ရဟန်းက 'တခုတည်းသောတရားဆိုလျှင် စောင့်နိုင်ပါပြီ။ အဘယ်တရားပါနည်း မြတ်စွာဘုရား" လို့ မေးလျှောက်တော့မှဗုဒ္ဓသခင်က 'စိတ်ဘာခုတည်းကိုသာစောင့် တော့' လို့ဆုံးမတော်မူသတဲ့။ဒါနဲ့ပဲပေါ့ပါးတက်ကြွစွာစောင့် လို့ ရဟန္တာ ဖြစ်သွားတယ်''

''အင်း၊မင်းပြောတာ အားကျစရာကြီးပါပဲ၊ (စိတ်) သာ ရှင်စေ ဘုရားဟောပေါ့၊ မေတ္တာဘာဝနာဟာလဲ စိတ်အလုပ် ပေပဲ''

"ဟုတ်ပါတယ်၊ဒါကြောင့် ဒါနထက် သီလက မြတ်တယ်၊ သီလထက် ဘာဝနာက မြတ်တယ်။ လောကုတ္တရာသီလ ဖြစ်နိုင်တဲ့အတွက် နောင်တဖန် အမိဝမ်းမှာ ပဋိသန္ဓေနေရခြင်း ဆင်းရဲတောင် လွတ်တယ်လို့ဆိုတယ်"

"ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယျဂေဓံ၊ န ဟိဇာတုဂဗ္ဘသေယျံ ပုနရေတိ"

"သော၊ ထိုမေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းရှေးရှု နေထိုင်သူသည်။ ဒိဋ္ဌိဉ္စ၊ အပါယ်ဘုံတွင်း နယ်ကုန်ဆင်း လတ္တံ့သော၊ မှားယွင်းဘောက်ပြန်သော အယူသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ရောက်ဘဲ့မူ၍။ သီလဝါ၊လောကီသီလတည်ကြည်ရသည်ထက် တည်ပစ္စာဘိ ထူးမြတ် စင်ကြယ်သော လောကုတ္တရာ သီလရှိသည်ဖြစ်၍။ ဒဿနေန၊ မဖောက်မပြန် သိမြင် တတ်သော ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံလျက်။ ကာမေသု၊ ဘုံသုံးပါးလုံးပျက်ဆုံးဖြစ်မှု သခါရအစု တည်းဟူသော ဝတ္ထုကာမတို့၌။ (ဝါ) ဘောဂသမ္ပတ္တိ၊ဘဝသမ္ပတ္တိ ရရှိသမျှ နှစ်သက်ခြင်းပြုအပ်သော ဝတ္ထုကာမတို့၌။ ဂေဓံ၊ကာမဆန္ဒ၊ ကိလေသာကာမဖြင့် ဟောင့်တမက်မော တွယ်တာခြင်းသဘောကို။ ဝိနယ၊ ပယ်ဖျက်၍။ ဇာတု၊ အကယ်မလွဲ အမြဲကေန် အမှန်စင်စစ် အားဖြင့်။ ပုန၊ တုံခေါက်ဘဖန်။ ဂဗ္ဘသေယျံ၊အမိဝမ်းခေါင်း လှန်ကျဉ်းမြောင်းရာ၌၊ပျောင်းတခွေခွေ ပဋိသန္ဓေနေခြင်းသို့။ နဟိ ဧတိ၊ မရောက်ရလတံ့"

"ဒါဖြင့် ဇာတိပြတ်လျှင် ဇရာ မရဏပါပြတ်ပြီး နိဗ္ဗာန်ရောက်နိုင်ပြီပေါ့"

"ဒီလိုတော့ မဟုတ်ဘူး၊ ဒါပေမယ့် အမိဝမ်း၌ ပဋိသန္ဓေ မနေရဆိုတဲ့ အဓိပ္ပာယ်က (၁) အဏ္ဍဇ၊ ဥ၌ တည်၍ ဖြစ်သော သန္ဓေ။ (၂) သံသေဒဇ၊ သစ်ရွက်သစ်ပွင့်၌ ဖြစ်သော သန္ဓေ။ (၃) ဇလာဗုဇ၊ အမိဝမ်းတွင်း၌ ကလလ ရေကြည် တည်၍ ဖြစ်သော သန္ဓေ။ (၄) ဩပပါတိက၊ မွေးဖွားခြင်းမရှိ နတ် ဗြဟ္မာတို့ကဲ့သို့ ကိုယ်ထင်ရှား ဖြစ်လာသောသန္ဓေ။ အဲသည်လို ပဋိသန္ဓေလေးပါးမှာ အမိဝမ်း၌ မကိန်း မဝင်ရသော ဩပ ပါတိက သန္ဓေဖြင့် ဗြဟ္မာသာဖြစ်ရမယ်ဆိုတာကိုတော့ အထင် အရှား ပြထားတယ်။ 'အိပ်နိုးချမ်းသာ၊ ယုတ်မာမဖက်၊ နှစ်သက် လူနတ်၊ စောင့်မှတ်နတ်များ၊ ဆိပ်ကားမန္မီ၊ စိတ်ပို့တည်ကြည်၊ လှသည်မျက်နှာ၊ သေဗြဟ္မာဟု၊ ဆဲ့တဖြာစစ်၊ ကောင်းကျိုး ဖြစ်၏' တဲ့။ ဒါကိုထောက်လျှင် ဇလ ဗုဇ ပဋိသန္ဓေမှ လွတ်၍ ဩပပါတိက သန္ဓေသာ နေရတော့မယ်လို့ ဆိုလိုတာဖြင်မယ်၊ ဗြဟ္မာ့ဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုနိုင်တယ်"

"အင်း၊ ရှင်းပါပြီဗျား"

"မြင်းခြံ ဆရာတော်ကြီး၏ အာသီသကို ပြထားတာ ရှိသေး တယ်"

"လုပ်စမ်းပါအုံး၊ ဗဟုသုတဖြစ်ရအောင်"

"လောကမှာ ပိယသိဒ္ဓိရယ်လို့ အမျိုးသမီးများက ချစ်ခင် အောင်၊ ရာဇာမင်းတို့က ချစ်ခင်အောင် အထက်လမ်း အောက် လမ်း ညှို့လမ်းလိုက်ပြီး နတ်ဆေးနတ်ဝါး ဝိဇ္ဇာဂိုဏ်းများနှင့် လုပ်တတ်ကြတယ်တဲ့။ ဒီလိုလုပ်ခြင်းကြောင့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် တိုက်တိုက်ဆိုင်ဆိုင် တခါတရံ အဆင်ပြေသွား

တာကို ဆေးတန်ခိုး ဝါးတန်ခိုးဆိုပြီး အားကိုးတတ်ကြတယ်တဲ့။ တကယ်တော့ ယခုလို မခိုင်မြဲတဲ့မေတ္တာမျိုး မျက်နှာပွင့်တာမျိုးသာ လိုချင်လျှင်(ငွေ)သာရအောင် ရှာကြပါတဲ့။ ငွေချမ်းသာလျှင် လူတိုင်းချစ်တယ်ပေါ့။ အဲ—ဖြူစင်သော တကယ့်မေတ္တာအစစ်သာ လိုလျှင် ဟိုဟာ သည်ဟာတွေ ထွေထွေပြားပြား ကြိုးစားကြံဆောင်ဖို့ မလိုပါဘူး။ မေတ္တာသုတ်သာ ရွတ်ဖတ်ပွားများ ကြိုးစား အားထုတ်ကြစေလိုသည်ဆိုတဲ့ အဓိပ္ပာယ်နဲ့ မေတ္တာသုတ် နိဂုံးလင်္ကာရေးသားဖွင့်ဆိုတော်မူခဲ့တယ်''

''နာစမ်းငရစေ မောင်ရာ''

''ပိယသိဒ္ဓိ၊ ဂုဏ်ဘိရာဇ၊ သဗ္ဗသမိုက်၊ ညှို့လမ်းလိုက်၍၊ ကြိုက်ရေး ချစ်ရေး၊ ဆေးဝါးမန္တရား၊ လမ်းအများကို၊ စွမ်းအားလျော်စွာ၊ ပြုလုပ်ပါလည်း၊ ဥပါဒါန်ယစ်၊ ဥပဒ်ဖြစ်၍၊ သစ်ငုတ်ကိုပင်၊ တဇ္ဇေထင်သို့၊ ပုံပြင်တခန်း၊ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်သို့၊ တိုက်ဆိုင်ဆုံတွေ၊ ကြုံသရွေ့ကို၊ ဆေ့းသတ္တိသာ၊ ထင်တတ်စွာ၏၊ ဝိဇ္ဇာမယိဒ်၊ တန်ခိုးဟိတ်ကြောင့်၊ တစိတ်တဒေသ၊ ကမ္ဘာ့မြေထက်၊ တလေတယောက်၊ ပေါက်သူပေါက်လိမ့်၊ အောက်နတ်ဆေးဝါး၊ မန္တရားကြောင့်၊ မှန်းထားလိုရာ၊ ကာမဂုဏ်အာရုံ၊ ကြာလုံမွေလျော်၊ ရပါသော်လည်း၊ ကရော်ကမည်၊ လော်လည်ကိန်းလိုက်၊ အစိမ်းတိုက်၍၊ မှိန်းမိုက်ပြီးလျှင်၊ မှုန်းမာန်ဝင်၏၊ အစဉ်မြစ်ခြေ၊ မဖြစ်လေခဲ့၊ ကေန်ချစ်ခင်၊ ခုမျက်မြင်ကား၊ အကြင်သူမှာ၊ ငွေသပြာကို၊ ဖွေရှာတိုင်းရ၊ ထိုသူမှလျှင်၊ ပိယသိဒ္ဓိ၊ စိတ်ရှိမနှောင့်၊ ကြံတိုင်းဖြောင့်၏။ ထို့ကြောင့်သက်သက်၊ မျက်နှာပွင့်ဆေး၊ အနုဆေးကို၊ ရေး

ဓာဝိုက်ပင်၊ မလိုက်ချင်လင့်၊ တွင်တွင်ငွေစ၊ ရအောင်သာရှာ၊ လွန်နုပါလိမ့်၊ ကျမ်းလာသရုပ်၊ ပိယချုပ်ကား၊ ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ၊ ထင်စွာသစ်သစ်၊ အင်္ဂါနှစ်နှင့်၊ မေတ္တာယခေါ်၊ ဘိက္ခဝေ စေတော ဝိမုတ္တိယာ၊ ကော ဒသ အာနိသံသာ၊ ဒေသနာကို၊ သေချာပိုင်းခြား၊ နှလုံးသား၍၊ အမျှားလူဗိုလ်၊ ချစ်စေလိုက၊ ဗြဟ္မစိုရ်စိတ်၊ ယိုမဖိတ်ပဲ၊ တ-ဒိဋ္ဌ ဒူဘူ၊ (၄)ဒုတ်ယူပြီး၊ တူ-မ ဒီမှာ၊ (၃) တိတ်ဖြာ၍ မေတ္တာ ပွားကြစေကုန်သောဝ်၊ တဲ့ဗျား”

“အင်း-ဘုရားချစ်တဲ့ ပိယဆေးကြီးအစစ်ပါပဲ၊ ဘုရားချစ်တဲ့ နောက်တော့လူနတ်ဗြဟ္မာသတ္တဝါအားလုံးက ချစ်ကြရောပေါ့၊ ဒါထက်နောက်ဆုံးနားက စာအမိပ္ပာယ်တော့ ကောင်းကောင်း သဘောမပေါက်ပေဘူးဗျ့၊တတ်နိုင်လျှင် ရှင်းပြပါအုံး၊ တဒိဋ္ဌ၊ ဒူဘူဆိုတာတွေလေ”

“ဩော်-အဲဒါက (ဝါရ) လို့ ခေါ်တယ်၊ အဓိပ္ပာယ်က အပေါင်းအစု၊ (ဒုတ်)ဆိုတာက အပေါင်းအစုထဲမှာတဲ့ တပါး ချင်းကို ဖော်ပြတာဖြစ်တယ်၊ အတွဲလိုက်ဖော်ပြတာလဲဖြစ်တယ်၊ ယခုလင်္ကာမှာရေးတာက တ၊ ဒိဋ္ဌ၊ ဒူ၊ဘူ၊ဆိုရာမှာ တသ=ထိတ် လန့်သောပုဂ္ဂိုလ်၊ ထာဝရ၊ မထိတ်လန့်သောပုဂ္ဂိုလ်ဆိုတဲ့အတွဲကို ပြောတာ။ ဒါကို(တ)လို့ အစအက္ခရာကိုယူတယ်။ ဒိဋ္ဌဟုဆိုရာ မှာ။ ဒိဋ္ဌ၊ မြင်ဖူးသော ပုဂ္ဂိုလ်သတ္တဝါ။ အဒိဋ္ဌ၊ မမြင်ဖူးသေး သောပုဂ္ဂိုလ်သတ္တဝါ။ ဒါကို(ဒိဋ္ဌ)လို့ အစအက္ခရာကိုယူတယ်။ ဒီလိုပဲ ဒူ-ဟု ဆိုရာမှာ ဒူရ-အဝေးနေသတ္တဝါ၊ အဝိဒူ-အနီးနေ သတ္တဝါ။ ဒါကို(ဒူ)လို့ အစအက္ခရာကိုယူတယ်။ ဘူဆိုတာမှာလဲ

ဘူတပုဂ္ဂိုလ်၊ သမ္ဘဝေသီ ပုဂ္ဂိုလ်။ ဒါကို (ဘူ) လို့ ယူတယ်။ အကျယ်ကိုတော့ တို့အစမှာ ပြောခဲ့ဖူးပါပြီ။ တူ၊ မ၊ ဒီ၊ မှာ (၃) တိတ်ဖြာ၍ဆိုတာလဲတူလ၊ အစုက။ မန္တ၊ အစုက၊ ဒီဃ၊ ရသုံးခုပေါင်းကို ပြောတာပါပဲ''

''ဒါဆိုယင် သိပါပြီ။ တို့ဆွေးနွေးခဲ့ဝဲ့ ပုဂ္ဂိုလ် သတ္တဝါ မေတ္တာပို့ရမည့်ဝေနေယျာတို့ကို ရည်ညွှန်းတာပေါ့။ဟုတ်တယ်မှတ်လား''

''ဟုတ်ပါတယ်၊ မေတ္တာပို့ရမယ့် ပုဂ္ဂိုလ် သတ္တဝါတွေကို ရည်ညွှန်းတာပါ။ ဒီနေရာမှာ မေတ္တာစိတ် ပျံ့နှံ့ခြင်း ဘာဝနာကြောင့် လက်တွေ့ဒိဋ္ဌခံစားရတာကတော့ မိမိကိုယ်တိုင် စိတ်၏ ချမ်းမြကြည်လင်ခြင်း အရသာပါပဲ''

''အပြစ်ကင်းသော စိတ်ချမ်းသာခြင်းဟာ ပီတိသုခပေါ့''

''ကဲ ဒီတော့ တို့နှစ်ယောက်ဆွေးနွေးခဲ့ကြတဲ့ မေတ္တသုတ်ကို အနုသန္ဓေစပ်ပြီး အဆုံးသတ်ကြစို့ရဲ့''

''ဆက်ပြီး ဆွေးနွေးကြပါအုံးစို့လား၊ သူငယ်ချင်းရယ်''

''မေတ္တာသုတ် ပါဠိအနက်ကုန်ပြီလေကွာ၊ ဆက်စရာမှ မရှိတော့တာ''

''နောက်ဆက်တွဲ ဝတ္ထုသာဓကတို့ ဘာတို့ မရှိတော့ဘူးလား''

''အေး သုတ္တန်ဝတ္ထုများနှင့် ဆရာတော်ကြီးများရဲ့ကိုယ်တွေ့ အကြောင်းများတော့ ပြောစရာ ရှိနိုင်ပါသေးရဲ့။ ဒါပေမယ့် မေတ္တာသုတ်နဲ့ ယှက်နွယ်နေတဲ့ ဗြဟ္မဝိဟာရ တရားအကြောင်းကို ဆွေးနွေးကြရယင် ပိုကောင်းမလားလို့''

"ဗြဟ္မဝိဟာရတရားကလဲ မေတ္တာအကြောင်းပဲ မှုတ်လား"

"ဟာ....မင်း တယ်မေ့တတ်သကိုး။ ဗြဟ္မစိုရတရား လေးပါး ဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ မဟုတ်လား"

"အေး၊ ဟုတ်ပေသားပဲ"

"မေတ္တသုတ်မှာ မေတ္တာအကြောင်း ဖော်ပြသလို ဗြဟ္မစိုရ တရားကျတော့ ကရုဏာ အကြောင်း၊ မုဒိတာ အကြောင်း၊ ဥပေက္ခာအကြောင်းတွေပါ ဆွေးနွေးရတာပေါ့"

"ကဲ ဒါဖြင့်လဲ လုပ်ပါသူငယ်ချင်းရာ ကျေးဇူးတင်ပါတယ်"

"ဒီလိုမခလောနဲ့လေ ဆရာကြီး။ ပုလဲပုတီးများလို အစီအရီ ရှိမှ၊ သလဲသီးများလို အကန့်လိုက် အကန့်လိုက် ရှိမှပေါ့။နောက် တပတ်မှာ စကြတာပေါ့ကွာ ဘယ်နှယ်လဲ"

## ဗြဟ္မစိုရ်တရား

''ကမ္ဘာဟိုဟိုမှာ တသွေးတသားထဲ ဖြစ်ခဲ့ကြတဲ့ သတ္တဝါ ထိုထိုကို တလေးတစား ချစ်ကြရအောင် (ကဲ ဆရာ) မဟာ ဗြဟ္မစိုရ်လေးပါးကို လှစ်ပြတော်မူစမ်း''

''ဟဲဟဲ မင်းက ဆိုင်းဆင့်တွေ ပတ်တိုက်တွေနဲ့ပါလား။ တယ်ပြီး အာဝဇ္ဇန်း ရှင်နေမှတ်တယ်''

''အာဝဇ္ဇန်းရှင်ဆို စိတ်ချမ်းသာလို့ ပျော်လို့ပေါ့ကွ''

''ဘာဖြစ်လို့ ပျော်တာလဲ။ ဒေသကောလိပ် တက်နေတဲ့ မင့်သား မိန်းမ ရလာလို့လား''

''ဟာ....နိမိတ်မရှိ နမာမရှိကွာ။ ဒလိုလိုကမှ တယ်လီဖုန်း တွေ လာလာနေရတဲ့အထဲ''

''ဘယ်က တယ်လီဖုန်းတွေလဲ''

''ဆယ်ကျော်သက် ကလေးတွေဆီကပေါ့။ စိတ်ပျက်တယ်''

''မင့်သားက မရှင်းမရှင်း လုပ်ခဲ့လို့ နေမှာပေါ့''

''ဟုတ်ချင်လဲဟုတ်မှာပေါ့။ပြောတော့ 'သူ့သူငယ်ချင်းပါ' လို့ ပြောကြတာပဲ။ သူငယ်ချင်းတွေကလဲ နှစ်ယောက် သုံး ယောက်။ ကြုံဖူးပေါင်ကွာ မိန်းကလေးတွေက (တဂွမ်ဂွမ်) ဆက်ရတယ်လို့။ ဘယ်လိုခေတ်များရောက်နေတယ် မသိပါဘူး''

''ဟ အဲဒါ အချစ်ခေတ်၊ မေတ္တာခေတ်လေကွာ။ မင်း ပြောခဲ့ဖူးတဲ့ တဦးမေတ္တာတဦးမှာ ခေတ်ပေါ့။ ဟား ဟား ဟား''

"အေး အချစ်နဲ့ မေတ္တာ ကွဲကွဲ ပြားပြား သိကြဖို့ သိပ် အရေးကြီးတာပဲနော်"

"တဏှာပေမ ဆိုတာ မိန်းမနဲ့ယောကျ်ား တဏှာလောဘ၏ အစွမ်းနဲ့ အချင်းချင်း ချစ်ကြ၊ ကြိုက်ကြတာ။ အလင်္ကာက (သိင်္ဂါရ)လို့ ဆိုတယ်။ မိဘနဲ့သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းချစ်ကြတာက ဂေဟာသိတပေမ လို့ခေါ်တယ်။ အိမ်သူအိမ်သားအဖြစ် ချစ်ကြတဲ့ အဓိပ္ပာယ်။ အလင်္ကာအရ (ဝစ္ဆလ) လို့ ဆိုတယ်။ ဆွေမျိုးမတော် သားသမီး မဟုတ်၊ မိတ်ဆွေရင်းခြာမဖြစ်တဲ့ သာမန်ပုဂ္ဂိုလ်များအပေါ်မှာ ချမ်းသာ စေလိုတဲ့စိတ်မှ မေတ္တာအစစ် ဖြပ်မှုစိုရဖြစ်တယ်။ အဲသည့် မေတ္တာမျိုးကို ပွားများရှေးရှု ဆင်ခြင်နေတဲ့အခါဆိုယင် မိမိပါ စိတ်ချမ်းသာနေကြတယ်"

"အဲဒါကို ပြောတာပေါ့။ မင်းနဲ့ငါ မေတ္တာအကြောင်း ဆွေးနွေးနေရတဲ့ အခါကလေးမှာတောင် ဒေါမနဿတွေ ကင်းပြီး ပေါ့ပါးရွှင်လန်းနေတာ။ ဒါကြောင့် ဆိုင်းဆင့်လား၊ ပတ်တိုက်လား မသိဘူး၊ ပါးစပ်ထဲတွေ့တာ ဆိုလိုက်မိတာပေါ့။ ကဲ ဆက်ကြရအောင်"

"ဆက်ဆိုယင် မေတ္တာပြီးတော့ ကရုဏာ လာရမှာပေါ့"

"သူတပါး၏ဆင်းရဲခြင်းကို ပယ်လိုသော သဘောတရားလို့ ဝိသုဒ္ဓိမဂ်မှာဆိုပါတယ်။ ပရဒုက္ခေသတိ၊ သူတပါးမှာ ဆင်းရဲ ရှိလတ်သော်။ သာဓုနံ၊ သူတော်ကောင်းတို့၏။ ဟဒယကမ္ပနံ၊ နှလုံးတုန်ခြင်းကို၊ ကရောတိတိ-ပြုတတ်သောကြောင့်၊ ကရုဏာ

ကရုဏာမည်၏လို့ မဟာစည်ဆရာတော်ဘုရားက ဖွင့်ဆိုထားတယ်''

''ဒါ ယထာဘူတကျတယ်၊ တနေ့က လမ်းပေါ်မှာ ခွေးတစ်ကောင်ကို ကားတစီးက ဝင်တိုက်သွားတာ တွေ့လိုက်ရတော့၊ ငါ့နှလုံးပါးနာ တုန်လိုက်ရတာ၊ တော်တော်နဲ့ မျက်စိထဲက မထွက်ဘူး''

''အောင်မာ၊ မင်းက သူတော်ကောင်းမို့ နှလုံးတုန်တယ်ပေါ့လေ၊ ခွေးမသား ကြီးကြီးကျယ်ကျယ်''

''စိတ်ကောင်းကလေး ရှိတဲ့အခိုက်တော့ သူတော်ကောင်းဖြစ်မှာပေါ့ကွ''

''ဒါဖြင့် အဲသည့်ခွေးကလေးကို ဘယ်လိုများလုပ်ပေးရပါ့မလဲလို့ သွားကြည့်သေးသလား''

''ဖင်ဒရွတ်တန်းပြီး အော်နေတာကွာ။မကြာခင် သေတော့မှာ ငါဘာတတ်နိုင်မှာလဲ၊ သွားကြည့်လဲ အပိုပေါ့''

''ဒါဖြင့် ဘယ်မလဲ မင့် ကရုဏာ''

''သနားစရာဒုက္ခိတသတ္တဝါကိုမြင်လို့ သနားတာဟာ ကရုဏာ မဟုတ်ဘူးလား''

''မဟုတ်ဘူးလို့တော့ မပြောနိုင်ဘူးပေါ့''

''မဟုတ်ဘူးလို့ မပြောနိုင်ယင် ဟုတ်တယ် ဖြစ်ရမှာပေါ့။ မင့်စကား က''

''ဒီလိုရှိတယ် သူငယ်ချင်း။ သဘောတရားဘာခုကို ဆင်ခြင်စဉ်းစားတဲ့အခါမှာ နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့

လိုတယ်။ ဒုက္ခဆင်းရဲ ဖြစ်နေတဲ့ သတ္တဝါ တဦးတယောက်ကို တွေ့တဲ့အခါ ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ်၊ ဗမာဖြစ်ဖြစ်၊ ဗုဒ္ဓဝါဒီဖြစ်ဖြစ်၊ဘာသာခြားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ယောကျ်ားဖြစ်ဖြစ်၊သူတော်ကောင်းဖြစ်ဖြစ်၊ သာမန်ပုဂ္ဂိုလ်ဖြစ်ဖြစ် သနားကြမှာ ဓမ္မတာပဲ။ ဒါကို ကြင်နာတဲ့စိတ်၊ သနားတဲ့စိတ်၊ ကရုဏာ မဟုတ်ပါဘူးလို့တော့ မငြင်းနိုင်ပေဘူး။ သာမန် ကရုဏာစိတ်လို့တော့ ပြောရမယ်"

"ကရုဏာမှာ သာမန်ကရုဏာ၊ ဧပယ်ရှယ် ကရုဏာလို့ ရှိသေးသလား"

"ဟာ ဒီကောင်၊ လေးလေးနက်နက် ပြောနေတဲ့ဟာကို ပျက်ချော်ချော်နဲ့"

"ဆောရီးသူငယ်ချင်း၊ ပျက်ချော်ချော်လုပ်တာမှုတ်ပါဘူး။ ငါ လောကြီးသွားလို့ပါ"

"ကဲ မင့်ကိုမေးမယ်။ အဲသည့်ခွေးကလေးကို မော်တော်ကားတိုက်တုန်းက မင်းမြင်သလို ကလေးကလဲ မြင်လိုက်မယ်တဲ့ ကွာ။ ကလေးက သနားတာနဲ့ မင်းသနားတာ ကရုဏာချင်း တူတူပဲလို့ ပြောမလား"

"အေး ဒီလိုတော့ တူတူပဲလို့ ပြောနိုင်မယ်မထင်ဘူး"

"ဗုဒ္ဓဝါဒီဘယောက်၏ ကရုဏာနဲ့ ဘာသာခြား၏ကရုဏာ ကော"

"အင်း ဒါလဲ တူတူပဲလို့ ပြောဖို့ ကျပ်သားပဲ"

"သူတော်ကောင်း သီလဝန် ပုဂ္ဂိုလ်တဦး၏ ကရုဏာနဲ့ သာမန်ဗုဒ္ဓဝါဒီတယောက်ရဲ့ ကရုဏာကောကွာ"

"ဟာ မတူနိုင်တာ သေချာပြီ"

"ဘာဖြစ်လို့ မတူဘာလဲ၊ မင်းပြောသလို စပယ်ရှယ် ကရုဏာ မို့လား"

"ဟား ဟား ဟား၊ ငါ့ကို ချက်ချင်းပြန်ချေတော့တာကိုး။ ငါပြောတာ လောကြီး သွားလို့ပါဆို၊ တောင်းပန်ပါတယ် အာစရိ ရယ်"

"မင်း ပြောလိုက်တာ ငါသဘောပေါက်ပါတယ်၊ သာမန် ကရုဏာနဲ့ ဗြဟ္မဝိဟာရကရုဏာ မင်းခွဲပြောချင်တာ နေမှာပါ"

"အေး အေး၊ အဲဒါ အဲဒါပေါ့၊ မင်းကခွဲခြားပြောတော့ ပိုပြီး သဘောပေါက်လာပြီ"

"ဘယ်လိုများ သဘောပေါက်လာသလဲ၊ အမိန့် ရှိစမ်းပါ အုံး ဆရာရယ်"

"တို့မြန်မာ ဗုဒ္ဓဘာသာများရဲ့ ဗြဟ္မစိုရ်တရားပေါ့"

"ဟောတော်မူပါခင်ဗျာ"

"ငါ့ကို မငေါ့နဲ့ကွ"

"ငေါ့တာ မဟုတ်ပါဘူး၊ မင်းပြောသလို ဆွေးနွေးရတာ ပျော်လို့ပါ။ ကဲ လုပ်ပါ"

"မနေ့ရှင် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တို့တတွေ ဘယ်လောက် မေတ္တာထားခဲ့သလဲ"

"ဟော့ကောင် နိုင်ငံရေး ရောက်သွားပြီနော်"

"နားထောင်ပါအုံးလေ၊ မနရှင်အစိုးရဆိုပြီး တို့က မုန်းလို့ အမျိုးမျိုး ဆန့်ကျင်ခဲ့တယ်၊ ဆန္ဒပြခဲ့ကြတယ်၊ သူပုန်ထခဲ့ကြတယ်၊ ဆရာစံတို့ကို ကြည့်၊ အဲဒီကစပြီး နောက်ဆုံး ဂျပန်နဲ့ ပေါင်းပြီး တိုက်ထုတ်တယ်။ ဂျပန်တက်လာတော့ အင်္ဂလိပ်စစ်သားတွေ သုံ့ပန်းဖြစ်။ သံဖြူဇရပ်မှာ အနေဆင်းရဲ၊ အစားဆင်းရဲ၊ အညှဉ်းဆဲ အပင်ပန်း ခံနေရတာတွေ့ရတော့ အရင်ကမုန်းခဲ့တဲ့ စိတ်တွေပျောက်ပြီး သနားကြတယ်။ အစားအသောက်ကလေး များကို ခိုးဝှက်ပေးကြတယ်"

"ဩော် မင်း ပြောချင်တာ ဒါကို"

"ဒါတင် မကသေးဘူး။ စစ်ဝါဒီ ဂျပန်တွေ မင်းမူပြီး တတိုင်းတပြည်လုံးကို ပါးရိုက်၊ ပစ္စည်းယူ၊ မိန်းမ ဆွဲ၊ ဖက်ဆစ်ပီပီ လက်သဲခွံခွာ၊ ရေနွေးပူနဲ့လောင်း၊ ခေါင်းကိုဖြတ်၊ ဒီလိုနှိပ်စက်ကြလို့ မုန်းတီး စိတ်နာပြီး ပြန်တော်လှန်ကြတယ်လေ။ ပါးရိုက်တဲ့ ဂျပန်ငပုတွေ ခွေးပြေးဝက်ပြေး အသက်လုပြေးရတဲ့ အခါ အချို့ ရွာသူရွာသား ဗုဒ္ဓဘာသာ များက သနားလို့ အစားအသောက် ပေးလိုပေး၊ လမ်းပြလိုပြ၊ ဝှက်များတောင် ထားကြသေးတယ်လေ။ အဲဒါ ကရုဏာမဟုတ်လား"

"ဒါဟာ ဗုဒ္ဓရဲ့အဆုံးအမ ရန်စကို တိုစေ၊ ရန်ကိုရန်ချင်း မတုံ့နှင်းနဲ့ ဆိုတဲ့ ဗြဟ္မစိုရ်တရားပေါ့။ အချို့များ ဆယ်နှစ် ဆယ့်ငါးနှစ် တရားခံကို ဇွဲနပဲကြီးကြီးနဲ့ ရှာဖွေ ဖမ်းဆီးပြီး လက်စားချေ ခုံရုံးတင်ကြတဲ့ နိုင်ငံ ရာဇဝင်နဲ့ စာယဉ် ပြောပါ

တယ်။ ဒါကြောင့် မင်းပြောတဲ့ ကရုဏာအဆင့်ချင်း ကွဲပြားခြားနားသေးတယ်ဆိုတာ ထောက်ခံချင်လို့ပါ''

''အေး မင်းမဆိုးပါဘူး၊ အဆင့်ချင်း ကွဲပြားတယ်လို့ ပြောရတာက ဒီလိုရှိပါတယ်၊ ဥပမာ သနားစဖွယ် သတ္တဝါတို့ရဲ့ အခြေအနေကို မြင်ကာမတ္တ၊ ကြားကာမတ္တမှာ ကရုဏာ ဖြစ်လွယ်တာက ဓမ္မတာပဲ၊ တော်ရုံတန်ရုံ အကြင်နာတရားရှိတဲ့လူတိုင်း ကရုဏာဖြစ်မြဲပဲ။ ဖြစ်ပြီး မျက်နှာလွဲလိုက်တာနဲ့ အဲသည့်ကရုဏာက ပျောက်သွားတာပဲ။ ကိုယ်လဲ ကိုယ့်ကိစ္စလုပ်၊ သူလဲ သူ့ဒိုက်နဲ့ သူ့ကန်ပဲ။ ဒီလိုမှမဟုတ်ပဲ (ကရုဏာ ပရိဘာဝိတ၊ ကရုဏာ ဝိပ္ဖာရ)ကရုဏာဖြင့် ပျံ့နှံ့ထုံမွှမ်းလာတဲ့ ပုဂ္ဂိုလ်ကျတော့ — ဒုက္ခိတသတ္တဝါကို မျက်နှာလွဲ မသွားနိုင်တော့ပဲ သူ၏ဆင်းရဲကို ဘယ်နည်း ဘယ်ပုံ ပျောက်ကင်း ချမ်းသာ သက်သာအောင် ဆောင်ရွက်ပေးရပါ့မလဲလို့ စေ့ငုကြံစားတတ်တယ်။ ဒီအခါမှာ မိမိ၏အလုပ်၊ မိမိ၏ကိစ္စ၊ မိမိ၏ စိတ်ချမ်းသာမှုတော့ အနှောင့်အယှက် ဖြစ်တာပေါ့၊အဲသလို အဖြစ်ခံနိုင်ခြင်းဟာ ကရုဏာလို့ ဆရာတော်ဘုရားက ဖွင့်တော်မူထားသေးတယ်။ ''ကံ သုခံ၊မိမိ၏ — ချမ်းသာကို။ ရုန္ဓတိတိ၊ တားမြစ်တတ်သော သဘောကြောင့်၊ ကရုဏာ၊ ကရုဏာမည်တယ်''လို့ ဝိဂ္ဂဟ ပြုထားတယ်။ ဒီစာနဲ့ ပြောရယင် ခွေးကလေးကို မော်တော်ကားတိုက်တုန်းက မင်းက သနားရုံ သနားတာ ကရုဏာအဆင့် ခွဲကြည့်ပေါ့။ စစ်ပြေး ဂျပန်ကို မိမိ၏ အန္တရာယ်ကို ပဓာနမထားပဲ ဝှက်ထားတဲ့ကရုဏာမျိုးနဲ့လဲ ယှဉ်ကြည့်ပေါ့။ ဘုရားအလောင်း သူတော်ကောင်းကြီး

များရဲ့ ကရုဏာဆိုလျှင်လဲ သည့်ထက် မြင့်သွားပြန်ရော။ အထွတ် အထိပ် ကရုဏာကတော့ ဗုဒ္ဓ၏ မဟာကရုဏာပဲ”

“လောက ဥပမာ တခုခုနဲ့ ပြောစမ်းကွာ”

“ပြောရမယ်ဆိုယင် တို့မျက်မြင် ဥပမာနဲ့ တို့ ပြောကြစို့၊ ကိုယ့်မိတ်ဆွေ ဂုဏ်ကြီးရှင် သားကလေးတယောက် ပညာသင် ဆဲမှာ(နံပါတ်ဖိုး) စွဲနေတာ သိရတယ်တဲ့ကွာ–ကဲ”

“အမယ်လေး....မောင်မင်းကြီးသား၊ ဒီတခါ ငါ့သား စက်ကွင်းလွတ်သွားလို့ တော်သေး”

“မင့်သားလို့ မပြောတာက မင့်သားမို့ မင်းက ကရုဏာ ဖြစ်မှာစိုးလို့၊ နောက်ပြီး မင့်သားနှင့် နှိုင်းစာနိုင်အောင်လို့၊ သိပလား”

“ဘယ်လိုဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် မောင်ရာ”

“အဲသည်မှာ မင်းမြင်မှာက ‘ဒီကလေး ဒီဆေးသာ စွဲနေ ယင်တော့ သနားစရာနော်၊ ဘဝတုံးတော့မှာပဲ’လို့ မြင်လိမ့် မယ်၊ ဟုတ်ကဲ့လား”

“ဟုတ်လှချည်ပေါ့ မောင်ရာ။ ဘဝတုံးတော့မှာက ဆတ် ဆတ်၊ မြေကြီးလက်ခတ် မလွဲပေကိုး။ အင်း....မင့် ဥပမာက ထိ ထိတယ်”

“ထိတာ မထိတာထား၊ မင်းကသူ့ကို အဲသလိုမြင်လို့ အဲ သလို သနားပေမယ့် သူ့ကိုယ်သူတော့ ဒုက္ခဖြစ်နေတယ်လို့ တင် မှာလား”

"ဒုက္ခလို့ မထင်တဲ့အမြင် သူ့(ဖီလင်)နဲ့သူ (ဇေ) ဖြစ်နေလိမ့်မယ်၊ (ပိ စ်)ပဲ"

"ဟေး....ဟေး၊ သူတို့ဝေါဟာရနဲ့ သူတို့တော့ အဓိပ္ပာယ်အပေါ်သား၊ နေအုံး ဒါက။ နောက်တမျိုး ပြောအုံးမယ်၊ အနယ်နယ်က ကြက်တွေကို ခြင်းကြီးခြင်းငယ်နဲ့ သဘောပေါ်၊ ကားပေါ်မှာ တင်ပေးလိုက်တယ်၊ ဒါကို မင်းမြင်တော့ ဒီကြက်တွေအကုန်လုံးဟာ ဟင်းအိုးထဲ ရောက်ကြရမှာချည်းပဲလို့ မင်းအတပ်သိလို့ သနားနေတယ်၊ အဲ....ကြက်တွေကတော့ တွန်တဲ့ကြက်က တွန်လို့၊ ခွပ်တဲ့ကြက်က အချင်းချင်းခွပ်ကြ၊ဆိတ်ကြလို့၊ ဟုတ်ကဲ့ မှုတ်လား"

"ဒါမျိုးကို အကြိမ်ကြိမ်အခါခါ တွေ့ဖူးပါ့၊ မြင်ဖူးပါ့၊ သနားဖူးပါ့ဗျာ"

"အေး ...မင်းသနားဖူးတယ်နော်၊ ကဲ....နောက် ဆက်လိုက်ရအောင်၊ အခုနပြောတဲ့ နံပါတ်ဖိုးသမားကလေးကို မင်းက သနားလို့ အကြောင်းအကျိုးနဲ့ ဆုံးမမယ်၊ အတိုက်အခံလုပ်ပြီး ဟန့်တားမယ်၊ အဲဒါကို သူငယ်လေးက ဖျက်လိုဖျက်ဆီး လုပ်ရပါ့မလားလို့ မင့်ကိုရန်လုပ်မယ်၊ခေါးနဲ့ ထိုးတယ်ဆိုပါတော့ကွာ"

"မင့်ဥပမာကလဲ ငါဒုက္ခရောက်နေပါပေါ့လား"

"မင်းကလဲ အသည်း ကြောင်လိုက်တာ၊ ဥပမာကလေးတောင်အတင်မခံဝံ့ဘူး"

"ခေါးဆိုတာ အသည်းယားတယ်ကွ။ ကဲ ဆက်သာပြောပါ၊ ငါမသေယင် ပြီးရော"

“အဲသလောက် တွန့်တိုတဲ့အကောင်၊ ငါ ပြောချင်တာက မင်းမှာ အဲသလောက်ဒုက္ခရောက်တဲ့ အခါမှာ နံပါတ်ဖိုးသူငယ်ကို ကရုဏာထားနိုင်ပါအုံးမလားလို့ မေးချင်တာ”

“ဒီလောက်မိုက်တွင်းနက်တဲ့ကောင်လေး သူ့ဒိုက်နဲ့သူ့ကန်ပဲဟေ့”

“ဒါဖြင့် ဘယ်မလဲ မင့်ကရုဏာ”

“ကရုဏာမပြောနဲ့ မေတ္တာပါ တုံးသွားပြီကွာ၊ ဘာပြောပြော”

“အဲဒါ အဲဒါ ဗုဒ္ဓရဲ့ မဟာကရုဏာနဲ့ အကွာကြီးကွာတာ တွေ့နိုင်တဲ့သဘော”

“ဗုဒ္ဓကိုယ်တော်နဲ့ နှိုင်းမှ မနှိုင်းနိုင်တာကွာ”

“အဲဒါ အပ္ပမေယျဂုဏ်တော်ကို ဆင်ခြင်ကြည်ညို နိုင်တာပေါ့၊ အလောင်းတော် သုမေဓာရသေ့ဘဝတုန်းက ဒီပင်္ကရာဗုဒ္ဓရှေ့တော်မှာ မဟာသာဝကအဖြစ်နဲ့ နိဗ္ဗာန်ကိုဝင်စံနိုင်လျက်နဲ့ သုံးဆယ့်တစ်ဘုံလုံးက သတ္တဝါတွေကို မဟာကရုဏာ ဖြစ်တော်မူရှာတဲ့အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းလုံးလုံး အဆင်းရဲခံ ပါရမီဖြည့်တော်မူခဲ့ရှာတာ”

“အေး ငါသဘောပေါက်ပြီ။ ဗုဒ္ဓ၏ မဟာကရုဏာကတော့ အထွတ်အထိပ်ပေါ့”

“ဘယ်လောက် အထွတ်အထိပ်လဲလို့ ပြောအုံးမယ်။ ဆအာသာဓာရဏ ဉာဏ်တော်ဆိုတာပစ္စေကဗုဒ္ဓါတို့ ရဟန္တာတို့မှာ မရနိုင်တာ။ ဗမာလိုပြောရယင်မမီတာဖေါ့ကွာ၊ အဲဒါ ခြောက်ပါးရှိတယ်။ အစိန္တေယျဘုရားရှိခိုးကြီးကို ရွတ်ယင် ပါလာဗယ်။”

"ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသားအများသတ္တါ၊ဝေနေယျပုဂ္ဂိုလ်တို့၏၊အလိုဆန္ဒ၊အာသယကိန်းဟန်ကို ကေန်သိမြင်နိုင်သော (၁)အာသာနုသယဉာဏ်။ ဣန္ဒြေရင့်မရင့်ကို ထောက်ချင့်သိငြမ်းနိုင်သော၊ (၂) ဣန္ဒြိယပရောပရိယတ္တိဉာဏ်။ပရမတ်၊ ပညတ်၊ အရပ်ရပ်လုံးစုံကို အကုန်အစင်သိမြင်နိုင်သော၊ (၃)သဗ္ဗညုတဉာဏ်။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊နိဗ္ဗာန်၊ပညတ်တည်းဟူသော၊ ဥေယျမင်္ဂါးအင်ကို၊ သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်းမရှိသော၊ (၄)အနာဝရဏဉာဏ်။ ယမိုက်ပြာဋိဟာလွှတ်ခြင်းအရာ၌၊ လေ့လာတော် မူနိုင်သော၊(၅) ယမကပြာဋိဟာရိယဉာဏ်။ သနားထိုက်လှစွာသော ဝေနေယျသတ္တဝါကို လွန်စွာသနားတော်မူသော၊ (၆) မဟာကရုဏာ သမာပတ္တိဉာဏ်။ ဤခြောက်တန်သော၊ ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို ညှိထောင် ထွန်းစိုက်တော်မူသည်ဖြစ်၍" အဲသလို ကျီးသဲလေးထပ် ဆရာတော်ကြီးက ရှိခိုးထားတယ်"

"အင်း....ဆရာတော်ကြီးရဲ့ ဘုရားရှိခိုးက စုံလင်လိုက်တာနော်"

"ကျမ်းကြီးကျမ်းခိုင် မတတ်တဲ့ တို့ကဖြင့် ဆရာတော်ကြီးရဲ့ဘုရားရှိခိုးကို အရန္တုံဆောင်ထားရတာပဲ။ ကဲ....မဟာကရုဏာကိုထားအုံး၊ဗြဟ္မဝိဟာရက ကရုဏာပဲ ကြည့်ကြအုံးစို့ရဲ့၊ မင့်တက် ပိုက်ဆံချမ်းသာသူ၊မင့်ထက် ရာထူးရာခံရှိတဲ့လူ၊ မင့်ထက် ကျန်းမာ ရွှင်လန်းနေတဲ့ လူများအပေါ်မှာ ကရုဏာထားခဲ့ဖူးသလား"

"အဖက်ဖက်က ပြည့်စုံချမ်းသာနေတဲ့လူကို ကရုဏာထားဖို့ လိုအုံးမှာလား"

"ဒါဖြင့် မင်းကရုဏာထားနိုင်အောင် သဗ္ဗေသတ္တာ အကုန်လုံး ဒုက္ခိတတွေ ဖြစ်ပေးရမှာလား"

"မင်းကတော့ ခွပြောပြီ"

"ခွပြောတာမဟုတ်ဘူး၊ စဉ်းစားစေချင်လို့ပြောတာ။ ဘယ့်နှယ့်လဲ"

"အေး မင်းပြောတာ စဉ်းစားစရာတော့ ကောင်းတာ အမှန်ပဲ"

"မေတ္တာပို့တဲ့အခါမှာ သုခိတ-ဒုက္ခိတ အကုန်ကို စိတ်ညွှတ်ရတယ်မှတ်လား"

"ဟုတ်သားပဲ"

"ကရုဏာလဲ ဒီအတိုင်းဖြစ်ရမှာပေါ့။ ဒါကြောင့် ကရုဏာမှာလဲ အဆင့်ဆင့်ရှိရလိမ့်မယ်။ ဒုက္ခရောက်နေတဲ့ လူများကို မျက်မြင်ကရုဏာဖြစ်ဖို့လွယ်တယ်။ ဒုက္ခိတပုဂ္ဂိုလ်ကလဲ သူဒုက္ခဖြစ်နေတာကို ဝန်ခံမယ်။ အကူအညီလဲ တောင်းချင်တောင်းခံလိမ့်မယ်။ အသနားခံချင်လဲ ခံလိမ့်မယ်။ဒါကြောင့်ဒုက္ခိတတွေက ကရုဏာဖြစ်ဖို့ လွယ်တာဖြစ်တယ်။ မိမိကိုယ်မိမိ ပြည့်စုံချမ်းသာနေတယ်လို့ ထင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေအပေါ်မှာ ဘယ်လို အသိအမြင်နဲ့ ကရုဏာရှုရမလဲ၊ ဒါအဖြေပဲ"

"ကြက်ခြင်းထဲက ကြက်တွေကို တို့ကသနားသလို ကရုဏာမျိုး ဖြစ်နေလိမ့်မယ်"

"အေးဟုတ်တယ်။ လယ်တီဆရာတော်ကြီးကတော့ ဒီနေရာမှာ ၀က်နဲ့ နှိုင်းထားတယ်။ ကင်း၀န်မင်းကြီးကို ရေးပေးတဲ့ သံဝေဂလေးချိုးကြီးထဲမှာကြည့်။ 'အာရုံမှု၊ ပြာပုံမွှမှာ ရသရှာလျက်၊ ငါတလူလူ ပမာမူ၊ ရှာသူတို့ဝက်၊ အစာများထူ အသားလူ ဆူလေလေခက်ပါလျက်၊ ရမွက်ကယ် မာန်ဝင်' လို့ဆိုထားတယ်လေ။ အဓိပ္ပာယ်တော့ မင်းသိမှာပါ။ ဝက်ဆိုတာ အသားပေါ်ပြီးရောင်းဖို့သာ မွေးခဲ့ကြတာမှတ်လား။ ငယ်ငယ်ကလေးတည်းကအစားကောင်းကောင်းကျွေးနေတာဟာ ဆူဖြိုးဝဖီး အချိန်စီးလာအောင်သာဂရုတစိုက်ကျွေးနေတာကို ဝက်ကတော့ သူ့ကိုယ်သူ ဟုတ်လှပြီ ဟန်လှပြီထင်ပြီး ရှင်မြူးနေသလို၊ တို့တတွေလဲ သေမင်းက မဖမ်းမယူခင် အစာ၀အောင် ကျွေးထားတာကို အဟုတ်ကြီးထင်ပြီး မာန်တက်နေကြတာကို ဆိုးမထားတာ"

"အဲသည့် လယ်တီ ဆရာတော်ကြီးရဲ့ လေးချိုးကြီးကို အဓိပ္ပာယ် ဖွင့်ကြရအောင်ကွာ တခါလောက်"

"ငါ ဉာဏ်မီသလောက်တော့ အဖွင့်ရေးဖို့ စိတ်ကူးမိပါရဲ့။ ကဲ....ကရုဏာကို ဆက်ကြအုံးစို့ရဲ့။ ဘုရားအစရှိသော သူတော်ကောင်းကြီးများက သတ္တဝါများအပေါ် ထားတဲ့ ကရုဏာက ဒီလိုမြင်ပြီး သနားနေကြတယ်။ တို့တတွေကတော့ ဝဋ်ဒုက္ခကို ဒုက္ခမှန်းမသိ၊ အမြဲတစေ လောင်နေတဲ့ မီး ဆယ့်တပါးကို ပျော်လိုက်၊ ရှင်လိုက်၊ ငိုကာ၊ ရယ်ကာ ခံနေကြတယ်။ ဒီလို ငရဲပန်းကို ရွှေပန်းထင်နေကြတဲ့ ပုထုဇဉ်တွေကို ကယ်တင်လိုသော

မဟာကရုဏာနဲ့ ညွတ်ကွင်းမှ လွတ်ကင်းနိုင်သော ရွှေဟင်္သာသည် ဘဝတူဖြစ်သော အဖော်ဟင်္သာများမိနေသည့် ညွတ်ကွင်းထဲသို့ ပြန်လည်ဝင်ရောက် လွတ်မြောက်အောင် ကြိုးစားသကဲ့သို့ တံငါပိုက်ကွန်တွင်းမှ လွတ်မြောက်နိုင်သော ရွှေငါးကြင်းသည် အများသော ငါးသတ္တဝါတို့ကို ကယ်တင်နိုင်ရန် ပိုက်ကွန်ထဲသို့ ပြန်လည်တိုးဝင်သကဲ့သို့ တကိုယ်ကောင်းမဆန် အနစ်နာခံတော်မူတာဟာ မဟာကရုဏာပဲ"

"သြော်....ဒါကြောင့် ကရုဏာဟူသည် မိမိ၏ ချမ်းသာကို တားမြစ်တတ်သော သဘောရှိသည်လို့ ဖွင့်ဆိုတော်မူပေတာကိုး နော်"

"ဟုတ်လှချည်ရဲ့ ခင်ဗျာ။ အဲသည့် ချမ်းသာကို စွန့်ရတာ တဘဝမဟုတ်၊ တကမ္ဘာမဟုတ်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ အပိုင်းအခြားထဲမှာ ဘဝပေါင်း အသင်္ချေ့ အသင်္ချေရေလို့တောင် ရနိုင်တာမဟုတ်ဘူး"

"အင်း....ပါရမီဆိုတဲ့ စကားဟာပါဠိလိုမို့ ခန့်ခန့်ညားညားနားဝင်နေတာနော်၊ ငါသဘောပေါက်သလိုသာ ပြောရမှာဖြင့် ဟဲ ဟဲ"

"ပြောသာ ပြောပါလေ။ ကိုယ့် အယူအဆကို ကိုယ်ဖော်ပြတာ၊ မှားလဲ ပြင်ရတာပေါ့"

"ပါရမီဆိုတာ ဒုက္ခမရှိ ဒုက္ခရှာတာပဲ။ နောက်တနည်းပြောရယင် သူများ ခေါးခုတ်ရာ လက်ဝင်လျှိုတာပဲ။ ငါ့စကားက ရိုးတော့ ရိုင်းတယ်"

"ရှိင်းတာ မရှိင်းတာ အပထား။ ကိုယ့် စကားနဲ့ ကိုယ် သဘောပေါက်တာတော့ အကောင်းဆုံးပဲ။ ဒီနေရာမှာ ဒုက္ခမရှိ ဒုက္ခရှာတယ်ဆိုတာ သဘာဝ သိပ်ကျတာပေါ့။ မင်းဆိုယင် ခံမလား"

"ရိုးသားစွာ ပြောရယင် မခံဝံ့ဘူး"

"အေးကြိုက်ပြီ။ သူများအတွက် မင်းမခံဝံ့ဘူး။ မင့်အတွက် သူတပါးက ဝင်ခံပြီး မင့်ကို ကယ်ယင် ဒီလူကို မင်းဘယ်လို သဘောထားမလဲ"

"ဟာ ဘယ့်နှယ့် ပြောပါလိမ့်။ ရှိသမျှ စည်းစိမ် ပုံပေးပြီး ထိုင်ရှိခိုးလိုက်မှာပေါ့။ ဂျပန်ခေတ်က ငါ့ အဖြစ်ကလေးကို မင့်ပြောရအုံးမယ်။ မင်းကတော့ ရန်ကုန်ရောက်နေလို့ ငါတို့ ဒုက္ခကို မသိဘူး။ ဂျပန် တော်လှန်ရေးမှာ အာရှလူငယ်တွေနဲ့ ပေါင်းပြီး တို့ကျောင်းသားဟောင်းတွေအချို့ မြေအောက် တော်လှန်ရေး လုပ်ကြတယ်"

"ရွှေနေ သခင်ဘထွန်းတို့နဲ့လား"

"အေး....သူဏာတော့ မြောင်းမြမှာ ဂျပန် အသတ်ခံလိုက်ရ တယ်"

"အင်း....ပြောပါအုံး"

"တနေ့ပေါ့။ သာယာဝတီမှာ တပ်ဖျောက်ပြီး ခိုနေတဲ့ ဗိုလ် ရန်နိုင်တို့ဘပ်ကို စာသွားပေးရတယ်။ ငါရယ်၊ဘတင်ရယ်၊ ခြေ လိမ် မြမောင်ရယ်ပေါ့။လှေကို သူတို့နှစ်ယောက်က လှော်တယ်၊

တလမ်းလုံး ရေဆန်မို့ ခပ်သွက်သွက် လှော်လာခဲ့တာ သာယာဝဲ မရောက်ခင် လေးအိမ်တန်းလဲလွန်ရော မျက်နှာချင်းဆိုင်က လာတဲ့ ဂျပန်မော်တော်ကို တွေ့ပါလေရော။ မော်တော်က ခပ်လှမ်းလှမ်းမှာ ရှိသေးတယ်။ မြမောင်က 'ဟေ့ ဘတင်၊ မြန်မြန်ကမ်းကပ်၊ မြန်မြန် ကမ်းကပ်'ဆိုပြီး အားစိုက် ခွန်စိုက် လှော်မယ်လို့ အလုပ်မှာ 'ခွေးမသား ကြောက်၊ ဣန္ဒြေပျက် ယင် နင့်အမေလင်တွေက မသက်ာဖြစ်ပြီး သေနတ်နဲ့ လှမ်းပစ် လိုက်လိမ့်မယ်။ ဖြည်းဖြည်းသာလှော်'လို့ ဆိုပြီး ပဲ့ကိုင်ရာက ရွှေပြောင်ပြောင် ဘောင်ပေါ်ကဘုရား ဘာညာနဲ့ ဟစ်တော့ တာပါပဲကွာ"

"ဘတင်က ဖြတ်ထိုးဉာဏ်နဲ့ စိတ္တဗေဒ နားလည်တယ်ကွ။ ဒါနဲ့ လွတ်သွားတယ် မှတ်လား"

"ဟား ဟား၊ လွတ်မသွားတဲ့အပြင် သူတို့ မော်တော်က တို့ဆီ ဦးတိုက်လာပြီး ခေါ်တော့တာပါပဲဗျာ။ သေနတ်တွေနဲ့လဲ ချိန်လို့"

"အဲသည်တော့"

အဲသည်တော့ ကြောက်အား လန့်အားနဲ့ လှေမှောက်ချင် ယောင်ဆောင်ပြီး ရေထဲငုပ် ရေစုန်မျှော၊ကိုင်းပင်ခြားကဘက်၊ တယောက်တကွဲစီ ခြေဦးတည့်ရာ ပြေးကြတာပေါ့ စာက ငါ့ဆီ မှာ။ တစုတည်း မပြေးကြဖို့လဲ အစကတည်းက တိုင်ပင်ပြီးသား"

"ဟုတ်တာပေါ့။ တကွဲတပြားစီပြေးမှ လိုက်တဲ့ လူချင်းလဲ ခွဲလိုက်ရမှာပေါ့။ သေနတ်နဲ့တော့ လှမ်းမပစ်ဘူးလား"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ ရေထဲခုန်ဆင်း ကတည်းက တဒိုင်းဒိုင်းပေါ့။ ဒါပေမယ့် မော်တော်ကကမ်းကပ်ဖို့ တော်တော်အချိန်ယူရတာမို့ တို့ကိုတော့ မျက်ခြည်ပြတ်သွားတယ်လေ၊ ငါလဲ တကိုယ်လုံး ရွှဲရွှဲစိုနေတဲ့ လုံချည်နဲ့ဆိုတော့ ပြေးရတာ မလွတ်လပ်ဘာနဲ့လုံ ချည်ကိုချွတ်ပြီး အောက်ခံ ဘောင်းဘီတိုကလေးနဲ့ ပြေးယင်း ပပ်ကြားအက်စပြုနေတဲ့ လယ်ကွင်းတွေကို မျှော်ကြည့်မိတယ်။ လေးအိမ်တန်း ရွာကလေးက တခေါ်လောက် ဝေးသေးတယ်။ မိန်းမတယောက်နဲ့ ယောကျ်ားနှစ်ယောက်က ရွာဘက်ကို သွားနေကြရာက ငါ့ကို မြင်တာနဲ့ ရပ်ကြည့်ကြတယ်။ ယောကျ်ား တယောက်ရဲ့ လက်ထဲမှာက ဓားရှည်တလက်နဲ့၊ မတတ်နိုင်ဘူး သူတို့ဆီပဲ ပြေးရတယ်"

"သူတို့က မင့်ကို သင်္ကာမကင်း ဖြစ်မနေဘူးလား"

"ဖြစ်ရုံ ဘယ်ကမလဲ၊ အနားကပ်ဘာနဲ့ ခုတ်တော့မယ့်ဟန်မျိုး။ ငါလဲက ရိပ်မိလို့ ကျွန်တော် တော်လှန်ရေး တပ်သားပါ၊ ဂျပန်တွေ လိုက်ဖမ်းလို့ပါဆိုပြီး နောက်ဘက်ကိုလက်နဲ့ ပြရတယ်။ ဒီတော့ သူတို့ချင်း တခွန်း နှစ်ခွန်းပြောတဲ့ပြီး ခုနကလေးက ကြားရတဲ့ သေနတ်သံနဲ့ ဆက်စပ် တွေးယူကြထင်ပါရဲ့၊ ပျာယီးပျာယာ ဖြစ်ကုန်ကြတယ်"

"အေးလေ။ လယ်ကွင်းထဲ ပုန်းစရာ ကွယ်စရာမရှိ။ သူတို့ကိုပါ တွေ့ယင် အခက်ပဲ"

"ဟုတ်တာပေါ့။အဲသည့် နေရာမှာ မိန်းမများရဲ့ တခ်ဏ္ဍပ္ပတ္တိ ဉာဏ်ကို ချီးမွမ်းစရာ ပြောပါတယ်။ 'ဟဲ့ ဖိုးကွန်း၊ အခုန နင်

ရိုက်ခဲ့တဲ့ မြေကို မြန်မြန်သွားယူ’ လို့ ခိုင်းပြီး ငါ့ကို ခြေဆင်း အထိုင်ခိုင်းတယ်။ မြေကို ငါနဲ့ နှစ်တောင်ကွာလောက်လဲ ချပြီးရော၊ ကမ်းဘက်က ဂျပန် လေးယောက်လဲ ပေါ်လာတာပဲ ခင်ဗျာ”

“အေး သူတို့ သွားယင်း လာယင်း တွေ့လို့ ရိုက်သတ်ခဲ့တဲ့ မြေကို ယူတ္တိရှိရှိ အသုံးချ ပြလိုက်တာပေါ့လေ။ အရေးဆိုယင် မိန်းမဉာဏ်က တို့ထက် အများကြီး သာပေတာပဲ”

“ဟုတ်ပါ့ကွာ။ ငါဖြင့် ပြန်တွေးမိတိုင်း ချီးမွမ်းလို့ မဆုံးဘူး။ အမယ် သူက ဂျပန်တွေကို မြင်မြင်ချင်း‘မာစတာ ကယ်ပါ။ အိုး၊မြန်မြန်လာပါ၊မြန်မြန်လာပါ’နဲ့ ခေါ်နေသေးဗျ၊ဂျပန်တွေ ကမြွေနဲ့ ငါ့ကို အပြန်အလှန်ကြည့်ယင်း ‘မကောင်းဘူးကား၊မြွေ ကိုက်တယ်နော် မကောင်းဘူးကား’ ဆိုပြီး ခုန ကိုဖိုးကွန်းဆိုတဲ့ လူကို ငါ့ကုန်းပိုးပြီး ရွာအရောက် မြန်မြန်သယ်သွားဖို့ လက်ဟန် ခြေဟန်နဲ့ ဩဇာပေးနေလို့ ငါ့ဖြင့် ပြုံးလိုက်မိသေးတယ်”

“အဲသလိုနဲ့ လွတ်ရောလား။ ဘတင်နဲ့ မြမောင်တို့ရော”

“သူတို့လဲ လွတ်ကြပါတယ်။ ငါ့ကို ကယ်တာ လေးအိမ်တန်းရွာက ဒေါ်ဆွဲမိတဲ့။ ကိုဖိုးကွန်း၊ ကိုငွေသီးတို့ပေါ့။အဲသည့် ကျေးဇူးကြောင့်ပဲ ဆွေမျိုးအရင်းအချာလို ပေးကမ်းကူညီခဲ့ရတယ်။ ခုတော့ ဆုံးကုန်ရှာပါပြီကွာ”

“အေး.... မင်းနဲ့ငါနဲ့ ရောက်တတ်ရာရာ ဖောက်ပြောလာလိုက်တာ။ ကဲ- အဲသည့် ကရုဏာကိုကြည့်၊ တဘာ တွက်တာကလေးကိုကယ်လိုက်တာတောင် ကျေးဇူးတင်ရသေးယင် ဘယ်

ဘောာ့မှ မမွေးရ၊ မအိုရ၊ မနာရ၊ မသေရတဲ့ အမတနိဗ္ဗာန်ကို ရောက်အောင် ကယ်တင်လိုတဲ့ ဗုဒ္ဓ၏ မဟာကရုဏာတော်ကြီးကို နှိုင်းယှဉ် ကြည့်နိုင်ပြီပေါ့ကွာ"

"တို့က ကရုဏာပွားဖို့ကော ဘယ်လိုရည်ညွှန်းရမှာလဲ"

"လောကမှာ သနားစရာသတ္တဝါတွေ အများကြီးမဟုတ်လား၊ ကြွက်၊ ငှက်၊ နွား၊ ဝက် ဆိုတဲ့ တိရစ္ဆာန်တွေက စပြီး လူလူချင်း အာရုံပြုကြည့်ရမှာပေါ့၊ တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူး၊ ကြားဖူးတာတွေကိုအာရုံပြုရတာ ပိုလွယ်တယ်။ ဥပမာ ဆေးရုံက လူမမာတွေမြင်လိုက်ရယင် ရောဂါဝေဒနာ အနှိပ်အစက် ခံနေကြရတဲ့ တကမ္ဘာလုံးက ကြီးကြီးငယ်ငယ်၊ မိန်းမယောကျ်ား၊ ဂိလာန မှန်သမျှ အာရုံပေါ်နိုင်တယ်။ ရုံးပြင်ကနားကို မြင်လိုက်တာနဲ့ အမြိုးမြိုးအရွှာရွှာ၊အနယ်နယ်အရပ်ရပ်က အမှုသည်တွေနဲ့ အချုပ်အနှောင် အဖမ်းအဆီး ခံနေကြရတာ။ ပုပန်သောက နှိပ်စက်ခြင်း ခံနေကြရတဲ့ လူသားတွေ၊ စစ်မြေပြင်မှာ ကိုယ့်အသက်၊ သူ့အသက်လုပြီး သတ်ဖြတ်နေကြတဲ့ လူသားတွေ၊ အသုဘပို့တဲ့အခါနဲ့ နာရေးကြော်ငြာကို တွေ့ရဖတ်ရတဲ့အခါ မျိုးမှာလဲ သေကွဲရှင်ကွဲ ကွဲသို့ ပူပန်ဆင်းရဲ ဖြစ်နေကြတဲ့လူသားတွေ၊ ဖြစ်ချင်တာမဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေ၊မဖြစ်ချင်တာ ဖြစ်နေရတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုဝေနေယျတွေကို ဆင်းရဲခြင်း ကင်းကြပါစေဆိုတဲ့ ကရုဏာစိတ် ညွှတ်ရမှာပေါ့။ ဒါက ဒုက္ခိတ သတ္တဝါတွေအတွက်။ သုခိတ သတ္တဝါတွေကိုလဲ တကယ်တော့ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းက ကိုယ့်လိုပဲ ကင်းနိုင်ကြသေးတာ မဟုတ်လို့

ကိုယ်တိုင် ကင်းလိုသကဲ့သို့ သူတို့လဲ ကင်းနိုင်ကြပါစေလို့ စိတ်ညွတ်ရမှာပဲ”

“သူတပါးအဖြစ်ကို သနားလှန်းလို့ မျက်ရည်ကျတာတို့၊ ရင်ထုငိုဘာတို့၊ ကိုယ်ပါလိုက်သေဘာတို့ကော ကရုဏာပဲလား”

“အဲဒါက ကရုဏာအစစ်မဟုတ်ဘူး၊ ဒေါမနဿက ကရုဏာ ယောင် ဆောင်နေတာ”

“ဒေါမနဿဆိုတာ ဒေါသပဲမှတ်လား။ ကိုယ်ချင်းစာလို့၊ သနားလို့၊ မကြည့်ရက်၊မမြင်ရက်လို့ ကရုဏာဖြစ်ပြီး ငိုပါတယ် ဆိုမှ ဒေါသလို့ ခေါ်ရအုံးမှာလား”

“ဒေါမနဿဆိုတဲ့အဓိပ္ပာယ်က စိတ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်တဲ့မီးပဲ။ ဒေါသဆိုဘာနှစ်မျိုးရှိတယ်။ တက်ကြွသော ဒေါသ၊ ဆုတ်နစ်သောဒေါသတဲ့။ တက်ကြွသောဒေါသဆိုတာ ရှူးရှူးရှားရှားဖြစ်တယ်၊ ဆုတ်နစ်သော ဒေါသက မျက်ရည် ပေါက် ကြီးငယ်နဲ့ ငိုကြီးချက်မ ဖြစ်တယ်။ ဒေါသဆိုတာကို စိတ်ဆိုးတယ်လို့တခုတမျိုးတည်းမမှတ်ရဘူး။ ခုနပြောတဲ့တက်ကြွ တာ၊ ဆုတ်နစ်ဘာဟာ မခံသာ မခံဝံ့ကြတဲ့သဘော။ ဒါကြောင့် ဒေါသများများကြီးတဲ့စိတ်ဟာ ဘေးအန္တရာယ်ကို အကြောက် လွန်လို့ပဲဖြစ်တယ်။ သူက ကရုဏာယောင် ဆောင်တတ်တယ်”

“ဒါဖြင့်ကွာ၊ ကိုယ်ချစ်လှန်းတဲ့မိတ်ဆွေတွေတို့၊ ကိုယ်ချစ်လှ တဲ့ဝိရစ္ဆာန်တို့ကို သေခါနီးလို့ မကယ်နိုင်တဲ့အဆုံး ဝေဒနာ ကြာရှည် မခံစားပါစေနဲ့ဘော့ ဆိုတဲ့ ကရုဏာနဲ့ ကြင်နာလှန်းလို့ သတ်ပေးလိုက်သတဲ့။ အင်္ဂလိပ်လိုတော့ (မာစီမားဒါး)ပေါ့ ကွာ၊ အဲဒါကော”

"အဲဒါလဲ ကရုဏာမဟုတ်ဘူး၊ ဒေါမနဿစိတ်နဲ့ လုပ်မိလုပ်ရာ လုပ်ကြတာ။ သွေးရူးသွေးတမ်း လုပ်တယ်လို့ ပြောရမလားမသိဘူး။ကရုဏာဆိုတာက အင်မတန် သိမ်မွေ့ နူးညံ့တာ"

"ကဲ.... ဒါဖြင့် နောက်တခုမေးအုံးမယ်၊ မြွေက ဖားကိုကိုက်လို့ အော်နေတယ်ကွာ၊ ဖားကလေးလွတ်အောင် မြွေကိုရိုက်ယင်သူ့မျှားအစာဟန့်လို့ ငရဲကြီးသတဲ့။မကယ်ပဲ နေယင်လဲကရုဏာကင်းသတဲ့။ အဲဒါဘာလုပ်ရမှာလဲ"

"မင်းဥစ္စာက တို့ငယ်ငယ်ကမေးတဲ့ ကလေးမေးခွန်းမျိုးပဲကွာ"

"အဲသည့် ကလေးမေးခွန်းကိုပဲ လူကြီးကဖြေပါအုံး"

"ကဲ- မင့်ပဲ ငါကပြန်မေးမယ်၊ သူမျှားအစာကိုဟန့်တော့ဘယ်လို ငရဲကြီးသတဲ့လဲ"

"ကိုယ့်မှာ အစာရေစာ ငတ်တတ်တယ်တဲ့ကွ"

"သူမျှားအသက်ကို ကယ်တော့ကောကွာ".

"ကိုယ့်အသက် ရှည်တတ်တယ်တဲ့"

"ဒါဖြင့် မင်းကြိုက်ရာရွေးပေါ့ကွာ၊ အစာငတ်ပြီး အသက်ရှည်ရှည် နေချင်သလား၊ အစာဝပြီး အသက်တိုတို နေချင်သလား။ ဒါတွေက ကလေးအမေးနဲ့ ကလေးအဖြေလိုပါကွာ။ အရင်းစစ်တော့ ယောနိသောမနသိကာရ ဆိုတဲ့ စေတနာနှလုံးထားက အရေးကြီးတာပါ။ ကယ်နိုင်တဲ့အခြေအနေမှာဆိုယင် သတ္တဝါတခုရဲ့ အသက်ကို ကယ်လိုက်တဲ့နေရာမှာ သူမျှား၏

အစာကို ဟန့်လိုက်ဖို့က ပဓာနလား၊ အသက်တချောင်းကို စောင့်ရှောက်လိုက်တာက ပဓာနလား၊ ဒါကို စဉ်းစားပေါ့။ ဒါမျိုး အဆုံးအဖြတ်ကို ဥပေက္ခာပိုင်းကျတော့ ပါလာမှာပဲ"

"ငါကတော့ အမေး-နွားကျောင်းသား ဆိုတာမျိုးပဲကွာ"

"အမယ်လေး မောင်မင်းကြီးသား၊ ခင်ဗျားသာ နွားကျောင်းသား ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ကျုပ်က ဘုရားလောင်းလဲ မဟုတ်ဘူး၊ ပညာရှိကြီးလဲမဟုတ်ဘူး၊ ချမ်းသာပေးပါခင်ဗျာ"

"ငါက ပေါက်ကရ မေးတတ်တာကိုသာ ပြောတာပါ၊ မင်းလိုလူ ဘုရားလောင်း မဟုတ်တာတော့ ခွတ်သိချင်းတွေပဲကွာ၊ ဟား ဟား ဟား"

"ကဲ- ကရုဏာကို သဘောပေါက်ယင် မုဒိတာကိုဆက်ကြရအောင်၊ မင်းနဲ့ဆွေးနွေးရတာ 'မုန့်လုံးကိုစက္ကူကပ် ကြာကလပ်မှာ ဆွမ်းတော်တင်' ဆိုတဲ့သီချင်းလို ဝိုင်းလည်နေပြီ"

"အမယ်၊မုန့်လုံးစက္ကူကပ်သီချင်းက ခေတ်နောက် အပုံကြီးကျန်ခဲ့ပြီခင်ဗျ။ ခု ခေတ်ပေါ် စတီရီယိုတေးတွေမှာ ဝိုင်းဝိုင်းလည်နေတာတွေ အများကြီး။ ဘာတဲ့၊ သွားတော့ သွားတော့ ဆိုလားပဲ၊ သူ့သီချင်းက ဆုံးတော့မယ်လိုလိုနဲ့ သွားတော့လို ပြန်ကျော့ထားတာ ဟဲ ဟဲ"

"ကဲပါကွာ၊မုဒိတာကို ဆက်ကြရအောင်ပါ။ မုဒိတာဆိုတာ သူတပါး၏ စည်းစိမ်ချမ်းသာကို မြင်၍၊ ကြား၍ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့စိတ်လို့ အဓိပ္ပာယ်ရတယ်"

ကိုယ့်အစုရှယ်ယာမရပဲနဲ့ သူများ'ကြီးပွား ချမ်းသာတာကို ကိုယ်က ကြားကနေပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမှာလား"

"ဒါပေါ့၊ ကိုယ်မခံစားရပေမယ့် ကိုယ်ခံစား သုံးဆောင်ရသလို ဝမ်းမြောက်ကြည်နူးနိုင်ရမယ်"

"အင်း....ခုခေတ်တော့ မုဒိတာသားဖော်တဲ့စက်နဲ့ စစ်ဆေးကြည့်ရယင် ကာယကံမြောက် ကိုယ်တိုင် မဖျက်ဆီးဘူးထား၊ ဝစီကံလောက်နဲ့(ချောက်)တွန်းတာတို့၊ အဆင်းမှာ ဘီးတပ်ပေးတာတို့ကို မလုပ်ပဲနဲ့ စိတ်ထဲကသာ မနာလိုနေတဲ့လူကို တွေ့ယင်တောင် လူအေး လူတော် သူတော်ကောင်းလို့ ဆိုးဖြတ်ရမယ်ထင်တယ်၊ ဟဲဟဲ"

"ဟာ....မင်း တော်တော် ကပျက် ယပျက် ပြောတတ်တဲ့ကောင်ပါလား၊ ဟေ...."

"ငါက ကဖျက် ယဖျက် တမင်ဖျက်ဆီးပြီး ပြောနေတာမဟုတ်ပါဘူး၊ အဖြစ်ကိုအဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်းပြောင်ပြောင် တင်းတင်းအရပ်စကားနဲ့ ပြောတာမို့ မင်းနားမခံသာဖြစ်တာပါ။ ကဲ....ပါဠိလို လှလှပပပြောရယင် ပုထုဇဉ်တွေမှာ (လောဘ၊မစ္ဆရိယ၊အဘိဇ္ဈာ၊ဗျာပါဒ) ဆိုတာတွေဟာ ဒီသဘောပဲ မဟုတ်ဘူးလား၊ မင်းငြိမ်းလေ"

"မောင်မင်းကြီးသား အနိုင်ယူပါ"

"ဒီလို လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆနဲ့ မယူချင်သေးဘူး၊ ဟုတ်တယ် မဟုတ်ဖူးပြော"

“ဟုတ်ပါ၊ ဟုတ်ပါတယ် မင်းပြောတာ ယထာဘူတ ကျပါတယ်၊ တရားလက်လွတ်စကား မဟုတ်ပါဘူး”

“ဟဲ....ဟဲ ဒီတခါမင်းဆီက ဝန်ခံတာကြားရဖူးပြီ”

“ငါကလဲ မင့်ကို တခုတော့ ပြန်မေးစမ်းပါရစေ”

“မေးဗျာ၊ ဟဲ....ဟဲ”

“မင်းလို မုသားဖော်စက်တွေ ဘာတွေ မလိုပါဘူး၊ လွတ်လွတ်လပ်လပ်သာဖြေပါ”

“ဟုတ်ပါပြီ မေးပါ”

“မင်းကော သူတပါးအပေါ်မှာ မနာလိုဝန်တိုမှု ကင်းရဲ့လား၊ သူများကြီးပွားတာ၊ ငွေရတာ၊ ဂုဏ်တက်တာ၊ မင်းပြောတဲ့ဣဿာ၊ မစ္ဆရိယ၊ အဘိဇ္ဈာ၊ ဗျာပါဒ ဆိုပါတော့”

“အင်း....ဒါတော့....ဒါတော့”

“ဖြေပါကွာ၊မုသားဖော်စက်နဲ့ စစ်နေတာမဟုတ်ပါဘူး”

“ဒါတော့ ငါ့ကို မနာလိုတဲ့လူဆိုယင် ငါကလဲ ပြန်မနာလိုဖြစ်မိတာပဲကွ၊ ဟဲ...ဟဲ”

“အေး မင်းမှန်တာတော့ အပြောသားပဲ၊ ဒီတော့ တို့ဒီလို တွေးကြည့်ကြအုံးစို့လား၊ သူတော်မှ ကိုယ်ကောင်းမယ် ဆိုတဲ့ စိတ်ကိုက ဗြဟ္မစိုရ်တရားမဟုတ်တာ မင်းလဲသိတယ်၊ ငါလဲ သိတယ်၊မင့်ကိုမေးနေတဲ့ ငါ့ကိုပြန်မေးယင်လဲ ငါလဲမင်းလိုပဲ ဖြေရမှာပဲ။ ဒီတော့သဗ္ဗေသတ္တာဆိုတဲ့ သုံးဆယ့်တဘုံက သတ္တဝါတွေကို အာရုံပြုကြည့်လိုက်မယ်ဆိုယင် အများကြီး။ ရေတွက်

လို့မရနိုင်လောက်အောင် များတယ်မှတ်လား၊ ဒီတော့(တို့ကို မနာလိုလို့ပဲထား)တို့ကမနာလို မရှုဆိတ်ဖြစ်ရတဲ့ လူပုဂ္ဂိုလ် ဘယ်နှစ်ဦးရှိမလဲ၊ သတ္တဝါအနန္တနဲ့ယှဉ်ကြည့်လိုက်စမ်း၊ သမုဒ္ဒရာထဲ ရေဘာစ်ခွက်နှစ်ခွက် လောင်းသလောက် ပမာဏပဲ ရှိလိမ့်မယ်၊ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့၊ ကမ္ဘာ့ လူဦးရေနဲ့ ယှဉ်ကြည့်လို့တောင် မဖြစ်ဘူး၊တို့ပတ်ဝန်းကျင်က (ဆန်ကော)လောက်ရှိတာ"

"အေး....ဟုတ်တယ်၊ ဒါကိုသိထားပြီးလို့ သဗ္ဗေ သတ္တာ အပေါ်မှာဗြဟ္မစိုရ်တရားပွားချင်ယင်၊ မိမိစိတ်မှာ အဖုအထစ် ကလေးမှမရှိမဖြစ်အောင် ကိုယ့်စိတ်ကိုယ် ပဲ့ပြင် ဆုံးမရမှာပဲ၊ ဗြဟ္မစိုရ်တရားဆိုတာ အလွန် အကျိုးကြီးတယ် ဆိုတာကို သိလို့ အမှန်အမြတ်ထားပြီးကြိုးစားလေ့လာကြတာမှတ်လား၊ဒီတော့ အခုပြောတဲ့ စိတ်ဆိုး စိတ်ညစ် စိတ်ယုတ်မာတွေ ဝင်လာယင် နတ်သုဒ္ဓါထဲ မစင်တစ်ပဲသား စွက်လိုက်သလို ပျက်စီးကုန်မှာ အလွန် နှမြောစရာကောင်းလိမ့်မယ်၊ စဉ်းစားကြည့်စမ်း"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မနောကံ အား ဖြင့်သာ မလိုတမာ ဖြစ်မိတာပါ"

"ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမှာ မနော ကံက အဆိုးဆုံးပေါ့။ ဆရာတော်ကြီးများက ဒီလိုဆုံးဖြတ် တော်မူကြတယ်၊နောက်တခုလဲစဉ်းစားအုံး၊ သဗ္ဗေသတ္တာ ကမ္မ သကာတဲ့၊ သတ္တဝါတိုင်းကံစီမံတာကိုဖြစ်ကြရတာ၊ကောင်းတာ ဖြစ်စေ၊ဆိုးတာဖြစ်စေ၊ ဒါကြောင့် ကိုယ်က မနာလို မရှုဆိတ်

ဖြစ်နေလဲ သူ့ကံအတိုင်းကြီးပွားမယ့်ပုဂ္ဂိုလ်ဟာ ကြီးပွားမှာပဲ၊ မိမိစိတ်မှာ သာ ညစ်ညူးရုံရှိတယ်၊ အရည်မရ အဖတ်မရ အကုသိုလ် ခေါ်မွေးတာမျိုးပေါ့''

အေး သေသေချာချာ အေးအေးဆေးဆေး စဉ်းစားကြည့်တော့လဲ အကျိုးယုတ်မှန်း သိသာနိုင်သားပဲနော်၊ တကယ်တော့လဲ ပုဂ္ဂိုလ်တယောက်အပေါ်မှာ သေမှသေစေ၊ ပျက်စီးမှပျက်စီးစေဆိုတဲ့ ငြိုးသူရန်ဘက်မျိုး မဟုတ်ပါဘူး၊ တွေ့ဆုံခေါ်ပြော ရေလိုက်ငါးလိုက်ဆက်ဆံနေကြယင်းဂုဏ်တုဂုဏ်ပြိုင်ဖြစ်နေကြတာ များပါတယ်''

''ဥဇ္ဇုစ သုဟုဇ္ဇုစတော့ မဖြစ်ဘူးပေါ့ကွာ၊ ဒီလို ခွင့်လွှတ်နိုင်ခြင်းသဘောတရားကို ဥပေက္ခာပိုင်းကျတော့ လာမှာပေါ့။ နောက်ပြီး အလွန်ချစ်တဲ့သူနဲ့ အလွန်မုန်းသောသူကို ဗြဟ္မစိုရ်တရားစပြီး မပွားများရဘူး။ ဘာဝနာမှာ အနှောင့်အရှက်ဖြစ်တယ်လို့လေ''

''အင်း အလွန်ချစ်တဲ့လူဆိုယင် တဏှာလောဘ ရောလာမှာစိုးရလို့။ အလွန်မုန်းတဲ့ လူဆိုယင် ဒေါသ အကြိတ်အခဲကိုဖြေဖျောက်နေရမှာမလွယ်လို့၊ ဒီလိုမှတ်လား''

''မင်းက အရိပ်ပြလျှင် အကောင်ထင်သေးသားပဲ''

''ဒါဘောင် မင်းလို ရုပ်ရှင်ဒါရိုက်ဘာ မဟုတ်သေးဘူး၊ ဟား....ဟား''

* * *

## ဖြဟ္မစိုရ်တရား (၂)

"ကဲ....မုဒိတာအကြောင်း ဆက်ပါအုံး သူငယ်ချင်း"

"အရင်အပတ်က တော်တော်ကလေး ပြောခဲ့ပြီလေ၊ မေတ္တာမှာ-ကေပုတ္တမနုရကွေလို တဦးတည်းသောသားကို မိခင်က ချစ်ကြင်နာသလို၊ မုဒိတာကိုလဲ သားနှင့်အမိနှိုင်းသလို နှိုင်းပြထားတာ ရှိတယ်၊ ဘယ်လိုလဲဆိုတော့ မိခင်သည် သားငယ်ကလေးက မြိန်မြိန်ရှက်ရှက် စားသောက် နေသည့်အခါ တလှိုက်တရာ ကျေနပ်စွာ ဝမ်းမြောက်စိတ် ရှိသကဲ့သို့။ သားငယ်သည် မိခင်က ဝယ်ယူရှာဖွေပေးအပ်သော ကစားစရာကို နှစ်သက်မြတ်နိုးစွာ ကိုင်တွယ် ဆော့ကစားနေသည့်အခါ သားငယ်၏ ဝမ်းသာကြည်နူးနေသောစိတ်နှင့် တန်းတူအမျှ မိခင်မှာဝမ်းသာကြည်နူး သကဲ့သို့။ မုဒိတာဟူသည်လည်း သူတပါး ချမ်းသာ ကြွယ်ဝ ခံစား သုံးဆောင်နေသည်ကို ဝမ်းမြောက် ဝမ်းသာဖြစ်နိုင်စေရမယ်လို့ နှိုင်းယှဉ် ပြထားတယ်"

"အင်း....ဒီ ဥပမာဟာ သားသမီးရှိတဲ့ မိဘတိုင်း ထင်ပေါ်အောင် ကိုယ်ချင်းစာကြည့် နိုင်ပါပေတယ်။ မိဘ ဆိုတာ ကိုယ်က ရှာကျွေး၊ ကိုယ်ကရှာဆင်ရတာ ဖြစ်ပေမယ်လို့ ပျော်ပျော်ပါးပါး ဝတ်စားသုံးဆောင်နေတာ မြင်ရယင် တယ် ကျေနပ်ကြတာပဲကို။ သူတို့ ဝမ်းဝအောင်၊ သူတို့ ခါးလှအောင်၊ သူတို့ကြွားနိုင်ကြရအောင်၊ သူတို့ လူတလုံး သူတလုံးဖြစ်ဖို့ ပညာတတ်

ရအောင် နေ့နေ့ညည လုံးပန်းလိုက်ကြရတာ။ ဒီကြားထဲ အလို လိုက်လို့ အမိုက်စော်ကားကြတဲ့အခါ တယ် နှလုံးနာရတယ်''

''အဲဒါ ချစ်လို့ သောကဖြစ်ရတာပေါ့၊ 'ပိယတော ဇာယတိ သောကော'တဲ့ ဒါဟာ မေတ္တာအရင်းခံလာလို့၊ ကိုယ်ဖြစ်စေ ချင်တာ မဖြစ်လို့၊ ကိုယ်မဖြစ်စေချင်တာ ဖြစ်နေကြလို့၊ ဟုတ် တယ်မှတ်လား။ ဒါလဲ မကြာပါဘူး၊ သူတို့ကိုယ်တိုင် သားသမီး ရလို့ မိဘဖြစ်လာကြတဲ့အခါ ဝဋ်လည်လာကြတာပါပဲ၊ မုဒိတာ သဘောက စားတုန်း သောက်တုန်း ဥပမာပြတာပါ။ သား သမီးဆွေမျိုး မဟုတ်ပေမယ့် ကိုယ်ချစ်ခင်တဲ့ မိတ်ဆွေသင်္ဂဟ တို့ အလုပ်အကိုင်ကြီးပွားတယ်၊ ရာထူး ဌာနန္တရ တိုးတက်တယ်၊ စီးပွားဖြစ်တယ်ဆိုယင် ကိုယ်ကဝမ်းသာကြတာပဲ၊ ဒီသဘောက မေတ္တာဆိုတဲ့ အခြေခံတရားကို ဆောက်တည် ခိုင်ခံ့ထားပြီးယင် လွယ်လွယ်နဲ့ ပွားများနိုင်ပါတယ်''

''အေးလေ၊ မေတ္တာတရား ခိုင်ခံ့နေပြီဆိုတော့ မနာလို မရှု ဆိတ်ရမယ့် ပုဂ္ဂိုလ်မှ မရှိတော့ပဲကိုး၊ ထားနိုင်ပြီပေါ့နော်''

''ဟုတ်ပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓတရားတော်များဟာ ပထမ၊ ဒုတိယ၊ တတိယ အနေနဲ့ တဆင့်စီ တဆင့်စီ ပိုင်ပိုင်နိုင်နိုင်သာ တက်သွားယင် ဗုဒ္ဓပြတော်မူလိုတဲ့ ဓမ္မရသကို မလွဲမသွေ ရောက် ကြရတာပဲ။ အေး တရားလောဘကြီးလို့ ဖြစ်စေ၊ ဂုဏ်အဆင့် အတန်းမြင့်တာမှဂုဏ်ရှိတယ် ထင်လို့ဖြစ်စေ တထစ်ချင်းမတက်ပဲ လှေကားသုံးဆင့်ရှိတာကို တထစ်ကျော်တက်ယင် ခြေလှမ်းမှား ပြီး (ဒလိမ့်ခေါက်ကွေး) ကျတတ်တယ်၊ ခုပဲကြည့်လေ သူများ

စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိတာကို ကြားကနေပြီး မစားရ မသောက်ရ ဝမ်းမြောက်နိုင်ရမယ်ဆိုတဲ့ သဘောကို ၊မဖြစ်နိုင်တာ၊ မထားနိုင်တာကြီးပဲလို့ ပြုန်းကနဲ ပြောကြမှာ''

''ဟုတ်တယ်၊ ငါလဲ ဒီလိုပဲထင်ခဲ့မိတယ်''

''ခုန ပြောသလို မေတ္တာက စလို့ မေတ္တာကို ပိုင်ပြီ ဆိုယင် ကရုဏာကိုရောက်ဖို့ မခဲယဉ်းနိုင်တော့ဘူး။ ကရုဏာကို ရောက်ပြီးယင် မုဒိတာဆိုဘာ လွယ်လွယ်ကလေးပဲ။ အေး- မုဒိတာ ရောက်ပြီးတဲ့ အဆင့်ဆိုယင်တော့ ဥပေက္ခာပန်းတိုင်ကို ကိုင်မိပါရော။ ဒီအဆင့်ဟာ ဗုဒ္ဓက တို့တတွေကို ဖြစ်စေချင်တဲ့ နိဗ္ဗာန်ရောက် တရားပဲ။ ဒါကို တို့က မင့်ပ်မိကြသေးပဲ စုပြုံ ရောမွှမ်း လုပ်နေတတ်ကြတယ်။ ဗုဒ္ဓက အစ-အလယ်-အဆုံး ပြထားတာ''

''မင်း ပြောခဲ့ဘူးတဲ့ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ အဆင့် အဆင့်မျိုးတွေလား''

''ဟုတ်ပါတယ်။ ဒါန - သီလ - ဘာဝနာ၊ သီလ-သမာဓိ-ပညာ၊ အနိစ္စ-ဒုက္ခ-အနတ္တ၊ ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ၊ ဒါတွေက သုံးပါးမျိုး အပါအဝင်ဆိုပါတော့၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒီလိုပဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ ဗုဒ္ဓက ပို့ပေးဘော်မူချင်တာက ဥပေက္ခာ အဆင့်၊ သို့ပေမယ့် အခြေခံပထမလှေကားထစ်ဖြစ်တဲ့ မေတ္တာ ဆိုတဲ့ လှေကားထစ်ပေါ်မှာ ခြေမမြဲသေးပဲနဲ့ ဒုတိယလှေကားထစ် ဖြစ်တဲ့ မုဒိတာအဆင့်ကိုထား။ ကရုဏာ အဆင့်ကိုတောင်

မြေမချနိုင်ဘူး။ ဒါကြောင့် တို့က သဘောမပေါက်နိုင်တာ။ သဘော မပေါက်တော့ လက်မခံ နိုင်ကြဘူး။ မယုံချင်ကြတော့ဘူး"

"အေးဟုတ်ပြီ။ ကိုယ်လုပ်နိုင်မယ်မထင်တာနဲ့ ယုတ္တိမရှိပါဘူးလို့ ပြောတတ်ကြတာလဲရှိတယ်။ ကိုယ်လုပ်ကြည့်လို့ မဖြစ်တာကျတော့လဲ မဖြစ်နိုင်တဲ့ကိစ္စပါလို့ ပြောတတ်ကြတယ်လေ"

"ကိုယ်လုပ်ကြည့်လို့ ဆိုတဲ့ နေရာမှာ လုပ်ပုံလုပ်နည်း မမှန်တာတို့၊ လုပ်နည်းမှန်ပါလျက် ဇွဲဝီရိယ ချွတ်ယွင်းတာတို့လဲ ထည့်ပြောအုံးနော်"

"အေးပါ၊ ဒီသဘောက ဆိုလိုတဲ့ အထဲ ပါပြီးသားပါ။ တို့မျက်မှောက်လောကကိုပဲကြည့်။ လျှပ်စစ်မီးတို့၊ တယ်လီဖုန်းတို့၊ ရေဒီယိုတို့၊ ရုပ်မြင်သံကြားတို့ဆိုတာ တို့ဗမာလူမျိုးမပြောနဲ့ တီထွင်ကြံဆလုပ်ကိုင်နေတဲ့ သူတို့တိုင်းပြည်က လူတွေကပဲ မဖြစ်နိုင်တာလုပ်နေကြတဲ့ အရူးတွေလို့ စွပ်စွဲကြတယ်မှတ်လား"

"လေယာဉ်ပျံနဲ့ လပေါ်ကို လူရောက်တဲ့ဒိုးပုံပါ ထည့်ပြောပါအုံးလား"

"အေးပေါ့"

"ဒါတွေလဲ တဆင့်တဆင့်စီ လုပ်ကိုင်ရင်းကြံဆ၊ ကြံဆရင်းလုပ်ကိုင်၊ တဆင့်အောင်မြင်မှတဆင့်တက်လာခဲ့ကြရတာတွေပဲ။ ပထမဆင့် မအောင်မြင်မပြီး မြောက်ပဲနဲ့ အဆုံးသပ်ပန်းတိုင်ကို မရောက်နိုင်သလို သမထဝိပဿနာ ဓမ္မရေးရာမှာလဲ ထို့အတူပဲ၊ တို့ပြောကြတာ အူပေါက်ကုန်ပြီလား"

"မပေါက်ပါဘူး။ မုဒိတာကို ဖွဲ့နေတာ မျက်ခြည် မပြတ်သေးပါဘူး ဆက်ပြောပါ"

"ဆက်ပြောပါဆိုယင် မေတ္တာပြီးတော့ ကရုဏာ၊ မေတ္တာနဲ့ ကရုဏာ တွဲနိုင်ပြီဆိုတော့ မုဒိတာ၊ အဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ သုံးခုပေါင်းလိုက်တဲ့အခါ ရောက်တော့ ဥပေက္ခာကို လွယ်လွယ်ကလေးနဲ့ ရောက်ပါလေရော။"

"ဒါဖြင့် တို့က သူငယ်တန်းမအောင်သေးပဲနဲ့ ဆယ်တန်းကို ဝင်ဖြေနေကြသလို ပါပဲလား"

"ဟုတ်တယ် မင်းပြောခဲ့သလို(ဝင်ဝင်ချင်း ခုနစ်ဝါ)ဖြစ်ချင်ကြတာကို။"

"နေပါအုံး မေတ္တာပို့ထဲမှာတော့ အဝေရာ ဟောန္တုက စလိုက်ပြီး ကမ္မဿကာအထိ ဥပေက္ခာစိတ်ပါ ပို့နေကြတာပဲ"

"စာထဲတော့ပါတာပေါ့။ နှုတ်ကတော့ ဆိုနေကြတာပေါ့။ ဒါကြောင့် ငါက ရောပြွမ်းပြီးလုပ်နေကြတယ်လို့ ပြောခဲ့တာ။ နှုတ်ကထွက်လိုက်၊ ဆိုလိုက်တဲ့ အချိန်ကလေး မှတ္တမှာ စိတ်က (စေတနာက)မှန်ကန်စွာ တည်မြဲခြင်းရှိမရှိ ကိုယ့်အဖြစ် ကိုယ်သိကြပါတယ်။ ဥပေက္ခာစိတ်ဟာ ဘယ်လောက်အရေးကြီးသလဲ။ ဘယ်လောက်ခက်ခဲသလဲတွေးကြည့်။ ဗုဒ္ဓ၏ပါရမီ ဆယ်ပါးမှာ ဒါနပါရမီက အစပြုပြီး ဥပေက္ခာပါရမီမှာ အဆုံးသတ်ထားတယ်။ မေတ္တာ ပါရမီ ပြီးတော့ ဥပေက္ခာ ပါရမီပဲ။ ဒီပါရမီ နှစ်ပါးဟာ နဝမနှင့် ဒသမနှင့် တွဲလျက် ရှေ့ဆင့် နောက်ဆင့် လာတယ်။ မင်း ပြန်ရှုတ်ကြည့်စမ်း"

"၁-ဒါနပါရမီ၊ ၂-သီလပါရမီ၊ ၃-နိက္ခမပါရမီ၊ ၄-ခန္တီပါရမီ၊ ၅-အဓိဋ္ဌာန်ပါရမီ၊ ၆-သစ္စာပါရမီ၊ ၇-ဝီရိယပါရမီ၊ ၈-ပညာပါရမီ၊ ၉-မေတ္တာပါရမီ၊ ၁၀-ဥပေက္ခာပါရမီ။ အဲဟုတ်သားပါလား"

"အဲသည့် ဥပေက္ခာဘာဝနာကို မိမိကိုယ်တိုင် အပါအဝင် သတ္တဝါဝေနေယျအပေါ် ထားနိုင်ပြီ ဆိုလို့ရှိယင် နိဗ္ဗာန်သို့ ရှေးရှုပြီလို့သာ မှတ်လိုက်တော့။ မင်္ဂလသုတ်၏ နိဂုံးကိုကြည့်။ 'ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ' အဓိပ္ပာယ်က လောကဓမ္မေဟိ= လောကဓံတရားတို့နှင့်၊ ဖုဋ္ဌဿ=တွေ့ကြုံရသော၊ ယဿ=အကြင်ပုဂ္ဂိုလ်၏၊ စိတ္တံ=စိတ်သည်။ နကမ္ပတိ=မတုန်လှုပ်၊ အသောကံ= စိုးရိမ်ပူဆွေးခြင်းလည်းမရှိ၊ ဝိရဇံ=ရာဂ စသော မြူလည်းမရှိ၊ ခေမံ=ဘေးလည်းမရှိ၊ဧတံ=ဤလေးပါးကား၊ ဥတ္တမံ၊ ကောင်းမြတ်သော၊ မင်္ဂလာပေတည်း။ ကဲ ဒါဟာဥပေက္ခာစိတ်ပဲ"

"နေပါအုံး။ တို့ပြောလာကြတာ မုဒိတာကနေပြီး ဥပေက္ခာကိုပဲ ဆက်နေပါပေါ့လား"

"အေး ကွင်းဆက် သဘောတရားများဖြစ်လို့ ဆက်လိုက်ရတာ။ ကဲ မုဒိတာကိုအဆုံးသတ်ပြီးတော့ ဥပေက္ခာကိုကူးလိုက်ကြစို့ရဲ့။ မုဒိတာကို ဘယ်လိုအဆုံးသတ်ရမလဲ။ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အဆုံးသတ်နည်းနဲ့သတ်လိုက်ကြစို့။ 'မောဒတိ ဝတာယံ သတ္တော၊ အဟောသာဓု၊ အဟောသုဋ္ဌု။' အဓိပ္ပာယ်က သူ့ဘာထူးပြည့်စုံဘာကို ဝမ်းမြောက် လှုပါတယ်၊

ကြောင့် ကောင်းပေစေ၊ ကောင်းပါပေစေလို့ ကြည်ဖြူဝမ်းမြောက်တာဟာ မုဒိတာပါပဲတဲ့။ နောက်ပြီး 'ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု' ရအပ်ပြီးသော စည်းစိမ်ချမ်းသာတို့မှယုတ်လျော့မသွားပါစေနဲ့လို့ ဆန္ဒပြုတာဟာလဲ မုဒိတာပါပဲ။ ဒီသဘောက ရလိုက်တဲ့ အချိန်အခါမှာ ဝမ်းသာရုံမျှ မဟုတ်။ ရပြီးသား စည်းစိမ်ချမ်းသာကိုတောင် ယုတ်လျော့မသွားပါစေနဲ့၊ မပျက်စီး မဆုံးပါးပါစေနဲ့လို့ ဆန္ဒပြုရတာ ဖြစ်တယ်။သဘော ပေါက်ပြီသား"

"ပေါက်ပါပြီမောင်ရာ။ ဒါလဲ မူလက မေတ္တာပို့ပြီးသား၊ ပို့ပြီးသားဖြစ်နေမှ လွယ်လွယ်ကူကူ ဖြစ်နိုင်မှာပဲ။ ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့၊ အင်း မင်း ပြောသလို ကွင်းဆက်တရားပဲ"

"ဘယ်အထိ ကွင်းဆက်တားသလဲကြည့်အုံး၊အဲသလို ကိုယ်က ဆန္ဒပြုတဲ့အတိုင်းမဖြစ်တဲ့၊ပျက်စီးဆုံး ရှုံးကုန်သွားတဲ့အထိဘောင် ရောက်မှာ သောကဗျာပါရပူပင်ကြောင့်ကြကင်းစွာ ကမ္မဿကာ ဆိုတဲ့ ဥပေက္ခာစိတ် ထားရမယ်တဲ့ဗျား။ဒါကြောင့်'မာဝိဂစ္ဆန္တု ကမ္မဿကာ' လို့ တွဲလျက်ပါလာတာ။ ကဲ- ဥပေက္ခာအကြောင်း ဆက်ကြစို့ရဲ"

"ဆက်ပါဗျား၊ ဆက်ပါ၊ ဆက်ပါ"

"ဥပေက္ခာဆိုတာ လျှင်လျှပြုတဲ့စိတ်။ ဒီနေရာမှာ သချင် သေး၊ ရှင်ချင်ရှင်၊ အလေးတမူ အရေးမယူပဲ ဂရုမစိုက် စွန့်ပယ်ထားတဲ့စိတ်မျိုးနဲ့ အတူတူပဲလို့ အထင်လွဲတတ်တယ်"

"သိပါတယ်၊ အဲဒါက မေတ္တာမရှိလို့ တမင်သက်သက် ပစ်ပယ်တဲ့သဘောပဲဟာ"

''အေး ... ဟုတ်တယ်၊ ဥပေက္ခာရဲ့ သဘော အဓိပ္ပာယ်က 'ဥပပတ္တိတော၊ ယုတ္တိတော=အသင့်အလျော်အားဖြင့်၊ ဣက္ခတိတိ= ရှုတတ်သောကြောင့်၊ ဥပေက္ခာ= ဥပေက္ခာမည်၏' လို့ ဆိုဘယ်။ ချစ်ခြင်း၊ မုန်းခြင်း၊ ဒီနေရာမှာ ချစ်ခြင်း၊ မုန်းခြင်း ဆိုဘာထက် လိုလားခြင်း၊ မလိုလားခြင်းဆိုယင် ပိုပြီးတိကျလိမ့်မယ်။ ကိုယ်လိုလားသလို မဖြစ်ပဲ ကိုယ်မလိုလားတာ ဖြစ်တဲ့အခါပေါ့။ အဲသလိုဖြစ်လာတဲ့အခါမှာ ကံအကြောင်းတရားကြောင့် ဖြစ်ရတာပဲလေလို့ ဘာဝနာစိတ်မပျက်အောင် ဆင်ခြင်နိုင်တဲ့ နှလုံးသွင်းကို ဆိုဘာဘဲ။ ဗြဟ္မစိုရ တရားအကြောင်း မသိမကြားဘူးတဲ့ လူအနေနဲ့တော့ သူများအကျိုး လျစ်လျူရှုတာ မကောင်းတဲ့သဘော မဟုတ်ဘူးလားလို့ ပြောမိဘတ်ကြတယ်။ ဒါလဲ အခုနပြောခဲ့တဲ့ ကွင်းဆက်တရားပဲ၊ မေတ္တာနဲ့ချစ်ခင်တယ်၊ ကရုဏာနဲ့ သနား ကြင်နာ ခဲ့တယ်၊ မုဒိတာနဲ့ကိုယ်ချမ်းသာ စိတ်ချမ်းသာ မြဲပါစေလို့ ဆန္ဒပြုခဲ့တယ်၊ ဆောင်ရွက်ခဲ့ဘယ်။ ဒီကြားထဲက သူ့ကံကြမ္မာ အလျောက် ဖောက်လွဲဖောက်ပြန် ဖြစ်လာတဲ့ အခါကျတော့လဲ ကမ္မဿကာ ဟူ၍ အာရုံပြုနိုင်ရမယ်''

''အေး.... ဘဝ သံသရာသီချင်းထဲက 'ဖောက်လွဲဖောက်ပြန် အကြောင်းခံ ကမ္မဿကာ' ဆိုသလိုပေါ့လေ၊ ဟုတ်လား၊ ဟဲ ဟဲ ဟဲ''

''မင်း သဘောအပေါက်သွားပဲ၊ ဘယ်လို နှလုံးသွင်းရမလဲ ပြောအုံးမယ်။ သတ္တာ=သတ္တဝါတို့သည်၊ ကမ္မဿကာ=ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ တေ= ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

ရှိသော ထိုသတ္တဝါတို့သည်၊ကာယ= အဘယ်သူ၏၊ ရုစိယာ= အလိုအားဖြင့်၊ သုခိတာ ဝါ=ချမ်းသာမှုလည်း၊ ဘဝိဿန္တိ= ဖြစ်ကုန်အံ့နည်း။ ဒုက္ခိတော ဝါ=ဆင်းရဲမှုလည်း၊ မုစ္စိဿန္တိ၊ လွတ်ကုန်အံ့နည်း။ ပတ္တသမ္ပတ္တိတော ဝါ=ရောက်ပြီးရပြီးသော စည်းစိမ်မှုလည်း၊ နပရိဟာယိဿန္တိ= မဆုတ်ယုတ်ပဲ ရှိပါကုန် အံ့နည်း။ ဣတိ=ဤသို့သော အခြင်းအရာများဖြင့်၊ ပဝတ္တကမ္မ ဿကဘာဒဿနာ=ဖြစ်သော ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကိုမြင်ခြင်းလျှင် နီးသောအကြောင်းရှိ၏လို့ မဟာစည် ဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်ကျမ်းတော်မှ ထုတ်ပြထားတယ်”

“နေပါအုံးကွာ၊(ခ)မေး မေးတယ်လို့မပြောပါနဲ့၊သတ္တဝါတဦး အပေါ်မှာ ဒီလောက် မေတ္တာ၊ကရုဏာ၊မုဒိတာတရားတွေထား ခဲ့တာ ဥပေက္ခာကြောင့် အရာမထင်သလိုများ ဖြစ်ရော့မလား”

“ဟား ဟား ဆရာတော်က မင့်မေးမွန်းမျိုးကိုဖြေထားတာ ရှိပါသဗျား။အဖြေက ကြီးလေးတဲ့ အကုသိုလ်ကံမရှိယင် မေတ္တာ စသည်တို့က အားရှိသလောက် အကျိုးဖြစ်စေနိုင်ပါတယ်တဲ့။ ဒါပေမယ့် အကုန်လုံးကိုတော့ အလိုအတိုင်း မဖြစ်စေနိုင်ပါ ဘူးတဲ့။ဘယ်လိုလဲဆိုယင် မိဘတွေက သားသမီးတွေကို ချမ်းသာ စေလိုတဲ့မေတ္တာနဲ့အဘက်ဘက်မှ စောင့်ရှောက်ထောက်ပံ့သော် လည်း မတော်မသင့်တာတွေ ပြုလုပ်တတ်တဲ့ သားသမီးတွေမှာ မိဘများက အလိုရှိတဲ့အတိုင်းမဖြစ်ပဲ သူ့အမှု ကံအားလျော် စွာသာ ဖြစ်သလိုပါပဲ တဲ့။ ဒါပေမယ့် မိဘကတော့ သားသမီး ကို စောင့်ရှောက်မြဲ စောင့်ရှောက်သလို မေတ္တာကိုတော့ ပို့မြဲ ပို့နေရမှာပါပဲတဲ့၊ ဟုတ်ပလား”

"ကျေနပ်ပါပြီကွာ"

"မကျေနပ်နဲ့အုံး၊ ဆရာတော်ဟောထားတဲ့ စူဠကမ္မဝိဘင်္ဂသုတ်ကို ဖောက်သယ် ချလိုက်အုံးမယ်"

"ဟာ ဒါဖြင့် ငါ့အတွန့်တက်တာ အမြတ်ထွက်တာပဲ"

"မြတ်စွာဘုရား လက်ထက်တော်မှာ သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီးရဲ့ ပုရောဟိတ်ဆရာကြီး တောဒေယျပုဏ္ဏားဆိုတာ ရှိတယ်၊ အင်မတန်ကြွယ်ဝသလို အင်မတန်လဲ ကပ်စေးနှဲတယ်၊ လှူဖို့တန်းဖို့ဆိုတာ နည်းနည်းကလေးမှ ဝါသနာမပါဘူး၊ သူကဗြာဟ္မဏဝါဒ၊ ဗြဟ္မာကြီးသာ ကိုးကွယ်သူဖြစ်လို့ ဗုဒ္ဓကိုယ်တော်ကို မကြည်ညိုဘူး။ မကြည်ညိုရုံမကဘူး၊ စကားစပ်မိလို့ ဗုဒ္ဓအကြောင်းပြောတဲ့အခါမှာ ဗုဒ္ဓဆိုတဲ့ ဂုဏ်ပုဒ်မျိုးကို မသုံးပဲ ဂေါတမလို့သာ သူငယ်ချင်းပြောပြော၊ သူငယ်ချင်းခေါ်သလို သုံးစွဲပြောလေ့ရှိတယ်၊ အဲသလို ရိုင်းစိုင်းမှု၊ အလှူအတန်းမရှိမှု၊ ပစ္စည်းဥစ္စာတို့ကို တပ်မက်လွန်းမှုကြောင့် သူသေတဲ့အခါ သူ့အိမ်မှာပဲ ခွေးလာဖြစ်တယ်၊ တောဒေယျပုဏ္ဏားကြီးမှာ သားတယောက် ကျန်ရစ်ခဲ့တယ်၊ သုဘလုလင်တဲ့။ အဲဒီ သုဘလုလင်က သူ့အိမ်ပေါက်ခွေးကလေးကို အလွန်ချစ်ရှာသတဲ့"

"သူ့အဖေ ဝင်စားတာဆိုတော့ သွေးကပြောတာနဲ့ တူရဲ့"

"အေး ပုဗ္ဗေဝ သန္နိဝါသေနလို့ ဘုရား ဟောထားတာပဲ၊ ရှေ့ဘဝကဘဝက ဆွေမျိုးတော်စပ်ခဲ့ဘူးလျှင် ချစ်တတ်ကြတာပဲ၊ မင့်အိမ်မှာကော မင်းချစ်တဲ့ ခွေးကလေးများရှိသလား"

"ရှိဘယ်၊ ဟာ တော်တော်နောက်တဲ့ကောင်ကွာ။ မဖောက်စမ်းနဲ့"

"တနေ့တော့ မြတ်စွာဘုရားက မဟာကရုဏာသမာပတ်နဲ့ ဝေနေယျများကိုကြည့်တော်မူတဲ့အခါမှာ သရဏဂုဏ်တည်မယ့် သုဘာလုလင်ကို မြင်တော်မူတာနဲ့ တပါးတည်း ဆွမ်းခံကြွယင်း သုဘာလုလင်အိမ်ဝင်းထဲ ဝင်တော်မူခဲ့တယ်၊ ဒီအခါမှာ တောဒေယျပုဏ္ဏားကြီး ဝင်စားတဲ့ခွေးက ဒေါသတကြီး ဆီးဟောင်ဘော့တာပါပဲ"

"အင်း ဟောင်မှာပေါ့၊ လူဖြစ်ကတည်းက ဗုဒ္ဓကိုလဲမကြည်ညို၊ အလှူအတန်းလဲ မလုပ်ချင်တဲ့ လောဘရှိနေတော့ ဗုဒ္ဓကို မုန်းလဲ မုန်းနေလိမ့်မယ်၊ လှူမှာတန်းမှာလဲ စိုးမှာပေါ့"

"အစစ်ပေါ့။ ဒါကြောင့် မင်း ခွေးများ မဖြစ်စေနဲ့နော်၊ သတိထား"

"အံမယ် မင်းသာသတိထားပါ၊ ဘော်တော်လာတဲ့ကောင်"

"ဟ ငါလဲ သတိထားရတာပေါ့၊ မင်း စဉ်းစားကြည့်၊ လူ့ဘဝကသေလို့ လူ ပြန်ဖြစ်နိုင်သေးယင် ကောင်းမှုကုသိုလ် လုပ်လို့ အကျွတ်တရားရဖို့ နီးသေးတယ်၊ တိရစ္ဆာန်သာ ဖြစ်သွားယင်တော့ ကုသိုလ်အစား ကုသိုလ်ချည်းပဲ ဆက်လုပ်ဖြစ်နေတော့ဘာ၊ ခုကြည့်လေ ခွေးဖြစ်ရလို့ ဆက်မိုက်နေတော့တာ၊ အဲသလိုမြတ်စွာဘုရားကိုကိုက်မလိုခဲမလိုပြေးလာဘော့မြတ်စွာဘုရားက "ဟဲ့ တောဒေယျ၊ နင်ဟာ လူ့ဘဝတုန်းက ငါ့ကို မရိုမသေ ရိုင်းရိုင်းပြပြ ခေါ်ဝေါ်လို့ အခု ခွေးဖြစ်နေရပြီ။

“အင်း ပြောပါအုံး။ သုဘလုလင်က ဘုရားမှာတဲ့အတိုင်း ပြောရေလား”

“ပြောတာပေါ့။ ခွေးကလေးက လူ့ဘဝတုန်းက မြှုပ်ထားခဲ့တဲ့ ရွှေငွေတွေကို မြေကြီးယက်ပြသတဲ့။ ဒီလိုနဲ့ပဲ သုဘလုလင်ဟာ ဗုဒ္ဓကို ယုံကြည်ပြီး လေးစားလာတယ်။ ဒါက စူဠဝိဘင်္ဂသုတ်ရဲ့ နိဒါန်းပါ။ ကမ္မဝိဘင်္ဂ ဆိုတဲ့ အဓိပ္ပာယ်က ကံအကြောင်းတရားကို ဝေဖန်တာ ဖြစ်တယ်။ ကြည်ညိုလေးစားလာတဲ့ သုဘလုလင်က မြတ်စွာဘုရားကို မေးလျှောက်တဲ့အကြောင်းကသာ အဓိက ဖြစ်ပါတယ်။ သုဘလုလင်က မေးလျှောက်တဲ့ အကြောင်းက ဘာလဲဆိုတော့။ မြတ်စွာဘုရားတဲ့။ (၁) သတ္တဝါတွေမှာ အချို့က အသက်ရှည်တယ်၊ အချို့က အသက်တိုတယ်။ (၂) အချို့က ကျန်းမာတယ်၊ အချို့က အနာများတယ်။ (၃) အချို့က အရုပ်ဆိုးတယ်၊ အချို့က လှတယ်။ (၄) အချို့က အခြွေအရံနည်းတယ်၊ အချို့က များတယ်။ (၅) အချို့က ပစ္စည်းဥစ္စာပေါတယ်။ အချို့က ဆင်းရဲတယ်။ (၆) အချို့က အမျိုးညံ့တယ်၊ အချို့က မြတ်တယ်။ (၇) အချို့က ပညာနည်းတယ်၊ အချို့က ပညာကြီးတယ်။ အဲဒါ ဘာကြောင့်ပါလဲတဲ့”

“အေး ဟုတ်တယ် စဉ်းစားရေပဲ။ တမအေ တဖအေတည်းကမွေးတဲ့ ညီအစ်ကို မောင်နှမချင်းလဲ မတူဘူး၊ ဗေဒင်ကိန်းခန်းအရပဲ ထားပါတော့၊ တချိန်တည်း တနာရီတည်း အမြွာမွေးတာချင်းတောင် ညီညီမျှမျှ မတူကြဘူး။ မြတ်စွာဘုရားက ဘယ်လိုဟောသလဲကွ”

''အတိုချုပ်ပဲ ပြောမယ်ကွာ။ 'ကလျာဏ' ဝါ-ကောင်းသည် မှုလည်းဖြစ်သော၊ ပါပကံ ဝါ-မကောင်းသည်မှုလည်း ဖြစ်သော၊ ယံ ကမ္မံ-အကြင်အမှုကို၊ ကရိဿန္တိ-ပြုကုန်လတ္တံ့၊ တဿ-ထိုကောင်းမှု မကောင်းမှု၏၊ ဒါယာဒါ-ကောင်းမှု ဆိုးမှုကို ခံယူရကုန်သည်၊ ဘဝိဿန္တိ-ဖြစ်ကုန်လတ္တံ့တဲ့ နား လည်ရဲ့လား''

''နားလည်တာပေါ့ကွ။ လူချင်းတူပေမယ့် စေတနာ စိတ် ထား ကောင်းကျိုး ဆိုးကျိုး လုပ်ခဲ့ကြတဲ့အတိုင်း ဖြစ်ကြရမှာပဲ၊ ဘယ်သူကမှ ဖန်ဆင်းပေးလိုက်တာ မဟုတ်ဘူး၊ မိမိကံက မိမိကို ဖန်ဆင်းပေးလိုက်မှာပဲ၊ ဒီတော့ ငါတခု စဉ်းစားမိတယ် သူငယ် ချင်း''

''ဘာတုံး''

''သစ်သားကိုသာ ရွှေပေါ်တိုက်လို့ရမယ်၊ လူတွေကို တတန်း တစားတည်း ညီအောင်တော့ ရွှေပေါ်တိုက်လို့မရနိုင်တာပေါ့''

''ဒါတော့ မင့်မျက်စိနဲ့ မင်းကြည့်၊ မင့် အတွေးနဲ့မင်း ဆုံး ဖြတ်ပေတော့ကွာ။ ဥပေက္ခာတရားက ကံနှင့် ကံ၏ အကျိုးကို တကယ်ယုံကြည်မှ ဖြစ်မှာပဲ။ မြတ်စွာဘုရားက သူဘကို ဟော တော်မူတဲ့ တရားအဖြေကို မဟာစည် ဆရာတော်ကြီးက အကျဉ်း ချုံ့ပြီး အဓိပ္ပာယ် အပြည့်အစုံ သံပေါက်လက်ာ ရေးပေးထား တာရှိတယ်''

''လုပ်စမ်းပါအုံး မောင်မင်းကြီးသားရယ်''

(၁) သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။
(၂) ညှဉ်းဆဲသူကား၊ အနာများ၊ သနား ကျန်းမာသည်။
(၃) ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်။
(၄) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။
(၅) မပေးလှူက၊ မွဲပြာကျ၊ လှူက ပေါကြွယ်သည်။
(၆) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။
(၇) မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။
(၈) ဆိုးတာပြုက၊ဆိုးတာရ၊ကောင်းမှ ကောင်းစားသည်။
(၉) ဆိုးကောင်းနှစ်တန်၊ ကံစီမံ၊ ခံ စံ ကြရသည်။ တဲ့”

“အင်း....ဒီထက်တော့လဲ မရှင်းဘူး၊ ဒီထက်တော့လဲမတိုဘူး။ နှုတ်ငုံဆောင်ထားဖို့ကောင်းလိုက်တာ။ သာဓု သာဓု သာဓု။ ကဲ....ဥပေက္ခာအကြောင်း ပြည့်စုံလောက်ပြီလား”

“အလိုလေး၊ မင်းနဲ့ငါ ဆွေးနွေးတာလောက်ကလေးနဲ့ ပြည့်စုံပါပြီဆိုလျှင် ကျားသားမိုးကြိုးပေါ့။ မဟာသမုဒ္ဒရာကြီး လေးစင်းက ရေကို တစ်ခွက်တစ်ဖလား ခပ်သောက်ပြီးငန်တဲ့အရ သာလေးကို မြည်းကြည့်ရုံပဲ ရှိမယ်။ ဒီလောက် အရသာကလေး ကို လျှာလည်သွားမှ ဆရာတော်ကြီးများ ရေးသားတော်မူခဲ့ ကြတဲ့ ကျမ်းကြီး ဂန်ကြီးကို ရှေ့ဆက်တက်ကြရမှာ ဖြစ်တယ်”

“ဟုတ်ပါတယ်၊ စကားပြေ (အရပ်သုံးစကားနဲ့)အခြေခံကို နားလည်ထားတော့ ဆက်တက်ရမှာ စိတ်ဝင်စားလာတာပေါ့။ အခု တို့ဆွေးနွေးခဲ့ကြတာက သူငယ်တန်း ဖတ်စာပေါ့လေ။ တို့ ဘိုးဘွား မိဘများခေတ်က သူတို့ သူတို့ သာသန ဗဟုသုတ

သမ္မာဝ ပါရမီနဲ့ ပါဠိမြန်မာ ကျမ်းဂန်ကြီးများကို လေ့လာနိုင်ခဲ့ကြပေတယ်။ အခုခေတ်က တိုင်ယင်ကေခေတ်ထက်တောင် ပိုပြီး ဆိုးနေသေးတယ်၊ မယ်ဘွဲ့မေတ္တာ သီချင်းဆိုတာတောင် 'မိုးနတ်ဒေဝီ မေဘာရဏီ တနွန်းလိုပ' ဆိုတဲ့ စာသားမျိုးနဲ့ အဓိပ္ပာယ်မပေါ်နိုင်ကြလို့ 'ဟေ့...နင့်ကို ငါကြိုက်တယ်၊ ငါ့ကို နင်ကြိုက်မလား' ဆိုတဲ့ စာသားမျိုးကို ဆိုနေကြရပြီလေ၊ ဟား ဟား... ဟား"

"မင့်နှယ် ပြောလဲပြောဘတ်တယ်။ ဟုတ်တော့လဲ ဟုတ်ပါတယ်၊ ခုခေတ်ကခက်ခဲတာတို့၊ တွေးယူရတာ တို့ကို မလိုချင်ကြတော့ဘူး။ ဘွင်းဘွင်းပြောမှ သဘော ပေါက်ရုံ ရှိကြတာ။ တိပိဋကဆရာတော် အရှင် ဦးစိတ္တသာရာဘိဝံသက ပြောတော်မူထားတယ်။ လောကကြောင်း ဓမ္မကြောင်း နှစ်ပါးလုံးမှာ ရခဲ၊ ဖြစ်ခဲနိုင်ခဲသော အရာက အဖိုးတန်၍၊ ရလွယ်၊ ဖြစ်စေနိုင်လွယ်သောအရာသည် အဖိုးမတန်ခြင်းမှာ ဓမ္မတာပဲတဲ့။ လောကမှာ ကျောက်စရစ်ခဲ၊ အမှိုက်သရိုက် သဲတို့ဟာ ရလွယ်တဲ့အတွက် အဖိုး မတန်လှပဲ၊ ရွှေ ငွေ ကျောက်သံပတ္တမြားတို့က ရခဲလို့ အဖိုးတန်နေကြတာလူဘိုင်းသိပါတယ် တဲ့။ထို့အတူ ဓမ္မကြောင်းမှာလဲ လောဘ ဒေါသ စသောတရားဆိုးတို့ဟာ ရလွယ်၊ ဖြစ်စေနိုင်လွယ်လှသော တရားများသာဖြစ်နေလို့ ရအောင်၊ ဖြစ်အောင် တမင်ကြံဆောင် အားထုတ်ခြင်း ပြုမနေရပါဘူးတဲ့။ မဖြစ်အောင်ပဲ မနည်းတားမြစ်နေရပြီး အလွန်အဖိုးတန်လှသော ဒါန သီလစတဲ့ ကုသိုလ်တရားများကိုတော့ အားထုတ်မှုမရှိပဲ အလိုအလျောက် မဖြစ်ပွားနိုင်တဲ့အတွက် အလွန်အားထုတ်

ဆည်းပူးနိုင်ပါမှ ဖြစ်ပေါ်လာတဲ့တရားများ ဖြစ်ပါတယ်တဲ့။ ထိုတရားစုထဲမှာ ဒါနသီလတို့ထက် အဆင့်အတန်းမြင့်တဲ့ ဘာဝနာ ကုသိုလ်အဝင်အပါ မေတ္တာတရား အစစ်ကိုရနိုင်ဖို့က ပို၍ ခဲယဉ်းပါတယ်တဲ့''

''အေး၊ မင်းပြောတဲ့ ဒါန၊ သီလ၊ ဘာဝနာ အဆင့်ဆင့်မှာ ဘာဝနာအဆင့်က ပဓာနပဲလို့ ဆိုတဲ့အတိုင်း ဖြစ်မှာပါပဲ။ ပါရမီရှိယင်တော့ မခဲယဉ်းဘူးပေါ့လေ''

''မင်းတို့ ငါတို့မှာ ပါရမီမရှိလို့လား''

''မသိနိုင်ဘူးလေ''

''နေပါအုံး၊ ပါရမီဟာ ဘာကိုပြောတာတုံး''

''ပါရမီဆိုတာ အဲ-အဲ ဟို-ဘုရားလောင်းများပါရမီ ဖြည့်ခဲ့ကြတယ်ဆိုတဲ့စကားနဲ့ ဆက်စပ်ပြီး တွေးရယင် အဲ-ကောင်းတာတွေ လုပ်ခဲ့တာနေမှာပေါ့၊ ဟုတ်ရဲ့လား''

''အေး ဒီအတိုင်းပါပဲ။ အဘိဓာန်က 'ကုသိုလ်ကြောင်း' တဲ့၊ 'သူမြတ်တို့၏ ဥစ္စာ'တဲ့။ ဒီတော့ တို့တတွေမှာ ပါရမီ ရှိလား မရှိလားသိရအောင် ကျေးဇူးရှင် ဝေဘူဆရာတော်ကြီး ဟောဘော်မူတဲ့ နည်းနဲ့ စစ်ဆေးကြည့်ရအောင်''

''ဘယ်လို စစ်ဆေးပုံလဲကွာ''

''ဝေဘူဆရာတော်ကြီး၏ ဝသီဘော်က တရားဟောတော်မူတဲ့နေရာမှာ ပါဠိ ပါဠိသား ခက်ခက်ခဲခဲကြီးတွေ တလုံးမှ မပါဘူး။ သာမန်အရပ်သား နားလည်အောင် လောက အသုံးအနှုန်း အိမ်သုံး ဝေါဟာရများနဲ့ပဲ ဟောဘော် မူတတ်တယ်။

ဟောခတော်မူတယ်ဆိုတာထက် မေးခွန်း မေးပြီး အဖြေကိုယူတဲ့ သဘော။ မေးရာမှာလဲ စိတ်ရှင်လန်း ချမ်းမြေ့ဖွယ် ဖြစ်အောင် (ပျော်ပျော်ရွှင်ရွှင်နေဘတ်တဲ့ ဖခင်ကြီးက အလိုလိုက်ထားတဲ့ သားချစ် သမီးချစ်များနှင့် ဝိုင်းထိုင်ဆုံးမ ပြောဆို ဆွေးနွေး နေသလို ဖြေရဲ ပြောရဲအောင်) စကားလမ်းကြောင်းပေးပြီး မေးတော်မူတတ်ဘယ်။ မင်း နာဖူးရဲ့ မှတ်လား”

“ရန်ကုန်ကိုကြွလာတုန်း အင်းလေးဓမ္မာရုံမှာ တစ်ခါ နှစ်ခါ တော့ နာဘူးပါတယ်”

“အေး မင်း နာဖူးပြီးသား ဖြစ်ချင်လဲ ဖြစ်မှာပဲ။ ပါရမီကို ဝီရိယနဲ့နှိုင်းပြီး ဟောသော်မူတာလေ။ သူ့အတိုင်း ပြောပြမယ်။

“ဘုရား ရှေ့လက်တက်ဘော်က အချိန်အခါ ဘဝကောင်း သော်လဲ လုံ့လဝီရိယနှင့် ထူထောင်ပြီး ဤကဲ့သို့ ဘုရားဆုံးမ ပါတဲ့ အဆုံးအမတွေကို မှန်တဲ့အတိုင်း ပြီးအောင် မယူကြတဲ့ လူနတ်ဗြဟ္မာတွေမှာရော ဤကဲ့သို့ ပြီးပါရဲ့လားဗျာ့”

“ဝီရိယနဲ့ မထူထောင်တဲ့ပုဂ္ဂိုလ်တွေမှာ မပြီးနိုင်ပါဘုရား”

“အဲဒါ ဘာကြောင့်လဲ၊ အခါ မကောင်းလို့လား၊ ဘဝ မကောင်းလို့လား”

“အခါလဲကောင်းပါတယ်၊ ဘဝလဲကောင်းပါတယ်၊ ဝီရိယ မကောင်းလို့ပါဘုရား”

“ပါရမီ မရှိလို့လား”

“တချို့က ပါရမီမရှိလို့ မရဘူးလို့ထင်ပါတယ်ဘုရား”

“ဝီရိယ မထူထောင်ပဲနဲ့ မရတာက ပါရမီ မရှိလို့ လား”

"ရှေးက ပါရမီရှိတဲ့ ပုဂ္ဂိုလ်များမှာတော့ တရားနာပြီးယင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အစရှိသည်တို့ဖြစ်ကြပါတယ်။ တပည့်တော်တို့မှာတော့ ပါရမီ မရှိသည့်အတွက် အဖန်ဖန်တရားနာသော်လဲ နဂိုပကတိအတိုင်းပါပဲ ဘုရား"

"ရေရှိပါလျက်၊ မသောက်ခက်၊ ရေတွက် မဟုတ်ချေ။ ရှေးအရှင်တွေနာတာက ဘယ်လိုပါလဲဆိုယင် ရေသောက်ချင်တဲ့ သူတွေလိုပေါ့။ ရေသောက်ချင်တော့ ရေရှာရော။ ရေရတော့ ဘယ်နှယ်တုံးဗျာ့ 'ဒို့မသောက်ချင်သေးဘူး' ဆိုပြီး မော့မော့ ကြီးနေသလား၊ အဟုတ်ကို ရေဆာလောင်မွတ်သိပ်တဲ့ လူလေ"

"အဟုတ် ဆာလောင် မွတ်သိပ်တဲ့ လူကတော့ ချက်ချင်း သောက်လိုက်ပါတယ် ဘုရား"

"ခဏ နေစမ်းပါအုံးဆိုပြီးတော့ ဆိုင်းနေသေးသလား"

"မဆိုင်းပါ ဘုရား"

"ဒါက အဟုတ်သောက်ချင်လို့ဗျာ့။ အခုလဲ ဒကာကြီး, ဒကာမကြီးတွေက အခုလို ဘုရားဆုံးမတဲ့ အဆုံးအမကို ရတဲ့ အခါမှာ၊ ရလျှင် ရချင်း ရေမွတ်သိပ် ဆာလောင်တဲ့လူ ရေတွေ့ တော့ သောက်သလို သောက်ရဲ့လားဗျာ့"

"တပည့်တော်တို့က ဆိုင်း နေပါတယ်ဘုရား"

"ဒါဖြင့် ဒကာကြီးရဲ့ပါရမီမရှိလို့ မဟုတ်ပါဘူးဗျာ့။ ရေဟာ မသောက်ပဲနဲ့ ဝရဲ့လား"

"မသောက်ပဲနဲ့ မဝပါဘုရား"

"ရေအိုးနား ထိုင်နေယင်ကော"

"တပည့်တော်တို့က ပါရမီမရှိတော့ ရေအိုးနားထိုင်နေတာပါပဲ ဘုရား"

"ရေထဲ ဆင်းနေယင်ကော"

"ရေထဲ ဆင်းနေတော့လဲ ခေါင်းကို မော့ထားပါတယ် ဘုရား"

"ဒါဖြင့် ရေထဲ ငုပ်နေယင်ကော"

"ရေထဲငုပ်နေယင်လဲ ပါးစပ်ပိတ်ထားတာပါဘုရား"

"အဲဒါ ပါရမီမရှိလို့ ရေမှတ်သိပ်ဆာလောင်တာလား"

"ပါရမီ မရှိလို့ ပါးစပ်ပိတ်ထားတာပါ ဘုရား"

"သောက်ချင်ယင် ပါးစပ်ပိတ်ထားပါ့မလား"

"တကယ်သောက်ချင်ယင်တော့ မပိတ်ပါဘုရား"

"ဒါဖြင့် ဒကာကြီးဟာက မသောက်ချင်ပဲနဲ့ သောက်ချင်တယ်လို့ လိမ်ပြောတာလား"

"တပည့်တော်တို့က မသောက်ချင်ပဲ ဟန်ဆောင်နေတာနဲ့ တူနေပါတယ် ဘုရား"

"အဲသလို အမေးအဖြေမျိုးနဲ့ ရှင်ရှင်ပျပျဟောတော်မူလေ့ရှိတဲ့ ဝေဘူဆရာတော်ဘုရားက(ပါရမီ)ဆိုတာ(အလုပ်)လို့ ရှင်းရှင်းကြီးမိန့်တော်မူထားတယ်။ လုပ်တဲ့လူဟာ ပါရမီရှိတဲ့လူပဲ။ မလုပ်တဲ့လူဟာ ပါရမီရှိတဲ့လူမဟုတ်ဘူး။ ရှင်းရဲ့မှတ်လား"

"ရှင်းလိုက်တာမှ ကွင်းကွင်းကွက်ကွက်ပါပဲခင်ဗျာ။ ဆရာတော်ကြီးရဲ့ အဆိုအမိန့်မျိုးကို တို့လို (နလဗိန်း) များအဖို့ နားမလည်ပဲကို မရှိတော့ဘူး"

"အဲဒါကြောင့် တို့ခေတ်၊တို့စရိုက်၊တို့လိုအတန်းအစားများ နားလည်လွယ်အောင် အရိုးသားဆုံး အရပ်စကားနဲ့ဟောဖို့၊ ရေးဖို့လိုတာ ထင်ရှားပါတယ်။ နောက်ပြီးတို့ကိုယ်လဲ တို့ပြန် စဉ်းစား။လုပ်နေတဲ့လူလား၊ လိမ်နေတဲ့လူလား"

"လုပ်တဲ့အခါလုပ်ပြီး၊လိမ်တဲ့အခါ လိမ်နေကြတာ ပေါပါ ပြီဗျာ"

"ဒီလိုသိထားယင် ကောင်းတယ်။ 'ကိုယ့်ကိုယ်ကိုယ် နေရာ မကျမှန်းသိယင် တော်လှပြီ။ ဒကာကြီး ဒကာမကြီး များဟာ နေရာမကျတာကို နေရာမကျဘူးလို့ သိယင် နေရာကျပြီဗျာ့။ နေရာလဲမကျပဲနဲ့ နေရာကျတယ်ထင် နေတာကတော့ နည်းနည်း ကလေးမှ မျှော်လင့်စရာမရှိဘူးဗျာ့'လို့ ဆရာတော်ကြီး ပြော သလိုပေါ့။ ကဲ....တို့ စကားဆက်ကြအုံးစို့"

"ကျေးဇူးပြု၍ ပြောတော်မူပါခင်ဗျာ"

"တို့ပြောခဲ့တဲ့ ပါရမီအကြောင်းနဲ့ ပတ်သက်ပြီး မေတ္တာ ပါရမီကို ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက မဟာဗုဒ္ဓဝင် အနုဒီပနီ ပါရမီတော်ခန်းမှာဖွင့်ထားတယ်။

"ဝေရီပုဂ္ဂိုလ်(ရန်သူ)၊ မဇ္ဈတ္တပုဂ္ဂိုလ် (မချစ်မမုန်း)၊ ပိယ ပုဂ္ဂိုလ်(ချစ်သူ)ဟူ၍ ပုဂ္ဂိုလ်သုံးစား ရှိသည့်အနက် ရန်သူတို့ အပေါ်မှာ မေတ္တာဘရား ပွားများဖို့ ခဲယဉ်းလှ၏။ မချစ်မမုန်း ပုဂ္ဂိုလ်တို့ အပေါ်မှာကား ရန်သူအပေါ်မှာလောက် ခဲယဉ်း ခြင်းမရှိ။ ချစ်အပ်သော ပုဂ္ဂိုလ်အပေါ်မှာသာ မခဲမယဉ်း အလွယ်တကူ ပွားများနိုင်၊ဖြစ်စေနိုင်သည်။ထို့အတွက် လွယ်ကူ

သော ချစ်သူအပေါ်မှာသာ မေတ္တာပို့နေလျှင် အဖိုးတန် မေတ္တာမဟုတ်။ မေတ္တာပါရမီကို ဖြည့်ကျင့်ရာ မရောက်”

“ဟုတ်ဘာပေါ့၊ ဘာဝနာမမည်တဲ့ အပေါစား မေတ္တာ ဖြစ်နေမှာပေါ့”

“နောက်ပြီး ဆက်၍ ဖွင့်ထားပါသေးတယ်။ မေတ္တာပါရမီ ကို ကျကျနန ပွားများလိုလျှင် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာ ပွားများရမယ်တဲ့၊ ဒါက ကိုယ့် ကိုယ်ရေး ကိုယ်တာ ဆိုတော့ လွယ်လွယ်ကူကူ မေတ္တာတရားပေါ်ပေါက်လာနိုင်တယ်။ အဲသလို ပေါ်ပေါက်လာတော့ မိမိမေတ္တာကို စံနမူ(ကိုယ်ချင်းစာစိတ်) ထားနိုင်စရာရှိလို့ ဖြစ်တယ်”

“သြော် ဒါကြောင့် မေတ္တာပို့မှာ ‘အဟံအဝေရောဟောမိ’ လို့ စ၍ ဆိုတာကိုး”

“ဟုတ်ပါတယ်။ မိမိကိုယ်ရယ်၊ ချစ်သူရယ်၊ မချစ်မမုန်း သူရယ်၊ ရန်သူရယ် အဲသည့် ပုဂ္ဂိုလ် လေးဦးစလုံးအပေါ်မှာ သာတူညီမျှ မေတ္တာတပြေးတည်း ထားနိုင်မှ ပါရမီ မေတ္တာ စစ်စစ်ဖြစ်တယ်၊ အဲသလို မေတ္တာအရာမှာ တန်းတူ ညီမျှ ထား နိုင်ဖို့ထက် ဥပေက္ခာမှာ ထားနိုင်ဖို့ ပိုလို့ ခက်လာတယ်။ ဒီနေရာမှာ ဆရာတော်ရဲ့ ဖွင့်ပုံကို ယခုလို တွေ့ရပါတယ်။”

“မေတ္တာအရာမှာ မိတ်ဆွေများ အပေါ်၌ ပွားများရန် လွယ်ကူသကဲ့သို့ ဥပေက္ခာ အရာ၌လည်း အလယ်အလတ် ပုဂ္ဂိုလ် အပေါ်မှာ ပွားများရန် လွယ်ကူသေး၏။ အကြောင်းမှာ ပကတိ အားဖြင့်ပင် အလယ်အလတ်ပုဂ္ဂိုလ်အပေါ်မှာ ချစ်ခြင်း၊ မုန်း

ခြင်း မရှိသဖြင့် ထိုသူ၏ ချမ်းသာစေလိုသောစိတ်၊ ပျက်စီးစေလိုသောစိတ်တို့ မဖြစ်ပွားအောင် စောင့်ရှောက်ရန် လွယ်ကူ၏။ အလယ်အလတ် ပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာ ပွားဖို့ထက် ရန်သူပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာ ပွားများဖို့ရန် ပိုမို၍ခဲယဉ်း၏။ အကြောင်းမှာ ရန်သူအပေါ်၌ ပကတိအားဖြင့် မုန်းထားစိတ် ရှိနေသည့်အတွက် ရန်သူမှာ ပျက်စီးသွားသတဲ့ ဆိုလျှင် ဝမ်းမြောက် ဝမ်းသာသည့်သဘော အလွယ်နှင့် ပေါ်ပေါက်လာတတ်၏။ ရန်သူမှာ ကောင်းစားချမ်းသာသတဲ့ဆိုလျှင် မနာလို မနှစ်သက်သောသဘောအလွယ်နှင့် ပေါ်ပေါက်လာတတ်၏။ ထိုသဘောမျိုး နှစ်ပါးလုံးပင် မဝင်လာ မပေါ်ပေါက်လာအောင် စောင့်ရှောက်ပိတ်ပင်ရန် ခဲယဉ်း၏။ ဤသဘောမျိုး အနည်းငယ်မျှ ဝင်လာလျှင်ပင် ဥပေက္ခာသဘောပျက်ကွက်၍သွား၏။

"အဲသလို ဆိုထားတဲ့အတွက် မေတ္တာ ဘာဝနာ ဆောက်တည်ကတည်းက ရန်သူရယ်၊ မိတ်ဆွေရယ် မရှိတော့အောင် ပိုင်နိုင်ထားဖို့ လိုတယ်ဆိုဘာ ထင်ရှား မနေဘူးလား"

"ထင်ရှားပါတယ်။ တလောကလုံး ရန်သူပုဂ္ဂိုလ် မရှိတော့အောင် အခြေခံ ရှိထားဖို့ပဲ"

"ကဲ တနည်း တွေးကြည့်ကြအုံးစို့။ အခုန ပြောခဲ့ပြီ၊ မေတ္တာပို့ရာမှာ သူတပါးကို မပို့ခင် မိမိနှင့် ကိုယ်ချင်းစာနိုင်ဖို့ရာ ကိုယ့်ကိုယ်ကိုယ် ဆန္ဒပြုရမယ်လို့ ဆိုထားတယ်။ ဘယ်လိုဆန္ဒပြုရမလဲ"

"အဟံ အဝေရောဟောမိ၊ ငါ့မှာ ရန်ကင်းပါစေ။ အဗျာပဇ္ဇောဟောမိ၊ ကြောင့်ကြခြင်းကင်းပါစေ။ အနီဃောဟောမိ၊

ဆင်းရဲခြင်း ကင်းပါစေ။ သုခိအတ္တာနံပရိဟရာမိ၊ မိမိကိုယ်ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ဆောင်ရွက်နိုင်ပါစေ လို့ ဆန္ဒပြုမယ်"

"အေး ဟုတ်ပြီ။ ကဲ- ဒီတော့ ဆန်းစစ်ကြည့်ရအောင်။ တို့တွေက ရန်ကင်းအောင် နေကြရဲ့လား"

"အေး.... တခါတခါ ရန်ဖြစ်ချင်နေကြတယ်"

"ကြောင့်ကြတဲ့စိတ် ကင်းအောင် နေကြရဲ့လား"

"ကြိုဘင်တွေးခေါ်ပြီး သောကတွေကို ဖိတ်ခေါ်နေလိုက် ကြသေးဗျား"

"ဆင်းရဲခြင်း ကင်းအောင်ကော"

"မျက်စိ၊နား၊ နှာ၊လျှာ၊ ကိုယ်၊ စိတ်အတွက် အဆင်းရဲခံပြီး ဘာင့်ခြောက်ပါး အစာတွေ (ခွံ့)ပေးနေလိုက်ရတာ နေ့စဉ် နေ့တိုင်း နာရီတိုင်းပါပဲခင်ဗျာ"

"မိမိကိုယ် မိမိ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ဖြစ်အောင် ဆောင်ရွက်ကြရဲ့လား"

"လောကီကိစ္စ ဗာဟီရတွေနဲ့ပဲ အအိပ်ပျက်၊ အစားပျက်၊ ကိုယ်အပင်ပန်းခံလား ခံရဲ့။ စိတ်အပင်ပန်းခံလား ခံရဲ့။ လောဘ ဒေါသ၊ မောဟတွေနဲ့ (နပန်းလုံး) နေကြရတာ ပျော်တောင် ပျော်နေကြပါသေး။လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ရန်သူက သုံးယောက်၊ တို့က တယောက်ထဲ။ အဲဒါပဲ တယောက်ကလဲ (ချဲ) နေရတာ"

"ဒါဖြင့် စဉ်းစားကြည့်တော့ သူများကို မေတ္တာပို့ဖို့ထား ဘုံး၊ ကိုယ့်ကိုယ်မှကိုယ် မေတ္တာထားရကောင်းမှန်းမသိကြသေး

ပါကလား သူငယ်ချင်းရယ်။ သနားစရာ ကောင်းနေပြီနော်။ အတ္တသမံ ပေမံ နတ္တိ=မိမိကိုယ်ကို မိမိအချစ်ဆုံး။ မိမိကိုယ်နှင့်တူစွာ ချစ်စရာမရှိဆိုတဲ့ အဓိပ္ပာယ်မှ ရှင်းရှင်းမပေါ်ကြသေးပါကလား"

"အဲသည့်အဓိပ္ပာယ်ကို တို့က အလွဲသုံးစားလုပ်နေကြတယ်လေ၊ အတ္တသမံ ပေမံ နတ္တိ ကိုယ်မချိ အမိသော်လဲ သားတော်ခဲ ဆိုပြီး အမိမေတ္တာကို ခေါ်ကားရုံမကသေးဘူး၊ ဘယ်သူသေ သေ ငတေမာလျှင်ပြီးရော ဆိုတဲ့ စကားစဉ်ကိုတောင် ဖြည့်ပြီး တယောက်ချမ်းသာ ကိုယ့်ဖို့ရှာ သတ္တဝါအပေါင်း ဆင်းရဲကြောင်း၊ လုပ်နေကြပါသကော"

"အေး....အဲသည့်ဝါဒက ကိုယ့်ကိုယ်ကိုယ် တကယ်ချစ်ရာမရောက်ပဲ ကိုယ့်ကိုယ်ကိုယ် နှစ်နေကြတာလေ။ ဒါဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ ပဋိစ္စသမုပ္ပာဒ်တရားအစစ်ပေါ့။ မြန်မာလိုရှင်းရှင်းကြီး အဓိပ္ပာယ်ပြန်ပေးတာ စွန်းလွန်းဆရာတော်ဘုရားကြီးလေ၊ မသိတော့လိုချင်၊ လိုချင်တော့ပြုလုပ်၊ ပြုလုပ်တော့ရ၊ ရလို့ဒုက္ခဖြစ်၊ အဲသည့်ဒုက္ခကို သုခထင်၊ သုခထင်လို့ ပြုလုပ်၊ ပြုလုပ်တော့ရ၊ ရတော့ဒုက္ခဖြစ်၊ အဲသည့်ဒုက္ခကို သုခထင်တဲ့။ ဝိုင်းကြီးပတ်ပတ် ဒုဝေဝေ"

"သုံးဆယ့်တစ်ဘုံ ဝဋ်အတွင်း ရောက်တော့ ကရွတ်ကင်းလျှောက်တဲ့ ဘေဘုမှာ၊ အဲဒါအဲဒါ ဘဝသံသရာ။ မင့်သီချင်းလေ"

"ကဲ— သီချင်းဆိုယင်း ကိုယ့်ကိုယ်ကိုယ် မေတ္တာပို့ဖို့ ကြိုးစားကြရအောင်"

## ဗြဟ္မစိုရ်တရား (၃)

'သမီးရည်းစား လင်မယား အချစ် (၁၅၀၀)၊ မိဘအချစ် (၅၂၈)သွယ်သောမေတ္တာလို့ ပြောနေကြတာဟာ လင်မယား အချစ်က ပိုများနေတယ် ဆိုတဲ့သဘောလား''

''ဘာဆိုင်လို့လဲ။ (၁၅၀၀)က ကိလေသာတရား။(၅၂၈)က မေတ္တာတရားပဲ''

''အဲသည့် (၅၂၈)သွယ် မေတ္တာ ဆိုတာကကော မေတ္တာ (၅၂၈)မျိုးရှိလို့လား''

''မေတ္တာအမျိုးပေါင်း (၅၂၈) မျိုးရှိလို့ မဟုတ်ပါဘူး၊ ပွားပုံပွားနည်း(၅၂၈)နည်းရှိလို့ပြောနေကြတာပါ။ သင်္ချာနဲ့ ရေတွက်ကြည့်ပါလား''

(၁) ရန်မရှိသည်ဖြစ်ကြပါစေ (အဝေရာဟောန္တု)။
(၂) စိတ်မချမ်းသာမှုကင်းကြပါစေ (အဗျာပဇ္ဇာဟောန္တု)။
(၃) ဆင်းရဲခြင်းကင်းကြပါစေ(အနီဃာဟောန္တု)။
(၄) ချမ်းသာအောင် ကိုယ်စိတ်နှစ်ပါး ဆောင်ရွက်နိုင်ကြပါစေ(သုခီ အတ္တာနံ ပရိဟရန္တု)။ အဲသည့်စေတနာ (၄)ပါးကို မူတည်ပြီးတော့။
(၁) အလုံးစုံသောသတ္တဝါတွေ (သဗ္ဗေသတ္တာ)။
(၂) အလုံးစုံသောသက်ရှိတွေ(သဗ္ဗေပါဏာ)။
(၃) အလုံးစုံသောကိုယ်ထင်ရှားသူတွေ (သဗ္ဗေဘူတာ)။

(၄) အလုံးစုံသော ပုဂ္ဂိုလ်တွေ (သဗ္ဗေပုဂ္ဂလာ)။

(၅) အလုံးစုံသော ကိုယ်အတ္တဘောနှင့် အကျုံးဝင်သူတွေ (သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ)။ အဲ့သည့်(အနောဓိသ)ပုဂ္ဂိုလ်က(၅)ဦး။

"(အနောဓိသ)ဆိုတဲ့ အဓိပ္ပာယ်က ဘာတုံး"

"(ဩဓိသ)ဆိုတာက ပိုင်းခြားခြင်း၊ (အနောဓိသ) ဆိုတာက အပိုင်းအခြားမရှိခြင်းဆိုတဲ့ အဓိပ္ပာယ်ပဲ၊သုံးဆယ့်တစ်ဘုံမှာ ရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါတွေကို မပိုင်းမခြား အာရုံထားတာကို (အနောဓိသ)။ အပိုင်းအခြားပြုပြီး အာရုံထားတာက (ဩဓိသ)။

"ဘယ်လိုပိုင်းခြားသလဲ။"

(၁) အလုံးစုံသော မိန်းမတွေ၊ တိရစ္ဆာန် အမတွေပါ (သဗ္ဗာ ဣတ္ထိယော)။

(၂) အလုံးစုံသောယောကျ်ားတွေ၊ တိရစ္ဆာန် အထီးတွေပါ (သဗ္ဗေပုရိသာ။)

(၃) အလုံးစုံသောအရိယာတွေ (သဗ္ဗေအရိယာ)။

(၄) အလုံးစုံသော အရိယာမဖြစ်သေးသူတွေ (သဗ္ဗေအနရိယာ)။

(၅) အလုံးစုံသောနတ်ပြဟ္မာတွေ (သဗ္ဗေဒေဝါ)။

(၆) အလုံးစုံသောလူတွေ (သဗ္ဗေမနုဿာ)။

(၇) အလုံးစုံသော ပြိတ္တာ အသူရကာယ်တွေ (သဗ္ဗေဝိနိပါ

တိကာ)။ အဲသည့် ဩခိသပုဂ္ဂိုလ် (၇) ဦးဆိုတော့ အခုန (အနေ့ာခိသ)ငါးဦးနဲ့ပေါင်းလျှင်ပုဂ္ဂိုလ်(၁၂)ဦး။

"နေပါအုံးကွ။ ပုဂ္ဂိုလ်နဲ့သတ္တဝါ အခိပ္ပာယ် အတူတူပဲမှတ်လား၊ဘာဖြစ်လို့ ခွဲထားသလဲ"

"အဓိပ္ပာယ်ကတော့ အတူတူပါပဲ။ ဒါပေမယ့် လေးစားတဲ့ အသုံးအနှုန်းအနေနဲ့တော့ ခြားနားတယ်။ဥပမာကွာ မင့်ဘကြီးဟာ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပါလို့ ပြောယင် နားထောင်လို့ကောင်းတယ်။မင့်ဘကြီးဟာ လေးစားထိုက်တဲ့ သတ္တဝါကြီးပါလို့ ပြောယင် ဘယ့်နှယ်နေမလဲ"

"ဟာ မင်း တော်တော်ဆိုးတဲ့ ကောင်ပါလား"

"ဟားဟား စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ မင်း သဘောပေါက်အောင် ပြောလိုက်တာပါ၊ တခါတလေ နှိုင်းယှဉ်ချက်ကလေးနဲ့ ပြောလိုက်တော့ တိုတိုနဲ့ ထိတယ်ပေါ့ကွာ ဟဲဟဲ"

"ထားပါတော့၊ ထားပါတော့၊ ငါကလဲ လျှာရှည်မိတာကို၊ ဟဲ လျှာရှည်လက်စနဲ့ ရှည်လိုက်ရအုံးမယ်၊ သဗ္ဗေအရိယာ-သဗ္ဗေအနရိယာဆိုတဲ့ ပါဠိကို တချို့ စာတွေမှာ၊ သဗ္ဗေအရိယာ၊ အားလုံးသော အရိယာသူတော်ကောင်းတို့။ သဗ္ဗေအနရိယာ၊ အားလုံးသော သူတော်ကောင်းမဟုတ်သူလို့ တွေ့ဘူးပါတယ်။ အခု မင်းက သဗ္ဗေအနရိယာဆိုတာကို အားလုံးသောအရိယာမဖြစ်သေးသူလို့ ဘာသာပြန်တာက ဘာဖြစ်လို့လဲ"

"မင်း တော်တော် စေ့စေ့ ပေါက်ပေါက် နိုင်တာပဲ၊ အရိယာနဲ့ အနရိယာကို သူတော်ကောင်း၊ သူတော်ကောင်း

မဟုတ်သူလို့ ဘာသာပြန် လိုက်ယင် သူတော်ကောင်းမဟုတ် သူယုတ်မာလို့ အဓိပ္ပာယ် ပေါက်သွားလေမလားလို့”

“သူတော်ကောင်း မဟုတ်ယင် သူယုတ်မာ ဆိုတာ မှားလို့လား”

“သူတော်ကောင်း မဟုတ်ပေမယ့် သူယုတ်မာ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိသေးတယ်လေ၊ အရိယာဆိုတဲ့ ပုဂ္ဂိုလ်များက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။ အနရိယာ ဆိုတာက အဲသည့် သူတော်ကောင်းအရိယာတွေ မဟုတ်သေး သော်လဲ ကျင့်ဆဲ အားထုတ်ဆဲ အရိယာလောင်းပေါ့။ မနိုင်းကောင်း နှိုင်းကောင်း နှိုင်းကြည့်ရအောင်၊ တက္ကသိုလ်မှဘွဲ့ရပြီး သူတွေကို အင်္ဂလိပ်လို (ဂရက်ဂျူရိတ်)လို့ ခေါ်ပြီး၊ ဘွဲ့မရ သေးတဲ့ တက္ကသိုလ်ကျောင်းသားကို(အန်ဒါဂရက်ဂျူရိတ်)လို့ ခေါ်တယ်မှတ်လား၊ ငါ့အာရုံနဲ့ ငါတွေးမိလို့ ပြောတာပါ”

“ပြောပဲ ပြောပါအုံး”

“ဘွဲ့မရသေးပေမယ့် (အန်ဒါဂရက်ဂျူရိတ်) ဆိုတဲ့ လူတွေ ဟာ အလယ်တန်းကျောင်းသား၊ အထက်တန်း ကျောင်းသား တွေထက် အဆင့်မြင့်တဲ့ ကျောင်းသား ဖြစ်သလို၊ အနရိယ ပုဂ္ဂိုလ်များကိုလဲ သဗ္ဗေမနုဿ ဆိုတဲ့ သာမန် ပုဂ္ဂိုလ် မဟုတ်တဲ့ အကျင့်သိက္ခာမြင့်မားနေသော သူတော်ကောင်းများလို့ ယူဆ မိလို့ပါပဲ။ မဂ်ဖိုလ် အလို့ငှာ ကျင့်ဆောင်နေကြတဲ့ လူရှင် ရဟန်း ယောဂီတွေ ဆိုပါစို့။ မဟာစည် ဆရာတော်ကြီးက (အနရိယာ)ကို ပုထုဇဉ် ပုဂ္ဂိုလ်တွေလို့ ဘာသာ ပြန်ထား ပါတယ်”

"အရိယာ မဟုတ်သေးသမျှ ပုထုဇဉ် မဟုတ်လား၊ ဆရာတော့် စကားက အရှင်းသားနဲ့ မင်းပဲ အထွန့်တက်ချင်တယ်"

"ဝန်ခံပါတယ်ခင်ဗျား၊ ဝန်ခံပါတယ်။ ငါက လျှာရှည်မိတာကိုး။ ကဲ စောစောကပြောခဲ့သလို(အနေ့ာဓိသ) ပုဂ္ဂိုလ် (၅) ပါး၊ (ဩဓိသ) ပုဂ္ဂိုလ်က (၇) ပါး၊ နှစ်ရပ်ပေါင်းလိုက်စမ်း"

"ဆယ့်နှစ်"

"အဲသည့် ဆယ့်နှစ်ကို အဝေရာဟောန္တု အစရှိတဲ့ မေတ္တာ (၄)ပါးနဲ့မြှောက်"

"နေအုံးလေ (ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု၊ ကမ္မဿကာ)ဆိုတာတွေ ကျန်ပါသေးလား"

"ဒါတွေက ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ရည်ညွှန်းတာ ဖြစ်တယ်။ မင်း မေးနေတာ(၅၂၈)သွယ်သော မေတ္တာမှတ်လား"

"အေးလေ (၅၂၈)သွယ်သော မေတ္တာပါ"

"ဒါကြောင့်(၅၂၈)သွယ်ကို ရေတွက်ပြနေတာပဲ။ မေတ္တာသက်သက်ဆိုတော့ ကရုဏာတို့ မုဒိတာတို့ ဥပေက္ခာတို့ မပါဘူးလေ"

"အေး....သဘောပေါက်ပြီ။ ဆက်ပြော"

"ကဲ ...ပုဂ္ဂိုလ်(၁၂)ပါးကို တပါးလျှင် မေတ္တာ(၄) မျိုးစီပို့ယင် စုစုပေါင်း မေတ္တာ ဘယ်နှစ်ပါးဖြစ်လာမလဲ"

"၁၂×၄လီ = ၄၈ ပေါ့"

"အဲသည့်(၄၈)ကို အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရှေ့တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်၊ အောက်အရပ်၊ အထက်အရပ်ဆိုတဲ့ အရပ်(၁၀) မျက်နှာနဲ့မြှောက်"

"၄၈×၁၀လီ = ၄၈၀ ကွာ"

"အဲသည့်(၄၈၀)မှာ အရပ်ကို မရည်ညွှန်းပဲ ပို့တဲ့မေတ္တာ (၄၈)နဲ့ ထပ်ပေါင်း"

"မင်းကိုငါကမေးတာ ငါ့ပဲ အပေါင်း အနုတ် အမြှောက် အစား ပြန်မေးနေတော့ ကြီးတောင်းကြီးမှ သချ်ာတန်းတက်နေရတာ ကျနေတာပဲ"

"၄၈၀+၄၈ = ၅၂၈ ဖြစ်ပါပြီခင်ဗျာ ဆရာကြီးရဲ့"

"အေး....မိဘက သားသမီးကိုချစ်တာ၊ ဆွေမျိုး မောင်နှမချင်းချစ်တာ၊မိတ်ဆွေအချင်းချင်း ချစ်တာတွေဟာ မေတ္တာစိတ် (၅၂၈)သွယ်ထဲမှာ အကြုံးဝင်လို့ ယေဘုယျအားဖြင့် (၅၂၈) သွယ်သော မေတ္တာလို့ခေါ်တာ။ (၅၂၈)မျိုး မဟုတ်ဟူ၍ ငါ့တပည့်ကြီး မှတ်လေလော့၊ ဟဲ ဟဲ–ရှင်းပလား"

"အခုနပြောခဲ့တဲ့ ဒုက္ခာမုစ္စန္တု၊ယထာလဒ္ဓသမ္ပတ္တိတော၊မာဝိဂစ္ဆန္တု ကမ္မဿကာ ဆိုတာ ဝတ်ရွတ်စဉ် မေတ္တာပို့ထဲမှာတော့ ပါနေတယ်နော်"

"ဟုတ်တယ်၊ (၅၂၈)သွယ်သော မေတ္တာပွားနည်းဟာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောကြားတဲ့နည်း ဖြစ်တယ်။ ဝတ်ရွတ်စဉ်မှာ ပါတာက ရှေးဆရာကြီးများက ကရုဏာ မုဒိတာ ဥပေက္ခာ ဆက်၍ပွားနိုင်ကြစေခြင်းအလို့ငှာ ထည့်သွင်းပေးထား

တာလို့ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ မဟာဗုဒ္ဓဝင်ပါရမီခဏ်းမှာ ပြထားတော်မူတယ်။ ဘာဝနာ အဖြစ်ပွားနိုင်လျှင် အလွန်ကောင်းပါတယ်တဲ့"

"မေတ္တာပို့ရာမှာ ပါဠိလိုဆိုမှ ဖြစ်သလား။ မြန်မာစကားနဲ့ ဆိုယင်ကော"

"အဓိပ္ပာယ်သိပြီးလို့ စိတ်စေတနာသာပါယင် ဘယ်လိုဆိုဆိုပေါ့။ အေး....သူများကြားကောင်းရုံ ပါးစပ်က တတွတ်တွတ် ရွတ်နေပြီး စေတနာမပါယင်တော့ အလကားနေမှာပဲ"

"ရွတ်ယင်း ရွတ်ယင်း စိတ်ကညွတ်လာရော အကြောင်းမရှိဘူးလား"

"ရွတ်ယင်းနဲ့ ညွတ်ညွတ်၊ ညွတ်ယင်းနဲ့ ရွတ်ရွတ်၊ စိတ်သာမူလပါ ဆိုနေမှ"

"မင်းကလဲ မေတ္တာအကြောင်းပြောနေပြီး စိတ်ကသဲ လက်တဆစ်ပါလား"

"စိတ်တိုလို့ မဟုတ်ပါဘူး။ တိုတိုနဲ့လွယ်လွယ် ဖြေတာပါ။ မင်းနဲ့ ဆွေးနွေးနေသမျှ ကာလပတ်လုံး ဒေါသ မပေါ်ဖူးပါဘူး၊ မင့်ကိုတောင် ကျေးဇူးတင်မိပါရဲ"

"သာဓုဗျာ။ မေတ္တာပို့ရာမှာ စ ချင်း ချစ်တဲ့လူကိုမေတ္တာမပို့ဘူး။ ရန်သူကို မေတ္တာမပို့ရဘူးလို့ တို့ ပြောခဲ့ဘူးပြီ။ သေသူကို မေတ္တာမပို့ရဘူးဆိုတာက ဘာဖြစ်လို့လဲ"

"သေ သူဆိုတာကို မင်းဘယ်လိုသဘောပေါက်ထားလို့လဲ။ အဲဒါကို ပြောပါအုံး"

"သေသူ ဆိုတာက တမလွန် ဘဝကို ပြောင်းသွားတဲ့ လူပေါ့"

"မင်း ဒီလို ဖြေလိမ့်မယ်လို့ အထင်သားပဲ"

"ဒို့ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ သေသူဆိုတာ ကြွင်းကျန်ခဲ့သော ရုပ်ကလာပ် အသုဘ အလောင်းကိုပြောတာ။ အဲသည့် မသာ အလောင်း ကောင်ကြီးကို သရဏဂုံ ဘင်နေကြတာကိုလဲ လွဲနေတယ်။ အသက်ရှင်စဉ်က သရဏဂုံသုံးပါးတည်နေခဲ့သောသူပင် ဖြစ်စေ သေသွားလျှင် သရဏဂုံပျက်တယ်။ ဒါကြောင့် သရဏဂုံတင်လို့ ဥတုဇရုပ်မှာ မတည်နိုင်ဘူး။ ထို့အတူ မေတ္တာပို့လို့လဲ မေတ္တာ မာတ်၊ မေတ္တာစိတ်ကို လက်မခံနိုင်ဘူး။ မင်းပြောတဲ့ တမလွန် ဘဝသို့ ကူးပြောင်းသွားသူအနေနဲ့တော့ ရည်ညွှန်းနိုင်ပါသေး တယ်။ အမျှအတန်းဝေနိုင်သေးတယ်။ မေတ္တာပို့ထဲမှာ (မာ တာပိတု အာစရိယ ဉာတိမိတ္တ သမုဟာ အဝေရာ ဟောန္တု) လို့ ပါတယ်လေ"

"အေးဟုတ်ပြီ။ သားသမီးတို့ ဝတ္တရားငါးပါးမှာ (ကျွေး မွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျိုး ဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ)လို့ ဆိုထားတာပဲ။ ဒီသဘောက အသက်ရှင်စဉ် မိဘကို ကျွေးမွေး ပြီး ကွယ်လွန်သွားကြတဲ့အခါ မိဘတို့ကို အလှူကုသိုလ်ပြုတိုင်း ကောင်းမှုဘာဂကို အမျှပေးဝေပါလို့ဆိုတာ နေမှာပေါ့နော်"

"အဲသည့်အတိုင်းပေါ့။ အသုဘမှာ သရဏဂုံ တင်တယ် ဆိုတာက ကျန်ခဲ့သူများက သရဏဂုံနဲ့ သီလဆောက်တည်ပြီး

ကောင်းမှုကုသိုလ်လုပ်ကြရတာ။ အဲသည့်ကောင်းမှုကို တမလွန်ဘဝတပါး ပြောင်းသွားသူကို ရောက်ရာ၊ ဖြစ်ရာအရပ်မှ အနုမောဒနာပြုရအောင် အမျှဝေတာပဲ။ ဒါကို အတော်များများ မရှင်းကြဘူး။ အလောင်းကို သရဏဂုံ တင်တယ်လို့ မှတ်နေကြတယ်"

"အင်း တချို့က ဆေးလိပ်နဲ့ သမင်းထုပ်ကလေးတောင် ခေါင်းပေါ် တင်ပေးထားလိုက်ကြသေး၊ အမျှ အတန်း ဝေ၊ မေတ္တာပို့တာက အကျိုးရှိမှာပေါ့၊ ရုပ်ဝါဒသမားတွေကတော့ လက်ခံကြမယ် မထင်ဘူး"

"ရုပ်ဝါဒ သမားဖြစ်စေ၊ သိပ္ပံသမားဖြစ်စေ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ်ဆိုယင် မဖောက်မပြန်သော ဗုဒ္ဓ၏ ပရမတ္ထတရားကို ထင်ရှားသိသာ လက်ခံလာကြမှာပါပဲ။ နိုင်ငံခြားသား သိပ္ပံပညာရှင်များရယ်လို့ အထင်မသေးထိုက်ဘူး။ ဝကားစပ်မိလို့ ပြောရအုံးမယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အမေရိကန်၊ အနောက်ဂျာမနီအပါအဝင် ကမ္ဘာ့နိုင်ငံတကာမှ တွေးခေါ် ပညာရှင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ စုစုပေါင်းလေးဆယ်တို့ဟာ အင်းလျားမြိုင်ဆရာကြီးဦးဘခင် တရားရိပ်သာကို ချိန်းဆိုလာကြပြီးစုပေါင်း ရဟန်းခံကြတယ်၊ တရားထိုင်ကြတယ်။ ငါကိုယ်တိုင် ဆွမ်းကျွေးပြီးသူတို့နဲ့ ဆွေးနွေးမေးမြန်း ကြည့်ဖူးတယ်"

"အမယ် ငါတောင် အဲသည့်ရိပ်သာကို မရောက်ဖူး သေးဘူး။ ပြောပါအုံး"

"အင်္ဂလန်မှာ ဝိပဿနာတရားပြနေတဲ့ ဆရာကြီး ဂျွန်းကိုလ်မင် (ရဟန်းဘွဲ့ အရှင်ရာဟုလာ)က ဗုဒ္ဓ၏ ဝိပဿနာကို ယုံကြည်

လိုက်စား ကျင့်ကြံလျှင် လူတိုင်း လူတိုင်း ဘဝမှ လွတ်မြောက်မယ်တဲ့။ မေတ္တာတရားကို လူတိုင်း လူတိုင်း လက်ခံယုံကြည်ရှေးရှုမယ်ဆိုလျှင် ကမ္ဘာကြီးတခုလုံး အေးချမ်းမယ်တဲ့။ မေတ္တာဝါဒဟာ အကျူမ္ဘူလက်နက်ထက် အားကိုးစရာကောင်းပါတယ်တဲ့။ ကဲ အဲဒါ နိုင်ငံခြားက ယောဂီကြီးရဲ့ စကားပဲ။ သူတို့ရဲ့နေရပ် အပြည့်အစုံတောင် ငါ ရေးပြီး မှတ်ယူထားတာ ငါ့ဆီမှာ ရှိတယ်''

''အေး၊ သိပ္ပံပညာ ထူးထူးချွန်ချွန်ထက်လေ ဗုဒ္ဓ၏မေမကို ယုံကြည်လက်ခံလေဖြစ်မှာပဲ။ ခုပဲ နိုင်ငံခြားက ပင့်လျှောက်လို့ ဆရာတော်ကြီးများ ဝိပဿနာဘာရားစခန်းတွေ ဖွင့်ပေး ခဲ့ကြရပြီလေ။ တို့တတွေကသာ 'ကြာပင်အောက်က(ဖား)ကြာဝတ်ဆံကို မစားကြတာ''

''သိပ္ပံနည်းဆိုလို့ စာရေးဆရာသိပ္ပံ မှူးတင်နဲ့ (မေတ္တာစိတ်ဓာတ်) အကြောင်း ဆွေးနွေး ကြည့်ဖူးတယ်။ သူက သိပ္ပံ ဆောင်းပါးတွေ ခပ်များများ ရေးနေတဲ့ စာရေးဆရာ မှတ်လား''

''ဆေးလိပ်သောက်တဲ့ လူဆိုယင် 'သေခြင်းဆိုး'လို့ ဟောပြောနေတဲ့ လူလား''

''အေး၊ ဟောပြောပွဲတိုင်းမှာ ဒီလိုပဲ ပြောတတ်တယ်။ သူပြောတာက 'ချစ်ခြင်း၊မုန်းခြင်း'ဆိုတဲ့ စိတ်ဟာ ဆန္ဒပြင်းလျှင်ပြင်းသည့်အလျောက် လူရဲ့ ဦးနှောက်(လှိုင်း)တွေဖြစ်ပြီး သက်ရှိသက်မဲ့အပေါ်မှာ ဩဇာလွှမ်းပါတယ်တဲ့။ အဲသည့် စိတ်လှိုင်း

ကို အသုံးချပြီး ခြေဘူ လက်တုတွေကို လှုပ်ရှား စေနိုင်ရုံမက စိတ်လှိုင်းကို ကွန်ပြူတာထဲထည့်ပြီး လေယာဉ်၊ ဒုံးပျံ၊ ဗုံးပျံ တွေ ရေအောက်နဲ့ အာကာသတွေမှာ စက်မဲ့ လက်နက်ဆန်းတွေ တွင်နေကြပါပြီတဲ့။ ဆေးသိပ္ပံ၊ လူမှုရေးသိပ္ပံ ပညာရှင်တွေ လေ့လာကြတဲ့အခါမှာ ချစ်မေတ္တာ ခံယူရတဲ့လူဟာ ကျန်းမာ ရွှင်လန်းပြီး လူကောင်းသူကောင်းတဦးအနေနဲ့ ဆက်ဆံပေါင်း သင်းလို့ရပါတယ်တဲ့။ ချစ်မေတ္တာ မခံယူရတဲ့လူဟာ မကျန်း မမာဖြစ်ပြီး လူဆိုး သူဆိုး ဖြစ်တတ်ပါတယ်တဲ့။ ငယ်ငယ်က ချစ်မေတ္တာမခံခဲ့ရတဲ့သူဟာ ငယ်ငယ်ကဘည်းက ရောဂါထူပြီး ကြီးလာယင် လူဆိုးသူဆိုး ဖြစ်တတ်ကြတာကို သိပ္ပံ ပညာရှင် ကြီးများက လက်ခံယုံကြည် နေကြပါပြီတဲ့''

''သူ့စကားက ဓမ္မကြောင်းနဲ့ အညီသားပဲ''

''ဦးနှောက်က စိတ်လှိုင်း ဖြစ် ပေါ် တယ် ဆို တာ က လွဲယင် ညီတယ်လို့ ဆိုရမှာပေါ့''

''စိတ်ဆိုတဲ့ အတွေးအခေါ်ဟာ ဦးနှောက်မှ ဖြစ်ပေါ်တာ မဟုတ်ဘူးလား''

''ဗုဒ္ဓ၏ ဒေသနာတော်က မနောဝိညာဉ်ဆိုတဲ့ စိတ်ဓာတ်ဟာ ဟဒယရုပ်နှလုံးအိမ်ကို အမှီပြုလျက်ရှိတယ်လို့ဆိုပါတယ်။ ဒါကို ထားလိုက်အုံး။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကဆိုတဲ့ လောကသုံးပါးမှာ စိတ်ကသာ ဦးဆောင်တယ် လို့ တို့ဆွေးနွေးတဲ့အထဲ ပါပြီးပြီ။ ဒီတော့ တို့လက်လှမ်းမှီရာ တို့တဦးချင်းရုပ်နာမ်က တို့ရဲ့ ပတ်ဝန်းကျင် ကလေးကိုပဲ ပြုပြင် ဖန်ဆင်းတာသတိထားကြည့်ရအောင်။ မင်း စဉ်းစားစမ်း''

"ဘာကို စဉ်းစားရမှာလဲ"

"မင်း အလုပ်က ပြန်လာတဲ့ အခါ မင့် သားသမီး ဇနီး၊ သို့မဟုတ် အိမ်သားတယောက်ယောက်မှာ စိတ်ဆိုး စိတ်ညစ်ဖို့ အကြောင်းတခုခုနဲ့ စိတ်ညစ် နေကြတာကို မင်းက အလိုလို သတိမထားမိဘူးလား"

"အေး၊ သူတို့က ဖုံးဖိ ဟန်ဆောင်နေပေမယ့် တခုခုတော့ တခုခုပဲလို့ ရိပ်မိတယ်"

"မင်း ကိုယ်တိုင် စိတ်ညစ် စိတ်ဆိုး လာယင်ကော သူတို့ သိမလား"

"ဟာ....ပိုသိကြတာပေါ့။ အိမ်ရှေ့ပူ အိမ့်နောက်ပဲ မချမ်း သာပေါ့။ အိမ်ထောင်တခုမှာ တဦး တယောက် စိတ်မချမ်း သာယင် အိမ်ထောင်တခုလုံး ညှိုးညှိုးနွမ်းနွမ်း ခြောက်ခြောက် သွေ့သွေ့ ဖြစ်ကုန်ကြတာ အိမ်နီးချင်းကတောင် အကဲခတ် နိုင်တယ်"

"လောဘမီး ဒေါသမီး အစရှိတဲ့ မီး(၁၁)ပါးဟာ ရုပ်ကို လောင်မြိုက်နေတယ်လို့ မင်းလက်ခံပါတယ်နော်"

"ဟာလက်ခံတာပေါ့။ ဒေါသဖြစ်လာယင် မျက်ထောင့်နီ၊ နားခေါင်းနီ၊လက်တွေခြေတွေတောင် ကတုန်ကယင် ဖြစ်ကုန် တာပဲဟာ။ မျက်စိထဲမှာ မီးဝင်းဝင်းတောက်၊ အသည်းနှလုံးမှာ မီးအမြှိုက်ခံရပြီး ပြုန်းကနဲတောင် သေသွားကြသေး"

"အဲဒါမီးနဲ့လေတို့ရဲ့ သတ္တိ။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဆိုတဲ့ ဓာတ်ကြီး(၄)ပါးဟာ ကမ္ဘာဖြစ်တာလဲ သူတို့၊

ကမ္ဘာဖျက်တာလဲသူတို့၊ သတ္တဝါဖြစ်တာလဲ သူတို့၊ ဖျက်တာလဲ သူတို့"

"မြေ-ရေ-လေ-မီး၊ ဓာတ်ကြီးအစုပါ၊ လွန်တရာ မမြတ်သော၊အတ္တဘောခန္ဓာ၊ဦးပြုံးချိုရဲ့ တေဘုမ္မာ သီချင်း အတိုင်း လား"

"ဟုတ်ပါတယ်။ ငါပြောချင်တာက ရာသီဥတု ဓာတ်ကြီး လေးပါးက လူတွေမှာရှိတဲ့ ဓာတ်ကြီးလေးပါးကို ပူပြင်ဖောက် ပြန်စေတယ်။လူတွေမှာရှိတဲ့ ဓာတ်ကြီးလေးပါးကလဲ ရာသီဥတု ဩကာသလောကကို ပူပြင် ဖောက်ပြန်စေတတ်လို့ ပြောချင် တာပါ"

"မင်းပြောချင်တာက ဘယ်နေရာမှာမဆို ဓာတ်ကြီးလေး ပါးချင်း ရောနှောယှက်နွယ် ဆက်ဆံနေတယ်ပေါ့"

"ဟုတ်ပါတယ်။ ဒီတော့ သတ္တဝါတွေကို ကြည့်လိုက်စမ်း၊ အထူးသဖြင့် စိတ်ဓာတ်အားကြီးတဲ့လူတွေကို ကြည့်လိုက်စမ်း။ အသက်မွေးမှု၊အစာရေစာ၊ဥစ္စာစီးပွားနဲ့ နေ့နေ့ညည ပုပု ရွရွ အလုပ်အယက် လုပ်ကြ၊ကိုင်ကြ၊သွားလာလှုပ်ရှားကြ၊ကြံစည်ကြ၊ ကြောင့်ကြပူပန် ခိုက်ရန်ငြင်းခုံ၊ မလိုတမာ မနာလို မရှုဆိတ်၊ အဲသည့်မီးတွေက ပူလောင်မနေကြဘူးလား"

"အဲသည့်မီးတွေက ကမ္ဘာအစကတည်းက လူတွေကိုလောင် လာတာ မဟုတ်လား"

"ကမ္ဘာအစကလူတွေထက် အခုတို့လူတွေမှာ ပိုမလောင် ဘူးလား၊ အဆမတန်ပိုလောင်နေကြတယ်။ဘာဖြစ်လို့လဲ၊ အခုရှိ

"ဘာကို စဉ်းစားရမှာလဲ"

"မင်း အလုပ်က ပြန်လာတဲ့ အခါ မင့် သားသမီး ဇနီး၊ သို့မဟုတ် အိမ်သားတယောက်ယောက်မှာ စိတ်ဆိုး စိတ်ညစ်ဖို့ အကြောင်းတခုခုနဲ့ စိတ်ညစ် နေကြတာကို မင်းက အလိုလို သတိမထားမိဘူးလား"

"အေး၊ သူတို့က ဖုံးဖိ ဟန်ဆောင်နေပေမယ့် တခုခုတော့ တခုခုပဲလို့ ရိပ်မိတယ်"

"မင်း ကိုယ်တိုင် စိတ်ညစ် စိတ်ဆိုး လာယင်ကော သူတို့ သိမလား"

"ဟာ....ပိုသိကြတာပေါ့။ အိမ်ရှေ့ပူ အိမ့်နောက် မချမ်းသာပေါ့။ အိမ်ထောင်တခုမှာ တဦး တယောက် စိတ်မချမ်းသာယင် အိမ်ထောင်တခုလုံး ညှိုးညှိုးနွမ်းနွမ်း ခြောက်ခြောက်သွေ့သွေ့ ဖြစ်ကုန်ကြတာ အိမ်နီးချင်းကတောင် အကဲခတ်နိုင်တယ်"

"လောဘမီး ဒေါသမီး အစရှိတဲ့ မီး(၁၁)ပါးဟာ ရုပ်ကို လောင်မြိုက်နေတယ်လို့ မင်းလက်ခံပါတယ်နော်"

"ဟာလက်ခံတာပေါ့။ ဒေါသဖြစ်လာယင် မျက်ထောင့်နီ၊ နှာခေါင်းနီ၊လက်တွေခြေတွေတောင် ကတုန်ကယင် ဖြစ်ကုန်တာပဲဟာ။ မျက်စိထဲမှာ မီးဝင်းဝင်းတောက်၊ အသည်းနှလုံးမှာ မီးအမြှိုက်ခံရပြီး ဗြုန်းကနဲတောင် သေသွားကြသေး"

"အဲဒါမီးနဲ့လေတို့ရဲ့ သတ္တိ။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဆိုတဲ့ ဓာတ်ကြီး(၄)ပါးဟာ ကမ္ဘာဖြစ်တာလဲ သူတို့၊

ကမ္ဘာဖျက်တာလဲသူတို့၊ သတ္တဝါဖြစ်တာလဲ သူတို့၊ ဖျက်တာလဲ သူတို့”

“မြေ-ရေ-လေ-မီး၊ ဓာတ်ကြီးအစုပါ၊ လွန်တရာ မမြတ်သော၊အတ္တဘောခန္ဓာ၊ဦးပြုံးချို၏ တေးတမှာ သီချင်း အတိုင်းလား”

“ဟုတ်ပါတယ်။ ငါပြောချင်တာက ရာသီဥတု ဓာတ်ကြီးလေးပါးက လူတွေမှာရှိတဲ့ ဓာတ်ကြီးလေးပါးကို ပြုပြင်ဖောက်ပြန်စေတယ်။လူတွေမှာရှိတဲ့ ဓာတ်ကြီးလေးပါးကလဲ ရာသီဥတုဩကာသလောကကို ပြုပြင် ဖောက်ပြန်စေတတ်လို့ ပြောချင်တာပါ”

“မင်းပြောချင်တာက ဘယ်နေရာမှာမဆို ဓာတ်ကြီးလေးပါးချင်း ရောနှောယှက်နွယ် ဆက်ဆံနေတယ်ပေါ့”

“ဟုတ်ပါတယ်။ ဒီတော့ သတ္တဝါတွေကို ကြည့်လိုက်စမ်း၊ အထူးသဖြင့် စိတ်ဓာတ်အားကြီးတဲ့လူတွေကို ကြည့်လိုက်စမ်း။ အသက်မွေးမှု၊အစာရေစာ၊ဥစ္စာစီးပွားနဲ့ နေ့နေ့ညည ပုပု ရွရွ အလုအယက် လုပ်ကြ၊ကိုင်ကြ၊သွားလာလှုပ်ရှားကြ၊ကြံစည်ကြ၊ ကြောင့်ကြပူပန် ခိုက်ရန်ငြင်းခုံ၊ မလိုတမာ မနာလို မရှုဆိတ်၊ အဲသည့်မီးတွေက ပူလောင်မနေကြဘူးလား”

“အဲသည့်မီးတွေက ကမ္ဘာအစကတည်းက လူတွေကိုလောင်လာတာ မဟုတ်လား”

“ကမ္ဘာအစကလူတွေထက် အခု တို့လူတွေမှာ ပိုမလောင်

 ဘူးလား၊ အဆမတန်ပိုလောင်နေကြတယ်။ဘာဖြစ်လို့လဲ၊ အာရုံ

ခြောက်ပါး ခံစားရာတွေက ကမ္ဘာအစကထက် အဆမတန် ပိုလာကြလို့ပေါ့။ ခံစားစရာတွေပိုလာတော့ ခံစားချင်စိတ်တွေ ပိုလာတယ်၊ ခံစားချင်စိတ်တွေပိုလာတော့ ခံစားနိုင်အောင် ပိုပြီးလောဘ၊ ဒေါသ၊မောဟဖက်လာကြတယ်။ စားဝတ်နေမှု အကုန်လုံးကို စဉ်းစား။ တိုးသည်ထက် တိုးလာ-မလာ"

"တနေ့တခြားတိုးတက်နေကြတာတော့ အထင်အရှားပဲ"

"မင့်အိမ်မှာ မင်းတယောက်တည်းရဲ့ လောဘ၊ ဒေါသ မီးကြောင့် မင်းမိသားစုကို ခြောက်သွေ့ညှိုးနွမ်း နိုင်စေတယ် ဆိုယင် တတိုင်းလုံးတပြည်လုံးတကမ္ဘာလုံးရဲ့ လောဘမီး၊ ဒေါသမီးတွေကိုစုပေါင်းလိုက်မယ်ဆိုယင် အပူဓာတ်တွေ တက်မလာ ပေဘူးလား"

"နေ့ရောညရော တရှိန်ရှိန် တလိပ်လိပ် တက်နေကြတော့ မှာပေါ့"

"အဲသည့်အခိုးအငွေ့တွေက လေလှိုင်းတွေဖြစ်ပြီး နေလ နက္ခတ်တို့ရဲ့သွားရိုးသွားစဉ်တွေကို ဖောက်ပြန်စေတယ်။ မိုးလေ ဝသတွေဖောက်ပြန်စေမယ်။ ရာသီဥတု မမှန်တော့ အသီးအနှံ တွေ ဖျင်းဖျင်းသိမ်သိမ်အဆီအစေးသြဇရသတွေ ပျက်၊ဒါတွေ ကို လူတွေကစား၊ ခွန်အားမဖြစ်၊ ရောဂါထူပြော၊ စိတ်ဓာတ် တွေညံ့၊ လောဘဒေါသတွေပိုဖြစ်။ ပိုဖြစ်လို့စိတ်ညစ် စိတ်ဆိုး တွေက အခိုးဖြစ်။ မိုးလေကမမှန်။ လောကဓာတ် ဆိုတာ လောက-ဓာတု။ ဓာတ်ကြီးလေးပါး ဖောက်ပြန်ကုန်တာ ပြော ပါတယ်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အဲသည်က စလိုက်ဘာ အစာ တော်ခြင်း၊ ရောဂါထူပြောခြင်း၊ လူယက် သတ်ဖြတ်ခြင်းဆိုတဲ့ ကပ်ကြီးသုံးပါးဖြစ်ကုန်ရော။ အေး....ငါစဉ်းစားမိပြီ၊ တို့ ငယ်ငယ်ကအဆုပ်ရောဂါတို့၊ကင်ဆာတို့၊ သွေးတိုး နှလုံးရောဂါတို့ ဆိုဘာ ရှိဘော့ရှိပါလိမ့်မယ်၊ ခုခေတ်လောက် (ပေါပြူလာ) မဖြစ်ပါဘူး။ ခုခေတ်ဖြင့် သွေးတိုးရောဂါနဲ့ နှလုံးရောဂါဆိုဘာ လူကြီးလူကောင်းရောဂါ လို့တောင် ခေါ်ရမလား မသိဘူး။ ဟုတ်ဘယ်"

"ခုခေတ် လူကြီးလူကောင်းတွေက ပိုပြီး မီး (၁၁)ပါး လောင်နေကြလို့ဖြစ်မှာပေါ့၊ကမ္ဘာဦးကလူတွေရဲ့မီးထက်ပိုဘယ် ဆိုဘာ လက်ခံတွေ့လေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ငါဝန်ခံပါတယ်"

"အဲ့ကို ငြိမ်းအေးစေတယ်ဆိုတာ ရေ-မဟုတ်လား"

"ဟုတ်ပြီ -မီး(၁၁)ပါးကို ငြိမ်းသတ် နိုင်တာက မေတ္တာ ရေပင်"

"ဒီလိုဆိုယင် မေတ္တာသုတ်မှ စလာသော ပြဟ္မစိုရ်ဘရားပါ နိဂုံးချုပ်ကြစို့ရဲ"

"နိဂုံးချုပ်လိုလဲ ချုပ်ပါဘော့လေ။ ငါ့အနေနဲ့ဘော့သိဘန် သမျှသိရလို့ ကျေနပ်ပါတယ်"

"ငါနှင့် ဆွေးနွေးခဲ့သလောက်နဲ့ ကျေနပ်ဖို့ မဟုတ်သေး ပါဘူး၊ ထိုထက် ထိုထက် ဆည်းပူးလေ့လာကြားနာ ဖဘ်ရှု ကျင့်ဆောင်ပြီး မေတ္တာဘာဝနာမှ ဝိပဿနာ စခန်း ရောက် အောင် ကြိုးပမ်းကြစို့ရဲ သူငယ်ချင်းဘျား"

“ကောင်းလှပါပြီခင်ဗျာ၊ သာဓု-သာဓု-သာဓု”

မှတ်စိမ့်ကျမ်းလို၊ တဏှာဆိုပိုမ့်၊ ဗြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊ သတ္တဝါဟူဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာခွန်အား၊ သက်ရှည်ပွားဧ။ လေးပါးဗြဟ္မစိုရ်၊ ကုသိုလ်သမ္မာ၊ ကင်းကြခါ၌၊ ယက္ခာဓိပ၊ ဂုန္ဒာစသား၊ နတ်ကြီးများတို့၊ စိမ်းဝါးကြမ်းခက်၊ သံဘက်ဥပါ၊ မိစ္ဆာရဲဆိုး၊ ဘီလူးမျိုးတို့၊ စောင့်စိုးမအုပ်၊ မချုပ်သော့အား၊ ပေါက်လွှတ်ထား၍၊ လူများဘေးရောက်၊ သေပျောက်ဥပဒ်၊ များသတတ်တည့်။ မှတ်လေ့တသွယ်၊ လူတို့ဝယ်လျှင်၊ ကြီးငယ်အများ၊ မင်းပုဏ္ဏားက၊ ယောကျ်ားမိန်းမ၊ ကြင်ကာလန္ဒိုက်၊ လောဘတရား၊ စရိုက်များလျက်၊ ကြံပွားမဆိတ်၊ ထို ကြောင်းဟိတ်ကြောင့်၊ ဒုဗ္ဘိက္ခန္တရ၊ ကပ်ကြီးကျ၍၊ ငတ်ကြမွတ်ကြ၊ မဝရေစာ၊ တောင့်တကာလျှင်၊ များစွာ သေပျောက်၊ ပြိတ္တာရောက်ဧ။ မီးဘောက်တမျှ၊ ဟုန်းဟုန်းထလျက်၊ ဒေါသဟိတ်လွန်၊ ပြန့်ပွားဝှန်သော်၊ သတ္ထန္တရ၊ ကပ်ကြီးကျ၍၊ သတ်ကြဖြတ်ကြ၊ အာဃာတဖြင့်၊ သေကတုံမြောက်၊ ငရဲရောက်ဧ။ ထို့နောက်ဉာဏ၊ နည်းပါးကြကြောင့်၊ မောဟာသမုဋ္ဌာန်၊ ထိုဟိတ်လွန်က၊ ရောဂန္တရ၊ ကပ်ကြီးကျ၍၊ များလှရောဂါ၊ ဝေဒနာဖြင့်၊ ခန္ဓာပျက်သူ၊ ပြန့်ပြောထူလျက်၊ အယူမမှား၊ ချင်းချင်းအားလည်း၊ သနားကြင်နာ၊ ကရုဏာနှင့်၊ မေတ္တာ

မကင်း၊ သေကြလျှင်း၍၊ ခပင်းများစွာ၊ သတ္တဝါတို့၊ လူ့ရွာနတ်ခြောက်၊ဖြစ်ကြရောက်၏။ မပေါက်မှန်စွာ၊ ကျမ်းနိုက်လာခဲ့၊ လေးဖြာငြုပ်မှစိုရ်၊ ပျက်ယှင်းယို၍၊ အကုသိုလ်မူလ၊ဟိတ်ပါပတို့၊ ပွားကြကုန်ဘိ၊ ထိုသတ္တ ကြောင့်၊ကလိယုဂ်ဟု၊ သမုတ်သညာ၊ ဝေါဟာပညပ်၊ ခေါ်ဝေါ်အပ်သား၊ ဆုတ်ကပ်ကာလ၊ ဟာယနနိုက်၊ လောကလူ့ရွာ၊သတ္တဝါတို့၊ ဓမ္မတာတရား၊ ဟိတ်သုံး ပါးနှင့်၊ ကပ်အား ဘော်ရမည်ကိုကား။

(မန်လည်ဆရာတော်-မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်)

သုခီအတ္တာနံ ပရိဟရန္တု။

**သုခ**

## မေတ္တာဟူသည်

ခင်မျိုးချစ်

ဆရာဦးသုခ၏ မေတ္တာသုတ် ဆောင်းပါးများကို လုံးချင်းစာအုပ် ထုတ်မည်ဖြစ်ရာ ကျွန်မအား အမှာစာရေးရန် တိုက်တွန်းပါသည်။

"အနောက် နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆများကို နောက်ခံထားပြီး ရေးပါ"ဟုလည်း မှာကြားပါသည်။

ထိုအခါ ကျွန်မစိတ်ထဲတွင် ဤသို့ ဖြစ်ပေါ်လာပါသည်။ မေတ္တာသုတ်ဒေသနာတော်၌ လာသည်အတိုင်း မေတ္တာဘာဝနာ (ဝါ)မေတ္တာဖြင့် ယှဉ်သောစိတ် ပွားများနိုင်သူသည် မည်ကဲ့သို့သောသူ ဖြစ်သနည်း။ ခေတ်မှီသိပ္ပံတွေ တွန်းကားသဖြင့် လောကစည်းစိမ်အရာတွင် အထွတ်အထိပ်သို့ ရောက်နေသော နိုင်ငံကြီ

များက လူမျိုးတွေ မည်သို့ မေတ္တာတရားနှင့် ယှဉ်တွဲနိုင်ကြမည်နည်း။

မေတ္တာသုတ်ဒေသနာတွင် သန္တုဿကောစ=ရောင့်ရဲ လွယ်သည်လည်း၊ အဿ=ဖြစ်ရာ၏ဟု ဆိုသည်။

စက်မှုသိပ္ပံ ထွန်းကားသော နိုင်ငံကြီးသားများ၏ စိတ်နေစိတ်ထားကို အဝေးကပင် သိမြင် အကဲခတ်နိုင်ပါသည်။

'ရောင့်ရဲလွယ်သည်' ဟူသောစကားသည် သူတို့လောကမှာ လူပျော့၊ လူညံ့၊ လူပျင်းတို့၏ စိတ်ဖြစ်သည်ဟု ယူဆကြသည်။ လောကီအာရုံများကို ဘယ်သောအခါမျှ ရောင့်ရဲနိုင်သည် ဟူ၍ မရှိ။ ဆထက်တပိုး တိုးတက်ရှာဖွေ ခံစားနိုင်မှ လူရည်တတ်ဟု အမှတ် ပြုကြသည်။

ပိုက်ဆံကြေးငွေ တတ်နိုင်လို့သာ ဖြစ်လျှင် လောကကြီးမှာ လိုချင်သလောက် စည်းစိမ်တွေ ခံစားနိုင်ကြသည်။ သူတို့အဖို့ မသုံးဆောင် မမှီဝဲအပ်သော ကာမဂုဏ် အာရုံဟူ၍ အကန့်အသတ် မရှိတော့ချေ။ သီလ အကျင့်သိက္ခာတံတိုင်း ကာဆီးခြင်း မရှိ၊ မီးကုန်ယမ်းကုန် စံစားနိုင်ကြသည်။

လောကစည်းစိမ်တွေ စံစားနိုင်ရန်အတွက် သိပ္ပံပညာ စက်မှုအင်အားတွေက ထူးပေဆန်းပေဆိုသည့် ပစ္စည်းတွေ ထုတ်လုပ်ပေးကြသည်။

ယုတ်စွအဆုံး ထင်ရှား မြင်နိုင်သော ဥပမာ ပြရလျှင် မော်တော်ကား၊ ရုပ်မြင်သံကြားစက်၊ အိမ်ထောင်ပရိဘောဂ၊ အနန်းဆီး၊ ကူရှင်၊ ကော်ဇောပစ္စည်းတွေ အရောင်မှ မညှိုးမိ နောက်ထပ် အသစ်ပေါ်လာလျှင် လဲပစ်ကြသည်။ တနှစ်နှင့်

တနှစ်မတူ၊အသစ်အဆန်းပေါ်လာတိုင်း လဲနိုင်မှ လူရာဝင်သည်။ ထိုအာရုံတွေနောက်သို့ အစဉ်တစိုက် လိုက်နေခြင်းသည်ပင် လူ့ဘဝ၏ အရသာဟု ယူဆနေကြသည်။

ထိုအခြေအနေမျိုးတွင် မေတ္တသုတ် ဒေသနာ၌ ပါရှိသော 'ရောင့်ရဲလွယ်ခြင်း' ဟူသော တရားကို သိမ်းပိုက်နိုင်ကြမည် မဟုတ်ချေ။

မြန်မာ လူမျိုးများသည် ရောင့်ရဲလွယ်ကြသည်- (သူတို့နှင့်နှိုင်းလျှင်)'ဒါကြောင့် မတိုးတက်တာပေါ့'ဟု ဆိုချင်ကြသည်။

တိုးတက်ကြီးပွားသည် ဆိုရာတွင် လူအများ လူတမ်းစေ့ ကျန်းမာရေး၊ ပညာရေး၊ အသက် မွေးဝမ်းကျောင်း ပြည့်စုံခြင်းကား လိုလားအပ်ပေသည်။ သို့သော် လျှမ်းလျှမ်းတောက် ကြီးပွားတိုးတက်ရခြင်းသည်။ မေတ္တာတရား ခေါင်းပါးခြင်း၊ အကျင့်သီလ ပျက်စီးခြင်း တည်းဟူသော အဖြစ်မျိုးတွေ နောက်က ကပ်ပါလာတတ်သည်ကိုလည်း သတိမလွတ်ဖို့ လိုအပ်ပေသည်။

သုဘရောစ=မွေးမြူလွယ်သည်လည်း အဿ=ဖြစ်ရာ၏။အပ္ပကိစ္စောစ=နည်းသောကိစ္စရှိသည်လည်း၊ အဿ=ဖြစ်ရာ၏။သလ္လကဝုတ္တိစ = ပေါ့သော အသက်မွေးခြင်း ရှိသည်လည်း၊ အဿ= ဖြစ်ရာ၏။

ဤသို့ မေတ္တသုတ်ဒေသနာတော် လာရှိသော အခြေခံ တရားများသည် သူတို့တိုင်းပြည်တွေမှာ ကင်းဝေးလှသည်။ အပ်ပျောက်မြေကျ ရှာမရသည့်နှယ် ရှိတော့သည်။

လောကစည်းစိမ် ကာမဂုဏ်နယ်ခွဲချင်တိုင်း ခွဲနေကြသူတွေ ကြားထဲတွင် 'နည်းသော ကိစ္စရှိရမည်' ဟူသော စကားသည် 'ရန်စကား' ဖြစ်နေပေမည်။

ကိုယ့်ဘာကိုယ်အတွက် အာရုံခံစားဖို့ ရလေလိုလေ မရောင့်ရဲ နိုင်သူအဖို့ သူ့ဘာပါးအပေါ်၌ မေတ္တာတရား အဘယ်မှာ ထား နိုင်ပါတော့မည်နည်း။ အကျင့်သီလသိက္ခာကိုလည်း အဘယ်မှာ စောင့်စည်း နိုင်ပါတော့မည်နည်း။

ထို့ကြောင့် သူတို့ဆီမှာ အကျင့်သီလတွေ မကြားဝံ့မနာသာ အောင် ပျက်စီးနေကြသည်။

ထိုအခြေအနေကို လျစ်လျူရှုမထားနိုင်သော အသိပညာရှင်၊ အတတ်ပညာရှင်တွေ ရှိကြသည်။ ဘယ်လိုများ ပြုပြင်ရပါမည် နည်းဟု စိန္တယိ သု—ကြံစည်နေကြကုန်သည်။

သူတို့ကြံစည်ပုံကို တင်ပြလိုပါသည်။သူတို့နိုင်ငံတွေမှာ လူနေ မှု အဆင့်အတန်းမြင့်သည်၊ နေ့စဉ်ပြုဖွယ်ကိစ္စ အိမ်တွင်းအိမ်ပြင် သွားလာရေး ဗာဟိရများကို ခလုတ်နှိပ်ရုံနှင့် ကိစ္စပြီးကြသည်။

ထိုအခြေအနေမျိုးကို စက်မှုသိပ္ပံပညာဖြင့် ဖန်တီးထားသော စက်ရုံကြီးတွေက လုပ်ပေးကြသည်။ ထို စက်ရုံကြီးတွေ လည် ပတ်ဖို့ 'လောင်စာ' လိုသည်။ လောင်စာ တခါပြတ်လိုက်လျှင် အိမ်ထဲမှာ ချက်ရေးပြုတ်ရေးသာမက မျက်နှာသစ်၊သွားတိုက်ဖို့ အောင် မဖြစ်နိုင်တော့ချေ။ သွားရေး လာရေးမှာလည်း ခြေ တောက်ချိုးထားသည့်နှယ် ဖြစ်နေကြတော့သည်။

လောင်စာတွေ ပေါသည့်အခါ စည်းစိမ် ရှိသ လောက် လောင်စာပြတ်သောအခါမှာ ဒုက္ခ တွေ့ကြရသည်။

ဤသို့ နှာခေါင်းကျည့်မှု တွေ့ကြရဖန်များလာသောအခါ 'ဒီလိုဆို မဖြစ်ချေဘူး'ဟု 'ထွက်ပေါက်' ရှာကြသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က အမေရိကန်ပြည်တွင် (Lindis Farne) လင်းဒစ်ဖန်းခေါ် အဖွဲ့တခု ပေါ်လာခဲ့သည်။ ထိုအဖွဲ့တွင် သမိုင်းပညာရှင်၊ မနုဿဗေဒ ပညာရှင်၊ စီးပွားရေးပါရဂူ၊ ရူပဗေဒပညာရှင်၊ သိပ္ပံပညာရှင်များ ပါဝင်သည်။

လ(လင်းဒစ်ဖန်း)အဖွဲ့ဝင်တဦးဖြစ်သော စီးပွားရေး ပါရဂူ (Schumacher) (ရှူးမားခါး)ရေးသော (Small is Beautiful)"ငယ်မှလှသည်" စာအုပ်တွင် ပါသောအခန်းတခန်းတွင် ဗုဒ္ဓဘုရားရှင် ဟောတော်မူသော မဂ္ဂင် (၈)ပါးကို ကိုးကားရေးထားသည်။သမ္မာအာဇီဝဖြစ်မှ ချမ်းသာမှုအစစ်ရရှိနိုင်သည်ကို ရေးထားသည်။

(လင်းဒစ်ဖန်း)အဖွဲ့သည် လူတို့ဘဝရပ်တည်နေထိုင်ရေးကို ကိစ္စအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ရည်ရွယ်ချက်ကို ဦးတည်၍ လက်တွေ့စမ်းသပ်နေကြသည်။

အသိပညာရှင်, အတတ်ပညာရှင်များ ခေါင်းဆောင်သော (လင်းဒစ်ဖန်း) အဖွဲ့သည် မိမိတို့အုပ်စု နေထိုင်ရေးအတွက် ဓာတ်အားကို နေရောင်ခြည်အစရှိသော သဘာဝမှ "လုံလောက်ရုံ"ရယူကြသည်။စက်ရုံကြီးတွေကို အားမကိုးပဲ "ခြေနိုင်ဖြုက်နိုင်"ကိရိယာတန်ဆာပလာများကို သုံးကြသည်။

"ကမ္ဘာမြေကြီးပေါ်မှာ ဝန်မလေးစေပဲ ပေါ့ပေါ့ပါးပါး နေကြရအောင်"ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ထားကြသည်။

ဤသည်ပင် "သလ္လဟုကဝုတ္တိစ=ပေါ့သော အသက်မွေးခြင်းသည်။ အသ=ဖြစ်ရာ၏" ဟူသော မေတ္တာသုတ်တော်လာရှိသော အဆုံးအမနှင့် ဝင်ဆံ့နေသည်ကို တွေ့ရပေသည်။

(လင်းဒစ်ဖန်း) အဖွဲ့ကို စတင် တည်ထောင်၍ ယနေ့အထိ တက်ကြွစွာ ဆောင်ရွက်နေသူ (William Irwin Thompson) ဝီလီယံ- အာဝင်- သော်မေဆင်၏ ဆောင်းပါးတခု (Dialogue)ဒိုင်ယာလော့မဂ္ဂဇင်းတွင် ဖတ်လိုက်ရသည်။

ထိုဆောင်းပါးတွင် "လူသားတွေ ရှေ့ကိုဘယ်လို ရပ်တည်မည်နည်း" ဟူသော ပြဿနာကို တင်ပြဆွေးနွေးထားသည်။ ထိုဆောင်းပါး၌ ပါရှိသော အချက်များကို အကျဉ်းချုပ်လိုရင်း တင်ပြပါမည်။

လူသားတို့၏နောင်ရေးအတွက် စီမံကိန်းဆွဲရာတွင် အရေးကြီးသော အခြေခံတရားမှာ "စက်မှုကိရိယာများကို သေးသေးငယ်ငယ် လုပ်ခြင်း"ဖြစ်သည်။

လက်ရှိအခြေအနေမှာ လူသားနှင့်စက်တို့၏ အတိုင်းအတာ အဆမတန်ကွာခြားနေသည်။အစက လူက စက်ကိုခိုင်းဖို့ လုပ်ခဲ့ကြသည်။ ယခုတော့စက်က လူပြန်ခိုင်းပြီး လူတွေကို စက်တွေကပြန်"နှိပ်စက်"နေကြသည်။ သို့ဖြစ်၍ စက်တွေ၏ အရွယ်အတိုင်းအတာကို လျှော့ပစ်ရမည်။

စက်များ၏ အတိုင်းအတာ သေးငယ်ပါမှ လူတွေ စက်၏"နှိပ်စက်"ခြင်းခံရသောဒုက္ခသက်သာကြတော့မည်။ စက်မှုသိပ္ပံ အင်အားကြီးမားသဖြင့်ပစ္စည်းတွေ အမျိုးမျိုး အဆန်းထွင်ပြီး လိုသည်ထက်ပို၍ အဆမတန်ထုတ်လုပ်ကြသည်။ ထိုပစ္စည်းတွေ

ဝယ်ယူသုံးနိုင်ဖို့ ပိုက်ဆံကြေးငွေ အရှုံးအမှုး ရှာကြရသည်။ ထို့ကြောင့် လူတွေ စိတ်နေစိတ်ထားရှုန့်ရင်း ကြမ်းတမ်းလာကြသည်။ လူတို့ ယဉ်ကျေးမှု နူးညံ့စေသော ပညာ ဗဟုသုတ အတွေးအခေါ်များ ခေါင်းပါးလာကြသည်။

တဖက်က စက်မှုသိပ္ပံပညာက သစ်သမျှ ဆန်းသမျှ ပစ္စည်းတွေကို ထည်လဲ ဝယ်ယူယုံးနိုင်ခြင်းကို 'တန်ဖိုးထား' သော စိတ်ကို အားပေးသည်။

လူသားတို့ စိတ်အေးချမ်းမှု၊ ယဉ်ကျေး သိမ်မွေ့မှုကို အားပေးသောကုန်ပစ္စည်းမျိုးကို တန်ဖိုးမထား မထုတ်လုပ်ပဲ နေကြသည်။ ထို့ကြောင့် လူတို့၏ စိတ်အေးချမ်းမှု၊ ယဉ်ကျေး သိမ်မွေ့မှုကို တန်ဖိုးမထားပဲ နေကြသည်။

(လင်းဒစ်ဖန်း) အုပ်စုသည် ထိုကဲ့သို့'တန်ဖိုးထား' လွဲမှားနေသည်ကို ပြုပြင်ပေးရန် ရည်မှန်းသည်။

ပစ္စည်းအသစ်အဆန်းတွေနောက်သို့ မီးခိုးမဆုံး၊ မိုးမဆုံး လိုက်နေမည့်အစား လူတို့၏စိတ် တည်ငြိမ်ချမ်းသာမှု၊ ယဉ်ကျေး သိမ်မွေ့မှုရအောင်ကြိုးစားရမည်ဟူသော အတွေးအခေါ်ကို သွင်းယူလာကြသည်။

(လင်းဒစ်ဖန်း)အုပ်စုသည် ပထမခြေလှမ်းအဖြစ်နှင့် ကိစ္စနည်းနည်းနှင့်ပေါ်ပါးသော အသက်မွေးမှုကို လက်တွေ့စမ်းသပ်နေကြသည်။သူတို့သည် သိပ္ပံပညာနှင့် စက်မှုအင်အားကို လုံးဝ ပင်ပယ်ကြသည်မဟုတ်ချေ။ စက်မှု သိပ္ပံပညာကို လူသားတို့၏ လူတမ်းစေ့ နေထိုင်ရေးအတွက် 'ချိန်ချိန်ဆဆ' အသုံးချတတ်အောင် စမ်းသပ်လေ့ကျင့်ကြသည်။

သော်မဆင်က ဤသို့ဆိုသည်။

"ကျွန်ုပ်ကိုယ်တိုင် ပါဝင် ဆောင်ရွက် နေသော (လင်းဒစ်ဖန်း)အုပ်စုသည် နေရာတကာ တိုးတက် ဖွံ့ဖြိုးရမည်ဟူသော အတွေးအခေါ်ကိုနောက်ခိုင်းထားခဲ့သည်။ ရှေးရှေးက အသုံးချခဲ့ဖူးသော နည်းနိဿယများ၊ သယံဇာတပစ္စည်းများကို တဖန်ပြန်၍အားကိုး လုပ်ကိုင်မှုကို ရှေးရှုလျက်ရှိသည်။

"ဥပမာ(၁၁)ကေမျှကျယ်သော မြေပေါ်တွင် အစွမ်းကုန်စိုက်ပျိုးလုပ်ကိုင်လျှင် မည်မျှအကျိုးစီးပွားဖြစ်မည်ကို လက်တွေ့စမ်းသပ်ကြည့်ကြသည်။

"ရှေးဦးစွာဟင်းသီးဟင်းရွက် သစ်သီးဝလံပင်များကို စိုက်ပျိုးကြသည်။ မကြာမီပင်ဆက်လုပ်ကြမည့် အစီအစဉ်များတွင် ကြက်မွေးခြံ၊ဆိတ်မွေးခြံ၊ လက်မှုပညာ လုပ်ငန်း အလုပ်ရုံများ အပြင်(Meditation House) ကမ္မဋ္ဌာန်းကျောင်း တခုလည်း ဆောက်လုပ်ဦးမည်"

ထိုစာပိုဒ်ကိုဖတ်လိုက်ရသောအခါ ကြက်ခြံ၊ ဆိတ်ခြံတွေ၊ အလုပ်ရုံတွေကြားထဲတွင် ကမ္မဋ္ဌာန်းကျောင်း ပါနေသည်မှာ အတော်ဆန်းနေသည်။ ဘာကြောင့်ပါရသည်ကို (သော်မဆင်)၏ ဆောင်းပါးအဆုံးသတ်တွင် ရှင်းသွားသည်။

"၁၉၈၄-ခုနှစ်ဆိုလျှင်တော့ကျွန်ုပ်တို့လမ်းနှစ်ခွမှာ ရပ်နေလျက်သားဖြစ်နေမည်။ ဘယ်လမ်းလိုက်မည်ကို လူတိုင်းလူတိုင်း ထင်ထင်ရှားရှားသိသင့်သည်။

"တခုသောလမ်းသည်ကားဆိုလျှင် ညျကလီယာအင်အား တန်ခိုးကြီးထွားဖို့နှင့် မြေကြီးထဲက သယံဇာတ ရှိရှိသမျှကို ခြစ်ခြုတ်အကုန်ထုတ်ယူဖို့ဆီသို့ ဦးတည်နေသည်။

"အခြားသောလမ်းသည် ရှေးအထက်ထက်က လူ့လောကကို ပြောင်းလဲစေခဲ့သော ကမ္ဘာ့ဘာသာ တရားတော်ကြီးများက ပေးခဲ့သောအစဉ်အလာများကို ပြန်လည် ဆန်းသစ်ခြင်းဆီသို့ ဦးတည်ရှေးရှုနေသည်"

ထိုဆောင်းပါးကို ဖတ်ရှုရသောအခါ မျက်မှောက်လောကကြီးသည် 'သို့ကလောက်ယုတ်မာ၊ ကြားရုံနှင့်ရှူးလောက်သည့် ဘီလူးရွာ' ဆိုတာမျိုး ဖြစ်နေသည်။ ထိုအဖြစ်မှ ထွက်ပေါက်ရှာကြပုံကို တွေ့ရသည်။

ထိုသို့ ထွက်ပေါက်ရှာရာတွင်–

'ပေါ့ပါးသော အသက်မွေးမှု ရှိခြင်း၊ နည်းသောကိစ္စရှိခြင်း' ဟူသော တရားပေါ်မှာ အခြေတည်ထားသည်ကို တွေ့ရသည်။

အကယ်၍သာ သူတို့၏အစီအစဉ်အတိုင်းရှေ့ဆက်သွားနိုင်ခဲ့ပါလျှင် ရင့်သောပညာရှိခြင်း၊မမက်မောခြင်းစသော အကျိုးတရားများ နောက်ကလိုက်လာမည် မလွဲဟု ယူဆနိုင်ပေမည်။

ထိုမှတဖန်မေတ္တာနှင့်ယှဉ်သောစိတ်ကို မမေ့မလျော့ဆောက်တည်လာနိုင်ကြသောအခါ မှားယွင်းသောအယူဝါဒများမကပ်ငြိပဲ သီတင်းသီလနှင့် ပြည့်စုံပေမည်။ နောက်ဆုံး မဂ်ဉာဏ်

ပိုလ်ညာဏ်အထိ ပေါက်ရောက်နိုင်သောလမ်းစဉ် ဖြစ်ပေသည်။ ထိုအထိသူတို့သွားနိုင်မည် မသွားနိုင်မည်ကိုကား စောင့်ကြည့်ကြရပေမည်။

အမေရိကန် အသိပညာရှင်များ တီထွင်ကြံဆ စမ်းသပ်နေသော အစီအစဉ်၏ ပထမခြေလှမ်းမှာတော့ မေတ္တာသုတ် ဒေသနာနှင့် ဘောင်ဝင်နေသည်ကို တင်ပြလိုက်ရပါတော့သည်။

ခင်မျိုးချစ်

၅-၂-၁၀

# မေတ္တသုတ် ပါဠိတော်

(ဆဋ္ဌသံဂါယနာတင် စာမူတော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

က။ ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ၊
ယမှိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

ခ။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ၊

ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၁။ ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သူဝစော စဿ မုဒု အနတိမာနီ။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓော။

၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ယေကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၇။ မာတာ ယထာ နိယံ ပုတ္တံ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗ လောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ၊
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရမ သပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓော။

ဧတံ သတိံ အဓိဋ္ဌေယျ၊

ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊

သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနေယျ ဂေဓံ၊

န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တာသုတ္တံ နိဋ္ဌိတံ။

မေတ္တသုတ် ပါဠိတော်ပြီး၏။